
THE SUN OF FLOWER
{နေရောင်ရှိမှပွင့်မည့်ပန်း}
AUTHOR_AYEMYATMAY

# The Sun Of Flower{season 1}

## Intro~~~~~

အဘွားကဖြစ်သူဆုံးသွားပြီးကတည်းက
အိမ်ကထွက်သွားတဲ့ကောင်လေးဟာ
5နှစ်အကြာမှ အိမ်ကိုပြန်လာပြီး
ပြန်လာလာခြင်းမှာပဲ ညီမဖြစ်သူရဲ့ဆရာမကို
တွေ့တွေ့ခြင်းချစ်မိသွားတဲ့အခါ......

ငယ်ငယ်ကတည်းက မိဘတွေမရှိခဲ့လို့

အမေဖြစ်သူရဲ့အစ်မ ဖြစ်တဲ့

ဒေါ်လေးတို့နဲ့အတူနေခဲ့ရပင်မဲ့ အဒေါ် ဖြစ်သူနဲ့

ညီမဖြစ်သူရဲ့ အမြဲနှိပ်စက်ခြင်းကို ခံနေရတဲ့

သူမ...သူမဘဝမှာ ချစ်ခြင်းမေတ္တာဆိုတာ

ဘာမှန်းမသိခဲ့....

သူတို့နှစ်ဦးရဲ့ဖြစ်ပေါ်လာတဲ့ အချစ်ကြားမှ

ဝင်ရောက်လာမဲ့ တစ်စုံတစ်ယောက် ကြောင့်

သူမတို့ရဲ့ချစ်ခြင်းဟာတည်မြဲနိုင်မလား...

~~~~~~~~~~~~~~

"ခင်များကို
ကျူပ်ရက်ရက်စက်စက်တွေပြောချင်ပင်မဲ့
ဒီစောက်သုံးမကျတဲ့နှလုံးသားက
ပြောခွင့်မပြုဘူး "

Nay Minn Lat Yar

"သိပ်ချစ်ခဲ့ကြလို့ထင်တယ်
ကံကြမ္မာကပေါင်းခွင့်မပေးဘူး"
~~~~~~~~~~~~~~

# Nature Flower

ဘာလို့သူမလိုအဖြူထည်လေးက

ဒီလိုကောင်ကိုမှ

တအားချစ်နေရတာလည်း။မင်းသူကိုတအားချစ်လည်း

ကိုယ်ကတော့ရအောင်ခွဲမှာပဲ။မင်းသေဆုံးတဲ့အထိတွဲရမဲ့လက်က ကိုယ့်လက်ပဲဖြစ်စေရမယ်။

ShineHtetMyat

Lay Nge

~~~~~~~

OBJ

## ❀နေရောင်ရှိမှပွင့်မည့်ပန်း❀

အခန်း ။ ၁

"သဘာဝပန်း !!"

ပန်းအိမ်ထဲတောင်မဝင်ရသေး အဒေါ်ဖြစ်သူရဲ့ ဒေါသတကြီးခေါ်သံကကြိုဆိုနေသည်။

Lay Nge
~~~~~~~

ပန်းနာမည်က

သဘာဝပန်းပါ။ပန်းမိဘတွေကပန်းငယ်ငယ်

လေးကတည်းဆုံးပါးသွားခဲ့ကြပြီး မေမေရဲ့

အစ်မဖြစ်တဲ့

ဒေါ်လေးရဲ့စောင့်ရှောက်မှုနဲ့ကြီးပျင်းခဲ့ရသည်။

ဒေါ်လေးစောင့်ရှောက်တယ်ဆိုတာ

ကိုယ်ဘာသာအလုပ်လုပ်ပြီး

ဘွဲ့ရတဲ့အထိကျောင်းတက်ကာ

ကျောင်းဆရာမလုပ်ပြီး အန်တီတို့ သားအမိကို

လုပ်ကျွေးနေရခြင်းဖြစ်သည်။အများအမြင်မှာ

တော့ အဒေါ်ကစောင့်ရှောက်ထားတယ်ပေါ့။

ပန်းအတွေးတွေကိုရပ်ပြီး

ဆွဲခြင်းလေးဆွဲကာအိမ်ထဲဝင်လာသည်။

"ဒေါ်လေး ပန်းအခုမှပြန်ရောက်တာ

ကျောင်းသားတွေစာမေးပွဲတွေကြောင့်

အချိန်ပိုသင်နေရလို့နောက်ကျနေတာပါ"

"ညည်း ပြောလိုက်ရင်ဆင်ခြေတွေကြီးပဲ မိပန်း"

"မေမေကလည်း မမကစာသင်လို့နောက်ကျနေတာကို အပြစ်ပြောဖို့ပဲ ဟဲဟဲ"

မြတ်နိုးမောင် ပန်းဘက်ပါသလိုလိုနဲ့ ရွဲ့ပြောနေမှန်းပန်းသိပါသည်။

"ကဲပါအေ သွားတော့ အဝတ်အစားလဲဟင်းလာချက်ဦး"

"ဟုတ်ကဲ့ ဒေါ်လေး"

ပန်းအခန်းထဲဝင်လာပြီး ဆွဲခြင်းလေးကို

စာရေးစားပွဲတင်ကာ

မှန်ဗီရိုသေသေးနားသွားပြီး

အဝတ်အစားထုတ်လိုက်သည်။သူမရေချိုးဖို့ထ

ဘီရပ်လျှားလိုက်ပြီး တဘတ်လေးကိုပတ်ကာ

သူမအခန်းကနေ

အိမ်အနောက်ကရေချိုးတဲ့နေရာဆီကို

သွားပြီးရေချိုးရသည်။သူမတို့နေတာက

သစ်အိမ်အလယ်အလတ်ကလေးနဲ့

အတော်အသင့်ကျယ်ဝန်းတော့ ခြံကလေးဖြစ်သည်။

သူမ ရေချိုးကာပြင်ဆင်ပြီးတယ်ဆို ဟင်းထျက်ဖို့မီးဖိုခန်းဆီကိုသွားရသည်။

"လူလေး ပြောတဲ့နေရာရောက်ပြီကွဲ့"

Taxi သမားဦးလေးကြီးပြောမှ သူမေးနေရာမှ မျက်လုံးဖွင့်လိုက်ပြီး ကားပေါ်ကနေဆင်းက ခြံရှေ့က

ဘဲလ်ကိုတီးလိုက်သည်။သူကားပေါ်ကဆင်းတယ်ဆို Taxi ကားလေးလည်းမောင်းထွက်သွားသည်။

တီ တီ

သူဘဲလ်ကိုအဆက်မပျက်တီးနေရင်း အိမ်ထဲကနေ ကောင်မလေးတသ်ယောက်ထွက်လာသည်။သူလူထွက်လာတာမြင်မှ ဘဲလ်တီးနေတာကိုရပ်လိုက်သည်။

"ဟာ ကိုကို တကယ် ကိုကိုလား"

မေလက်ရာ ခြံရှေ့မှာမက်တပ်ရပ်နေတဲ့ သူကိုကြည့်ပြီး အံ့သြနေသည်။

"ဘာကြောင့်ကြည့်နေတာလည်း အငယ်မ ငါနင့်အစ်ကို နင်TV ဇာတ်လမ်းတွဲတွေထဲက အကောင်မဟုတ်ဘူး တံခါးဖွင့်စမ်းပါ"

မေလက်ရာတံခါးဖွင့်လိုက်ပြီး သူကိုခြံထဲဝင်ရောက်တယ်ဆို တံခါးပိတ်ပြီး အထဲဝင်သွားတဲ့အစ်ကိုနောက်ပြေးလိုက်သွားသည်။

မေလက်ရာ မအံ့သြပဲနေပါ့မလား ကိုကို အိမ်ကနေထွက်တာ 5ရက်မှမဟုတ်ပဲ5နှစ်ကြီးများတောင်လေ။5နှစ်လုံး အိမ်နဲ့အဆက်အသွယ်ဖျက်ထားပြီး အခုမှချက်ခြင်းကြီးတွေ့လိုက်ရတော့....

နေမင်းလက်ရာ

အိမ်ထဲဝင်ကာညှော်ခန်းကိုဆိုဖာခုံမှဝင်ထိုင်သည်

။

"ကိုကို"

"မာမီ နဲ့ ဒယ်ဒီ ကိုမတွေ့ပါလား

အိမ်ကအလုပ်သမားတွေရော"

LayNge

"Company နှစ်ပတ်လည်နေ့အတွက်

Company ကိုသွားကြတယ်

အလုပ်သမားတွေလည်းလိုက်ကူကြတယ်"

"နင်ကတစ်ယောက်ထဲဘာလို့နေခဲ့တာလည်း"

"ငါတစ်ယောက်ထဲမဟုတ်ပါဘူး ကိုကိုရာ

အပေါ်မှာ နှိုင်းယှဉ် နဲ့ ယမုံ

သန့်ရှင်းရေးလုပ်နေကြလို့

အားနေတဲ့ငါပဲတံခါးလာဖွင့်တာပေါ့"

သူဘာစကားမှမပြောတဲ့ပဲခဏတာငြိမ်သက်
သွားသည်။သူအိမ်ကနေ ညီမလေး
ဆယ်တစ်နှစ်အရွယ်ကတည်းကထွက်သွားတာ
အခုမှပြန်လာသည်လေ။ဖွားဖွားဆုံးကတည်းက
အိမ်မှာမနေချင်တော့တာမို့သူ စင်ကာပူမှာ
သွားနေခြင်းဖြစ်သည်။

"ဆရာမ"

LayNge

ပန်းဟင်းချက်နေတုန်း

အိမ်ရှေ့ကကလေးတွေခေါ်သံကြောင့်

ဇွန်းကိုင်ကာ အိမ်ရှေ့ကိုထွက်လာသည်။

"ဟင် သားတို့ကရောက်နေပြီလား

ဆရာမကနောက်ကျမယ်ထင်တာ"

"စာမေးပွဲနီးနေလို့ အိမ်ကလွှတ်လိုက်တာပါ

ဆရာမ "

"အော် အေး သားတို့အိမ်ရှေ့မှာခဏထိုင်နော် ဆရာမပြီးရင်လာခဲ့မယ်"

"ဟုတ်ကဲ့"

သူမကလေးတွေကိုပြောပြီး အနောက်ကိုပြန်ဝင်သွားက ဟင်းကိုပြီးအောင်ချက်ကာ စားပွဲမှာမြတ်နိုးတို့စားဖို့ပြင်ဆင်ပေးထားခဲ့သည်။သူမပြီးမှ အိမ်ရှေ့ထွက်လာက ကလေးတွေကိုစာသင်ဖို့လုပ်ရသည်။

သူမ
ကျူရှင်သင်တာကအပိုဝင်ငွေလေးရဖို့အတွက်
ဖြစ်သည်။ကျောင်းကရတဲ့လစာကိုဒေါ်လေးကို
အကုန်ပြန်ပေးရတာမို့
ကျူရှင်သင်ပြီးအသုံးစရိတ်ရအောင်
သင်ခြင်းဖြစ်သည်။ရပ်ကွက်ထဲကကလေးမိဘ
တွေကလည်း
သူမစာသင်တာကစေတနာပါတာကြောင့်သူမ
ဆီမှာပဲအပ်ကြသည်။ကျောင်းသားကအယော
က်၅၀လောက်ရှိတာမို့ခြံထဲမှာပဲ

ဖျာအကြမ်းခင်းက စာပွဲခုံလေးတွေနဲ့သာ

သင်ပေးရသည်။

သူမကလေးတွေကို စာသင်ပြီးမှ

ညစာစားကာအခန်းထဲဝင်လာပြီး

ဖျာလေးခင်းကအိပ်စက်ခြင်းဆီသို့...။

"နေမင်းလက်ရာ"

"သားရှိပါတယ်"

"မင်း5နှစ်လုံးဘယ်ပျောက်နေတာလည်းဟမ်
မင်းကို
မင်းမာမီဘယ်လောက်စိတ်ပူနေလည်းမသိဘူး
လား"

"ကျွန်တော် မရည်ရွယ်ဘူး ဒယ်ဒီ"

"သားရယ် မာမီ
သားကိုအရမ်းသတိရနေတာသားရယ် ဟင့်
ဟင့်"

မနက်စာစားနေရင်း ထပြီးငိုတဲ့ မာမီကိုကြည့်ပြီး သူမတရားမှန်းသိပါသည်။

"သား မသွားတော့ပါဘူး"

"မင်း ကတိတော့တည်ပါစေပေါ့"

"မာမီ အတွက်ပေးတဲ့ကတိပါ"

"ငါနဲ့နော်..."

LayNge

ဦးနေမင်းတစ်ယောက် သူပြောလေ

သားကကမ်းတက်လေမို့မပြောတော့ပဲငြိမ်နေ

လိုက်သည်။

"ကဲ မေလက်ရာ"

မေလက်ရာ တစ်ချိန်လုံးငြိမ်နေရာမှ မာမီဆီက

သူနာမည်ထွက်လာပြီမို့...

"ဟုတ် မာမီ"

"9 တန်းကနေတက်ဖို့ အစီအစဉ်ရှိလား"

"မာမီ ဒီနှစ်အောင်စေရပါ့မယ် ကတိပါ"

"ညဉ်း
ပေးတဲ့ကတိတွေကများလွန်းလို့ပါအေ..ညဉ်းတို့
အတန်းပိုင်ဘယ်သူလည်း ငါလိုက်တွေ့မယ်"

"ဆရာမသဘာဝပန်း"

LayNge

"ဟုတ်ပြီ

ခဏာနေညည်းစာကြိုးစားမူရလဒ်ဆရာမဆီကနေ

သိရမှာပေါ့ သားမာမီတို့ကိုလိုက်ပို့နော်"

"ဟာ မာမီ သားကဆိုင်ကယ်နဲ့လေ"

"မာမီကားနဲ့လိုက်ပို့ပေါ့သားရယ်"

"မာမီကလည်း...ဟုတ်ပါပြီ"

သူလိုက်မပို့ချင်သော်လည်း

မာမီမျက်နှာငိုမဲ့မဲ့လုပ်ပြတာကြောင့်

သူလက်ခံလိုက်ရသည်။

သူတို့ ကျောင်းရောက်တယ်ဆို

သူကားပေါ်မှာပဲနေခဲ့မယ်ဆိုတာကိုမရ

မာမီကအတင်းကားပေါ်ကဆင်းခိုင်းပြီး သူနဲ့

အငယ်မလက်ကိုဆွဲက အငယ်မှာ

အတန်းထဲဝင်လိုက်လာရသည်။

အတန်းထဲရောက်တော့

ဆရာမမရောက်သေးတာမို့ သူမတို့

ဆရာတွေနားနေခန်းကနေ

သူနဲ့မေမေစောင့်နေကြသည်။

သူစိတ်ထဲမှာတော့...

"တော်တော် အချိန်ကိုလေးစားတဲ့ဆရာမ

ကျောင်းသားတွေကို ရိုက်တဲ့

ကြိမ်လုံးတင်ပါးကို ရိုက်လိုက်ရရင်ဖြင့်"

Lay Nge

သူတွေးနေတုန်း ဆရာမလေးတစ်ယောက်ဝင်လာသည်။သူကတော့ အာရုံထဲကိုမထား။

"ကျွန်မကိုတွေ့ချင်လို့ဆို"

သူမအသံချိုချိုလေးက သူနားထဲအေးဆင်းသွားရသည်။သူထိုအသံချိုချိုနဲ့ သူမကို ကြည့်လိုက်တော့...

"ဟုတ်ပါတယ် ဆရာမနဲ့ဆွေးနွေးစရာလေးရှိလို့ပါ"

Lay Nge

"ဟုတ်ကဲ့ပါ အန်တီ "

ပန်း

ထိုအန်တီနဲ့မျက်နှာခြင်းဆိုင်ထိုင်ခုံမှာဝင်ထိုင်လိုက်သည်။

"မေလက်ရာ ရဲ့စာရလဒ်ကိုသိချင်လို့ပါ"

"ဟုတ်ကဲ့ အန်တီ သဘာဝလည်း

အန်တီတို့ကိုတွေ့ချင်နေတာကြာပါပြီ

မေလက်ရာလေးက စာသင်ရင်လည်း

စာလိုက်မလုပ်ပါဘူး

အိမ်စာတွေပေးရင်လည်းတစ်ခါမှ

လုပ်မလာပါဘူး အန်တီ

သဘာဝဘာသာကိုမှမလုပ်တာမဟုတ်ဘူးနော်

ဘာသာရပ်တိုင်းလိုလိုပါပဲ...."

အငယ်မအကြောင်းပြောနေတာတွေသူနားထဲမ

ဝင်တော့ပါ။သူမလေးကိုကြည့်ပြီး

နေမင်းလက်ရာမှင်သက်နေမိသည်။ရင်ဖုံးခါးတိ

လက်ရှည်အဖြူလေးနဲ့

ကျောင်းစိမ်းထဘီလေးက

သူမနဲ့အပိုအလိုမရှိကွက်တိပင်။မျက်ခုံးထူထူ

လေးတွေ ကော့စင်းနေတဲ့

မျက်တောင်အရှည်ကြီးတွေနဲ့

သမင်မျက်လုံးပိုင်ရှင်လေး။ဘာကာလာမှခြယ်

သထားခြင်းမရှိတဲ့မျက်နှာဖြူဖြူလေးထက်မှ

သနပ်ခါးလေးတွေကနေရာယူထားသည်။နှင်း

ဆီရောင်နှုတ်ခမ်းလေးက သူရင်ထဲကို

ထိလောက်အောင်ကို စွဲဆောင်နေသည်။

ဒေါ်လက်ရာ ဆရာမနဲ့ပြောပြီးတာတောင် ဆရာမမျက်နာကိုကြည့်ပြီး မှင်သက်နေတဲ့ သားဖြစ်သူလက်ကိုဆွဲလိမ်လိုက်သည်။

"အ့ မာမီ"

"ပြန်မယ်"

"အော် ပြီးပြီလား"

Lay Nge

သူ

မာမီဆီကစကားအပြန်တောင်စောင့်မနေတော့

ပဲ

ဆရာတွေနားနေခန်းကနေထွက်ခဲ့သည်။သူရင်

ဘက်ထဲမှာလည်း ဆိုင်းတွေဗုံတွေတီးလို့..။

သူမာမီကိုခေါ် ပြီး

အိမ်ကိုပြန်လာတဲ့လမ်းတစ်လျှောက်

သူမလေးမျက်နာလေးကိုပဲမြင်ယောင်နေသည်။

"မာမီ"

"အင်း သားဘာပြောမလို့လည်း"

တစ်လမ်းလုံးငြိမ်နေတဲ့သားက အခုမှသူမကိုခေါ်တာကြောင့်မျက်ခုံးတစ်ဖက် တောင်တွန့်သွားသည်။

"သား ညနေကြအငယ်မကိုသွားကြိုပေးမယ်"

"အယ်

သားအပြင်ကိုသူငယ်ချင်းတွေဆီသွားစရာရှိတယ်မဟုတ်လား driver နဲ့ပဲကြိုခိုင်းပါ့မယ်"

"ဟာ မာမီရာ

အငယ်မကအပျိုအရွယ်လေးကိုဗျာ

သူစိမ်းယောကျာ်းတစ်ယောက်နဲ့

သားစိတ်မချပါဘူးဗျာ"

"အဲမယ် ဦးမောင်က
အရင်ကတည်းကလိုက်ပို့နေကြကို
သွားကအခုမှ...."

"မရဘူးဗျ သွားကြိုမယ်ဆိုကြိုမယ်ပဲ"

သူမသားကို ကြည့်ကာသိနေပြီဆိုတဲ့အပြုံးနဲ့
ခေါင်းကိုရမ်းနေသည်။

သူ မာမီကိုကြည့်မနေတော့ပဲ သူသူမကို
စိတ်ထဲကနေခေါ်လိုက်တာက....

# "Nature Flower"

## ❀နေရောင်ရှိမှပွင့်မည့်ပန်း❀

အခန်း ။ ၂

ကလောင် ကလောင်

Lay Nge

ကျောင်းခေါင်းလောင်းထိုးသံကြားမှသူ

ကားခုံကိုမှီပြီး အိပ်ပျော်နေရာမှ နိုးလာသည်။သူ

ကျောင်းလွှတ်ချိန်မသိတာကြောင့်

2နာရီခွဲထဲအိမ်ကထွက်လာခြင်းဖြစ်သည်။သူလ

က်ပတ်နာရီကိုကြည့်လိုက်တော့

4နာရီထိုးဖြစ်သည်။

သူကားပေါ်ကဆင်းက

ကျောင်းအပေါက်အဝကိုကြည့်နေသည်။

ခေါင်းလောက်ထိုးပြီးဆယ်မိနစ်လောက်နေမှ

ကျောင်းသားတွေထွက်လာကြသည်။

မေလက်ရာကျောင်းအပေါက်ဝကိုထွက်လာ
တာသူသိသော်လည်း သူမျက်လုံးက
ကျောင်းအပေါက်ဝကနေမခွာ။

"ကိုကို "

"....."

"ကိုကို လို့"

Lay Nge

"အာ လန့်တာဟာ အငယ်မရာ"

"သွားကြမယ်လေဘယ်သူကိုစောင့်နေတာလ
ည်း"

"ဘယ်သူမှမစောင့်ဘူး"

"ဒါဆို သွားမယ်"

ထိုစဉ် ကျောင်းအပေါက်အဝကနေ
သူရဲ့Nature Flower လေးထွက်လာသည်။

LayNge

သူ ဝမ်းသာသွားကာ

သူမသူတို့အနားရောက်တယ်ဆို

ခေါ်လိုက်သည်။

"ဆရာမ"

ပန်း ဘေးကခေါ်တာကြောင့်

သူတို့အနားလျှောက်သွားကာ.....

"ကျွန်မကိုခေါ်တာလား"

Lay Nge

"ဟုတ်ပါတယ် "

"ဘာပြောမလို့လည်းဟင် အရေးမကြီးရင် ..."

"မေလက်ရာ အကြောင်းပါ"

သူ ဘာပြောရမှန်းမသိတော့တဲ့အဆုံး
မေလက်ရာကိုသာအသုံးချလိုက်သည်။

JayNge

မေလက်ရာ

ကိုကိုသူနာမည်သုံးလိုက်တာကြောင့်နှုတ်ခမ်းဆူသွားသည်။

"သူမကို အိမ်မှာလည်းမနိုင်ဘူးဆရာမ သူကကျွန်တော်တစ်ယောက်လောက်ပဲကြောက်တာ ကျွန်တော်မရှိရင်လုပ်ချင်တာလုပ်တာသူက့် ဆရာမကို အပ်ပါတယ်နော်"

"ဟုတ်ကဲ့ပါ မေလက်ရာလေးက ကောင်းကောင်းပြောရင်လက်ခံတဲ့ကလေးပါ"

"ဆရာမ ညီမလေးတစ်ယောက်လို သဘောထားပြီးဆုံးမပါ ရိုက်သင့်လည်းရိုက်ပါ"

"ဟုတ်ကဲ့ပါ ဒါဆိုသွားခွင့်ပြုပါဦး"

"ဟုတ်ကဲ့"

သူ

သူမမျက်လုံးထဲကပျောက်သွားတဲ့အထိရပ်ကြည့်နေမိသည်။

"ကိုကို !!"

မေစိတ်ဆိုးလာပြီး ကိုကို ကိုအော်ပလိုက်သည်။

"လန့်တာဟာ ညီမလေးရာ"

"ဟင့် ဟီး သူများကို ဆရာမနဲ့
ချန်တွန်းလုပ်တယ် ဟီး ဟင့် ဒယ်ဒီနဲ့တိုင်မယ်"

သူကတော့

မေလက်ရာငိုနေလည်းဂရုမစိုက်သူလိုချင်တာရ

ပြီ မို့ပြုံးနေသည်။

"လာထိုင် မိုင်"

"နင်အရမ်းလှလာတာပဲ သဘာဝရယ် "

"မတွေ့တာကြာလို့ပါဟာ"

မိုင်ဆိုတာသူမရဲ့ငယ်သူငယ်ချင်း
ကျောင်းအတူတူတက်ခဲ့ပင်မဲ့ သူမ
အမှတ်ကောင်းသောလည်းဝါသနာပါရာ
ဆရာဝန်လိုင်းကလက်လှမ်းမမှီတာမို့
ဆရာမလုပ်ခဲ့ရသည်။မိုင်ကတော့
မိဘကထားနိုင်နာမို့နိုင်ငံခြားကျောင်းသွားတက်
ပြီး အခုတော့ဆရာဝန်တစ်ယောက်အနေနဲ့
ပြန်လာခဲ့ပြီ။

"သဘာဝရယ် ငါနင့်ကိုသတိရနေတာ ငါကျောင်းထားပေးပါမယ်ဆိုတာကိုတောင်မလိုက်ဘူးနော်"

"မဟုတ်ရပါဘူးဟာ ငါ့အိမ်အကြောင်းလည်းနင်မသိတာမဟုတ်ဖူး"

"နင်လည်းဝဋ်ကြွေးပဲ"

"နင်တင်ကျွေးထားနိုင်ရင် ခေါ်သွား ငါတို့အိမ်အကြောင်း လာမဝေဖန်နဲ့"

LayNge

"မြတ်နိုးမောင် သူကနင့်ထက်အကြီးနော်"

"အသက်ကြီးပြီးအချိန်မစီးတာလား"

"သဘာဝ နင်ကိုငါတကယ် သနားလိုက်တာ သူငယ်ချင်းရယ်"

"မိုင် ငါတောင်းပန်ပါတယ် ဟာ"

"မလိုပါဘူး ဟာ ငါပြန်တော့မယ်နောက်နေ့ကျ အပြင်မှာတွေ့ကြမယ်နော်"

"အင်းပါ"

မိုင်ထွက်သွားတော့ သူမနဲ့ မြတ်နိုးမောင်ရဲ့ဆက်ရန်ရှိသေးသောရန်ပွဲ...

"သဘာဝပန်း"

"........'

LayNge

"ကဲ သားတို့ သမီးတို့
စာတွေသေချာလုပ်ကြနော် နောက်နှစ်ဆို
ဆယ်တန်းတက်ရမှာနော်အခုအချိန်ကတည်းက
စာ...အွ"

မြတ်နိုးမောင်
သူစကားပြောနေတာကိုပြန်မပြောတာကြောင့်
ဘေးနားကကော်မာဘူး တစ်ဘူးကောက်ပြီး
သဘာဝပန်းကို ပစ်ပေါက်လိုက်သည်။

ပန်းခေါင်းကမှူးနှောက်နှောက်ဖြစ်သွားတာ ကြောင့်ထိုင်နေရာကတောင်မထနိုင်။ကျောင်း သားတွေကလည်း သူတို့ဆရာမကိုသနားနေကြသည်။

🌷🌷🌷🌷🌷🌷🌷

"ငါ့သူမကို ချစ်နေပြီထင်တယ်"

"ဘယ်သူလည်း James"

Law Nge

ကျော်မျိုးထူး

သူငယ်ချင်းဖြစ်သူပါးစပ်ကမိန်းကလေးတစ်

ယောက်အကြောင်းပထမဆုံးကြားဖူးတာမို့

အံ့သြသွားရသည်။ငြိမ်းထက် နဲ့ကျော်သူရ

တို့လည်း ထိုအတိုင်းပင်။

james ဆိုတာ နေမင်းလက်ရာ

နိုင်ငံခြားမှာနေစဉ်က နာမည်ဖြစ်သည်။

"သူမကဘယ်သူလည်း ဘယ်ကလည်း"

ကျော်သူရစိတ်မရှည်ပင်မဲ့သိချင်တာမို့ထက်
မေးလိုက်သည်။

"ရော့ကွာ
ဘီယာလေးတစ်ချက်လောက်မော့လိုက်"

ငြိမ်းထက်က ဘီယာလှမ်းပေးတာကို
သူကလက်နဲ့တားလိုက်ပြီး....

"သူမ မကြိုက်မှာဆိုလို့
သေရည်တွေကိုရှောင်တယ်"

"ဘာ သေရည်ဟုတ်လား အဲ့သေရည်ကိုမင်းပဲ နတ်စည်းစိမ်လို့ပြောခဲ့တာလေ သတောင်းစား"

ငြိမ်းထက် အဖြစ်သည်းနေတဲ့ဒင်းကို ကြည့်မရတော့တာမို့ ဆဲလိုက်တော့သည်။

"ပြောစမ်းပါ james ရာ "

ကျော်မျိုးထူးစိတ်မလိုသလိုပြောတော့မှ.....

LayNge

"သူက ငါ့ညီမကိုစာသင်နေတဲ့ ကျောင်းဆရာမ
သူမအကြောင်းငါလည်း
အဲလောက်ပဲသိသေးတယ်"

"အင်း ဆရာမဆိုတော့ ယဉ်ယဉ်နေမှာ "

"အဲတာမင်း◌ေ◌ာက်ဘူပါလား "

"ပါတယ်ကွာ ငါလည်းတွေ့ချင်တယ်"

"◌ီ◌းကိုလာတွေ့ "

Lay Nge

"ဒါဆို ဘောင်ဘီချွတ်ပြ "

ငြိမ်းထက်ကစလေ

သူကဆဲလေဖြစ်နေတာကြောင့်

ကျော်သူရတို့နှစ်ယောက် ဘေးကကြည့်ပြီး

ဟားတိုက်နေလေသည်။

ဒီညနေလည်း သူအငယ်မကို

လာကြိုသည်ခေါင်းစဉ်ဖြင့်

ကျောင်းရှေ့ရောက်နေပြီ

ဖြစ်သည်။သူရောက်ပြီး
မကြာကျောင်းခေါင်းလောင်းထိုးသည်။

မေလက်ရာလည်း ကျောပိုးလွယ်အိတ်ကို
လက်ကဆွဲကထွက်လာသည်။အငယ်မကားထဲ
ဝင်ပြီးထိုင်နေတာ အတော်ကြာပင်မဲ့သူရဲ့
ဆရာမလေးကမထွက်လာတာမို့
သူလက်လျှော့ကာ ကားထဲဝင်ထိုင်လိုက်ပြီး
ကားမောင်းလိုက်သည်။

"ကိုကို "

သူ အငယ်မဘက်ကိုလှည့်ကြည့်လိုက်သည်။

"ကိုကို ရှာနေတာမဟုတ်လား"

"ဘာကိုလည်း"

"ဆရာမ ကိုလေ "

"ငါကဘာလို့ရှာရမှာလည်း"

"မသိချင်ရင် မပြောတော့ဘူး"

သူ သိချင်စိတ်က ထိန်းမရတော့တာမို့....

"ပြော ငါသိချင်တယ်"

"ဆရာမဒီနေ့ ကျောင်းလာတော့
ခေါင်းမှာပတ်တီးနဲ့ သူ့အဒေါ် ရဲ့သမီးက
ကော်မာဘူးနဲ့ ကောက်ပစ်တာတဲ့"

"တောက်စ့် သူမှာလက်မပါဘူးလားပြန်ပစ်ပေါ့
"

"ညီမသူငယ်ချင်းတွေပြောတာတော့ ဆရာမက
ငယ်ငယ်ကတည်း
ကသူတို့သားအမိနိုင်တာကိုခံခဲ့ရတာတဲ့"

သူ
သူမအကြောင်းကြားတော့စိတ်မကောင်းဖြစ်
သွားရသည်။သူမလေးက

ငယ်ငယ်ကတည်းကအနိုင်ကျင့်ခံနေရတာတဲ့

လား...။

ဒီနေ့က စနေနေ့မို့ သူမကျောင်းပိတ်တာကြောင့်

နောက်တစ်ပတ်စာအတွက် ဈေးဝယ်ဖို့

ဈေးကိုထွက်လာသည်။

"ဆရာမလေး ဘာယူမလို့လည်း"

"အန်တီ မြန်မာကြက်ကဘယ်လောက်လည်း"

LayNoe

"တစ်ပိသာ ဖိထောင်ပါ ဆရာမလေး"

"ပန်းကို ၅ဆယ်သားလောက်"

"ဟုတ်ကဲ့...ပါဆရာမလေး"

ထိုအန်တီကြီးက ကြက်သားကိုခုတ်ကာ အိပ်ထဲထည့်ပြီး ချိန်ကာသူမကိုပေးလိုက်သည်။

"အန်တီ ဒီမှာ ၃ထောင်ပါ"

"မယူပါဘူးဆရာမလေးရယ်"

"မဟုတ်တာအန်တီရယ်
နောက်ကျမှအလကားပေးတော့နော်"

သူမ ထိုအန်တီကိုပိုက်ဆံအတင်းပေးပြီး
အသီးအရွက်ဈေးတန်းဘက်ကိုထွက်လာကာ
ဘူးသီးရှိတဲ့ဆိုင်ကိုတွေ့တော့ဆိုင်ထဲဝင်လာသ
ည်။

"ဘူးသီးကဘယ်လောက်လည်း"

"1000 ပါ"

"ဟုတ် တစ်လုံးယူမယ်နော်"

သူမ ဒီနှစ်ခုအပြင် မြတ်နိုးမောင်
မှာလိုက်တာတွေနဲ့
တစ်ပတ်စာအတွက်ဝယ်စရာတွေဝယ်လိုက်
တော့နောက်ဆုံးသူမလက်ထဲ
၂၀၀သာကျန်တော့သည်။သူမ ပစ္စည်းတွေကို
မနိုင်တနိုင်ဆွဲကာ

အိမ်ကိုလမ်းလျှောက်ပြန်လာရသည်။ဈေးနဲ့အိမ်က ကားနဲ့ဆိုရင်တောင်

ဆယ်မိနစ်လောက်မောင်းရတော့

အခုသူမတော့

တစ်နာရီလောက်လျှောက်ရမယ်ထင်ပါသည်။

သူမအဖြစ်ကို

သူမသက်ပြင်းသာချမိနေတော့သည်။

နေမင်းလက်ရာ ဒီနေ့ ပျော်သူရတို့နဲ့ Club သွားဖို့ ချိန်းထားတာဖို့ ကားနဲ့ ထိုကောင်အိမ်ကို ဒိုးလာရသည်။အိမ်ကထွက်ခါနီး

အလုပ်မလုပ်ပဲလေလွင့်နေတယ်လို့

ဒယ်ဒီကဆူလိုက်သေးသည်။

သူကားမောင်းလာရင်းတစ်နေရာအရောက်မှ

တော့

မိန်းကလေးတစ်ယောက်ဈေးဆွဲခြင်းတွေရော

အထုပ်တွေရောမနိုင်တနိုင်သယ်နေတာကိုမြင်

တော့ သူ

သူမနားကားကိုထိုးရပ်လိုက်ကာဆင်းပြီး

သူမလက်ထဲက အထုပ်တွေကူဆွဲဖို့အလုပ်

သူမမျက်နှာမြင်လိုက်ရတော့ နေမင်းလက်ရာ
အသက်ရှူတောင်မမှန်ချင်တော့ပေ။

"ဟင် မ"

သူမ ရှေ့ကနေပိတ်ရပ်ပြီး
မလို့ခေါ်လိုက်တာကြောင့်...

"ဒီမှာ ကျွန်မကိုသိလို့လား"

LayNge

သူမ ရှေ့ကကောင်လေးက သူမထက်ငယ်လောက်ပါသည်။သူက ဘောင်းဘီအဖြူရောင်ဒူးအပေါ် နဲ့ အောက်ခံ vest အဖြူလေးအပေါ်ကို shirt အနက်လေးနဲ့တွဲဝတ်ထားသည်။အသားကဖြူဖြူ မျက်ခုံးကြီးကအထူးကြီးနဲ့ လှပသေသတ်တဲ့နှုတ်ခမ်းတစ်စုံ။

"မင်းကဘယ်သူလည်း"

"ကျုပ်ကိုမမှတ်မိဘူးလား ဗျ
မေလက်ရာအစ်ကိုလေ"

"အော် မှတ်မိပြီ ဘာကိစ္စလည်းမသိဘူး"

"အခုဘယ်သွားမလို့လည်း
လိုက်ပို့ပေးမယ်လေ"

"ရပါတယ် သဘာဝ လမ်းပဲလျှောက်သွားပါ့မယ်
ကျေးဇူးပါ"

သူကို ကျေးဇူးပါလို့ပြောပြီး လမ်းဆက်လျှောက်သွားတဲ့ သူမရဲ့လက်ကို လှမ်းဆွဲလိုက်သည်။

"ဘာ ဘာလုပ်တာလည်း"

"ကားပေါ်မတက်ချင်ရင်လည်း အထုပ်တွေပေး ဘေးကနေလိုက်သယ်ပေးမယ်"

"ရပါတယ်ဆို"

"မ ကလည်း ကားပေါ်တက်တော်ကြနေ
ကြာလို့ဆိုပြီး မ ကျေးဇူးရှင်နှစ်ယောက်က
စောက်ပြစ်ပြောဦးမယ်"

သူမ အကြောင်းတွေ သူဘယ်လိုသိနေတာလဲ .
....။

သူမလည်း သူပြောတာဟုတ်တာမို့
သူကားပေါ်သာအသာတကြည်တက်ပြီးလိုက်ခဲ့
ရသည်။

Lay Nge

# ❀နေရောင်ရှိမှပွင့်မည်ပန်း❀

အခန်း ။ ၃

"ဘယ်လမ်းထဲဝင်ပို့ပေးရမှာလည်း"

"ရပါတယ် အရှေ့ကလမ်းထိပ်မှာပဲ ရပ်လိုက်ပါ"

"ဒါဆိုအဲလမ်းပေါ့"

LayNge

သူ သူမပြောတဲ့လမ်းထဲကို ကားကွေ့ဝင်လိုက်သည်။ရပ်ကွက်လေးက သစ်အိမ်လေးတွေ နဲ့စည်းကားနေသည်။

"ဘယ်အိမ်လည်း"

"အရှေ့က အိမ်"

သူ အတော်အသင့်ကျယ်ဝန်းတဲ့ ခြံလေးရှေ့မှာသူကားကိုရပ်လိုက်သည်။သူကား ပေါ်ကဆင်းလိုက်ပြီး သူမဘက်က

ကားတံခါးကိုဖွင့်ပေးလိုက်ပြီး
ကားနောက်ခန်းက
ပစ္စည်းတွေကိုထုတ်နေသည်။သူပစ္စည်းတွေကို
ယူပြီး ခြံထဲဝင်မယ်အလုပ်
သူမကသူကိုတားသည်။

"ရပါပြီ သဘာဝ
ကိုယ်တိုင်သယ်သွားလိုက်ပါ့မယ်
အိမ်အထိလိုက်ပို့ပေးတာကျေးဇူးပါနော်"

"အင်းပါ ဒါဆိုကျူပ်ပြန်တော့မယ်နော် မ"

သူငါကို တစ်လမ်းလုံး မလို့ခေါ်နေပါလား။သူ ဒီအတိုင်းရိုးရိုးသားသားခေါ်တာနေမှာပါ။

သူမအိမ်ထဲဝင်လာတယ်ဆို ပြဿနာကစပါပြီ။

"ဘယ်လင်နဲ့တွေ့နေလို့အဲလောက်ကြာနေတာလည်း သဘာဝပန်း"

"ဒေါ်လေး

ဈေးဝယ်ရင်ပိုက်ဆံမလောက်တော့လို့

LayNge

လမ်းလျှောက်လာရတာ

အဲတာကြောင့်နောက်ကျနေတာ

သမီးကိုအဲလိုမပြောပါနဲ့ မကြိုက်ဖူး"

"ဘာလမ်းလျှောက်လာတာလည်း

ကားနဲ့လာတာငါမတွေ့တာကြနေတာပဲ

သူ့အကောင်ကအထုပ်တွေအိမ်ထဲဝင်ပို့မလို့လု

ပ်နေတာ သူတားနေတာ သမီးမြင်တယ် မေမေ"

အပြင်ကနေပြန်လာတဲ့

မြတ်နိုးမောင်ကလည်းဝင်ပြောသည်။

"ဟုတ်တယ် ကားနဲ့လိုက်ပို့တာ ဒါပင်မဲ့ လမ်းမှာအထုပ်တွေနဲ့ မနိုင်လို့ သူကလမ်းကြုံလိုက်ပို့ပေးယုံပဲ ကျန်တာဘာမှမပက်သက်ဘူး"

"အဲမယ် သိက္ခာရှင်ကြီးပေါ့ သူဌေးကိုအပိုင်ဖမ်းမိထားတာငါတို့သိမှာဆိုးလို့ မဟုတ်လား"

"မြတ်နိုးမောင်"

ပန်းစိတ်တိုတိုနဲ့ အော်ပလိုက်သည်။

"ဘာလည်း အနာထိလို့စပ်သွားတာလား ဟမ်"

"ထင်ချင်သလိုသာ ထင်ကြတော့"

သူမလည်းအဲလိုပြောပြီး
အထုပ်တွေဆွဲကာမီးဖိုခန်းထဲဝင်လာသည်။သူမ
မီးဖိုခန်းနဲ့ အိမ်ကိုဆက်ထားတဲ့တံခါးကိုပိတ်ကာ
မီးဖိုးနားထိုင်ပြီး

ငိုတော့သည်။သူမဘယ်လောက်ပဲသူတို့ပေါ်
ကောင်းပါစေပြန်ရလာတာက ဒဏ်ရာများသာ။

"ငါ့ိုုးမင်းနောက်ကျလို့လေ
ငါတို့မင်းခန့်တို့ကို ရှုံးသွားပြီ သိလား"

နေမင်းလက်ရာရောက်တယ်ဆို
သူငယ်ချင်းတွေရဲ့အဆဲတွေနဲ့ ညှော်ခံ
တာခံနေရသည်။coffee သောက်ရင်း
သူတို့သုံးကောင် သမတာခံနေရသည်။

"မင်းဘယ်တုန်းကနောက်ကျဖူးလို့လည်း ဟမ်
ီးပဲ"

"အေးပါကွာ ငါတောင်းပန်ပါတယ်ဟုတ်ပြီလား
ငါ မကို ကူညီနေလို့ပါ
နောက်တစ်ခါနိုင်စေရမယ်ကွာ"

"မင်း အဲ မ ပဲ မနေ လိုက်တော့သိလား
ငါ့တော်တော်စောက်မြင်ကတတ်နေပြီ
နေမင်းလက်ရာ"

LayNge

"ငါပါသာနောက်ကျတာ မ ကိုမထိခိုက်နဲ့"

"ွေေးသတောင်းစား "

"အို

ငကြောက်ကမြန်မာပြည်ပြန်ရောက်နေပါလား"

သူအနောက်က အသံကိုလှည့်ကြည့်စရာမလိုပါ

မင်းခန့်ဆိုတာသိပြီးသာမို့ ...။

"ငကြောက် ကငါလားမင်းလား"

သူအနောက်ကိုလှည့်မကြည့်ပဲဖြေလိုက်သည်။

"မင်းခန့် ငါတို့ကိုယ့်ဖာသာနေတာကို ရန်လာမရှာနဲ့"

ကျော်မိုျးထူးပြောလိုက်သည်။

"ယောင့် မင်းတို့သူငယ်ချင်းက ခြောက်နေတာလားမသိဘူး ဟား...ဟား"

မင်းခန့်နဲ့သူသူငယ်ချင်းတွေကထရီကြသည်။

ခွပ်

နေ ဘာစကားမှမပြန်တော့ပဲထထိုးလိုက်သည်။

"မင်းငါကိုထိုးတယ် ဟုတ်လား နေမင်းလက်ရာ"

"အခြောက်လက်သီး စားလို့ကောင်းလား"

"ငါ့ဘယ်သူ့သားလည်းသိလား"

"မသိဘူး သိလည်းမသိချင်ဘူး"

နေ ကလည်းစကားကို

ခက်တင်းတင်းပြန်ပြောသည်။

"ကဲ ချကြတာပေါ့ကွာ"

နေစကားသံအဆုံး Coffee barလေးထဲမှာ

သူတို့လေးယောက်နဲ့ မင်းခန့်တို့နဲ့

အပြန်အလှန်ထိုးကြိတ်နေကြသည်။coffee bar

က Manager ဝင်ဆွဲတော့လည်း တစ်ယောက်မှ ထိန်းမရပေ။bar အတွင်းက ပစ္စည်းတော်တော်များများလည်း ပျက်စီးကုန်သည်။Manager လည်းထိန်းမရတော့တဲ့အဆုံး ရဲတွေကို ဖုန်းဆက်လိုက်ရသည်။

ဦးနေမင်း သားဖြစ်သူကို အချုပ်ထဲကနေသွားထုတ်လာပြီး အိမ်ရောက်တယ်ဆိုပြင်းပြင်းထန်ထန်ဆုံးမ တော့သည်။

ခွပ်

နေ ဒယ်ဒီထိုးလိုက်တာကြောင့် ပါးစပ်ထောင့်က
သွေးအနည်းငယ်ထွက်လာယုံမှ
ကျန်တာဘာမှမဖြစ်ပေ။

"ငါ့မျက်နှာဘယ်နားသွားထားရမှာလည်း
ပြောစမ်း နေမင်းလက်ရာ"

"ကိုယ်
ရယ်စိတ်လျှော့ပါသားကိုအေးဆေးပြောပါ"

"စိတ်ထိန်းရမယ်ဟုတ်လားလက်ရာ
မနက်ဖြန်ကြရင် သတင်းခေါင်းစဉ်မှာ
နေလက်ရာ Company ပိုင်ရှင်ရဲ့သားက
ရန်ဖြစ်လို့အချုပ်ထဲဝင်ရတယ်ဆိုတဲ့ သတင်းက
ထိပ်ဆုံးကပါလာမှာ ငါ့အလုပ်တွဲဖက်တွေ
မိတ်ဆွေကို ဘယ်လို
မျက်နာထားနဲ့ရင်ဆိုင်ရမှာလည်း မင်းပြောပါဦး"

ဒေါ်လက်ရာ သားဘေးသွားကာ...

"သားရယ်ဘယ်လိုဖြစ်လို့ရန်ဖြစ်ရတာလည်း သားအသက်မငယ်တော့ဘူးနော်24နှစ်ရှိနေပြီ ရင့်ကျက်သင့်နေပြီ မဟုတ်ဘူးလားကွယ် သားပျောက်သွားတဲ့ 5နှစ်မှာလည်း မာမီတို့ မီးလိုပူနေရတယ် အခုပြန်လာတော့လည်း...."

သူမ သားကိုဆက်မပြောရက်တော့ပါ။

"နေမင်းလက်ရာ"

"ပြောပါ ဒယ်ဒီ"

"မင်း company ကိုဝင်ဖို့အချိန်တန်ပြီ"

"သားစိတ်မဝင်စားဘူးဒယ်ဒီ"

"ဘာကွ ဒါဆိုမင်းဘာစိတ်ဝင်စားလည်း"

"......."

သူဘက်ကဘာစကားမှပြန်မပြောနိုင်။

"တောက်စ့်"

ဦးနေမင်း တောက်ခေါက်က

ဧည့်ခန်းထဲကနေထွက်သွားတော့သည်။ဒေါ်လ

က်ရာလည်းသားကိုကြည့်ကာ

သားရှေ့ရေးတွေးပူနေရသည်။

"နင်သူတို့နဲ့နေရာတာ

အဆင်ပြေဘူးမဟုတ်လား သဘာဝရယ်"

သူမ

ဒီနေ့ခင်းကလေးတွေလည်းမခေါ်ထားတာမို့

မိုင်နဲ့ အပြင်လိုက်လာခြင်းဖြစ်သည်။

"အဆင်တော့မပြေပြင်မဲ့ ငါ့မှာမှနေစရာမရှိတာ

မိုင်ရယ်"

"နင့်မှာရည်းစားမရှိဘူးလား အော် မှားလို့

ချစ်သူမရှိဘူးလား"

"မရှိပါဘူးဟာ
ထားဖို့အချိန်လည်းမရှိပါဘူးဟာ"

"ငါ့သူငယ်ချင်းချောချောလေးတွေရှိတယ်
အောင်သွယ်ပေးရမလား"

"မလုပ်ပါနဲ့ဟာ
ဖူးစာပါရင်တော့တစ်နေ့တွေ့မှာပဲလေ"

"အင်း ငါနောက်နေတာမဟုတ်ဘူးသိလား
နင့်ကိုချစ်သူရပြီး မြန်မြန်လက်ထပ်စေချင်ပြီ
ဒါမှသူတို့ သားအမိအနိုင်ကျင့်တာမခံရမှာ"

"တကယ်လို့
အဲ့ယူတဲ့ယောကျာ်းကပါငါ့ကိုနိုင်နေမှ ဒုက္ခပေါ်
ဒုက္ခဆင့်သလိုဖြစ်နေပါဦးမယ်ဟာ"

"နင်ကငတုံးလား
ငါ့သူငယ်ချင်းရွေးချယ်မှုကိုငါယုံတယ် "

LayNge

"ဟုတ်ပါပြီ နင်ကရောချစ်သူရှိပြီလား"

"အောင်အေး

လာရင်းကိစ္စနင်ပြောမှပဲသတိရတော့တယ်"

"ဘာလည်း

အပျိုကြီးဘဝကကျွတ်တော့မှာလား "

"အင်း"

"တကယ်"

Lay Nge

"အွန်း နောက်တစ်ပတ်

စနေနေ့ငါလက်ထပ်တော့မှာလေ

နင်လာနိုင်အောင်လို့တမင်

ကျောင်းပိတ်ရက်ရွေးထားတာ"

"ဟယ် ဝမ်းသာလိုက်တာသူငယ်ချင်းရယ်

ငါလာခဲ့မယ်နော် ဒါပေမဲ့ လက်ဖွဲ့တော့မပါဘူး"

"မလိုပါဘူး လူလာရင်ကျေနပ်ပြီ

ငါသူငယ်ချင်းနတ်သမီးလေးကို

စာရေးခုံထိုင်ခိုင်းမယ် "

"အင်းပါ ထိုင်ပေးရမှာပေါ့ မိုင်အတွက်ပဲဟာ"

"နင်လည်းဖူးစာဖက်နဲ့ တွေ့ရင်တွေ့မှာပေါ့"

"တောင်းတဲ့ဆုနဲ့ပြည့်ပါစေ"

ဟား....ဟား....

🌷🌷🌷🌷🌷🌷🌷🌷🌷

"ကိုကို"

"အင်း ဘာလဲအငယ်မ
ငါစိတ်ညစ်နေတယ်နော်အာရုံလာမနှောက်နဲ့"

"ဆရာမကို ကြိုက်နေတာလား"

"အင်း သိရဲ့သားလာမေးနေတယ်"

LayNge

"ဆရာမမှာ ချစ်သူ...."

သူမ စကားတောင်မဆုံးလိုက်...

"ရှိရင်လည်း အဲ့ချစ်သူကိုသက်ပြီး မကိုငါအပိုင်သိမ်းမယ်"

"ကိုကို ကလည်း ချစ်သူရှိလားမသိဘူးကိုလို့ပြောမလို့ကို"

"မပြောနဲ့ ရှိလည်းသက်မှာ

မရှိရင်တော့ကောင်းတာပေါ့"

"ဆရာမက မေတို့

ကျောင်းမှာအသက်အငယ်ဆုံးဆရာမ"

"ကိုကိုထက်တော့

အသက်ကြီးလောက်မယ်ထင်တယ်"

"ဆရာမက 28 လေ"

Lay Nge

"4နှစ်တောင်ကြီးတာပဲ ကိုကိုက 1နှစ်လောက်ပဲထင်တာ နဖက်ပြီးတော့ ချစ်စရာလေး ပြောရင်းအသဲတောင်ယားလာပြီ"

"ဆရာမသာ မယေယာင်းမဖြစ်လာရင် အခေါ်အဝေါ်တွေခက်ခဲတော့မှာပဲ"

"ဆရာမယေယာင်းမ လို့ခေါ်ပေါ့ ထားပါအဲတာတွေကအရေးမကြီးဘူး မ

သာငါ့ရင်ခွင်ထဲရောက်လာရင်ပြီးပြီ ကျန်တာက မ သဘော"

"ကိုကို ဒီပုံစံအတိုင်းဆို ဆရာမကပြန်ကြိုက်မှာမဟုတ်ဘူး ကျောင်းကဆရာတွေကိုတောင်ငြင်းတာ "

"နင့်အစ်ကို ငါ့ကိုအထင်စမောမနေနဲ့ သေချာတာတစ်ခုကတော့ ငါ့ရဲ့ အိမ်သူသက်ထားက မ ပဲဖြစ်ရမယ်ဆိုတာပဲ"

သူမ ကိုကို ကို
ဆက်ပြောလည်းနိုင်မှာမဟုတ်တာကြောင့်
ကိုကိုအခန်းထဲကပြန်ထွက်မည်အပြု တစ်ခုခု
သတိရသွားတာကြောင့်....

"ကိုကို"

"ဘာလည်းဟာ နင်မသွားသေးဘူးလား"

"နင်အိပ်နေတုန်းက
ကိုကြီးအံ့ထူးအောင်လာသွားသေးတယ်"

Lay Nge

"ဟုတ်လား ကိုအံ့ငါပြန်ရောက်နေတာ သိတယ်ပေါ့"

"အစ်ကိုကျော် တို့ပြောတာနေမှာပေါ့ သူပြောသွားတာက နောက်တစ်ပတ်ထဲ သူလက်ထပ်တော့မယ်တဲ့ အဲတာလာပြောတာ သူမနက်ဖြန်ထပ်လာခဲ့မယ်တဲ့"

"ဟ့ ကိုအံ့တောင် ထောင်ကျတော့မယ်ကို"

"ဟမ် "

"ဘာ ဟမ်နေတာလည်း မသိရင်အေးဆေးနေ ကိုယ့်အခန်းကို ၄၀ တော့"

သူပြောလိုက်တယ်ဆို စောင့်အောင့်ပြီး အခန်းထဲက ထွက်သွားတော့သည်။

သူကတော့ သူချစ်ရတဲ့သူမအကြောင်းတွေပြီး သာယာသော ကမ္ဘာလေးဆီသို့ စိတ်ကူးနဲ့ လွင့်မျောရင်း.....။

# ❀နေရောင်ရှိမှပွင့်မည့်ပန်း❀

## အခန်း ။ ၄

သူမ ဒီနေ့ မိုင်လက်ထပ်ပွဲ

သွားရမှာမို့အိပ်ရာကနေ

အစေကြီးထကာရေမိုးချိုးပြီး

မိတ်ကပ်လေးပါးပါးပုတ်လိုက်သည်။ပြီးတော့

ဆင်စွယ်ရောင်ပိုးသားဝမ်းဆက်ကိုဝတ်ဆင်လို

က်သည်။ခါးလောက်ထိရှည်တဲ့ဆံပင်လေးကို

LayNge

ပုဝါလေးနဲ့အမြင့်စည်းလိုက်သည်။သူမပုံစံလေး ကသိပ်ပြင်ဆင်မထားပင်မဲ့ နတ်သမီးလေးနတ်သက်ကြွေလာသလားထင်ရ သည်။

သူမအခန်းထဲကထွက်လာတော့ ဟိုသားမိမနိုးသေးတာမို့ တော်သေးသည်။သူမ သူငယ်ချင်းရဲ့အရေးကြီးဆုံးနေ့ကို ဘာပဲရင်ဆိုင်ရရင်ဆိုင်ရသူမသွားမည်ဖြစ်သည် ။ကျန်တဲ့ကိစ္စကိုတော့ ပြန်လာမှသာရှင်းတော့မည်။

သချောတာကတော့
မနက်စာမပြင်ခဲ့လို့ဒေါပွပေတော့မည်။

သူမ ဟိုတယ်ကိုရောက်တယ်ဆို
ဟိုတယ်ဝန်ထမ်းတွေကိုမေးပြီး
မိုင်ရှိရာအလှပြင်ခန်းဆီကိုတက်လာသည်။

ဒေါက် ဒေါက်

"ဝင်ခဲ့ပါ"

အထဲကမိုင်အသံကြောင့်

သူအထဲကိုဝင်လာသည်။

"ဟယ်"

အခန်းထဲကိုသူမဝင်လာတယ်ဆို

အခန်းအတွင်းမှာရှိတဲ့ မာမီတွေရော

မိုင်ကပါသူကိုကြည့်နေသည်။

"ငါ့သူငယ်ချင်းလေးလှလိုက်တာ

သတို့သမီးငါ့ထက်တောင်လှနေသေးတယ်"

"ပိုပြီ"

"ငါမပိုပါဘူး မာမီတို့

မိုင်သူငယ်ချင်းလှတယ်မဟုတ်လား"

"ဟုတ်ပါတော် နတ်သက်ကြွေလာသလိုပဲ"

သူမ မာမီစကားကြောင့်

ရှက်ပြုံးလေးပြုံးနေသည်။

"ကဲ အထဲကသတို့သမီးလေး ခင်မျ

သတို့သားအခန်းရှေ့ရောက်ရှိနေပါကြောင်း

အလှပြင်ပြီးပါက ထွက်လာပေးပါရန်

သတို့သားကိုယ်စား

သတို့သားအရံလူချောလေးများမှ

ပန်ကြားလိုက်ပါသည်"

အပြင်ကအော်ခေါ်တဲ့အသံတွေကြောင့်
သူမရော မာမီတွေရောပြုံးကုန်ကြသည်။

"သဘာဝ"

"အင်း ဘာဖြစ်လို့ ရင်တုန်လို့လား
ရင်ခုန်လို့လား"

"အရေးထဲလာနှောက်နေတယ် နင်
သတို့သမီးအရံလုပ်ပေးပါလား"

LayNge

"ဟာ ငါ့ဒီပုံစံနဲ့လား
နင်သတို့သမီးအရုံတွေခေါ် ပြီးပြီမဟုတ်လား"

"လုပ်ပါဟ့"

"အင်းပါ"

တံခါးတစ်ဖက်က သတို့သားနဲ့
သူ့သူငယ်ချင်းတွေကတော့....

"ကိုအံ့ မင်းသတို့သမီးကိုမြင်ချင်လှပြီကွာ"

"ဟုတ်တယ် အခုထိထွက်မလာသေးဘူး "

ကျော်မျိုးထူး စကားကို
ကျော်သူရကထောက်ခံစွာဝင်ပြောသည်။

"ကိုအံ့
မင်းအတင်းလက်ထပ်ယူထားတာတော့မဟုတ်
ပါဘူးနော်"

ငြိမ်းထက်ကပြောသည်။

"ဟာကွာ မင်းတို့ကောင်တွေကလည်း ငါရင်ခုန်နေရကြားထဲ မင်းတို့က ခေါင်းမူးအောင်လုပ်နေတယ်..နေမင်း ပဲအေးတယ်"

သတို့သားရော သူတို့သုံးယောက်လုံးက အနောက်တိုင်းဝတ်စုံကိုမှ အကုန်လုံး အဖြူရောင်တွေပင်။နေကတော့သူတို့နဲ့မတူ အနက်ရောင်ဘောင်ဘီရှည်နဲ့ အဖြူရောင် shirt ပေါ်အနက်ရောင်ကုတ်ကိုဝတ်ဆင်ထားသည်။

သူတို့တွေတစ်ယောက်တစ်ခွန်းစကားများနေကြတုန်း အလုပြင်ခန်းတံခါးပွင့်လာသည်။

မိုင် သဘာဝလက်ကိုတွဲကထွက်လာသည်။

"ကိုယ့်သတို့သမီးလေး"

အခံ့ဆီကအသံထွက်လာမှ နံရံကိုမှီရပ်နေတဲ့ နေမက်တပ်ပြန်ရပ်ပြီး သူမကိုကြည့်လိုက်တော့

....

LayNge

"မ"

သူပါးစပ်ကနေ မ ဆိုတဲ့စကားလုံးက Auto ထွက်ကျလာသည်။

တစ်ချိန်လုံးငြိမ်နေတဲ့ နေဆီမှ မဆိုတဲ့အသံကြောင့် သတို့သား သတို့သမီးအပါအဝင် ငြိမ်းထက်တို့သုံးယောက်လည်း ပတ်ဝန်းကျင်ကိုလှည့်ပတ်ကြည့်နေကြသည်။

"နေ မင်းဘယ်သူကိုခေါ်လိုက်တာလည်း"

မေးနေတဲ့အသံတွေလည်းသူမကြားနိုင်အခုသူ့
အသိအာရုံထဲမှာ မ သာကြီးစိုးနေသည်။

သူတို့မေးနေတာကိုတောင်မဖြေနိုင်ပဲမှင်သက်
နေတဲ့
သူငယ်ချင်းကြည့်နေတဲ့နေရာကိုကြည့်လိုက်
တော့ သတို့သမီးဘေးနားက
မိန်းမလှလေးထံဖြစ်သည်။

"အပြာပ်း နေမင်းလက်ရာ"

အို့ ချောင်းဟန့်ပြီးသူနာမည်ခေါ်လိုက်မှ အသိဝင်လာကာ...

"ဟမ်"

"ကိုသူငယ်ချင်းက
မိုင်သူငယ်ချင်းကိုကြည့်နေလိုက်တာ"

lay Nge

"ကဲပါ မိုင်ရာ နေနဲ့မိတ်ဆက်ပေးလိုက်ပါ"

"မလိုပါဘူး သဘာဝတို့က သိကြပါတယ်"

အံ့စကားအဆုံး
သဘာဝထပြောတဲ့စကားကြောင့်
နေအတော်ပင်ဝမ်းသာသွားရသည်။သူကို
မကမှတ်မိပေးနေတယ်ပေါ့။

"ဟုတ်ပါတယ် ကျွန်တော် နဲ့ မ ကအသိတွေပါ"

သဘာဝ လူကြားထဲမှာသူကို မလို့ခေါ်လိုက်တာကြောင့် မျက်နှာလေးနီသွားရသည်။

"မောင် သူတို့က သတို့သားအရံတွေလား"

"မှန်ပါ့...မိုင်သူငယ်ချင်းတွေရောမခေါ်ထားဘူးလား"

Lay Nge

"ခေါ်ထားတယ်

သူတို့ကပွဲထဲရောက်နေလောက်ပြီ...သဘာဝက

တော့ မိုင်အချစ်ဆုံး သတို့သမီးအရံလေးပေါ့"

"အင်း ဒါဆိုသူမကို နေမင်းလက်ရာ

နဲ့တွဲပေးလိုက်မယ်လေ"

"ကဲပါ ဓာတ်ပုံရိုက်ကြစို့"

LayNge

သူတို့အုပ်စုလိုက်ဓာတ်ပုံရိုက်ပြီးနောက် သတို့သားနဲ့သတို့သမီး နှစ်ယောက်ထဲပုံရိုက်ကြသည်။

"ကျွန်တော်လည်း သူမနဲ့ နှစ်ယောက်ထဲရိုက်ချင်လို့"

"အင်းဟုတ်သားပဲ...သဘာဝ သွားရိုက်ဦး"

"ငါတို့ကဘာဆိုင်လို့ရိုက်ရမှာလည်း"

"ငါအမှတ်တရသိမ်းထားချင်လို့ လုပ်ပါ သဘာဝရာနော်"

မိုင်ကသူမကိုနေဆီအတင်းနှင်လွှတ်နေတာမို့ သူမလည်း မိုင်စိတ်ချမ်းသာအောင် သူဘေးရပ်ပြီး ဓာတ်ပုံရိုက်ရသည်။

နှစ်ယောက်သား

တစ်ယောက်ကအနောက်တိုင်းပုံစံနဲ့

တစ်ယောက်ကမြန်မာဝတ်စုံနဲ့

ဘယ်လိုဖြစ်နေမလည်းဆိုတာ..။

မင်္ဂလာပွဲပြီးတော့ နေ့လည် 2နာရီပင်ထိုးနေပြီဖြစ်သည်။ခန်းမထဲလည်း သူတို့အုပ်စုသာကျန်တော့သည်။

"သဘာဝ နင်အိမ်လိုက်ခဲ့ပါလား dinner ရှိသေးတယ်"

"မလိုက်တော့ပါဘူးဟာ နင်လည်းငါ့အိမ်အကြောင်းသိရဲ့သားနဲ့"

"အင်းပါ ဒါဆိုနင်ပြန်ဖို့ငါစီစဉ်ပေးမယ်"

"ရပါတယ်မိုင်ရာ Taxi နဲ့ပဲပြန်လိုက်တော့မယ်"

"မဟုတ်တာပဲ နေ မင်းလည်းပြန်မှာမဟုတ်လား
သူမကိုလိုက်ပို့ပေးလိုက်ကွာ
မိုင်ကိုယ်ပြောတာဟုတ်တယ်မဟုတ်လား"

"ဟုတ်တယ် သဘာဝ နင်တစ်ယောက်ထဲ Taxi
နဲ့ပြန်မှာစိတ်မချဘူး နေမင်းလက်ရာ
နဲ့လိုက်သွားလိုက်နော်"

သူမငြင်းနေမှာဆိုးတာကြောင့်...

"ဒါဆို ကိုအံ့ကျွန်တော်တို့ပြန်တော့မယ်နော် "

"အေးကွာ ငါစိတ်ချမယ်နော်"

"အင်းပါ "

"ငါသွားပြီ မိုင်"

LayNge

"အင်း ဂရုစိုက်ပြန်"

သူ နဲ့ သူမ

ကားပါကင်ထိုးထားတဲ့နေရာကိုလျှောက်လာသည်။ကားနားရောက်တယ်ဆို သူက ကားတံခါးကိုဖွင့်ပေးလိုက်သည်။

သူမ

သူဖွင့်ပေးတဲ့ဘက်ကနေဝင်ထိုင်လိုက်သည်။သူမကားထဲဝင်မှ သူလည်းမောင်းသူနေရာဝင်ထိုင်လိုက်သည်။

"ပူလိုက်တာ"

သူအပေါ်ကုတ်ကိုချွတ်ကအနောက်အခန်းကိုပ စ်ထည့်လိုက်သည်။နဖူးပေါ်ကျနေတဲ့ဆံပင်တွေ ကိုအပေါ်ကိုလှန်တင်လိုက်သည်။အကျႌအဖြူ လက်ရှည်က ကြယ်သီးတွေကို ဖြုတ်နေစဉ်.....

"ဟင် မင်းဘာလုပ်နေတာလည်း"

"ကြယ်သီးဖြုတ်နေတာလေဗျာ"

"မင်းနော် ငါမင်းကိုယုံပြီးလိုက်လာတာနော်"

ဒေါသသံလေးနဲ့သူကိုစပြောလာတော့
သူမတစ်မျိုးထင်သွားမှန်းသူသိပါသည်။

"ဟာ မ
ကလည်းကျွန်တော်ပူလို့ကြယ်သီးသုံးလုံးလော
က်ဖြုတ်တာပါ ဘယ်လိုဖြစ်လို့
အမှောင်ဘက်ချမ်းရောက်သွားရတာလည်း"

Lay Nge

"ငါ ငါ ငါမသိဘူးလေးမင်းက..."

"ဆက်ပြောလေ မရဲ့"

"မင်းငါ့ကိုဘယ်လိုတွေခေါ်နေတာလည်း ငါမကြိုက်ဖူးနော်"

"ကျွန်တော်ကြိုက်တယ်လေ"

"မင်းနော်"

Lay Nge

"ကျွန်တော်အတည်ပြောစရာရှိတယ်"

"ဘာလည်းပြောပြီးရင် ပြန်မယ်လေ"

"ချစ်တယ်"

"ဟမ်"

"မကို ကျွန်တော်ချစ်တယ် ကုန်ကုန်ပြောရရင် ကျူပ်ဘဝမှာ မကိုအချစ်ဆုံးပဲ"

Lay Nge

ရည်းစားစကားပြောတာလည်း ကျူပ်ဖြစ်လိုက်
ကျွန်တော်ဖြစ်လိုက်နဲ့
သူကိုကြောင်ကြည့်နေမိသည်။

"မ အဲလောက်မငေးနဲ့
ကျူပ်ချောတာကျူပ်သိတယ်"

"ဘယ်မှာငေးလို့လည်း
မင်းပြောပြီးပြီမဟုတ်လား ပြန်မယ်လေ"

"အဖြေပေးဦးလေ"

Iay Nge

"အခုချက်ချင်းချစ်ခွင့်ပန်ပြီး

အခုချက်ခြင်းအဖြေပေးရအောင်

မင်းငါ့ကိုအဲလိုတန်ဖိုးထားတာလား"

"အာ့ မရာဘယ်လိုတွေတွေးလိုက်တာလည်း

မသဘောဟုတ်ပြီလား

မဆီကအဖြေရမဲ့နေ့ကိုဘယ်လောက်ကြာကြာ

စောင့်ပေးမယ် ဟုတ်ပြီလား...ပြီးတော့

မကျွန်တော်ကို ဒီကြားထဲလေ့လာပေါ့

ကျွန်တော် မကျောင်းကိုနေ့တိုင်းလာမယ်"

ဝူး

သူစကားဆုံးတယ်ဆိုကားကို စမောင်းထွက်လာသည်။

"ကျောင်းကိုနေ့တိုင်းမလာပါနဲ့ "

"ဘာဖြစ်လို့လည်း ဒါမှမဟုတ် မ မှာချစ်သူရှိလို့လား ဒါမှမဟုတ် ......"

"တော် ငါမှာဘာဇယားမှမရှိဘူး

မင်းကိုမလာခိုင်းတာက

ငါကဆရာမတစ်ယောက်လေ ငါ့သိက္ခာ

ကိုမင်းထည့်တွက်လေ"

"ဟုတ်ကဲ့ပါ ဆရာမ"

"မင်း"

"ဟုတ်ပါပြီ ကျုပ်ကစတာပါ

ဒါပင်မဲ့တစ်ခုတော့လုပ်ပေး

နေ့ခင်းကျောင်းလွှတ်ရင် ကျုပ်နဲ့
နေ့လည်စာအတူတူစားကြမယ်"

"မရဘူး
ငါကဆရာတွေနားနေဆောင်မှာစားရတာ"

"အဲတာကျွန်တော်လည်း အဲ့အထဲလာစားမယ်"

သူစကားကြောင့်
သူမျက်နာကိုကြည့်လိုက်တော့တကယ်လုပ်မ
ည်ပုံပေါက်နေတာကြောင့်...

lay Nge

"ဟုတ်ပြီ ငါလက်ခံတယ် ကျောင်းရှေ့က ဆိုင်မှာစောင့်နေ

ကျောင်းရှေ့တော့မက်တပ်ရပ်မစောင့်ရဘူး"

"အင်း အဲလောက်ဆို ကျေနပ်ပြီ"

"ဒါဆိုလမ်းထိပ်မှာပဲရပ်လိုက်တော့နော်

အိမ်ရှေ့အထိလိုက်ပို့ပေးမနေနဲ့"

"မ ကလည်း..."

သူမ သူကို ရုပ်တည်နဲ့ကြည့်လိုက်ဒါကြောင့်....

"ဟုတ်ပြီဟုတ်ပြီ မသဘော"

သူ သူမတို့လမ်းထိပ်မှာရပ်ပေးလိုက်တယ်ဆို သူမသူတံခါးဆင်းဖွင့်ပေးတာမစောင့်ပဲ သူမဘာသာဖွင့်ကာဆင်းသွားသည်။နှုတ်တောင် မဆက်ပဲ လမ်းထဲဝင်သွားသည်။

❀နေရောင်ရှိမှပွင့်မည့်ပန်း❀

အခန်း ။ ၅

"ဘယ်ကို အလေလိုက်နေတာလည်း"

သူမအိမ်ရှေ့မှာဖိနပ်ချွတ်နေတုန်းရှိသေး ပြသနာကစပါပြီ။

"သူငယ်ချင်း မင်္ဂလာဆောင်သွားတာပါ"

"ကျုပ်တို့အတွက်ဘာမှမချက်ပဲသွားတာလည်း
ညည်းကြတော့ဟိုမှာစားသောက်နေပြီးတော့"

"တစ်နေ့တစ်လေပဲဒေါ်လေးရယ်
ကိုယ်ဘာသာချက်လိုက်ကြပါလား"

"သဘာဝပန်း နှင်ငါ့အမေကိုခံပြောနေတာလား"

"မြတ်နိုးမောင်
နှင်ကရောငါ့ကိုအကြီးလိုဆက်ဆံဖူးလို့လား"

"သွားအခုသွားပြီး ငါတို့စားဖို့သွားချက်"

"မချက်နိုင်သေးဘူး ငါလည်းပင်ပန်းနေတယ် ပြီးမှချက်ပေးမယ်"

"ဒါဆို ကျုပ်တို့သားအမိက ဘယ်အချိန်မှစားရမှာလည်းဟမ် "

"ဒေါ်လေးတို့ ဆာနေရင်လည်း ကိုယ်တိုင်ချက်စားလို့ရနေတာပဲ...အာ့"

ဖြောင်း

သူမ
ဖိနပ်ချွတ်တဲ့နေရာမှာခွေလျက်လေးကြသွားသ
ည်။

အမေဖြစ်သူရိုက်လိုက်တာကိုတောင်မကျေနပ်
ပဲ မြတ်နိုးမောင်ကပါ ရိုက်ဖို့လက်ရွယ်လိုက်ချိန်
သူမလက်ကိုတစ်ယောက်က
ဆွဲကိုင်လိုက်သည်။

အာ့

နေ

မြတ်နိုးမောင်ကိုဆောင့်တွန်းချပလိုက်သည်။

သူကားထဲမှာ

သူမပိုက်ဆံအိတ်ကျန်နေခဲ့လို့လာပေးရမှ

မြင်လိုက်ရတဲ့မြင်ကွင်းကြောင့်ဒေါသက

အတိုင်းအဆမရှိ ဖြစ်သွားရသည်။

သူလဲနေတဲ့သူမကိုယ်လေးကိုဆွဲထူလိုက်တော့ ပါးလေးတစ်ဖက်မှာ လက်ဝါးရာကြီးကြည့်ရက်စရာမရှိ။

"မင်းဘယ်လိုလုပ်ရောက်လာတာလည်း"

"မ ပိုက်ဆံအိတ်ကျန်နေခဲ့လို့လာပေးတာ"

"အင်းပေး ပြီးရင်သွားတော့"

သူမ

နေလက်ထဲကပိုက်ဆံအိတ်ကိုဆွဲယူလိုက်သည်။

"ဒီမှာရှင်ကျွန်မကိုဘာလို့တွန်းတာလည်း"

မြတ်နိုးမောင်လဲနေရာကနေထပြီး

နေကိုရန်ရှာတော့သည်။

"စောက်မြင်ကတ်လို့"

"ဒီမှာ မင်းရိုင်းလိုက်တာ"

"ရိုင်းတယ် ခင်များတို့ကရော

တော်တော်ယဉ်ကျေးနေတယ်ပေါ့"

"မင်းပြန်တော့"

"ငါ့တူမ ငါဆုံးမတာ မင်းနဲ့ဘာဆိုင်လည်းဟမ်

မိမဆုံးမဖမဆုံးမကလေကချေကောင်ရဲ့"

"ဒေါ်လေး !!"

Lay Nge

"ဘာလဲ နင်လင်ကို ထိလို့နာနေတာလား"

"နေမင်းလက်ရာ မင်းပြန်ပါတော့
ငါ့ကိုသနားရင်ပြန်ပါတော့ဟယ် ဟင့်"

သူ့ကိုပြန်ဖို့ပြောရင်း
မျက်ရည်ကျလာတဲ့သူမကြောင့်....

"ဟုတ်ပြီ ပြန်မယ် မရယ်မငိုပါနဲ့"

သူ မစိတ်ချမ်းသာအောင်သာထွက်လာခဲ့ရတာ
တစ်စက်ကလေးမှဟိုသားအမိအပေါ်မကျေနပ်
ပေ။

"ဒေါ်လေး တို့စားဖို့ ချက်ပေးပါ့မယ်
အဝတ်အစားသွားလဲလိုက်ဦးမယ်"

သူမ
မျက်ရည်တွေသုတ်ကာထိုနေရာကနေထွက်လာ
လိုက်တော့သည်။

laylge

ကျစ်

နေ့လည်က အဖြစ်အပျက်က သူမျက်လုံးထဲကအခုထိမထွက်သေးပေ။သူမလေးပါးပြင်ထက်ကမျက်ရည်စီးကြောင်းတွေကိုမြင်လိုက်တော့ သူရင်ဘက်ကြီးကွဲကြေသွားသလိုခံစားခဲ့ရသည်။သူဟိုသားအမိနှစ်ယောက်လုံးကိုလည်း

သက်ပစ်ချင်လောက်အောင်ဒေါသထွက်နေသည်။

"မင်းဘာဖြစ်နေတာလည်း james"

"ဘာမှမဖြစ်ဘူး"

"မင်းရဲ့ဘာမှမဖြစ်ဘူးဆိုတာကြီးကလည်း အသက်မဝင်လိုက်တာကွာ မင်းကို မကြင်းလိုက်လို့"

Lay Nge

"ဟာ နမိတ်မရှိနမာမရှိ ငါထုထည့်လိုက်ရလိုက် လွဲပါစေကွာ ပါးစပ်က ချီးပါးစပ်နဲ့"

"ဟာ နေ ရာမင်းကိုစတာကိုကွာ"

သူတို့တွေထိုင်နေတဲ့ဝိုင်းကို
အံ့တို့စုံတွဲဝင်ထိုင်ကြသည်။

"ကဲ ဘာတွေပြောနေကြတာလည်း"

LayNge

"ဘာမှမဟုတ်ပါဘူး ကိုအံ့ရာ

ဒီကောင်ရုပ်ကိုကြည့်

မျောက်ဖင်ကြီးနီနေတာကြနေတာပဲ"

ကျော်သူရ နေကို ပြန်သမလေသည်။

"ဘာဖြစ်နေတာလည်း ငါ့ညီ မင်းနေ့ခင်းက

သဘာဝပန်း နဲ့အဆင်မပြေဘူးလား

ငါတို့ကအခွင့်အရေးပေးထားတာနော်"

"ဟုတ်တယ်
မိုင်သူငယ်ချင်းလေးကဖြူစင်တော့
မဟုတ်တဲ့လူတွေနဲ့တွေ့မှာမိုင်ကြောက်တယ်"

"သူက ဖြူစင်တာကိုလူတွေက
အခွင့်ရေးယူနေကြတာလေ"

"သေချာပြီ မောင်လေး နေ့ခင်းက
သဘာဝတို့အိမ်မှာတစ်ခုခုဖြစ်ခဲ့ပြီထင်တယ်"

သူကမိုင်ရဲ့စကားကို

ဟုတ်တယ်ဆိုသည့်အနေဖြင့်ခေါင်းငြိမ့်ပြသည်

။

"သူတို့သားအမိက အဲ့အတိုင်းပဲမောင်လေးရဲ့

သဘာဝကငယ်နိုင်ကိုဖြစ်နေတာ"

"မိန်းမတွေမို့ပေါ့ ယောကျ်ားတွေသာ

တွန်းချယုံတင်မကဘူး သေအောင်ကိုထိုးခဲ့မှာ "

အုံတို့စုံတွဲရော

ကျော်သူရတို့ရောတစ်ယောက်ကိုတစ်ယောက်

အထာပါပါကြည့်လိုက်ကြသည်။

တန်လာနေ့ နေ့လည်ကျောင်းဆင်းချိန် သူ

သူမကို ကျောင်းရှေ့က

ထမင်းဆိုင်မှာထိုင်စောင့်နေလိုက်သည်။သူ

သူမထွက်လာပါစေလို့လည်းဆုတောင်းနေမိသ

ည်။သူမျှော်လင့်တကြီးနဲ့ကျောင်းပေါက်ဝကိုကြ

ည့်နေတုန်း သူမ

ချိုငုံ့လေးကိုဆွဲကာထွက်လာသည်။

သူမကျောင်းကထွက်လာပြီးလမ်းတစ်ဖက်က ထမင်းဆိုင်မှာထိုင်နေတဲ့သူ့ကိုတွေ့လိုက်သော ကြောင့် လက်ဖြက်ကူးကာ သူထိုင်နေသောနေရာဆီသို့လျှောက်လာသည်။

သူ သူမအနားရောက်တယ်ဆို ထိုင်နေရာကထပြီး သူမထိုင်ဖို့ခုံကိုဆွဲထုတ်ပေးပြီး သူပြန်ထိုင်လိုက်သည်။

"ဘာနဲ့ စားမလည်း "

"ထမင်းချိုင့်ပါတယ် မင်းပဲမှာလေ"

"အင်း..အန်တီ ကျွန်တော်ကို
ကြက်အသဲအမြစ်နဲ့ ထမင်းဖြူတစ်ပွဲလောက်"

သူမှာလိုက်တယ်ဆို
ဝိတ်တာကောင်လေးကလာချပေးသည်။သူလာ
ချပေးတဲ့ဟင်းပွဲထက်
သူမချိုင့်ထဲကဟင်းကိုသာကြည့်နေသည်။

ပန်း လာချပေးတဲ့ဟင်းနဲ့ထမင်းကိုမစားပဲ

သူချိုင့်ထဲက

ဘဲဥအချဉ်ချက်ကိုကြည့်နေတဲ့သူကို...

"ငါဘဝက ဒီလိုပဲ မင်းနေနိုင်ပါ့မလား"

"ဟမ်"

LayNge

သူတွေးနေတာကာ

အဲဟင်းလေးစားရရင်ကောင်းမှာပဲလို့ ကို

သူမကတစ်မျိုးထင်သွားသည်။

"ဘာတွေပြောနေတာလည်း ကျုပ်က

အဲ့ဟင်းကိုစားချင်လို့ကြည့်နေတာ"

"ဟင်"

"တကယ်ပြောနေတာ မ

ချက်ထားတာလေးစားချင်လို့"

Laynge

"စားလေငါမင်းကိုမစားနဲ့လို့မပြောမိပါဘူး"

"တကယ်နော်"

ကလေးတစ်ယောက်လိုချင်တာရသွားသည့်ပုံစံ
မျိုး သူမခွင့်ပြုချက်ရသည်နှင့်
ဘဲဥတစ်ခြမ်းကိုယူပြီး
သူ့ပန်းကန်ထဲထည့်လိုက်သည်။

သူဟင်းအနှစ်ကလေးကိုအရင်ထမင်းနဲ့စားလိုက်သည်။

"ကောင်းလိုက်တာ မ လက်ရာရှယ်ပဲ စားဖူးသမျှထဲမှာအကောင်းဆုံးပဲ ကျန်တဲ့တစ်ခြမ်းလည်းစားမယ်နော် မ ကမလက်ရာစားနေကြမို့ ကြက်အသဲအမြစ်ပဲစားလိုက်တော့နော်"

သူမရှေ့ကို ကြက်အသဲအမြစ်ပန်းကန်ချပေးပြီး သူကသူမချိုင့်ထဲက

ဟင်းတွေကိုသူပန်းကန်ထဲအကုန်ထည့်လိုက်သ
ည်။

သူမချက်ထားတဲ့ဟင်းနဲ့
ထမင်းကိုအားရပါးရစားနေတဲ့သူကိုကြည့်ကာသူ
မပြုံးမိသွားသည်။

သူတို့စားသောက်ပြီးတော့...

"ငါသွားတော့မယ်နော်
ကျောင်းတက်တော့မယ်"

Lay Nge

"အင်း မ မနက်ဖြန်လည်းအတူတူစားမယ်နော်"

"အင်းပါ"

သူ

သူမကျောင်းထဲဝင်သွားတဲ့အထိထမင်းဆိုင်က

နေရပ်ကြည့်နေသည်။ကျောင်းခေါင်းလောင်း

ထိုးသွားမှ

သူလည်းထိုနေရာကနေထွက်ခဲ့သည်။

Lay Nge

"သားပြန်လာပြီလား"

အိမ်ထဲဝင်တယ်ဆို

ထမင်းစားခန်းထဲကထွက်လာတဲ့မာမီနဲ့

ဆုံလေသည်။

"ဟုတ်ကဲ့ မာမီ"

"သား နေ့လည်စာစားတော့မလား"

"ဗျာ..သားစားပြီးသွားပြီ မာမီ"

lay Nge

"သားကအပြင်စာတွေပဲစားနေတယ်
မာမီမကြိုက်ဖူးနော်"

"မာမီကလည်းလုပ်ပြီ"

မ

လက်ရာကကောင်းတာကိုလို့သာပြောလိုက်ရင်
မွေးရကြိုးနပ်တယ်လို့ ပြောခံရပေဦးမည်။

"သား လာမေမေနောက်လိုက်ခဲ့"

Lay Nge

မေမေကသူလက်ကိုဆွဲက ညှော်ခန်းထဲက ဆိုဖာမှာ ထိုင်စေလိုက်သည်။သူမလည်း သားအနားဝင်ထိုင်ကာ....

"သား ကိုမာမီပြောမယ်
သားအခုအသက်24နှစ်ရှိပြီ
ဒယ်ဒီလည်းအသက်ရလာပြီလေ
သားဒယ်ဒီနေရာကိုဆက်ခံဖို့
အချိန်တန်နေပြီလေ...သားတကယ်လို့
ချစ်သူတွေရခဲ့ရင်

သားကသူမအားကိုးရမဲ့ပုံစံမျိုးရှိနေရမယ်လေ..
.အခုလို
ပုံစံမျိုးဆိုဘယ်မိန်းကလေးမိဘကမှလည်း
သဘောတူမှာမဟုတ်ဘူး...မာမီဆိုလည်း
သဘောမတူဘူး"

သူစကားအရှည်ကြီးပြောကာဆုံးမသွားတဲ့
စကားတွေကိုပြန်စဉ်းစားနေမိသည်။တကယ်လို့
မကရောသူကိုအားကိုးရမဲ့ပုံစံမဟုတ်ရင်
မရွေးချယ်တော့ရင်
ဆိုတဲ့အတွေးတွေကပါဝင်လာတော့သည်။သူ

ကင်ယ်ငယ်ကတည်းကဒီလိုပေါ့ပေါ့နေပေါ့ပေါ့စားပဲနေလာခဲ့တာ။မာမီ ဒီတစ်ခါသူ့ကိုဆုံးမတာတကယ်ရင်ထဲကိုထိပါသည်။

"သား"

"သားနားထောင်နေပါတယ်မာမီ"

"သားပြင်ဆင်ဖို့အချိန်မှီသေးတယ်နော်"

"သားစဉ်းစားပါ့မယ်မေမေ

အချိန်နည်းနည်းတော့သားကိုပေးပါ"

"ဟုတ်ပြီ သားကိုမာမီ အချိန်တစ်လပေးမယ်"

"အဲလောက်ဆိုလုံလောက်ပါပြီ"

"ဒါဆိုသွားနားတော့"

"ဟုတ်မာမီ"

သားခုံကနေထရပ်လိုက်မှ

သူမတစ်ခုခုကိုသတိရသွားပြီး...

"သား ပစ္စည်းတစ်ခုရောက်နေတယ်

ဘာလည်းတော့မသိဘူး"

"သား ပစ္စည်းလား"

"သား နာမည်နဲ့လာပို့သွားတာ..ရော့ဒီမှာ"

Lay Nge

မာမီက ခုံပေါ်တင်ထားတဲ့ စက္ကူပတ်ထားတဲ့ ပစ္စည်းတစ်ခုကိုသူကိုပေးသည်။သူမာမီဆီက ပစ္စည်းကိုယူလိုက်သည်။

"ဘယ်သူလာပေးသွားတာလည်း မာမီ"

"ပစ္စည်းပို့သမားပေါ့ သားရဲ့"

"ဟုတ်မာမီ ဒါဆို
သားအပေါ်ကိုတက်တော့မယ်နော်"

"ကြွတော်မူပါတော်"

သူမာမီပေးတဲ့အထုပ်ကိုကိုင်ကာအပေါ်ထပ်ကို
တက်လာခဲ့သည်။သူ့အခန်းတံခါးကိုဖွင့်ဝင်ကာ
တံခါးကိုလော့ချပြီး ပစ္စည်းကို
စားပွဲပေါ်တင်လိုက်သည်။လူလည်းနုံးနေတာမို့
လန်းသွားအောင် ရေဝင်ချိုးလိုက်သည်။

သူရေချိုးအဝတ်အစားလဲပြီးမှ
စားပွဲပေါ်ကအထုတ်ကိုယူက

အပေါ်ကပတ်ထားတဲ့

စက္ကူတွေကိုဖယ်ချလိုက်တော့ ပစ္စည်းက....

"ဟာ"

❀ နေရောင်ရှိမှပွင့်မည့်ပန်း ❀

အခန်း ။ ၆

LayNge

သူမြင်လိုက်တဲ့ရတဲ့
ပစ္စည်းလေးကြောင့်သူ့အသက်ရှူသံတွေပင်အ
မှားအယွင်းဖြစ်ကုန်ရသည်။

သူနဲ့သူမကိုအံ့
လက်ထပ်ပွဲတုန်းကရိုက်ထားတဲ့ပုံဖြစ်သည်။ဓာ
တ်ပုံလေးကိုစာပွဲပေါ်တင်ထားလို့ရအောင်ဘော
င်လေးတပ်ပြီး
သေချာလုပ်ပေးထားသည်။သူဓာတ်ပုံလေးကို
ကိုင်ပြီးကုတင်ပေါ်တက်ကာ

ခေါင်းအုံးကိုမှီပြီးဓာတ်ပုံလေးကိုကြည့်နေသည်

။

ဒီပုံလေးကသူများတွေအမြင်မှာရီစရာကောင်းနိ
င်ပင်မဲ့ သူ့အတွက်တော့
သူနဲ့သူမရဲ့ပထမဆုံးဓာတ်ပုံလေးမို့တန်ဖိုးထားရ
ပါသည်။တစ်ယောက်ကအနောက်တိုင်းဝတ်စုံနဲ့
တစ်ယောက်ကမြန်မာဝတ်စုံနဲ့ အထူးအခြားဆုံး
သတို့သားအရံ နဲ့ သတို့သမီးအရံပဲဖြစ်သည်။

"မ ကသိပ်ချစ်ဖို့ကောင်းတာပဲ မကိုကျွန်နော်ရူးလောက်အောင်ချစ်နေမိပြီထင်တယ်"

သူခါတ်ပုံလေးကိုကုတင်ဘေးကခုံပေါ်မှာတင်ထားလိုက်ပြီး အနာဂတ်မင်္ဂလာပွဲလေးကိုစိတ်ကူးပုံဖော်နေမိသည်။

"သဘာဝပန်း!!"

Lay Nge

"ဒေါ်လေး သမီးဒီမှာပါ"

"ညည်းမှာပိုက်ဆံရှိရင်ပေးပါဦးအေ"

"ဒေါ်လေးကိုလကုန်တုန်းကပဲသမီးလစာတွေအကုန်အပ်ထားတယ်လေ"

"ညည်းညီမပေါ့
အဝတ်အစားတွေသွားဝယ်လာတာကုန်ရောအေ"

Lay Nge

"အခုသမီးဆီမှာလည်းမရှိဘူး"

"မညာနဲ့ မိပန်း
မနေ့ကကျူရှင်လခတွေရထားတယ်မဟုတ်
လား 3သိန်းလောက်ပေးစမ်းပါအေ"

"3သိန်းပေးရမယ်တဲ့လား ဒေါ်လေးရယ်
သမီးကဘာသွားသုံးရမှာလည်း
သမီးဘက်ကိုလည်းငဲ့ဦးမှပေါ့"

"အသာတကြည်တောင်းနေတာမပေးဘူးပေါ့!!"

"ဒေါ်လေးသမီး5သောင်းလောက်တော့ပေးမယ် အခုသမီးအဝတ်အစားသွားလဲပါရစေဦး"

ကျောင်းကနေအိမ်ပြန်ရောက်တယ်ဆို ရင်ဘက်ကို တန်းကန်တော့တာပဲ။ငါ့တူမလေးပင်ပန်းနေ လားမေးဖော်တောင်မရ။ဖေဖေ နဲ့မေမေသာရှိနေရင်မေးချင်မိပါတယ်

LayNge

ဘာလို့တစ်ယောက်ထဲထားခဲ့ရတာလည်းလို့။ပ
င်ပန်းနေပါပြီ သူမတကယ်ကိုပင်ပန်းနေခဲ့ပါပြီ။

သူမငယ်စဉ်ကတည်းက
တစ်ခြားကလေးတွေလိုအပူအပင်မရှိနေချင်ခဲ့
သောလည်း
အရွယ်နဲ့မမျှအောင်ဒုက္ခပေါင်းစုံရင်ဆိုင်ခဲ့ရသ
ည်။တက္ကသိုလ်တက်တော့လည်းသူများတွေလို
ချစ်သူထားပြီး
တီတီတာတာပြောရမဲ့အချိန်တွေမှာ

စာနဲ့အလုပ်ကိုအချိန်လုပြီးသာ
သူမကျောင်းပြီးခဲ့ရသည်။

သူမအတွေးတွေရပ်ကာအဝတ်အစားလဲပြီး
ထမင်းချိုင့်ဆေးဖို့နောက်ဖေးရေအိုးတွေရှိရာ
ကိုထွက်ခဲ့ပြီး ခုံပေါ်ထိုင်ကာ
ချိုင့်အဆင့်လေးတွေကို
ဆပ်ပြာနဲ့ပွတ်တိုက်ပြီးရေဖြင့်ဆေးနေသည်။သူ
မချိုင့်တွေနေရင်း
သူနဲ့ထမင်းအတူတူစားည်ကိုသတိရကာပြုံး
နေမိသည်။

"သဘာဝကို

တကယ်ချစ်တာမဟုတ်လားမောင်"

သူမရင်ထဲမှာတော့

သူကမောင်ဆိုတဲ့နာမ်စားလေးနဲ့အတူနေရာယူ

ထားနေပြီဆိုတာ သူသိရင်ဖြင့်.....။

"ကိုကို"

"အွန်း ပြောအငယ်မ"

LayNge

သူကို အငယ်မက

ဒီမနက်ကျောင်းလိုက်ပို့ပေးပါဆိုလို့တောင်းဆို

တာကြောင့်

သူသွားချင်တာနဲ့အတော်ပင်ဖြစ်သွားသည်။

"မနေ့ကလေ ဆရာမအစ်ကိုတစ်ယောက်နဲ့

ချိန်းတွေ့နေတယ် သူ့ချစ်သူလားမသိဘူး"

"ဟမ် အငယ်မ ပြန်ပြောစမ်း"

"ဟုတ်တယ် မနေ့ကငါကိုယ်တိုင်တွေ့တာ ဆရာမကသူ့ချစ်သူလို့ထင်ရတဲ့ အစ်ကိုတစ်ယောက်နဲ့ နေ့လည်စာအတူတူစားနေကြတာ"

"ဟာ့"

သူအခုမှရင်ထဲတစ်နေတဲ့အလုံးကြီးကျသွားတော့သည်။

Lay Nge

"အဲ့အစ်ကိုကလေ ကိုကိုလိုပဲ ဘောင်ဘီဒူးအထက်ပဲဝတ်ထားတာဟ အသားအရည်ကတော့ ကျောင်းဝကနေကြည့်ရတော့ ငါလည်းမသိဘူး"

"အော် နင်ပြောပုံအရဆိုအဲ့ကောင်လေးကတော်တော် ချောပုံရတယ်နော် ငါနဲ့တူတယ်ဆိုလို့ပါ"

"လိပ်ကြီး...ကိုကို နင်မှန်းငါသိတယ် နင်တော်တော်အဆင်ပြေနေတယ်ဟုတ်လား"

"နည်းနည်းပါ
ထမင်းအတူတူစားခွင့်လေးရထားတာ"

"ဒါဆို နေ့ခင်းရောလာဦးမှာလား"

"အင်းလာမှာပေါ့ မ ကိုမတွေ့ပဲမနေနိုင်ဘူး
နင်နော်စာကြိုးစားငါ မ ကိုအပ်ထားတယ်"

"နင်အပ်လည်းငါ့ဆရာမကလေးအေးအေးလေး တစ်ခါမှ တုတ်နဲ့မချဘူးမှတ်ထား ဆရာမကနင်ကိုပဲချမှာ"

"ဘာချမှာလည်း"

"ဖင်.."

"နင် မိန်းကလေးမဟုတ်ဘူးလား ဘာစကားပြောနေတာလည်းဟမ် "

Lay Nge

ဒေါက်

သူ

အငယ်မခေါင်းကိုကားစီးယာတိုင်မှလက်တစ်ဖ

က်လွှတ်ကာထုလိုက်သည်။

"အ့ ကိုကို ငါပြောတာက

ဖင်ကိုတုတ်နဲ့ချမှာလို့ပြောတာလေ

နင်ကဘာတင်နေတာလည်း

စကားကိုဆုံးအောင်နားမထောင်ဘူး

ငါ့ခေါင်းလေးတော့ ဉာဏ်မကောင်းရကြားထဲ ဦးနှောက်ကြီးပါပျက်စီးသွားပြီလားမသိဘူး"

သူကျောင်းရှေ့မှာကားရပ်လိုက်သည်။

"စကားတအားများတာပဲ စာသာအဲလောက်ကျက်ရင် All A ရတယ်သိလားဆင်းတော့ရောက်ပြီ"

သူ အငယ်မကိုဆင်းခိုင်းပြီး

သူပါကားပေါ်ကဆင်းကကျောင်းပေါက်ဝအပြင်

အနီးအနားကိုကြည့်လိုက်သည်။

"ရှာမနေနဲ့ ဆရာမကလွှန်ခဲ့တဲ့

နာရီဝက်ကတည်းကရောက်နေပြီ

ဆရာမကအချိန်တအားလေးစားတာ

နင်နဲ့တောင်မတန်ဘူး ဟွန့်"

သူကို ပြောဆိုပြီးထွက်သွားတဲ့ ညီမကြောင့်

ဒေါသတွေနဲ့ကျန်ခဲ့ရသည်။

"တန်လို့ကြိုက်တာပေါ့ ငနဲမရ"

သူတစ်ယောက်ထဲပြောပြီး ကားထဲပြန်ဝင်ကာ ဒယ်ဒီ company ဆီ သို့...။

🌷🌷🌷🌷🌷🌷

သူမကျောင်းခေါင်းလောင်းထိုးတယ်ဆို ဆွဲခြင်းလေးဆွဲကာ ထွက်လာပြီး လမ်းတစ်ဖက်ကဆိုင်ကိုလှမ်းကြည့်တော့သူ

ရောက်နေပြီဖြစ်သည်။သူကတော့အရင်ပုံစံလေးအတိုင်းပါပဲ။ဘောင်ဘီအတို ဒူးအထက်ကိုအောက်ခံအပြာလေးနဲ့ shirt အဖြူရောင်လက်ရှည်ကိုတွဲဝတ်ထားသည်။သူကို ဘောင်းဘီအရှည်နဲ့ မိုင်တို့လက်ထပ်ပွဲတုန်းကတစ်ခါသာမြင်ဖူးသေးသည်။

"မ လာထိုင်"



layNge

သူ သူမအတွက်မနေ့ကအတိုင်းထိုင်ဖို့
ခုံပြင်ဆင်ပေးသည်။

သူမလည်း
သူပြင်ပေးတဲ့ထိုင်ခုံမှာဝင်ထိုင်လိုက်သည်။သူမ
ထိုင်လိုက်ပြီး
သူကြိုမှာထားတယ်ထင်ရတဲ့ဟင်းကိုကြည့်လို
က်တော့
မနေ့ကအတိုင်းကြက်အသဲအမြစ်ပင်ဖြစ်သည်။
သူလို သူဌေးသားသမီးကဒီလိုပဲစားမှာပေါ့။သူမ

ချိုင့်ထဲဟာဟင်းခွက်ကို

သူရှေ့ချပေးလိုက်သည်။

"ငါတစ်ခုလောက်မေးလို့ရမလား"

"အကြိုက်မေး ဖြေဖို့က မောင့်တာဝန်"

"မင်းအသားတအားယူတယ်နော်

ငါမပြောတာအကောင်းမှတ်မနေနဲ့"

Lay Nge

သူမဆီကမျက်စောင်းလေးကသူဆီကို ချက်ခြင်းပင်ရောက်လာတော့သည်။

"မ ဘာမေးမလို့လည်း မေးလေ"

"အော် မင်းမနေ့ကလည်း ကြက်အသဲအမြစ်ပဲ ဒီနေ့လည်း အဲဒါပဲ မင်းကဒါပဲစားတာလား"

သူမ စကားပြောနေတာကိုက မျက်ဝန်းမှာဆွေးရိပ်သန်းနေတဲ့သူမကြောင့်...

layNge

"ကြက်အသဲအမြစ်က

ကျူပ်ကြိုက်လို့စားတာပါ ဒါပင်မဲ့

မချက်တဲ့ဟင်းနဲ့တွေ့ရင်တော့

ကြက်အသဲအမြစ်လည်းမကြိုက်တော့ဘူး"

"တော်ကီတစ်ပေါက်ကတော့ ဟွန်း"

"တကယ်ပြောနေတာ မရဲ့မယုံဘူးလား"

"စောင့်ကြည့်ရဦးမှာပဲ"

LayNge

"မ ဘာချက်လာလည်း"

"ဘဲဥကို ငရုပ်သီးစိမ်းချက်ချက်လာတယ် မင်းမစားနိုင်မှန်းသိလို့ မင်းအတွက် ကြက်ကျော်ဝယ်လာတာ"

"ဒီကြက်ကျော်လား"

"အင်း"

Lay Nge

သူ သူမချိုင့်ထဲကကြက်ကျော်ကိုယူကာ သူမ ထမင်းစားနေတဲ့ချိုင့်ထဲထည့်ပေးလိုက်ပြီး သူငရုပ်သီးစိမ်းချက်ချိုင့်ကိုသူရှေ့ယူလိုက်သည်။

"မ ကိုပြောပြီးသား မ ဘာချက်ချက်အကုန်ကြိုက်တယ်လို့ နောက်တစ်ခါမဝယ်လာနဲ့ ပိုက်ဆံအပိုကုန်တယ်"

"ငါကမင်းအတွက် စေတနာ..."

"သိတယ် ဒါပင်မဲ့ မ ပိုက်ဆံကုန်တယ်လေ

နော်ဟုတ်ပြီလား ရော့

ဒီကြက်အသဲအမြစ်တွေလည်း မ

ပဲစားလိုက်တော့"

သူမ အရှေ့ကို ကြက်အသဲအမြစ်

ပန်းကန်ပါချပေးက သူကတော့

သူမချက်လာတဲ့ ငရုပ်သီးစိမ်းချက်ကို ဇွန်းနဲ့

ပန်းကန်းထဲခပ်ထည့်က

အားရပါးရတစ်ဇွန်းပြီးတစ်ဇွန်းစားနေသည်။

သူမ စားနေရင်းတဲ့ သူကိုမော့ကြည့်လိုက်တော့ တရှုံးရှုံးတရှဲရှဲ နဲ့ နဖူးမှာတောင်ချွေးတွေစို့ကာ အားပါးတရစားနေတဲ့သူကို သနားမိသည်။သူမ သူ့ကိုမကြည့်ရက်တော့တာကြောင့် သူမလည်းမြန်မြန်ကုန်အောင်ငရုပ်သီးစိမ်းချက် ကိုလှမ်းခက်တော့ သူကိုဇွန်းနဲ့ကာပြီးတားသည်။

"မ ဗိုက်အောင့်မယ်နော် ကြက်သားနဲ့ပဲစားနော်"

"ငါလည်းစားချင်တာပေါ့"

"ဟင်အင်း မစားရဘူး မ နော် လိမ္မာပါတယ်"

"အေး မင်းကပြန်ဆုံးမနေလိုက်"

သူမလည်း သူကိုအဲတစ်ခွန်းပြောကာ ဆွဲခြင်းထဲကရေနွေးဓာတ်ဘူးထုတ်ကာခွက်ထဲငှဲ့ ထည့်လိုက်ပြီး သူ့ကို ခွက်လှမ်းပေးလိုက်သည်။

"ရော့ သောက်"

"ဟုတ် ကျေးဇူးပါ မ"

သူ သူမပေးတဲ့ခွက်ကိုယူက မော့သောက်မယ်အလုပ်သူမကတားသည်။

"ပူတယ်နော် အရမ်းမသောက်နဲ့"

သူနည်းနည်းသောက်လိုက်ပြီး ခွက်ကိုချကာ...

"စိတ်ပူတယ်ပေါ့"

"မဟုတ်ပါဘူး ငါချက်ထားတဲ့ဟင်းစားပြီး ဖြစ်တာဆိုတော့ ငါ့တာဝန်ပဲလေ"

"ဟုတ်ပါပြီ မ
ကျုပ်ကိုဘယ်တော့မှအဖြေပေးမှာလည်း"

သူ ဇွန်းကိုင်ထားတဲ့သူမလက်ကို ကိုင်ပြီး မေးလိုက်သည်။

"လွှတ်ပါ ပါးစပ်ကမေးလည်းရတာကို"

သူမ ရုန်းလည်းသူကမလွှတ်ချေ။

"အတည်အကျပြောပါလားဗျာ "

"ကျောင်းရှေ့မှာ
တစ်ယောက်ယောက်မြင်သွားရင်မကောင်းဘူး
လွှတ်ပါနော် မင်းက လိမ္မာပါတယ်"

"ကျုပ်က ခင်များကျောင်းသားမဟုတ်ဘူး
မလိမ္မာဘူး"

"မလိမ္မာရင် အဖြေမပေးယုံပဲပေါ့"

"မ ကလည်း ရပြီလားလွှတ်ပြီနော်
အဖြေပေးတော့"

"အဖြေလား..."

🔔 🔔 🔔 🔔

lay Nge

"ကျောင်းခေါင်းလောင်းခေါက်ပြီ

ငါသွားတော့မယ်နော်

"ဟာ မ..."

ဘယ်အချိန်ကတည်းက

ချိုင့်ကိုပြန်ဆင့်ထားလိုက်မသိ

ခေါင်းလောင်းထိုးတယ်ဆိုလစ်ပါလေရော။သူပို

က်ဆံရှင်းပြီး ပြန်မယ်လုပ်တော့

ခုဏာရေနွေးထည့်တိုက်ထားတဲ

ခွက်လေးကျန်နေခဲ့တာတွေတော့

သူခွက်လေးထဲကရေနွေးကို

အကုန်မော့သောက်လောက်ကာ ခွက်ကိုယူပြီး

ကားထဲဝင်ကာ မောင်းထွက်လာတော့သည်။

~~~~~~~~~~~~~~~~

မနက်က 5 ပိုင်းတင်ထားပေးတယ်နော်

အခုတစ်ပိုင်းထက်တင်ပေးတာ ကိုယ်

ပျောက်သွားတာအကြာကြီးဆိုတော့

မေ့နေကြပြီလားဟင်😔

Lay Nge
~~~~~~~~~~~~~~~~

Comment လေးတွေမန့်သွားပေးကြနော်

နေမင်းလက်ရာက လက်သွက်တယ်လို့☺

ဒီ Post အောက်လေး မန့်ပေးကြနော်

#author_ayemyatmay

❀နေရောင်ရှိမှပွင့်မည့်ပန်း❀

အခန်း ။ ၇

Lay Nge

"ပြောဘာလည်း

မင်းတို့ငါ့ကိုအတင်းဖုန်းဆက်ခေါ်တာ

အလုပ်ကနေအိမ်ရောက်ကာစရှိသေးတယ်

နားမလို့ဟာ"

သူ company ကနေအိမ်ကိုပြန်လာကာ

ရေချိုးပြီးနားမလို့ရှိသေး ဒီကောင်တွေက

သူမလာရင်ပဲသေတော့မလိုလိုဖြစ်နေတာမို့

ချက်ခြင်းထွက်လာရသည်။

ကျော်မျိုးထူးတို့လည်းရောက်တယ်ဆိုအရင်မ ထိုင်ပဲအပြစ်ပြောနေတဲ့သူငယ်ချင်းဖြစ်သူကို ..

"မင်းဘယ်တွေပျောက်နေတာလည်း"

"ထိုင်ဦး"

သူကျော်မျိုးထူးဘေးဝင်ထိုင်လိုက်သည်။

Lay Nge

"ငါ Club ကိုမလာချင်ပါဘူးဆိုမင်းတို့ကောင်တွေကလည်း"

"အခုမှ သူတော်ကောင်းကြီးလုပ်မနေနဲ့ မင်းဘယ်တွေပျောက်နေတာလည်းဟမ်"

"ဒယ်ဒီဆီမှာ အလုပ်သင်ဝင်လုပ်နေတာလေ"

"တစ်နေကုန်လား "

"ညနေပိုင်းပဲ"

"မနက်ပိုင်းအားနေတာ xီးမို့ ငါတို့ဖုန်းခေါ်တာမကိုင်တာလား"

"ကိုအံ့ကတော့ မိန်းမရသွားလို့ထားလိုက်ပါတော့ ဒီကောင်ကတော့ ဝမရှိပဲဝီလုပ်နေတယ် ဟိုဘက်ကသူ့အပေါ်ဘယ်လိုသဘောထားမှန်းမသိပဲနဲ့"

"ကဲပါကွာ ငြိမ်းထက် နဲ့ သူရ ရာ
သူကိုစမနေပါနဲ့ ငါပြောစရာရှိလို့ခေါ်လိုက်တာ
နေ ရဲ့"

"ဘာလဲ အလုပ်ကိစ္စလား
ဘယ်လောက်မြတ်မှာလည်း"

"ဟ နေ
မင်းဘယ်တုန်းကပိုက်ဆံအမြတ်အစွန်းတွေမေး
တက်သွားတာလည်း"

"ဟာ ငါပိုက်ဆံစုနေတာလေ ငါ့လုပ်အားခနဲ့ မ
ကိုမျက်နှာမငယ်ရအောင်ထားနိုင်ဖို့လေ
မင်းတို့မပြောနဲ့ ငါအခု ဒယ်ဒီ company
မှာအလုပ်သင်ဝင်လုပ်တာတောင့် တစ်လ
5သိန်းတောင်းတာ"

"အာ ဆေးမမှီတော့ဘူး ဒီကောင်းရူးသွားပြီ
မယားတရူး"

Lay Nge

"မင်းတို့မှ

မချစ်တတ်သေးတာဘယ်နားလည်ပါ့မလည်း

ငါပြောနေလည်းအပိုပဲ"

"အန်ကယ်နေမင်းကတော့

တော်တော်မွေးရကြိုးနပ်တဲ့သားလို့မပြောတာ

ကံကောင်း"

"နေ မင်းကိုငါတောင်

လက်ထပ်ပြီးယူချင်လာပြီကွာ"

"ကျော်မျိုးထူး ငါက အီကြာကွေး ခြင်းပြန်မကြိုက်ဘူးသိလား အဟက်"

"သိပါတယ် ပလာတာ ကြိုက်တာမလား"

"သိရဲ့သားနဲ့ မေးနေသေးတယ်"

"x◌ိ◌း "

ကျော်မျိုးထူး နေအပြောကြောင့် ဆဲသာချလိုက်သည်။ကိုယ်တော်ချောကတော့

LayNge

သူကို ဆဲနေတယ်လို့များမှတ်ပုံမရ

မျက်နှာကြီးကဖြီးလို့

ဆွဲကုတ်ချင်စရာကောင်းလှသည်။

"ကဲပါ အတည်မေးတာ

မင်းညနေပိုင်းအလုပ်လုပ်တယ်ဆို

မနက်ပိုင်းကဘာလုပ်လည်း"

"ငါ့ဝါသနာပါတဲ့

ခရီးသွားဝန်ဆောင်မှုလုပ်ငန်းလုပ်ဖို့ company

အခြေစိုက်ဖို့နေရာရှာနေတာကွ မင်းတို့လည်း

စိတ်ဝင်စားရင် ရှယ်ရာဝင်လို့ရတယ် ဒယ်ဒီ hotel နဲ့ ချိတ်ဆက်ပြီးလုပ်လို့ရတယ်လေကွာ"

"ဟာ ပါမှာပေါ့ကွာ မင်းကအခုမှပြောရလား နောာရ"

ငြိမ်းထက်ပြောလိုက်သည်။

"အေး လေ မင်းလုပ်နေတာငါတို့လည်းကူညီပေးလို့ရတာ ပေါ့"

"ကျေးဇူးပါ ငါ့ကောင်တို့ရာ
အခုလည်းအကုန်ပြီးတော့မှာ
ရှယ်ယာရှင်ကလည်း မင်းတို့
ဉကောင်ပဲလက်ခံမှာ ပူမနေနဲ့ "

"မင်းအမေလင် ဉကောင် လား ငနွားရ"

"ငါ့အမေလင်က ငါ့ဒယ်ဒီ"

lay Nge

"ငါတို့ဥကောင် နဲ့ပေါင်းတဲ့မင်းကလည်း ဥကောင်ပဲ"

"ဟား...ဟား"

နေ တို့အုပ်စုကလူစုံရင် ဗရုတ်ကြတက်ပင်မဲ့ အကုန်လုံးက
မျိုးရိုးအဆင့်အတန်းမြင့်တဲ့သူတွေကြီးပင်။ ကျော်မျိုးထူး ဒယ်ဒီ နဲ့မာမီဆို
နှစ်ယောက်လုံးဒေါက်တာတွေ။ငြိမ်းထက် မိဘတွေဆိုလည်း အင်ဂျင်နီယာချုပ်နဲ့

အင်ဂျင်နီယာကတော်တွေ။ကျော်သူရ
ဒယ်ဒီကလည်း သူ့မိဘတွေလိုအောင်မြင်တဲ့
စီးပွားရေးလုပ်ငန်းရှင်တွေ။သူတို့တွေကနေပေါ
က်ဖွားလာတဲ့ သူတို့ငယောက်တော့
ပညာရေးမှာထူးချွန်သလောက်ကျန်တဲ့နေရာ
တွေမှာ တစ်စက်လေးမျှအသုံးမကျပေ။

အခုလည်းအဖွဲ့ခေါင်းဆောင်ကြီးကအချိုးပြင်
လာခြင်းနဲ့အတူသူတို့လည်း
ပြင်ရတော့မည့်ကိန်းဆိုက်နေသည်။

အခုဆို မ နဲ့ နေ့လည်ခင်းထမင်းအတူတူစားရတာ နှစ်ပတ်မြောက်ရဲ့ပထမဆုံး တနင်္လာနေ့ပင်ရောက်လာပြီဖြစ်သည်။ မ ဆီကနေဂရုစိုက်မှုတွေလည်းတဖြည်းဖြည်းရ လာပြီဖြစ်သည်။မ မျက်လုံးတွေထဲမှာလည်း သူဆိုတာနေရာတစ်ခုယူနေနိုင်ပြီ ဆိုတာ သူသိပါသည်။

သူ မကိုစောင့်နေရင်း

ကျောင်းပေါက်ဝကိုကြည့်လိုက်တော့ မ

ထွက်လာတာတွေ့မှ သူနှုတ်ခမ်းက

အပြုံးတစ်ပွင့်လှပသေသေသတ်စွာထွက်ပေါ်လာသ

ည်။

သူမ ထမင်းချိုင့်လေးဆွဲကာ

ကျောင်းကနေထွက်လာသည်။ဒီနေ့သူ့ကိုအဖြေ

ပေးတော့မှာမို့ရင်လည်းခုန်နေမိသည်။သူကြိုက်

တဲ့

ကြက်အသဲအမြစ်ဟင်းလည်းချက်လာသည်။

သူမ အတွေးတွေနဲ့

တစ်ဖက်ကမ်းကူးဖို့လုပ်ပင်မဲ့အနောက်ကခေါ်

သံကြောင့်..

"ဆရာမ "

"အန်ကယ်က"

"ဦး က ဆရာမအတန်း ခန့်လင်း ရဲ့အဖေပါ

သား ကိုမိဘခေါ် ခိုင်းတယ်ဆိုလို့"

Lay Nge

"အော် ဟုတ်ပါတယ် ခန့်လင်းက

အရမ်းဆိုးနေတော့

ကျွန်မတို့ထိန်းကွပ်ဖို့ခက်ခဲနေပါတယ်

ဆရာမတွေကိုမပြောနဲ့ဦး ဆရာတွေကတောင်

သူ့ကိုမနိုင်လို့ ဆရာမကြီးက

မှင်နီတားဖို့တွေလုပ်နေတာ ကျွန်မက

တစ်ခေါက်လောက်သတိပေးကြည့်မလို့ပြင်စေ

ချင်လို့ခေါ် ခိုင်းတာပါ"

"အော် ကျေးဇူးပါ ဦး ဆုံးမပေးပါ့မယ်"

"ဒါဆို ကျွန်မကိုသွားခွင့်ပြုပါဦး"

ခွပ်

ဘယ်ကနေဘယ်အချိန်ကတည်းကရောက်နေလည်းမသိ သူ ထိုလူကြီးကိုဝင်ထိုးတော့သည်။သူထိုးနေတာကိုစိုက်ကြည့်နေရာမှ သူမသတိဝင်လာကာ သူကိုဆွဲရတော့သည်။

"နေမင်းလက်ရာ မင်းဘာလုပ်တာလည်း

လှတ်စမ်း"

"ကျုပ်ကိုမတားနဲ့ ဒီသေခါနီးပြီး

ရိပ်ကစ္စာယူချင်နေတဲ့ စောက်အဖိုးကြီးကို

သေအောင်သက်မှာ"

ခွပ် ခွပ်

"မင်းမရိုင်းစမ်းနဲ့ တော်တော့

အပြစ်မရှိအပြစ်ရှာမနေနဲ့ "

LayNoe

သူမ ဆွဲနေလည်းမရ

သူကတော့ဆက်ထိုးနေသည်။ဘာကြောင့်

ဒီလောက် ဘီလူးဆိုင်းတီးနေရတာလည်းဆိုတာ

သူမလည်းနားမလည်ဖြစ်နေရသည်။ကျောင်း

သားတွေရော အနီးပတ်ကျင်က

သူတွေပါဝိုင်းကြည့်လာတာမို့

သူမရှက်လာသည်။

သူမ ရှက်စိတ်ကြောင့် ဒေါသထွက်လာပြီး

သူကို စောင့်ဆွဲလိုက်သည်။

"မ "

"မင်းကိုငါရုပ်လို့ပြောနေတာမကြားဘူးလား"

"မ သူဘာလုပ်လည်းသိလား
ဒီစောက်အဖိုးအကြီး"

"မင်းအဖေအရွယ်ကို
မင်းဘာဖြစ်လို့စောက်နဲ့နှိုင်းတာလည်း
ရိုင်းလိုက်တာ"

"ကျူပ်ကရိုင်းပဲရိုင်းတာက

ခင်များတင်ပါးကိုကိုင်ဖို့မကြိုးစားဖူးဘူး"

သူမ သူဆီကိုကူးဖို့အပြင်အနောက်က

လူကြီးက မ

တင်ပါးကိုလှမ်းကိုင်ဖို့လုပ်နေကြောင့်

သူဒေါသတွေထိန်းမရတော့ပဲရောက်လာခြင်းဖြ

စ်သည်။

"ဒီလူကြီးကလေ ခင်များ

တင်ပါးကိုလက်နဲ့လှမ်းကိုင်..အဲ့"

ဖြန်း👏

သူမို့လို့

ဒီလိုစကားတွေပြောထွက်ရက်သည်။သူမကသူ

ချစ်တဲ့မိန်းကလေးတစ်ယောက်မဟုတ်ဘူးလား

ဘာဖြစ်လို့

ဒီလိုအရှက်ခွဲရတာလည်း။သူမကတော့ သူကို

တစ်ဘဝလုံးအတွက်လက်တွဲဖော်အဖြစ်ရွေးခဲ့

Lay Nge

တာကို သူမို့ဖျက်စီးရက်တယ်။သူမ
ရှက်လွန်းလို့ မျက်ရည်တွေလည်းကျလာကာ
ဒေါသကြောင့် သူပါးကိုရိုက်ချလိုက်သည်။

သူပါးပူထူသွားတာကြောင့်သူမကိုကြည့်လိုက်
တော့မျက်ရည်တွေကျလျက်သူ့ကို
နှုတ်ခမ်းလေးကိုကိုက်ကာကြည့်နေသည်။

"မင်းကိုနောက်ထပ်က ငါမမြင်ချင်တော့ဘူး
မင်းငါ့ဘဝထဲကထွက်သွားတော့"

"ကျုပ်စေတနာကို စော်ကားတယ်ခင်များဗျာ"

"ဘာစေတနာလည်း
ငါ့အရှက်ကိုခွဲတဲ့စေတနာလား
မင်းကိုငါမုန်းတယ်"

"တောက်စ်...မုန်းလိုက်
ကျုပ်စေတနာကိုမမြင်တဲ့အတွက်
ကျုပ်လည်းစိတ်မကောင်းဘူး"

သူ သူမကိုအဲ့စကားတစ်ခွန်းပြောပြီး

သူမဘေးကနေဒေါသတကြီးနဲ့ သူမ

ပုခုံးကိုတိုက်ကာထွက်သွားတော့သည်။သူတိုက်

သွားတဲ့ အရှိန်ကပြင်းတာကြောင့်

သူမလက်ထဲက

ချိုင့်လေးမြေကြီးပေါ်ကိုပြုတ်ကျသွားတော့သ

ည်။

သူမမြေကြီးပေါ်ကျနေတဲ့

ဟင်းတွေကိုကြည့်ကာ

စိတ်ထဲဝမ်းနည်းမှုကနိုင်းဆမရတော့ချေ။သူမ

သူကြိုက်တယ်ဆိုလို့
သူမကိုယ်တိုင်ဈေးကိုမနက်စောစောထသွားပြီး
ချက်ခဲ့ခြင်းဖြစ်သည်။အခုတော့
သူမထင်သလိုဖြစ်မလာခဲ့ပါ။

သူမလည်းဖြစ်သွားတဲ့အဖြစ်အပျက်ကြောင့်
ထိုလူကြီးကိုတောင်းပန်ကာ
သူကိုအမှုမဖွင့်ဖို့ပြောပြီး ရှက်တာကြောင့်
ဆရာမကြီးဆီ နေ့တစ်ဝက်ခွင့်တောင်းကာ
အိမ်ပြန်လာတော့သည်။အိမ်ရောက်တယ်ဆို
အခန်းထဲပြေးဝင်ကာ ဆွဲခြင်းကို

ထားလို့ရတဲ့နေရာကိုတင်လိုက်သည်။သူမ အိပ်ရာခင်းထားတဲ့ ဖျာပေါ်ထိုင်ကာ ကိုယ်လေးတုန်နေတဲ့အထိငိုပါတော့သည်။

♡♡

"သဘာဝပန်း"

"ဟုတ်ကဲ့ ဒေါ်လေး"

Lay Nge

"ဘာဖြစ်နေတာလည်း
မျက်နှာကငိုထားတာလား "

"ဟုတ်ပါတယ်"

"ဘာလို့လည်းအေ
ကျုပ်တို့လည်းဘာမှမလုပ်ရပါလားအေ"

"ဒေါ်လေး တို့လုပ်တယ်လို့
သဘာဝမပြောမိပါဘူး"

Lay Nge

"ကဲဒါဆိုထတော့ ညနေစာချက်ဖို့ပြင်တော့ လင်ပူမိနေတဲ့အတိုင်းပဲ ငါမကောင်းတဲ့သတင်းတွေမကြားချင်ဘူးနော် ကိုယ်လုပ်နေတဲ့အလုပ်ကိုလည်း သေချာပြန်ကြည့်"

"ဟုတ်ကဲ့ "

ဒေါ်ညိုစိမ့် ခေါင်းရမ်းပြီးထွက်သွားတော့မှ သူမမျက်ရည်တွေကို လက်နှစ်ဖက်နဲ့သုတ်ကာ

အခန်းထဲကနေထွက်လာပြီး

ဟင်းချက်ဖို့ပြင်ဆင်ရသည်။

သူမဟင်းချက်ဖို့ပြင်ဆင်နေတုန်း....

"ဘာရှာနေတာလည်း"

"မနက်က ကြောင်အိမ်ထဲမှာထည့်ထားခဲ့တဲ့

ကြက်အသဲအမြစ်ဟင်းရှာနေတာ"

"ငါတွေ့လို့ စားပလိုက်ပြီ
နှင်အတွက်ကြတော့ချက်ပြီး ငါတို့အတွက်ကြ
တော့ ပဲဟင်းဆိုတော့ တော်တော်တရားပါလား
သဘာဝပန်း"

"မြတ်နိုးမောင် တော်ပါတော့
စားလိုက်ပြီမဟုတ်လား ဒါဆိုလည်းပြီးရော
ငါစိတ်ညစ်နေတာပိုညစ်အောင်မလုပ်ပါနဲ့"

"စိတ်ညစ်တယ်ဆိုပါလား ဟားဟား"

"မြတ်နိုးမောင် နင်သွားလိုက်တော့

ငါစိတ်တိုလာပြီ

ငါစိတ်မကြည်လို့ပါဟယ်သွားပါတော့"

"မသွားတော့ဘာလုပ်ချင်လည်း ဒါကငါ့အိမ်

နင်မနေချင်ရင်ဆင်းသွား"

"အပိုတွေမပြောနဲ့ ဒါငါ့မိဘတွေအိမ်

နင်တို့မတရားယူထားတာမဟုတ်ဖူးလားဟမ်"

စိတ်ညစ်နေပါတယ်ဆိုမှ ဘေးကနေတတွတ်တွတ်လာပြောနေတာကြောင့်မပြောဘူးလို့ဆုံးဖြတ်ထားတဲ့စကားတွေလည်းပြောထွက်ကုန်သည်။

"နင်အရမ်းစွာနေပါလား မိပန်း"

"မေမေ သူပြောတာကြားတယ်မဟုတ်လား သမီးတို့သူကိုစောင့်ရှောက်တဲ့ကျေးဇူးတွေဆပ်နေတာတွေ့လား"

"ငါပြောတာမဟုတ်လို့လား "

"တော်တော့ မြတ်နိုးမောင် သမီးလည်း ကိုယ်အခန်းကိုပြန်တော့ မိပန်း နောက်တစ်ခါ ဒီစကားထက်ပြောရဲပြောကြည့် နင်ကို နင့်ကျောင်းသားတွေရှေ့မှာတင် ငါဆုံးမမှာနော် သတိထားနေ"

ဒီနေ့ဟာသူမအတွက်
ပြဿဒါးနေ့ပါလားကွယ်......။

နောက်တစ်နေ့မနက်ကျောင်းရောက်တော့ သူမ ကျောင်းရှေ့ကသစ်ပင်အောက်မှာ ထိုင်နေတုန်း....

"သဘာဝ"

"ဟင် မသိရီပါလားထိုင်လေ"

"အစ်မပြောစရာရှိလို့"

"ဟုတ် မသိရီပြောပါ"



Lay Nge

lay Nge

သီရိ သူမဘေးဝင်ထိုင်ကာ...

"မနေ့ကတည်းကပြောမလို့
သဘာဝကပြန်သွားလို့"

"ဟုတ်ကဲ့"

"မနေ့က အစ်မကလေးတွေကို
စာကျက်ရမှာတွေပြောပြီးထွက်လာတော့

ကျောင်းရှေ့မှာဖြစ်ပျက်တာတွေအစအဆုံးမြင်တယ်"

"ဟုတ်ပါတယ်"

"ညီမကဒေါ်သထွက်နေလို့
အဲ့ကောင်လေးရဲ့စေတနာကိုမမြင်တာပါ"

"အစ်မဘာပြောတာ"

layNge

"ကောင်လေးပြောတာမှန်တယ် သဘာဝရဲ့
အဲလူကြီး သဘာဝတင်ပါးကိုကိုင်ဖို့လုပ်နေတာ
အစ်မလည်းလှမ်းအော်မလို့ရှိသေး
အဲ့ကောင်လေးရောက်လာတာ
ထိုးတာနည်းတောင်နည်းသေးတယ်"

"အစ်မတကယ်ပြောနေတာလားဟင်"

"တကယ်ပေါ့ အစ်မကနောက်စရာလား
အစ်မအဲတာပြောချင်လို့စောင့်နေတာ
အစ်မသွားလိုက်ဦးမယ်"

"ဟုတ်ကဲ့"

သူမကိုအရှက်ခွဲတယ်ထင်ပြီး
ပါးတောင်ရိုက်လိုက်သေးသည်။သူမ
သူ့ကိုဘယ်လိုတောင်းပန်ရမလဲ။

တောင်းပန်ခွင့်လေးပေးပါနော်....။

🔔 🔔 🔔

LayNge

သူမနေ့လည်ကျောင်းဆင်းချိန်ခေါင်းလောင်း
ထိုးတယ်ဆို
သူမဆွဲခြင်းလေးဆွဲကာကျောင်းအပြင်ဘက်ကို
ထွက်လာသည်။သူမတစ်ဖက်ကိုမကူးခင်
ဆိုင်ကိုလှမ်းကြည့်လိုက်တော့
သူအရင်လိုရောက်မနေတော့ပါ။မနေ့ကသူမလု
ပ်ရက်လွန်သွားမှန်းသိပါသည်။ဒါကြောင့်
သူမတောင်းပန်ဖို့လည်းဆုံးဖြတ်ထားသည်။ဒါပ
င်မဲ့မျှော်နေတဲ့သူကရောက်မလာပါ။

သူဆိုင်ဘက်ကိုကြည့်နေရင်း

မျက်ရည်တွေဝဲလာကာ

ခြေလှမ်းတွေကိုနောက်ပြန်လှည့်ရင်း

သူမနေ့လည်စာလည်း စာဖြစ်တော့မဟုတ်ချေ။

သူမ သူကိုမမြင်ရရင်ကို မနေတက်တော့ပါ...။

~~~~~~~~~~~~~

သနားပါတယ် 😢

LayNge
~~~~~~~~~~~~~

Comment အားဆေးကျွေး နေ့ခင်း မဟုတ်ရင် ညနေတစ်ပိုင်းထက်တင်ပေးမယ်🥰

￼

💮နေရောင်ရှိမှပွင့်မည့်ပန်း💮

အခန်း ။ ၈

ဒီနေ့ နဲ့ဆို သူ သူမဆီမလာတာ 5ရက်ရှိပြီဖြစ်သည်။သူမလည်းနေ့လည်စာမစားဖြစ်တာ5ရက်ပေါ့။

အမြဲဇွတ်လုပ်တက်တဲ့သူက
သူမမလာနဲ့မုန်းတယ်ဆိုတဲ့
စကားကိုကြအတည်မှတ်သွားရလား။သူပုံစံအ
တိုင်းဇွတ်လုပ်ပါလား။

သူမဒီနေ့ ကျောင်းတစ်ပတ်ရဲ့နောက်ဆုံးနေ့မို့
ညနေကျောင်းဆင်းတယ်ဆို Taxi
နဲ့မပြန်တော့ပဲ
လမ်းလျှောက်သာပြန်လာခဲ့တော့သည်။သူမလ
မ်းလျှောက်နေရင်း
သူကိုသတိရလာတာကြောင့်

ကျချင်နေတဲ့မျက်ရည်တွေထိန်းလိုက်ပြီး

လမ်းဆက်လျှောက်နေသည်။

ကျှီ

"အမလေး"

သူမအတွေးလွန်နေတုန်း

ဘေးနားကိုကားအနက်တစ်စီးကို

ရပ်လိုက်တာကြောင့်လန့်သွားရသည်။သူမကား

Lay Nge

ပေါကသူတောင်းပန်တာလည်းမလိုချင်တာကြောင့် သူမလမ်းပဲဆက်လျှောက်လာသည်။

"မ"

"ဟင်"

သူမကိုဒီလိုခေါ်တာဘယ်သူရှိလို့လည်းတစ်ဦးတည်းသောသူသာရှိသည်။ဒါပေမဲ့သူမလှည့်မကြည့်ရဲ
သူမကြားနေတာဖြစ်မှာဆိုးလို့ပင်။



Lay Nge

နေ သူခေါ်နေတာတောင်လှည့်မကြည့်ပဲ မက်တပ်ရပ်နေတဲ့သူမကိုကြည့်ပြီး ထိုကိစ္စကိုစိတ်ဆိုးမပြေသေးဘူးဆိုတာသိလိုက်ပါပြီ။

သူ သူမရှေ့သွားကာ...

"မ ကျွန်တော်ကို သတိမရဘူးလား ကျွန်တော်ကလွမ်းနေတာ"

Lay Nge

သူမ

သူရှေ့မှာလာရပ်ပြီးပြောနေတဲ့သူကိုခမော့ကြည့်လိုက်တော့...

"ဟင် မင်း..."

"ကျုပ်ကိုစိတ်ဆိုးနေသေးလားခင်များမလာခိုင်းလည်းကျုပ်ကမနေနိုင်ဘူး"

"....."

Lay Nge

သူပြောနေတာကိုဘာမှပြန်မပြောတဲ့သူမဆီက ဆွဲခြင်းကိုယူကာ သူမလက်ကိုဆွဲပြီး ကားထဲဝင်ထိုင်စေလိုက်သည်။သူမဆွဲခြင်းကို အနောက်ခန်းထည့်ခါတံခါးပိတ်ပြီး သူမောင်းသူနေရာဝင်ထိုင်လိုက်သည်။

သူကားထဲဆွဲထည့်တာတောင် ရုန်းကန်ခြင်းမရှိတဲ့သူမဘက်ကိုလှည့်ကာ...

"မ စကားပြောပါဗျာ မကျေနပ်ရင်လည်း ကျုပ်ကိုရိုက်လိုက်ဗျာ"

"ရိုက်မှာ"

ဘုန်း ဘုန်း ဘုန်း

"မကောင်းတဲ့ကောင်
ငါ့ကိုမျှော်နေရအောင်လုပ်သွားတာ ဟင့်"

သူကိုရိုက်ပြီး
ငိုနေတဲ့သူမကိုသူကြောင်ကြည့်နေမိသည်။

"နင်ဘယ်တွေပျောက်နေတာလည်း ဟင့် ငါ့ကိုစိတ်ကုန်သွားတာလား ဟင့် ဟီး"

ဘုန်း ဘုန်း

ပါးစပ်ကလည်းပြောလက်ကလည်းထုဖို့မမေ့တဲ့သူမ ဆရာမပီသပါပေတယ် ။

သူကြောင်ကြည့်နေရာမှ
သူမလက်တွေကိုချုပ်လိုက်ပြီး...

"ဘာဖြစ်လည်း ကျုပ်အဲ့နေ့ကရိုင်းခဲ့တာတွေ Sorry ဗျာ"

"ဟင့် အင်း မင်းမမှားပါဘူး ငါမှားတာပါ အမှန်ကိုမသိပဲနဲ့ ပါးရိုက်လိုက်တာ ဟင့်"

" ကျုပ်ဘာမှမဖြစ်ပါဘူး"

"ဘာမှမဖြစ်ဘူးသာပြောတယ် မင်းဘာလို့ နေ့လည်စာလာမစားတာလည်း ဟင့်"

ငိုမဲ့မဲ့လေးနဲ့ပြောနေတဲ့သူမကို
သူအတော်ပင်ချစ်မဝတော့ပေ။

"တကယ်တော့ မ နဲ့
ပြဿနာတက်ပြီးစိတ်ရှုပ်နေတုန်း ဒယ်ဒီ
ကအလုပ်ကိစ္စတစ်ခုကြောင့် Thai
ကိုသွားခိုင်းလို့ ဒီရက်ပိုင်း
မလည်းမတွေ့ချင်လောက်ဘူးထင်ပြီး thai
ကိုသွားလိုက်တာ
3နာရီခွဲမှလေဆိပ်ကဆင်းတာအိမ်တောင်ပြန်မ

ရောက်သေးဘူး မ
ကိုတွေ့ချင်လို့ကျောင်းကိုလာလိုက်တာ"

"မကောင်းတဲ့ကောင်...ငါ့မှာတော့
စိတ်မကောင်းဖြစ်လိုက်ရတာ
အဲ့နေ့ကအဖြေပေးမလို့ရည်ရွယ်ထားပြီးသား
မင်းကြိုက်တဲ့ကြက်အသဲအမြစ်လည်းချက်လာ
တာ"

သူမဆီက အဖြေဆိုတဲ့စကားကြောင့်
သူခရီးပန်းနေတာကနေ အားပြည့်သွားသည်။

"မ ကျွန်တော် ကို အဖြေပေးတော့မလို့လား "

"အဲ့နေ့က.."

"အခုအဖြေပေး"

"ဘာလို့ပေးရမှာလည်း'

"ပေးပါတော့ဗျာနော် တရားဝင်တွဲချင်နေပြီဗျ"

Lay Nge

"ချစ်တယ်"

"မ'

သူ မ တစ်လုံးသာခေါ် ပြီး သူမဆီက
ချစ်တယ်ဆိုတဲ့စကားကြောင့်
လူကလေပေါ် ပဲရောက်နေသလိုလို
ဘယ်လိုကြီးဖြစ်နေမှန်းကိုမသိ။

"နေမင်းလက်ရာ"

သူဘက်ကတော့တိတ်စိတ်နေဆဲပင်။

"မင်းအသက်မှရှိသေးရဲ့လား"

"ကျူပ်လိပ်ပြာလွင့်သွားလို့မနည်းပြန်ခေါ်နေရတယ် မရယ်"

"ဟွန်း အပိုတွေ"

"မပိုပါဘူးဗျာ"

"မင်းချုပ်ထားတဲ့လက်တွေကိုဘယ်အချိန်မှပြန်လွှတ်ပေးမှာလည်း"

"မလွှတ်ပေးတော့ဘူးဗျာ မကိုကျွန်တော်ပိုင်တယ်"

"မင်းနော်လွှတ်"

"ဟုတ်ပြီ ဟုတ်ပြီ"

သူချုပ်ထားတဲ့လက်နှစ်ဖက်ကိုလွှတ်လိုက်ပြီး လက်ဖဝါးလေးကနေပြန်ကိုင်ကာ...

"မင်းလို့ခေါ်နေတာကြီးကမမိုက်ပါဘူး"

"ငါခေါ်နေကြပဲလေ"

"အခုနဲ့အရင်ကတူတော့လို့လား ကျုပ်တို့ချစ်သူတွေဖြစ်သွားကြပြီလေ"

"အခုအဖြေပေးလိုက်တယ်ဆိုပင်မဲ့
စောင့်ကြည့်ဦးမှာ"

"အော် ဒါဆိုလွယ်လွယ်လေး
ကျူပ်ကိုယူလိုက်လေ
အချိန်ပြည့်ကြည့်လို့ရတယ်"

"ငါထိုင်ကြည့်မှာကိုပြောနေတာမဟုတ်ဘူး
မင်း....အွန့်"

သူ မင်းလို့ထက်ပြောလာတဲ့ သူမနှုတ်ခမ်းကို ဖိကပ်နမ်းလိုက်သည်။သူမကရုန်းတာကြောင့် ခေါင်းကနေကိုင်ကာနှုတ်ခမ်းကိုအပေါ်တလှည့် အောက်တလှည့်စုပ်လုံးပမှာ စုပ်နေသည်။

သူနမ်းတာကြာလာတော့ သူမအသက်ရှူကြပ်နေပြီမို့ သူမလွှတ်ချင်လည်းလွှတ်လိုက်ရသည်။

"ဟင်း.....ဟင်း"

"အဟွန်း"

"မင်း..."

သူမင်းလို့ထက်ပြောမလို့ရှိသေးသူကမျက်ခုံးတွန့်ပြတာကြောင့်
ထွက်မဲ့စကားတွေပါမြိုချလိုက်ရသည်။

"မောင် လို့ခေါ်"

"မခေါ်ဘူး"

"မ တကယ်မခေါ်ဘူးလား

ဘာလို့ဒါဆိုအဖြေပေးသေးလည်း မချစ်ပဲနဲ့"

"အော်

မောင်လို့မခေါ်တာနဲ့မချစ်ဘူးထင်ရလားဟယ်

တကယ်ပါပဲငါ့ကျောင်းသားတွေတောင်နင့်

လောက်မဆိုးဘူး"

"ဒါကတော့ ကျုပ်က အင်းမဟုတ်ဘူး မောင်က

မရဲ့ဘဝလက်တွဲဖော်လေ

သူတို့ကတပည့်လေဘယ်တူမလည်း သူတို့တပည့်ဝတ် မောင်က ယောကျာ်းဝတ်"

"ဘာ ဘာ ယောကျာ်းဝတ်
ငါ့တစ်သက်တစ်ခါမှမကြားဘူးပါလားနော် "

" လက်ထပ်လိုက်ကြ မင်္ဂလာဦးမှာ

မိန်းမကိုချစ် ကလေးရအောင်

ကူညီဆောင် ကျင့်ဖွယ်ယောကျာ်းဝတ်"

သူမ သူရှုတ်ပြလိုက်တဲ့

ကဗျာကြောင့်မျက်လုံးပါပြူးသွားရသည်။

"အဲဒါယောကျာ်းဝတ် မဟုတ်ဘူး

နာဘူးဝတ်ကြီး"

"ဟား...ဟား..မောင်တော်တယ် မဟုတ်လား"

"တက်လည်းတတ်နိုင်တယ်"

Lay Nge

"မောင်လို့ခေါ်ပါ

ယောကျ်ားဝတ်ကျေစေရပါမယ်"

"ဟွန့်"

"ခေါ်လို့ကြားချင်လို့"

"မောင်"

Lay Nge

"အာ
မောင်ခေါင်းထဲပျားရည်လောင်းချလိုက်သလိုပါ
ပဲ အီစိမ့်သွားတာပဲ"

"မောင် သဘာဝကိုပြန်လိုက်ပို့တော့
သူတို့ကကြာနေရင်ပြောဦးမယ်"

"အင်း ဟုတ်သားပဲ မ"

"အင်းပြောလေ"

"phone သုံးလား"

"သုံးတယ် "

" phone ဆက်ဖို့ နံပတ်ပေး ပြီးတော့ Facebook သုံးရင် acc အပ်လိုက်မယ် မ acc ထဲဝင်ကြည့်လို့ ယောကျာ်းလေးတွေလက်ခံထားရင် မ acc ကို hack ပြီး အကုန် bl ပစ်မှာနော် "

Lay Nge

"အင်းပါ သူစိတ်ကြီးပဲ အိမ်ရောက်ရင် Acc add လိုက် ပြီးရင်စိတ်ကြိုက် ဝင်ကြည့်လိုက်ရပြီလား"

"မရသေးဘူး"

"ဘာဖြစ်ပြန်ပြီလည်းမောင်ရာ ရစ်တယ်နော်"

"Relationship ချိတ်ရမယ် မောင့် acc နဲ့ တွဲပြီး"

"မောင်ကလည်း ကျောင်းက ဆရာ ဆရာမတွေလည်း acc ထဲရှိတာ ရှက်စရာကြီး အဲတာကအရေးကြီးလို့လား"

"ကြီးတယ် မ နဲ့ပက်သက်ရင် အသေးအမွှားကအစ သေရေးရှင်ရေးလောက်အရေးကြီးတယ်"

သူမ သူ့ကိုမနိုင်ဘူးဆိုတဲ့အကြည့်နဲ့ကြည့်ကာ ခေါင်းငြိမ့်ပြလိုက်တော့သည်။ထိုအခါမှ ကိုယ်တော်ချောကပြုံးကာ

layNge

သူမလက်ကိုတစ်ဖက်ကကိုင်ပြီး

တစ်ဖက်ကကားကိုမောင်းကာ သူမရဲ့အိမ်သို့

...။

သူ အိမ်ပေါ်တီအောက်ကိုကားရပ်ကာ

ကားပေါ်ကဆင်းပြီး အိမ်ထဲဝင်လာတယ် ဆို

ညှော်ခန်းထဲက ဒယ်ဒီ နဲ့ မာမီကသူကိုခေါ်သည်။

"သား!

"သားကိုစောင့်နေကြတာလား"

LayNge

သူညှော့်ခန်းထဲက မာမီဘေးဝင်ထိုင်လိုက်သည်။

"thai ကိုဘာသွားလုပ်တာလည်း"

မာမီကသူ thai သွားတာသိမှမသိပဲ
အခုမေးလာတာကြောင့်
ဒယ်ဒီကိုကြည့်လိုက်တော့
မာမီအတင်းမေးထားပုံရတာကြောင့်...

"ကိစ္စတစ်ခုရှိလို့သွားတာမာမီ
အခုမှလေဆိပ်ကနေဆင်းလာတာ "

"သားရယ်
မာမီကအိမ်ပြန်မလာလို့ဘယ်လာက်စိတ်ပူနေ
လည်းသိလား သားအဖေကလည်း မာမီကို
ရေရေရာရာဘာတစ်ခုမှမပြောဘူး"

"သား ပြောသွားဖို့မေ့သွာတာ မာမီရဲ့ sorry
ပါနော် သားကြောင့်စိတ်ပူသွားရတာ"

"ကိုကို"

သူတို့စကားပြောနေတုန်း
အငယ်မကျောင်းကပြန်ရောက်လာသည်။

သူအငယ်မကိုတွေ့တယ်ဆို
လက်ကနာရီကိုကြည့်ပြီး...

"နောက်ကျလိုက်တာ
ဘယ်တွေဝင်နေတာလည်း"

"စာမေးပွဲနီးလို့ English
ဆရာမကအချိန်ပိုသင်နေလို့လေ"

"အော်ဒါကြောင့်မတွေ့တာကို"

"ဟင်...သားပြောတော့အခုမှလေဆိပ်ကဆင်း
တာဆို
သမီးကျောင်းကိုတောင်ရောက်ခဲ့သေးတာလား"

"အော် ဟုတ်တယ် သားလေဆိပ်ကဆင်းတော့
ကျောင်းဆင်းချိန်မို့

LayNge

အငယ်မကိုပါတစ်ခါထဲကြိုသွားမယ်ဆိုပြီး သွားတော့ ကြာနေတာနဲ့ မစောင့်ပဲအိမ်ပြန်လာတာ"

"သား ကားကဘယ်ကရတာလည်း"

"ဒယ်ဒီ ဟိုတယ်ကိုဖုန်းဆက်ပြီး ကားလွှတ်ခိုင်းလိုက်တာ driver ကို taxi နဲ့ပြန်ခိုင်းလိုက်တာလေ ဒယ်ဒီ"

"အေးပါကွာ သွားနားတော့"

"ဟုတ်ကဲ့ ဒယ်ဒီ ဒါဆိုသားသွားနားတော့မယ် "

"အေးကွာ "

သူဒယ်ဒီယ်တို့ကိုနှုတ်ဆက်ပြီးတဲ့ အပေါ်ထပ်အခန်းဆီတက်လာပြီး luggage ကို ဗီရိုရှေ့ထားပြီး ရေဝင်ချိုးလိုက်သည်။ရေချိုးပြီး ခါးမှတဘတ်ကိုပတ်ကာ ထွက်လာသည်။သူအဝတ်မလဲသေးပဲ

ချွတ်လိုက်တဲ့

ဘောင်ဘီအိတ်ကပ်ထဲကဖုန်းကိုထုတ်ကာ

Facebook ထဲဝင်ပြီး

သူမနာမည်ကိုရိုက်ရှာလိုက်တဲ့ဆို

နာမည်တူတွေအများကြီးပေါ်လာတာမို့

ထက်ရှာရင်းမှ

ဂါဝန်ဒူးဖုံးလေးဝတ်ပြီးဆံပင်ကိုမထုံးထားပဲချ

ထားကာမေးလေးကိုလက်နဲ့ထောက်ပြီး

ရိုက်ထားတဲ့ပုံလေးတင်ထားတဲ့ သူမ acc ကိုသူ

add လိုက်ပြီး

ဖုန်းကိုမှန်တင်ခုံပေါ်တင်ထားလိုက်သည်။

သူအဝတ်အစားလဲပြီး
မုန့်တင်ခုံပေါ်ကဖုန်းကိုယူကာ
ကုတင်ပေါ်လှဲချလိုက်သည်။သူ facebook
ပြန်ဝင်ကြည့်တော့ သူမက acc accept
မလုပ်သေးတာကြောင့်မျက်မှောင်ကုတ်သွားရ
သည်။သူမ acc ထဲဝင်ကြည့်ရင် သူမ
တင်ထားတဲ့ post ဆိုတာက မရှိသလောက်ပင်
share ထားတာတွေကများသည်။

သူမ ကလေးတွေကိုစာသင်ပြီးတော့

ညဇနာရီတောင်ရှိတော့မည်။သီတင်းကျွတ်စာ

မေးပွဲ(နှစ်ဝက်စာမေးပွဲ)ကနီးပြီမို့ကလေးတွေ

ကို

ပိုတင်းကျပ်ရသည်။သူမစာသင်ပြီးမှအခန်းထဲဝ

င်ကာ ခြင်ထောင်ထောင်လိုက်ပြီး

သူမစာရေးခုံပေါ်က ဖုန်းကိုယူကာ

အိပ်ရာထဲဝင်လှဲပြီး လိုင်းဖွင့်ကာ facebook

ထဲဝင်ကြည့်တော့ fri request

နေရာကိုနှိပ်ကြည့်တော့သူ acc add

ထားသည်။သူမ သူ acc ကို accept

နိုပ်ပြီးတယ်ဆို ဝင်ကြည့်လိုက်တော့ သူpost တိုင်းမှာ like ကcele တစ်ယောက်အတိုင်း 1k ကျော်တွေကြီးသာ။သူ profile ပုံနိပ်ကြည့်တော့ comment မှာ ကောင်မလေးတွေမန့်ထားတာများ ရာနဲ့ချီသည်။

တွင် တွင်

သူမ သူ acc ထဲဝင်ကြည့်နေတုန်း သူ messenge ပို့လာသည်။

Lay Nge

💌 acc add ထားတာကြာပြီ

ခုမှလက်ခံရလား💌

💌 အခုမှအားတာကို

ကလေးတွေကိုစာသင်နေတာ

ဖုန်းကိုင်တယ်ဆိုလက်ခံလိုက်တာပဲလေ💌

💌Vedio Called ခေါ်လိုက်မယ် မ💌

layNge

သူမစာပြန်ချိန်တောင်မရသူက Vedio called ခေါ်လာသည်။

သူမကိုင်လိုက်ပြီ...

"မ ကအိပ်တော့မှာလား မနက်ဖြန်ကျောင်းပိတ်တယ်လေ"

"ကျောင်းပိတ်လည်း မနက်ဖြန်ကလေးတွေကို ကျူရှင်သင်ရဦးမှာ"

"ထားပါ မ နဲ့ မောင် ဘယ်တော့ Date ကြမလည်း"

"Date မယ်"

"အင်း ဘာလဲ မကမDate ချင်ဘူးလား မောင့်ကိုအပျော်ကြံတာလား"

"မောင်ကလည်း လုပ်ပြီး သီတင်းကျွတ်ကျောင်းပိတ်ရက်ကြရင် Date လို့ရတာပဲလေ"

LayNge

"ဟွန်း"

"စိတ်ကောက်တာလား မကြီးမငယ်နဲ့"

" မထက်ငယ်တယ်လေ"

"အော်ဒါနဲ့ မင်းက cele လားဟင်
မိန်းကလေးတွေရဲ့အသဲစွဲကိုဖြစ်လို့"

Lay Nge

"ဒါဆိုသေချာပြီ မ ကျွန်တော် acc ဝင်စစ်နေတာမဟုတ်လား"

"မဟုတ်ပါဘူး accept လုပ်ရင်ကြည့်မိသွားတာ"

"မနော် မလည်းအတူတူပဲ "

"ဘာတူတာလည်း ငါ့ post တွေက ဆယ်တောင်မကျော်တဲ့ ကိစ္စ"

Lay Nge

"မသိဘူးဗျာ မprofile အောက်မှာ ဘယ်ကောင်တွေလည်း block လိုက်"

"အင်းပါ"

မအင်းရင်ဒီလူဆိုးကရစ်နေဦးမှာမို့ လက်ခံလိုက်ရသည်။

"မင်းလည်းနားတော့လေ "

"လာပြန်ပြီ မင်း မောင်လို့ခေါ်ပါဆိုဗျာ"

"အင်းပါ

အိပ်တော့နော်ခရီးပန်းလာတယ်မဟုတ်လားမနက်ဖြန်နေ့ခင်းမှတွေ့ကြမယ်နော် မောင် "

"အင်း မ ဒါဆို Goodnight "

"Good Night မောင်"

သူမ လည်း သူဖုန်းချသွားတယ်ဆို

လိုင်းပိတ်ကာ ဖုန်းကိုဘေးနားချထားလိုက်ပြီး

အိပ်ပျော်ခြင်းဆီသို့။သေချာတာကတော့နှစ်ယောက်လုံးရဲ့အိမ်မက်ကလှပနေမှာသေချာသည်။

~~~~~~~~~~~~~~

ကဲကိုယ်ကတော့ ကတိတိတည်တယ် babyတို့က like & share လုပ်ပေးဦး🥰

နောက်ဆို ဒီ page မှာပဲတင်တော့မှာမို့ Follow လုပ်ထားနော်🥰

Lay Nge
~~~~~~~~~~~~~~

https://www.facebook.com/maylinn2003

ခင်များလေးတို့ comment နဲ့ Like

ကအားဆေးဗျ🥰

#Author_ပိုုးပန်းနွယ်

￼

💮နေရောင်ရှိမှပွင့်မည့်ပန်း💮

အခန်း ။ ၉

Lay Nge

"သူရ"

"အင်းပြောလေ ငြိမ်းထက်"

"ဟိုမှာကြည့်

"ဘာလဲ "

"နေ မျက်နှာကိုကြည့်အပြုံးပန်းကိုဝေလို့"

Lay Nge

"အော်

မင်းကလည်းအခုသူလုပ်ငန်းကစတော့မှာလေ ဘယ်သူကမပြုံးပဲ လဒမှိုင်မှိုင်နေရမှာလား"

ကွန်ပြူတာတစ်ခုနဲ့အလုပ်ရှုပ်နေတဲ့နေကိုကြည့်ပြီး ရုံးခန်းကဆိုဖာပေါ်မှာထိုင်ကာ ငြိမ်းထက်နဲ့ ကျော်သူရတစ်တွတ်တွတ်ပြောနေကြသည်။

ကျော်မျိုးထူးလည်း စကားပြောနေတဲ့ နှစ်ကောင်အနားကနေထကာ

အလုပ်စားပွဲမှာအလုပ်လုပ်နေတဲ့ နေအနား ခုံဆွဲကာဝင်ထိုင်လိုက်သည်။

" james"

" ပြော"

"မင်းကိုဟိုနှစ်ကောင်ပြောနေတာတွေလား"

"ပါးစပ်ပါလို့ပြောတာ ပြောပါစေပေါ့"

Lay Nge

"ဟိုနှစ်ကောင်ပြောတာလည်း ဟုတ်တာပဲမင်းကအလုပ်လုပ်နေတာတောင် ဘာတွေပြုံးနေတာလည်း"

"ငါဘာဖြစ်နေတယ်ဆိုတာမသိရအောင်မင်းတို့ ၃ကောင် facebook မသုံးဘူးလား"

"Facebook ကနေကြည့်ရအောင်မင်းက Cele လား"

"သူက Cele တော့မဟုတ်ဘူး ဆယ်တစ်လီကွ"

"ဟာ ကိုအံ့ "

"ကို အံ့ ထိုင်လေ"

အံ့ နေအလုပ်ခုံရှေ့က
ခုံမှာဝင်ထိုင်လိုက်တယ်ဆိုအတင်းတုတ်နေတဲ့နှ
စ်ကောင်လည်းအနားရောက်လာသည်။

"နေ မင်းလက်သွက်ချက်ကတော့ကွာ 9+ ပဲ"

"ကျွန်တော်က ပဲကြိုက်တာ"

"မင်းက အချိန်ပြည့်အဲ့တာပဲကြည့်နေတာကို ကျော်သူရ ရ"

ငြိမ်းထက်စကားကြောင့် သူရမျက်နှာရှုံ့တွသွားသည်။

"မင်းတို့နှစ်ကောင် ခဏာနေစမ်းပါကွာ နေ မင်းတကယ်ကြီးလား"

"ဟုတ်တယ် ကိုအံ့ "

"ငါ့ညီ ဝမ်းသာတယ်ကွာ"

"Thank ကိုအံ့"

"ဘာတွေပြောနေကြတာလည်း
ငါတို့ကိုပြောပါဦး "

"ဟုတ်တယ်"

Lay Nge

"ပြောပြပါ ကိုအံ့"

သူတို့နှစ်ယောက်ပြောနေတာကိုနားမလည်တဲ့ ၃ယောက်က ပြိုင်တူမေးနေကြသည်။

"မင်းတို့ ၃ယောက် နေ acc မှာ Relationship ချိတ်ထားတာမတွေ့ကြဘူးလား

"ဘယ်လို "

"ဟာ"

"မင်းဒါဆို
မင်းရဲ့မဆီကအဖြေပြန်ရပြီပေါ့ဟုတ်လား"

"အွန်း"

"ဒါကြောင့် ဒင်းသာယာတော်မူနေတာကို"

"ဒါနဲ့ အခု
ခရီးသွားဝန်ဆောင်မှုလုပ်ငန်းစနေပြီဆို
အဆင်ပြေလားနေ"

Lay Nge

"ပြေတယ်ကိုအံ့ သူတို့
ဉယောက်ကလည်းတက်နိုင်သလောက်ကူတယ်
လေ ဝန်ထမ်းအတွက်လည်း
သတင်းစာထဲထည့်ပြီးပြီ"

"မင်းဝါသနာပါရာလုပ်နေတာဆိုတော့
အောင်မြင်မှာပါ"

"အင်း ကျေးဇူး ကိုအံ့"

"အောင် နေ မင်းရဲ့ company နာမည်ဘယ်လိုပေးထားလည်း"

ကျော်သူရမေးတယ်ဆို သူအနောက်ကဖဲသားအနီနဲ့ အုပ်ထားတဲ့ company name ကို ကြိုးဆွဲပြီး သူတို့ကိုဖွင့်ပြလိုက်သည်။

Company name ကိုမြင်တယ်ဆို ဟိုဥကောင်ကသူကို ...

"xီး သောက်ပိုတွေလုပ်နေတယ်"

"ငါသိပ်ကြည့်မရတော့ဘူးနေမင်းလက်ရာ"

"ငါxီုး နေရာ ငါနဲ့နှော်ပိုဆဲမိတော့မယ် "

သူပေးထားတဲ့နာမည်လေးက Nature Flower တဲ့......။

တီ တီ

Lay Nge

သူမကလေးတွေကိုခြံထဲမှာစာသင်နေတုန်း
ခြံရှေ့ကကား
ဟွန်းတီးသံကြောင့်မော့ကြည့်လိုက်တော့
မောင်ဖြစ်နေတာမို့ကလေးတွေကို
ခဏထားပြီးခြံရှေ့ထွက်လာသည်။

သူမ ခြံထဲကထွက်လာတာမြင်မှ
သူလည်းကားပေါ်ကဆင်းလာသည်။

"မောင်ဘာလာလုပ်တာလည်း"

"လွမ်းလို့ "

"ဖြစ်ရတယ်"

"တကယ်ပြောနေတာ မရဲ့"

"သဘာဝ စာသင်နေတာမောင်ရဲ့ "

"မောင် ဝိုင်းသင်ပေးရမလား"

Lay Nge

"သင်တက်လို့လား ပြောပါဦး
အိမ်ကညီမတောင်ပစ်ထားပြီးတော့ "

"သူကို မောင်မှမနိုင်တာ"

"စာတွေတုန်းကပြောတာဘာတဲ့
သူကကျွန်တော်ကိုပဲကြောက်တာဆိုလား "

"ဒါကတော့ မနဲ့ရင်းနှီးချင်လို့လေ
သူကတော့ကျွန်တော်နှစ်ယောက်ကြားက

LayNge

ဆက်သွယ်ချက်ပေါ့
သန့်ချာသဘောအရတွက်မယ်ဆိုရင်..."

"ကဲပါလာ"

ဆက်ပြီးပြောရင်
ကိုစကားတက်ကပြီးတော့မှာမဟုတ်တာကြော
င့် သူမသာလက်လျော့ပြီး
အထဲဝင်ဖို့ခေါ်ရသည်။

Jay Nge

သူ သူမဝင်ထိုင်တဲ့

ဝိုင်းမှာသူမဘေးနားဝင်ထိုင်မလို့လုပ်တုန်း....

"မောင်က ဟိုဘက်

ယောကျာ်းလေးဝိုင်းကိုကြည့်ပေးလိုက်"

"ဘယ်လို"

"မောင်ပဲစာဝိုင်းသင်ပေးမလို့ဆို"

သူ

စကားနဲ့သူ့ကိုပြန်ပြောနေတာကြောင့်မငြင်းသာ

တော့ပဲ

အဲမသာကောင်လေးတွေအနားသွားထိုင်ရသည်

။

"သားတို့ Ecoကို ဆရာဆီကိုစာပြန်လိုက်နော်"

"ဟုတ်ကဲ့ ဆရာမ"

သူမ ကလေးတွေဝိုင်းမှာသွားထိုင်ပြီး

မျက်နှာမကောင်းတဲ့လူဆိုးလေးကိုကြည့်ပြီး

ရီလိုက်သေးသည်။

"အင်း ကဲစာဆိုကြမှာဆို

ဆိုကြငါကြည့်ပေးမယ်"

ကျောင်းသားတွေကဂျစ်တစ်တစ်နဲ့ဆရာကိုကြ

ည့်ကာ ရီချင်နေကြသည်။

သူကကျောင်းသားတွေစာဆိုမယ်ဆိုတော့

ကျောင်းသားတစ်ယောက်ဆီက

စာအုပ်ကိုယူကာ...

"ဆိုတော့"

"ကုန်ထုတ်..."

"ခဏလေး တစ်ယောက်ခြင်းဆိုခိုင်းတာနော်

အုပ်စုလိုက်လာမလုပ်နဲ့

အဲ့အကွက်တွေကငါလုပ်လာတာ"

Lay Nge

သူကျောင်းသားအုပ်စုနဲ့တစ်နာရီလောက်နပန်းလုံးအပြီးမှ....

"ကဲ အကုန်လုံးဂရုစိုက်ပြန်ကြညနေကြရင်မရသေးတာတွေပြန်ကျက်ခဲ့ကြနော် "

"ဟုတ်ကဲ့ ဆရာမ"

ကလေးတွေအကုန်လုံးပြန်သွားမှာ
မောင့်ဘက်လှည့်ကာ ...

"မောင်"

"ပြန်တော့မယ်"

"ဟော စိတ်ကောက်တာလား အဲရုပ်ကြီးက"

"ပြန်တော့ပါမယ်ဆို "

"မောင်ကလည်း
အပြင်မုန့်သွားစားကြမယ်နော်"

"မစားဘူး"

"မောင်"

"သွားမယ်"

"ဘယ်ကိုလည်း"

Lay Nge

"မုန့်သွားစားမယ်ဆို"

"မသွားဘူးဆို"

"မနော် "

သူမ ခြေဖျားလေးထောက်ပြီး သူပါးလေးကို ညှစ်လိုက်ပြီး...

"ခဏစောင့် ပိုက်ဆံအိတ်သွားယူဦးမယ်နော် မောင်"

သူမလုပ်နေတဲ့ပုံစံလေးကို အသဲယားကာသူမခါးလေးကိုလက်နဲ့ရစ်ပတ်လိုက်ပြီး ရင်ခြင်းအပ်ကာ သူမနှုတ်ခမ်းဆီကို ကျူးကျော်ဖို့ပြင်လိုက်ချိန်....

"သဘာဝပန်း!!!"

မြတ်နိုးမောင် အော်လိုက်တာကြောင့် သူနဲ့သူနဲ့ကိုယ်ခြင်းဖက်ထားရမှာ ခွာလိုက်သည်။

နေ

ထိုမိန်းမကိုမျက်မှောင်ကုတ်ကာကြည့်နေသည်။

"အိမ်ရှေ့ကြီးမှာတောင် အရှက်မရှိဘူးလား"

"ငါတို့ဘာလုပ်နေတာ နင်မြင်လို့လည်း"

"နမ်းနေကြတာလေ"

"နမ်းတာရှက်စရာလား"

LayNge

"ကျောင်းဆရာမတစ်ယောက်ဖြစ်ပြီး
အရှက်သိက္ခာ တစ်စက်....."

"တော်လိုက်တော့!!"

နေအောင်လိုက်တာကြောင့်မြတ်နိုးမောင်ပြောရမဲ့
စကားတွေတောင်ရပ်တန့်သွားရသည်။

"မင်း သူများသိက္ခာရှိလားမရှိလား
သင်ပေးရအောင်

မင်းကိုယ်မင်းအရင်သင်ဖို့ငါပြောချင်တယ်

မင်းပုံစံကြည့်တာနဲ့

အပျိုမဟုတ်မှန်းသိတာတယ်

လင်မရှိတဲ့အိမ်ထောင်သည်ပုံစံနဲ့"

"ဘာ သဘာဝပန်း

နင့်အကောင်ငါ့ကိုစော်ကားနေတယ်နော်"

"No စော်ကားတယ်လို့မသုံးနဲ့

ပြောနေတယ်လို့သုံး ငါမင်းနဲ့

အထင်လွဲမခံနိုင်ဘူး ရှုံ့လို့"

"နင် သဘာဝပန်း.."

သူ့ကိုမနိုင်မှန်းသိလို့ သဘာဝဘက်လှည့်ကာ ပါးရိုက်ဖို့လက်ရွယ်လိုက်ပင်မဲ့ မြတ်နိုးမောင် မြေကြီးပေါ်ပစ်လဲသွားသည်။

"ငါ့က သူမအတွက်ဆို မိန်းကလေးလည်းလက်ပါတက်တယ် မှတ်ထား "

"မောင် တော်တော့နော်

သဘာဝတို့သွားရအောင်နော်"

သူမ မြတ်နိုးမောင်အကြောင်းသိသည်မို့

မောင်ကို ချော့မော့ခေါ်ကာ

ခြံပြင်ကိုထွက်လာခဲ့သည်။မောင်ကတော့

ခြံအပြင်ရောက်တဲ့အထိဒေါသအရှိန်မသေသေး

။

ကားနားရောက်မှ.....

LayNge

"မောင် စိတ်လျှော့ပါနော်

သဘာဝဘာမှမဖြစ်ဖူးလေ"

"အဲ့ ကောင်မက ဟာကွာ"

နေ တစ်ယောက်ဒေါသတွေထွက်ကာ

လက်သီးလက်မောင်းတန်းနေပါတော့သည်။

"မောင် ကလည်း သူကမိန်းကလေးလေ

တစ်ခုခုဖြစ်ရင် မောင့်အများပဲဖြစ်မှာလေ နော်"

LayNge

"အွန်း ထားပါတော့

မသွားမယ်ကားပေါ်တက်လေ"

"ဟုတ်ကဲ့ပါရှင့်"

"လာတက်"

သူမ သူဖွင့်ပေးတယ်ဆို

ကားပေါ်ဝင်ထိုင်လိုက်သည်။

Lay Nge

သူလည်း မောင်းသူနေရာဝင်ထိုင်ကာ ထိုနေရာမှမောင်းထွက်လာတော့သည်။

"မ ဘာစားမလည်း ဘယ်ဆိုင်မှာစားရတာကြိုက်လဲ"

"ဘာဖြစ်ဖြစ်စားတယ် ဆိုင်မရွေးဘူး "

"ဒါဆို မောင့်ကိုစားလိုက်လေ "

"ဘာ !!"

"အာ လန့်တာမရာကားထဲမှာနှစ်ယောက်ထဲပါ
တိုးတိုးပြောလည်းကြားရပါတယ်"

"မောင် ကလွဲပြီးအကုန်စားမယ်"

"ဟွန့် မောင် ကစေတနာနဲ့ကျွေးတာ
မစားနေပေါ့"

"မောင့် စေတနာကြီးက မောင့်အတွက်လားလို့"

LayNge

"ဟား...."

သူမ ဟားတိုက်ရီနေတဲ့သူကို သေချာကြည့်လိုက်သည်။မျက်ခုံးထူထူ မေးရိုးမကျဲတကျဲနဲ့ ကော့စင်းနေတဲ့ မျက်တောင်တွေ နာတံစင်းစင်းလေးတွေနဲ့အတူ ယောကျာ်းတန်မဲ့ နှုတ်ခမ်းကပန်းရောင်သန်းနေတဲ့သူ။သူကိုကျော င်းမှာစတွေ့ထဲကိုကအချိုးမပြေမှန်းသိပါသည်။ မိုင်ကိုသူ့အကြောင်းတွေမေးကြည့်တော့ သူယောကျာ်းဆီကသိရသလောက်က

သူကအချိုးမပြေတာမှန်ပင်မဲ့ ဆေးလိပ် ကွမ်း အလောင်းကစား

မိန်းမကိစ္စကအစအကုန်ရှင်းသိတဲ့လေ။သူ့အမြဲ ဝတ်နေကြကတော့ ဘောင်းဘီဒူးအတိ

ဒါမှမဟုတ် ဒူးအထက် နဲ့ အထည့်ခံ ရယ်

အပေါ်က shirt လက်ရှည်ရယ်ကတော့ သူ့ပုံမှန် နေထိုင်မှုပုံစံဖြစ်သည်။

သူဆိုင်တစ်ဆိုင်ရှေ့ရောက်တော့

ကားရပ်လိုက်ပြီး သူမကိုကြည့်တော့

သူ့ကိုကြည့်နေပြီး

ကားရပ်တာတောင်မသိဘူးလားမသိ။

ဖျောက်

သူလက်ဖျောက်တီးလိုက်တော့မှ

သူမှအတွေးလွန်နေတာတွေရပ်သွားသည်။

"မ စားသောက်ဆိုင်ရောက်နေပြီ"

"အော် အင်း"

LayNge

လို့ပြောပြီး တစ်ခုခုရှာနေတဲ့ သူမကို..

"ဘာရှာနေတာလဲ"

"ပိုက်ဆံအိတ်"

"ဟို မိန်းမ
နဲ့စကားများပြီးတယ်ဆိုတန်းထွက်လာတာလေ
ဘယ်ကပိုက်ဆံအိတ်ကပါမှာလည်း"

Lay Nge

"အော် ဟုတ်သားပဲ သဘာဝမေ့သွားလို့"

သူမကိုသူမ သဘာဝလို့သုံးနှုန်းတိုင်
အသဲယားနေတာကို သူမသိရင်တော့ဖြင့်
သူကိုကြောက်သွားဦးမည်။

ကားပေါ်ကနေစ်ယောက်လုံးဆင်းလာပြီး သူ
သူမလက်ကိုဆွဲကာ
ထိုဆိုင်ထဲကိုဝင်လာခဲ့သည်။သူလူတန်းစားအ
သီးသီး စားနိုင်မဲ့ ဒီဆိုင်လေးကိုသူရွေးတာက
ဟိုတယ်ကြီးတွေမှာဆို

သူမအနေခက်မှာကြောင့်ပင်ဖြစ်သည်။သူနဲ့သူမ
ဆိုင်အတွင်းက
ထောင့်စွန်းဝိုင်းမှာဝင်ထိုင်လိုက်သည်။

ထိုစဉ်ဝန်ထမ်းကောင်လေးရောက်လာပြီး...

"အစ်ကို နဲ့ အစ်မ ဘာစားမလည်းဗျ"

"မ ဘာစားမလည်း ရော့ Menu "

"တို့ကို Vanilla Ice_Cream တစ်ခွက်နဲ့ ကြေးအိုးကြက်သားနဲ့တစ်ပွဲပေးနော် မောင်ကရောဘာစားမှာလည်း"

"အစ်ကိုကို Coffee အအေးတစ်ခွက်နဲ့ Chocolate cake တစ်ခုချပေးနော်"

"ဟုတ်ကဲ့"

ဝန်ထမ်းကောင်လေးသူတို့နှစ်မှာတာတွေကိုမှတ်ကာ ပြန်ထွက်သွားသည်။

LayNge

"မောင် က ဘာအကြိုက်ဆုံးလည်း"

"ခင်များကိုအကြိုက်ဆုံး"

"စားစရာကိုပြောတာ"

"မ ကလည်းစားစရာပဲလေ "

"အတည်မေးနေတာ မောင်ကလည်း
ချစ်သူဘဝမှာတစ်ယောက်အကြောင်းတစ်

Lay Nge

ယောက်သိအောင်လေ့လာထားရမယ်လေ

ဘာပဲဖြစ်ဖြစ် ကိုယ့်ချစ်သူဆီက စကားပဲယုံမှာ

"

"မောင်က အကြိုက်ဆုံးတာမရှိပါဘူး

အကုန်စားတယ် တကယ်ပြောနေတာ

ကြက်အသဲအမြစ်ကတော့

မောင်ကြိုက်တဲ့အထဲပါတာပေါ့ မောင်က

Coffee ကိုဘယ်တော့မှ အပူမသောက်ဘူး

အအေးပဲသောက်တာ

အဲဒါမောင်အတွက်ပုံမှန်ပဲ"

"သဘာဝကတော့ Vanilla Ice_Cream ကိုအကြိုက်ဆုံး သူစားနေရရင် စိတ်ချမ်းသာနေရော ပန်းဆို နှင်းဆီအနီရဲလေပိုကြိုက်လေပဲ နောက်ကြိုက်တာက ပိတောက်ပန်း တန်ခူးလတစ်လထဲပွင့်တာမို့ တကယ်သဘောကျတယ် အချိန်တိုင်းမပွင့်တော့ တန်ဖိုးထားကြတယ်လေ ပြီးတော့...."

"ဂါဝန်ဒူးအတိုလေးတွေဝတ်ရတာကြိုက်တယ်

ထဘီဝမ်းဆက်ဝတ်ရင်လည်းခါးတိုလေးတွေဝ

တ်ရတာကြိုက်တယ်

ယောကျ်ားလေးတွေကိုအရောဝင်ရတာမကြို

က်ဘူး

ကိုယ်အပေါ်မတရားလုပ်နေတာသိရင်တောင်

မေတ္တာတရားထားနိုင်တယ်

ဟုတ်တယ်မဟုတ်လား ပြီးတော့ မ

ဝါသနာပါတာက ဆရာဝန်

အမှတ်မှီရဲ့သားနဲ့တက်ခွင့်မရဘူး

အကြိုက်ဆုံးအရောင်က အနီ "

သူမအကြောင်းတွေကို ပြောစရာမလိုပဲ
သူဘာသာ စာရွတ်သလိုပြောသွားတာကြောင့်...

"မှာထားတာတွေရပါပြီ"

သူတို့မှင်သက်နေတုန်း ဝန်ထမ်းကောင်လေးက
မှာထားတာတွေလာချပေးသွားသည်။

"ရော့ "

LayNge

သူမ သူကိုကြေးအိုးပန်းကန်ထဲက ငုံညကိုတူနဲ့ယူပြီး လှမ်းခွန့်တာကို မောင်တစ်ယောက်ဝမ်းသာလုံးစို့နေသလိုကြောင်ကြည့်နေသည်။

"အာ စားဘူးလား"

"စားမှာပေါ့ အာ"

"ကောင်းလား"

Lay Nge

"မ လက်နဲ့ခွန့်လို့လားမသိဘူး ငုံးဥတောင် Sweet နေတာပဲ"

"ဟွန့် မပြောချင်ဘူး ပိုကိုပိုတယ်"

"တော်သေးတာပေါ့ ထင်ထားသလိုမဟုတ်လို့ ကျွန်တော့် မ ကခေတ်မှီသားပဲ Ro လို့ရသား"

"အမလေး ကိုယ်တော်ချောရယ် ကျွန်မကအဲ့လောက်အသက်ကြီးနေသေးလို့ လား"

"မဟုတ်ဘူးလေ မရဲ့မောင်ပြောချင်တာက သူများတကာ မနဲ့မောင်တွေကြည့်လိုက် အာ ro ဖို့နေနေသာသာ လက်ကိုင်တာတောင် ဇွတ်တွေရှန်းနေတာ အဘွားကြီးတွေ"

"ဟုတ်ပါပြီ "

သူတို့ချစ်သူနှစ်ဦးရဲ့ပထမဆုံးတွေ့ဆုံမှုက ပျော်ရွှင်ဖွယ်အတိဖြစ်ခဲ့ရသည်။တစ်ယောက်နဲ့ တစ်ယောက် ခွန့်ကျွေးလိုက် ရီလိုက်မောလိုက်နဲ့

အနည်းငယ်ကျယ်ဝန်းတဲ့ဆိုင်လေးထဲမှာ

လူတွေအားလုံးရဲ့အာရုံကိုဖမ်းစားနေတဲ့

အတွဲလေပေါ့....။

~~~~~~~~~~~~~~

ငိုလည်းငို Ro လည်း Ro ကြတာပေါ့

နောက်အပိုင်းတွေ🥰

အစကနေရောက်တဲ့ အထိဖက်ချင်ရင် ဒီ link

ထဲဝင်ဖက်ပါ like & share ပေးနော်🥰
~~~~~~~~~~~~~~

❀နေရောင်ရှိမှပွင့်မည့်ပန်း❀

အခန်း ။ ၁၀

"ပြန်လာပြီပေါ့ မိပန်း"

"ဒေါ်လေး တွေ့နေတာပဲမဟုတ်ဘူးလား "

"ညည်း အကောင်က

ကျုပ်သမီးကိုတွန်းသွားတာ

နင်ကခံနေတာလားဟင် မြတ်နိုးက
ညီမဆိုတာလည်း သတိထားဦး မွန်မနေနဲ့"

"ဒေါ်လေး သူဘာလို့အဲ့လိုလုပ်တာကိုရော
ဒေါ်လေးသမီးကပြန်မပြောဘူးလား"

"သတ္တိတွေတအားရှိနေတယ်ပေါ့ ဟုတ်လား"

"သတ္တိရှိတာမဟုတ်ပါဘူး
သဘာဝကမှန်တာကိုပြန်ပြောပြယုံတင်ပါ "

LayNoe

"အမလေး ကြားကောင်းကြသေးရဲ့လား တစ်သက်လုံးကျွေးမွေးထားတဲ့မျက်နှာမှမထောက်အေ အဒေါ်အဖြစ်သူကို ကတ်ကတ်လန် ပြန်ပြောနေတာ ကျွေးရကြိုးနပ်ပါတယ်"

"ဒေါ်လေး !! "

"တော်ပါတော့အေ ကျေးဇူးတွေဆပ်မနေပါနဲ့"

"နင့်အကောင် ငါ့ကိုလုပ်သွားတာမကျေနပ်ဘူး တရားစွဲမှာ"

Lay Nge

မြတ်နိုးမောင်လည်း

ဘေးကနေအသာနားထောင်နေရာမှဝင်ပြော

တော့သည်။

"စွဲလေ စွဲပေါ့

နင်မှာပိုက်ဆံသိပ်ပေါ်နေရင်တော့လုပ်လိုက်

ငါမတားဘူး"

လို့ပြောပြီး

သူမလည်းသူတို့သားအမိရှေ့ကနေထွက်လာ

LayNge

တော့သည်။အနောက်မှာဘယ်လိုတွေကျန်နေခဲ့လည်းတော့သူမ မသိချင်တော့ပါ။

မောင်

သူမကိုစိတ်မချတာကြောင့်အိမ်ထဲထိဝင်ပို့ပေးမယ်ပြောတာ သူမလက်မခံလိုက်တာကံကောင်းသွားသည်ပါ။မဟုတ်ရင်သေချာပေါက်မောင်နဲ့ပြဿနာတက်မှာဖြစ်သည်။

"ဘာ ဘယ်လို သဘာဝ"

မိုင် အံ့ပြောတာကိုမယုံလို့

သဘာဝကိုဖုန်းဆက်မေးလိုက်တော့...

"သူကိုအဖြေပေးလိုက်ပြီ လို့ပြောတာ"

"အပိုျုကြီးက နေမင်းလက်ရာ နဲ့တွေ့မှပဲ

ကျွတ်တော့တယ်နော်"

"မောင်က ငါ့ကိုတကယ်ချစ်တာကို "

"အမလေး သဘာဝရယ် မပြောချင်ဘူးနော် အမှန်အတိုင်းပြောရရင် ငါလည်း သူနဲ့ နင့်ကို သဘောတူတယ်ဟ သူမှာပြောစရာဆိုလို့ ဂျစ်တီးဂျစ်ကန် စိတ်ကလေးပဲပြောစရာရှိတာ မိန်းမ ကိစ္စ အလောင်းကစား ဘာတစ်ခုမှမလုပ်ဘူး အရင်က Club တက်ပြီး ဘီယာ သောက်နေတဲ့သူက club ခေါ်ရင် စိတ်ဆိုးနေတယ်တဲ့"

"ငါကတော့ သေချာစဉ်းစားပြီးရွေးချယ်လိုက်တာ မောင်က

ငါ့နှလုံးသားရော

ဦးနှောက်ကရောပါလက်ခံနိုင်တဲ့ သူပဲ"

" ငါ့သူငယ်ချင်းလေး

သူနဲ့မြန်မြန်လက်ထပ်တော့"

"ဟမ် နင်ကလည်း ကြိုက်တာမှ

နှစ်ရက်ရှိသေးတာ လက်ထပ်ဖို့ပြောနေတယ်

အံပါ့ နင်ကိုအံ့ကိုလည်း

အဲ့လိုလုပ်လိုက်တာလား"

"သိတယ်မဟုတ်လား"

"သိပါ့ ဟီး ဟီး"

သူမတို့သူငယ်ချင်းနှစ်ယောက်က တစ်ယောက်ကိုတစ်ယောက်ဘာမှ မလျှို့ထားပဲ အမြဲရင်ဖွင့်တက်ကြသည်။ဘယ်လောက်ပြော ပြော ပြောမနာဆိုမနာတွေပင်။

"hello ဟုတ်ပါတယ် Nature Flower ရဲ့CEO ပါ"

"......"

"ပုဂံ ခရီးစဉ် ဆိုတော့
နိုင်ငံခြားသားဧည့်သည်တွေပါမှာပေါ့"

"......"

"ဟုတ်ကဲ့ ဘယ် hotel ကလည်း "

"........"

"Real Love ဟုတ်ကဲ့ပါဗျာ ခရီးသွားမဲ့သူတွေ ထွက်ခွာမဲ့ရက်အတိအကျကိုသိရရင်
ပြန်ပြောပေးပါဗျ
အဲဒါမှကျွန်တော်တို့ဘက်လည်း
သေချာစီစဉ်ပေးလို့ရမှာမို့"

"......."

"ဟုတ်ကဲ့ပါ ကျွန်တော်တို့ကို
ရွေးချယ်ပေးတဲ့အတွက်ကျေးဇူးပါ"

Lay Nge

တစ်ဖက်ကဖုန်းချသွားတယ်ဆို သူဖုန်းကို စားပွဲပေါ် ပြန်ချထားလိုက်ပြီး အရှေ့မှာထိုင်နေတဲ့ ကျော်သူရကို....

"ဟိုနှစ်ကောင်ရော သူရ"

"မင်းကမ္ဘာ Hotel ပိုင်ရှင်နဲ့သွားတွေ့တယ် မင်းမအားလို့လေ"

LayNge

"အေး သူတို့နှစ်ကောင်ရော

မင်းရောပင်ပန်းလိုက်တာ ကျေးဇူးပါကွာ

သူရေ"

"အာ မဟုတ်တာ နေရာ မင်းလုပ်ငန်းဆိုပင်မဲ့

ငါတို့ကိုပါ

ရှယ်ယာပါခိုင်းတဲ့မင်းကိုသာကျေးဇူးတင်ရမှာ

အခုဆို ငါနောင်တတောင်ရတယ်"

"ဘာလို့လည်းကွ"

"ရှယ်ယာထည့်တာ နည်းသွားလို့ မင်းဟာက တစ်လကျော်လေးရှိသေးတယ် ကမ်းလှမ်းတဲ့ hotel တွေက ရာနဲ့ချီနေပြီ "

"ဒါကလည်း မင်းတို့လို့ သူငယ်ချင်းတွေရှိလို့ပါကွာ"

"မင်းလည်းတော်တော်မှအားသေးရဲ့လား"

"အေးမအားဘူး မနဲ့တောင်မတွေ့ရဘူး ညဘက်ကြမှသာ vedio called နဲ့ပြောရတာ"

"အေး အလုပ်လုပ်တာလည်းလုပ်ပေါ့ကွာ

သူမကိုပစ်မထားနဲ့"

"မထားပါဘူးကွာ

ငါကအားအားမအားသူမကိုတွေ့ချင်နေတာလေ

သီတင်းကျွတ်နှစ်ဝက်စာမေးပွဲအတွက်သူမက

ကလေးတွေကိုမောင်းနေရလို့

သူမလည်းမအားဘူး"

LayNge

"အေး မင်းဒယ်ဒီ Company ရော

သွားဖြစ်လား"

" Sat & Sun ကြမှသာ ဒယ်ဒီ

အလုပ်တွေကိုအိမ်မှာစုပုံလုပ်ပေးရတာ

အခုနောက်ပိုင်းအလုပ်မလာတော့လို့

ဒယ်ဒီလည်းငါ့ကိုသိပ်မကြည့်တော့ဘူး

အရင်လိုပြန်ဖြစ်နေတယ်ထင်နေတာနေမှာပေါ့

ကွာ"

"အေးနော် Suprise မဖြစ်
စောက်ခွက်ရိုက်ခံနေရမယ်နော်
နေမင်းလက်ရာ"

"အေး အိုက်ကိန်းစိုက်နေပြီကွ ဟား.."

Nature Flower
ဟာတစ်လအတွင်းလူသိများလားတာထပ်ပိုပြီး
အောင်မြင်လာတာပင်ဖြစ်သည်။နာမည်ကြီး
Hotel တစ်ချို့ဆို သူတို့ hotel

တစ်ခုထဲအတွက်လုပ်ပေးရန်ပါ

ကမ်းလှမ်းလာကြသည်။

သူ့အိမ်ကိုပြန်ရောက်ရင်

ညဉ့်နာရီလောက်မှရောက်သည်။လူကပင်ပန်း

လာတာကြောင့်

မိသားစုတွေနဲ့လည်းစကားမပြောနိုင်

အခန်းထဲရောက်ရင်လည်း ရေချိုးပြီးတာနဲ့

အိမ်ရာပေါ်လဲလိုက်တယ်ဆို

အိပ်ပျော်ခြင်းဆီသို့သာ...။

📱ကလင် ကလင် ကလင်📱

သူအိပ်ပျော်နေရာမှ ဖုန်းလာတာကြောင့် မျက်လုံးကိုပွတ်ပြီး name ကိုကြည့်လိုက်တော့ ♡အနာဂတ်အမျိုးသမီးလေး♡ဆိုတာကြောင့် ထထိုင်လိုက်သည်။

"hello မ"

"ဟင် ဇနာရီတောင်မခွဲသေးဘူး အိပ်နေပြီလား အိပ်ချင်မူးတူးနဲ့ "

"အင်း ရေချိုးပြီးလှဲလိုက်တယ်ဆို
ဘယ်လိုအိပ်ပျော်သွားမှန်းမသိဘူး "

"ဒါဆိုအိပ်လေ"

"မအိပ်ချင်တော့ပါဘူး
အားဆေးလေးအသံကြားရတော့
မအိပ်ချင်တော့ဘူး မ"

Lay Nge

"အင်း

မောင်အခုရက်ပိုင်းအလုပ်တွေရှုပ်နေတာလား "

"ဘာလို့လဲ မရဲ့"

"မေလက်ရာ လေးပြောတာ

သူ့အစ်ကိုတဲ့ဒီရက်ပိုင်းအိမ်ကိုမကပ်ဘူးတဲ့

ညဇနာရီလောက်မှအိပ်ပြန်လာတယ်ဆို

ဟုတ်လားမောင် ဘာတွေလုပ်နေတာလည်း

မှန်မှန်ပြော"

"ဘာလုပ်နေတယ်ဆိုတာကိုတော့
မောင်အခုအချိန်မှာအတည်အကျပြောလို့မရ
သေးပင်မဲ့ မမကြိုက်တာမလုပ်တာတော့
မောင်အသက်နဲ့တောင် အာမခံရဲတယ်
တကယ်ပြောတာ"

"ဟုတ် မောင်ကိုယုံပါတယ်
အိမ်ကလူတွေကိုစိတ်ရှုပ်အောင်မနေနဲ့ပေါ့"

"အင်းပါ မောင် ဆင်ခြင်မယ်နော်"

"ဟုတ် ဒါဆိုမောင်အိပ်တော့နော်
သဘာဝလည်းအိပ်တော့မယ်
မနက်ဖြန်ကြရင်စာမေးပွဲကစဖြေပြီလေ
ဒါကြောင့်ကျောင်းစောစောသွားရမှာမို့မောင် "

"ဟုတ်ကဲ့ ပါဗျ"

"အော် မောင် မေလက်ရာလေးကို
လည်းစာလုပ်ခိုင်းဦးနော်"

"သိပါတယ်ဗျ ဖုန်းဆက်တိုင်းဒါပဲပြောနေတယ်
ဟွန့် အရှုပ်ထုပ်မ "

"GoodNight မောင်"

"ချစ်တယ်မောင့် အနာဂတ်အမျိုးသမီးလေး "

တီ တီ

သူမ မောင်ဖုန်းချသွားထိတိုင်အောင်
ပြုံးနေမိဆဲပါ။သူမမောင်ကို

LayNge

တကယ်ချစ်ပါသည်။မောင်ကိုပဲ
ဘဝလက်တွဲဖော်အဖြစ်ရွေးချယ်ပါမည်။

သိပ်ချစ်တယ်.....မောင်။

"လက်ရာ
မင်းသားကလေးချီးကျူးလို့တောင်မဆုံးသေး
ဘူး အချိုးတွေကအရင်လိုပြန်ဖြစ်နေပြီ"

"အော် ကိုကလည်း
သားလည်းတစ်ခုခုရှိလို့နေမှာပေါ့

ကိုယ်ထင်သလိုပဲဟုတ်ချင်မှဟုတ်မှာလေ

အလေလိုက်နေတာရော ကိုမြင်လို့လား"

"မြင်စရာမလိုပါဘူးမိန်းမရာ

ကိုယ်မွေးထားတဲ့သားအကြောင်း

ကိုယ်အသိဆုံး"

"ဘယ်သူဘာပြောပြော လက်ရာ

သားကိုဒီတစ်ခါတော့

ယုံပေးမယ်လို့ဆုံးဖြတ်ထားပြီးသား

ရှင်မယုံလည်းနေပေါ့"

"မယုံရေးချမယုံပဲ မင်းသားမင်းပဲယုံ"

"ယုံတယ် ယုံတယ် "

"ပြီးမှ ကိုယ်ပြောတာမှန်..."

"ကိုနေမင်း
ရှင်အိပ်ခါနီးတော်တော်စကားများတယ်နော်
အိပ်ပြီ ပါးစပ်ပေါက်ပိတ်တော့"

LayNge

သူမ

သားကိုမယုံကြည်တဲ့သူကိုပိတ်သာပေါက်လို

က်တော့သည်။သားကသူလုပ်မယ်လို့ဆုံးဖြတ်

လိုက်ပြီဆို ဖြစ်အောင်လုပ်တက်သူ

လမ်းတစ်ဝက်မှာမရပ်တဲ့သားအကျင့်ကိုသူမသိ

ပ်သဘောကျသည်။သားကလူငယ်ဆိုတော့

ဆိုးတယ်ဆိုပင်မဲ့

အရိုင်းအစိုင်းတော့မဟုတ်ပါ။မဟုတ်မခံချင်စိ

တ်လေးပဲ သူမှာရှိတာ

သူလည်းသူများကိုအရင်မစသလို

သူကိုလာစရင်လည်း
အကောင်းအတိုင်းပြန်မလွှတ်ပေ။

သားကို သူမသိပ်ကိုယ့်ကြည့်ပါသည်။

ဒေါက် ဒေါက်

"ဘယ်သူလဲ"

"ညှော်သည်ရောက်နေပါတယ် အစ်ကိုလေး"

Lay Nge

"ဝင်ခိုင်းလိုက် ပြီးရင်

ညှော်သည်အတွက်ကော်ဖီနဲ့မုန့်ယူခဲ့"

ကျွို

သူတံခါးဖွင့်သံကြားတယ်ဆို

ကွန်ပျူတာကြည့်နေရာကနေ

ဝင်လာတဲ့သူကိုကြည့်လိုက်သည်။

ထိုသူက

သူထက်တော့အသက်ကြီးမဲ့ပုံပေါ်သည်။အရပ်

ကလည်းသူနဲ့သိပ်မကွာ အသားဖြူဖြူ ခပ်ချောချောလူလတ်ပိုင်းလူတစ်ယောက်ဖြစ်သည်။

"ထိုင်ပါ"

သူထိုင်ခိုင်းတယ်ဆို ထိုလူကသူနဲ့မျက်နှာခြင်းဆိုင်ထိုင်ခုံကိုဝင်ထိုင်သည်။

"ဘာကိစ္စရှိလို့လည်း"

Lay Nge

"ကိုယ့်နာမည် ရှိုင်းထက်မြတ် ပါ ရှိုင်း Hotel ရဲ့ပိုင်ရှင်ပါ"

"အဲ့တော့"

"ညီတို့ရဲ့ Nature Flower ခရီးသွားဝန်ဆောင်မှုလုပ်ငန်းကို နေလက်ရာ hotel ဘက်ကနေ ကမ်းလှမ်းထားတယ်ကြားပါတယ်"

Lay Nge

"ဟုတ်ပါတယ်"

"နေလက်ရာ ကပေးတာထက် ကိုယ်တို့hotel ကနှစ်ဆပိုပေးမယ်ဆိုရင်ရော"

ဒီလူကသေချာပေါက် ဒယ်ဒီ hotel နဲ့ပြိုင်ဘက်ဆိုတာအသေအချာပင်ဖြစ်သည်။

"အစ်ကို Nature Flower ဘက်ကနေသေချာပေါက်လက်ခံမယ်လို့တွေးထားပုံပဲ"

"မဖြစ်နိုင်စရာမှမရှိတာ"

"ကျွန်တော် လက်မခံနိုင်ပါဘူး"

"ဟာ ပိုက်ဆံနှစ်စပေးတာနော် မင်းတို့ company ထက်နာမည်ကြီးတဲ့ လုပ်ငန်းတွေထက်တောင်ဈေးပိုပေးထားတာပဲ"

"အစ်ကိုက ကျွန်တော်တို့ Nature Flower ကို အစ်ကိုတို့ hotel နှစ်ခုပြိုင်ဖို့အတွက်

ကစားစရာလိုသက်မှတ်နေတာကို လက်ခံပေးဖို့ ဘယ်လိုမှမဖြစ်နိုင်ပါဘူး ပြီးတော့ ကျွန်တော်တို့ထက်နာမည်ကြီးတဲ့ ခရီးသွား company တွေရှိတယ်ဆို အဲ့ကိုပဲသွားဖို့ လမ်းညွှန်ပါရစေ"

ရှိုင်းလည်းသူဘယ်လိုပြောပြောငြင်းနေတဲ့ကောင်လေးကြောင့် ဘာမှမပြောတော့ပဲထွက်လာခဲ့တော့သည်။

နေ ကိုယ်တိုင်လည်း

ဒယ်ဒီကမ်းလှမ်းထားတာကိုလက်မခံရသေးပါ။

ဒယ်ဒီ လည်းပဲ ဒီ Company

ကသူ့ပိုင်တာသာသိရင်

မင်းကမွေးရကျိုးနပ်တဲ့ကောင်လို့ပြောဦးမှာအ

သေအချာပင်။ဒယ်ဒီ ကမ်းလှမ်းမှုကို

သူနားလည်ပါသည်။သူ hotel

တစ်ခုထဲအတွက်ဆိုတာက နာမည်ကြီး hotelမို့

ခရီးသွားတွေလည်းများမှာဖြစ်တာကြောင့်

ဧည့်သည်တွေအလိုရှိတဲ့အချိန်

ဒီဘက်ကလုပ်ပေးနိုင်အောင် ဒယ်ဒီ

ကမ်းလှမ်းခြင်းဖြစ်သည်။ရှိုင်းထက်မြတ်ဆိုတဲ့
လူကြောင့် ဒယ်ဒီကို
မကြာခင်လက်ခံရတော့မည်မှာ
အသေအချာပင်ဖြစ်သည်။သူစောပြီးပေးမသိချ
င်ပါ သူ့အရမ်းအောင်မြင်မှ ဒါသားcompany
ဆိုပြီး ချပြချင်တာပါ။

တီ တီ

သူကားဟွန်းသံပေးတာကြောင့်
သူမကျောင်းအပေါက်အဝကနေ

သူကားရပ်ထားတဲ့ဆီလာပြီး ကားတံခါးဖွင့်ကာ သူမဝင်ထိုင်လိုက်သည်။

သူဒီနေ့ မတို့စာမေးပွဲစစ်တာနောက်ဆုံးနေ့မို့ သူလာကြိုပေးခြင်းဖြစ်သည်။

"မ ပင်ပန်းနေတာလား"

"သိပ်မပင်ပန်းပါဘူး
အခန်းလေးစောင့်ရတာပဲရှိတာ"

"ဟုတ်ပါပြီ မ ကျောင်းဘယ်နှစ်ရက်ပိတ်လည်း"

"12 ရက်ပိတ်တယ်"

"ဟာ အများကြီးပဲ မ နဲ့
၁၂ရက်ချိန်းတွေ့လို့ရပြီပေါ့"

"အင်း "

LayNge

" မကလေကျောင်းစိမ်းလေးနဲ့ ဆံထုံးတာမထုံးထားရင်ကျောင်းသူလေးကြနေရောပဲ"

"ဟုတ်လား တော်ကီတွေပစ်ကျွေးနေတာ"

"မ ကိုပဲကျွေးတာပါ"

"မောင်...."

Lay Nge

📱အမှတ်မထင်တွေဆုံကြ

ဘဝအချိန်ခဏလေးမှာ ဒုက္ခမျိုးစုံ

ပွေ့ပိုက်ထားတစ်နေ့အဆင်ပြေသွားမှာ📱

"Hello မိုင်"

"......."

"သွားလည်မလို့လား လိုက်ချင်တာပေါ့"

"......."

Lay Nge

"အွန်း ငါပြင်ဆင်ထားလိုက်မယ်"

"......."

တိ တိ

"မ ဘာဖြစ်တာလည်း ဘယ်သွားမို့လည်း"

မိုင်ဖုန်းချသွားနဲ့
ကိုယ်တော်ချောကမေးခွန်းစမေးပါပြီ။

"မိုင်က
သူအမျိုးတွေဆီအလည်သွားမလို့လိုက်ခဲ့ပါ
လားခေါ်နေလို့"

"ကိုအံ့ရှိတာပဲ"

"သူလည်းလိုက်မှာ
သဘာဝကိုလည်းလိုက်စေချင်တာ
သဘာဝလည်းခရီးမထွက်ဘူးတော့ထွက်ချင်တ
ယ်"

"မ ပြောတော့ ကျစ်"

သူစိတ်အလိုမကျစွာ ကျစ်သက်လိုက်သည်။

"မောင်ကလည်း ၅ရက်လောက်ပဲကြာမှာ"

"ပြောမှမရတာမသဘောပေါ့
ဒါနဲ့ဘယ်ကိုသွားမှာလည်း"

" ဖျာပုံမြို့"

"မန္တလေးပေါ့"

"မဟုတ်ဘူးမောင် ရောဝတီတိုင်း ဖျာပုံ
ကမ်းရိုးတန်းမြို့လေး
ရောက်ဖူးချင်နေတာကြာပြီ"

"ကမ်းရိုးတန်းသွားပြီး
ပင်လယ်သားတွေငမ်းမလို့လား"

"အသားညိုညိုလေးတွေနဲ့နော်"

"မ!! မောင်စိတ်တိုနေတာနော်"

"မောင်ရယ် 5ရက်ထဲလေနော် နော်လို့"

"မ သဘောပဲ "

~~~~~~~~~~~~~

ဖျာပုံ ဆိုတာ သာသာနေတဲ့မြို့ပါနော်🥰

Lay Nge
~~~~~~~~~~~~~

# ဘယ်မြို့ထည့်ရေးရမလဲစဉ်းစားနေတုန်း အကြံရတာလေးထည့်ရေးထားတာပါ နော်နားလည်ပေးပါ🥰

🏵Nature Flower🏵

အခန်း ။ ၁၁

LayNge

"လူကြီးမင်းခေါ်ဆိုသော တယ်လီဖုန်းမှာသက်မှတ်ချိန်အတွင်းပြန်လည်ဖြေကြားခြင်းမရှိပါ"

မောင်တစ်ယောက်ကောက်တော်မူနေပါသည်။ စာမေးပွဲနောက်ဆုံးနေ့ကပြီးထဲက ဖုန်းခေါ်ရင်မကိုင်တော့ပါ။သူမလည်း မနက်ဖြန်သွားဖို့အကုန်ပြင်ဆင်ပြီးနေပြီဖြစ်သည်။

"ဟူး ပြန်လာမှချော့ပါမယ်မောင်ရယ် "

သူမသက်ပြင်းချကာ လိုအပ်မဲ့ပစ္စည်းတွေကိုဂရုတစိုက်စစ်ဆေးနေသည်။

သူမပြင်ဆင်နေတုန်း .....

"ဒါဘယ်လဲ ဘယ်လင်နှောက်လိုက်မလို့လည်း"

Lay Nge

"ဒေါ်လေး မှောင်နေပြီစကားကိုတိုးတိုးပြောပါ
သဘာဝသူငယ်ချင်းနဲ့
သူအမျိုးတွေဆီအလည်လိုက်သွားမလို့"

"ကျုပ်တို့ကိုဘာလို့မပြောတာလည်း"

"မနက်ဖြန်သွားရင် ဒေါ်လေးတို့သိမှာပဲလေ"

"မေမေ မသွားခိုင်းနဲ့
သမီးတို့အတွက်ဘယ်သူချက်ပြုတ်ပေးမှာလ
ည်း"

"မြတ်နိုးမောင် နင်အတ္တသိပ်ကြီးလွန်းတယ် ငါနင်တို့မငပ်အောင် လမ်းထိပ်က ထမင်းဆိုင်မှာ အကုန်မှာပေးခဲ့ပြီးသား ကျေနပ်ပြီလား"

"အေးနော် သွားတာတော့သွား အရှုပ်ထုပ်တွေတော့သယ်မလာနဲ့"

"အဲ့အတွက်စိတ်မပူပါနဲ့
မိုင်ဆိုတာအဆင့်အတန်းရှိတဲ့မိန်းကလေးတစ်
ယောက်ပါ"

"အေးပြီးရောအေ မြတ်နိုးမောင်လာသွားမယ်"

"ဟုတ်ကဲ့ အမေ"

သူတို့သားအမိထွက်သွားမှ
သူမလည်းအဝတ်အစားထည့်ထားတဲ့

lay Nge

Luggage အိမ်အသေးလေးကို ဗီရိုရှေ့ထားကာ
အိပ်ရာပြင်ဆင်ပြီး အိမ်ဖို့ပြင်လိုက်တော့သည်။

နောက်တစ်နေ့မနက်ရောက်တော့
ခါးလောက်ရှိတဲ့ ဆံပင်ကိုပုဝါနဲ့စည်းကာ
မီးခိုးရောင် လက်ပြတ်ဂါဝန်လေးနဲ့
ချစ်စရာကောင်းနေတော့သည်။သူပိုက်ဆံအိတ်
ကိုလွယ်ကာ luggage အိတ်ကိုဆွဲ
အိမ်ရှေ့မှာရောက်နေပြီဖြစ်တဲ့ Landcruiser
အနက်ရောင်ကားဆီသို့
သူမလျှောက်လာသည်။

သူမမောင်စိတ်ဆိုးမလည်းစိုးရိပ်နေသည်။ဒီခရီးကသူထက်အရေးကြီးတယ်လို့မောင်ထင်သွားမလား။သူမဘယ်လိုလုပ်ရပါမလဲ။

သူမကားနားရောက်တော့ အံ့ကဆင်းလာပြီး သူမဆီက luggage အိပ်ကိုတောင်းပြီး အနောက်အခန်းထဲပေးမို့ လှမ်းယူတော့...

"ဟို သဘာဝ မလိုက်တော့ဘူး"

ကားပေါ်ကနေမိုင်ကလည်း...

"ဘာဖြစ်လို့လည်း သဘာဝရ
အကုန်ပြင်ဆင်ပြီးနေမှ
ဘာလို့စိတ်ပြောင်းတာလဲ"

"ငါလိုက်လို့မရတော့လို့ "

"သွားပါပြီ သဘာဝရယ် နင်လိုက်မယ်ဆိုလို့
နေမင်းလက်ရာ ကသူပါလိုက်လာတာနော်"

LayNge

"ဟင် ဘာ မောင်ပါတယ်"

"အင်း ကို ကားတံခါးဖွင့်ပြလိုက်ပါဦး"

ကိုအံ့တံခါးဆွဲဖွင့်လိုက်တယ်ဆို ကားမှန်ကိုမှီပြီး အိပ်ပျော်နေပါတဲ့မောင်။သူဝတ်ထားတာကအရင်နေ့တွေလို Shirt နဲ့ ဘောင်ဘီဒူးအတိမဟုတ်တော့ပဲ ဆွယ်တာအဖြူလက်ရှည်နဲ့ ဘောင်ဘီရှည်အနက်ကိုတွဲဖက်ဝတ်ထားသည်။

မောင်ကဘယ်လိုဝတ်ဝတ်ကြည့်ကောင်းနေသည်မှာငြင်းမရပါ။

"အပဟမ်း သဘာဝ"

"ဟင် မိုင်ဘာလဲ"

"မလိုက်တော့တာသေချာလား"

"လိုက်မှာ"

Lay Nge

သူမ အံ့လိုက်ထဲကို luggage အိပ်ကိုပေးကာ
အလယ်ခန်းက
မောင်ဘေးကိုဝင်ထိုင်လိုက်သည်။

မိုင်လည်း သူသူငယ်ချင်းလေးရဲ့ပုံစံကိုကြည့်
ပြုံးနေမိတော့သည်။နေမင်းလက်ရာ
ကျန်ခဲ့တယ်ထင်လို့မလိုက်ချင်တော့တာမသိ
တာကြနေတာပဲ။

အံ့လည်း ကားနောက်ခန်းမှာ luggage
ကိုထည့်ပြီးတယ်ဆို မောင်းသူနေရာဝင်ကာ

Laynge

သဘာဝတို့ခြံရှေ့ကနေ

ကားမောင်းထွက်လာတော့သည်။

"သဘာဝ "

"ပြောလေ မိုင်"

"နင်နော် ငါ့ကိုမပြောဘူးချစ်သူဖြစ်နေတာကို

အချင်းချင်းကို

ငါ့ယောကျ်ားသာမပြောရင်သိဦးမှာမဟုတ်ဘူး"

Jay Nge

"နှင်ကလည်းတစ်လကျော်နေပြီ မ

ကျေနပ်နေဘူးလား"

"ငါဝမ်းသာတယ် နှင်တို့မြန်မြန်ယူတော့"

"နှစ်ယောက်လုံးအတွက်အချိန်လိုပါသေးတယ်

မောက်ကအရွယ်ရှိသေးတယ်လေ

သူလုပ်ချင်တာတွေ လုပ်ပါစေဦး

ငါကသူ့အတွက်အနှောင်အဖွဲ့မဖြစ်ချင်ဘူး"

"ကျွန်တောမျိုးလည်းအသက်ရှိပါသေးတယ်ဗျ စကားပြောပါဦး"

ကားမောင်းနေရင်းနဲ့ အရှေ့နဲ့အနောက်စကားလှမ်းပြောနေတဲ့နှစ် ယောက်ကိုကြည့်ကာအံ့ပြောလိုက်သည်။

"ကို ကလည်းသူများတွေစကားပြောနေတာကို "

"နင့်ယေကျာ်းကိုအချိန်ပေးလိုက်ငါကတော့ ခဏအိပ်လိုက်ဦးမယ်"

သူမ နဲ့မိုင်စကားကိုဖောက်သည်ချသလိုပြောနေတာ တောင်မနိုးလာတဲ့ မောင့်ပုခုံးကိုမှီကာ မျက်လုံးမိတ်လိုက်တော့သည်။

အရှေ့အခန်းကလင်မယားကတော့ ချစ်ကြည်နူးတစ်တစ်တူးနေကြတော့သည်။

"နေမင်းလက်ရာ ငါတို့ကို လုပ်ချလိုက်ပြန်ပြီ"

"ငြိမ်းထက်

ကလည်းကွာသူလည်းနှစ်ရက်ဆက်တိုက်မအိပ်

ပဲလုပ်စရာရှိတာအကုန်လုပ်ပေးသွားတယ်လေ

"

"ငါတို့က အဲ့တာကိုပြောနေတာမဟုတ်ဘူး

ကျော်မျိုးထူးရ ဒင်းတို့ကြသွားပြီး

ငါ့တို့ကိုချန်ခဲ့လို့"

"ဟုတ်တယ် သူရပြောတဲ့အတိုင်းပဲ"

"သူတို့က Rs တွေနဲ့သွားတာလေ ငါတို့ပါတော့ရော သူတို့ ro နေတာထိုင်ကြည့်နေရာမှာ ငါကတော့မလိုက်ရတာပဲကံကောင်းတယ်မှတ်တယ်"

"အင်း ကျော်ကြီး ပြောတာလည်းဟုတ်တာပဲ ငါတို့ဘာသာရန်ကုန်မှာ အဲ့ကောင်မရှိတုန်း Club ဒိုးမယ်ကွာ"

"အေးကောင်းတယ် let's go "

ဒါမျိုးဆို 3ယောက်လုံး ညှိစရာမလို
သူအရင်ငါအရင်တောင်လုနေကြဦးမှာ။

ကျွိ

ကားရပ်လိုက်တာကြောင့် နေနိုးလာပြီး
ပုခုံးတစ်ဖက်ကလည်းတစ်ခုခုဖိထားသလိုကြီး
မို့ကြည့်လိုက်တော့ သူ့ရဲ့ချစ်လှစွာသောမ

lay Nge

ဖြစ်နေတာမို့ပြုံးလိုက်သည်။သူကြည့်နေတုန်း သူမလည်းနိုးလာသည်။

"ရောက်ပြီလား"

နှစ်ယောက်လုံးပြိုင်တူမေးလိုက်ကြသည်။

"အယ်

နှစ်ယောက်လုံးအိမ်မက်ကမ္ဘာထဲသာယာနေကြ တာ ဘယ်ကရောက်ရဦးမှာလည်း အခုမှ ကွမ်းခြံကုန်းပဲရှိသေးတယ်'

LayNge

"ကွမ်းခြံကုန်း ဟုတ်လား"

"ဟုတ်တယ် သဘာဝ"

"ပဲမုန့် ဝယ်ရအောင် မိုင်

ကုန်းခြံကုန်းပဲမုန့်ကနာမည်ကြီးတယ်ပြောတယ်

ငါမစားဘူးဖူး"

LayNge

"ငါတို့လည်း
အဲတာကြောင့်ကားရပ်လိုက်တာလေ သွားမယ်
သွားဝယ်မယ်"

သူတို့လည်းကားပေါ်ကဆင်းက သဘာဝဆိုတဲ့
မုန့်ဆိုင်ဝင်လာလိုက်သည်။

"အန်တီ တစ်ဘူးဘယ်လောက်လည်းရှင့်"

"1000 ပါ"

Laylee

"သမီးကို 5ဘူးပေးနော် မိုင်နင်ရော"

"သမီးကို 10 ဘူးထုတ်ပေးနော်"

သူတို့ဝယ်ပြီးတယ်ဆိုကားနားပြန်လာပြီး..

"ဗိုက်ဆာနေပြီလား နေ"

"ဗျာ မစာသေးပါဘူး ကိုအံ့"

"မင်းမနက်ငှနာရီထဲကရောက်နေတာ

ဘာမှမစားရသေးဘူးလေ

တစ်ခုခုဝင်စားဦးမလား"

"ဘယ်လို မောင်နင်ဗိုက်မဆာဘူးလား

တစ်ခုခုဝင်စားရအောင်"

"ရပါတယ် ဟိုရောက်မှ"

"ဟာ မောင်လေးကလည်း

ဟိုရောက်ဖို့ကတစ်နာရီခွဲလောက်မောင်းရဦးမှာ

LayNge

ဗိုက်ဆာနေလိမ့်မယ်

နည်းနည်းတော့ဆွဲလိုက်ဦး"

"ဒါဆိုဒီမုန့်ပဲဆွဲလိုက်မယ်လေ"

သူ သဘာဝလက်ထဲကမုန့်ကို

လက်ညှိုးထိုးပြပြပြောလိုက်သည်။

"အင်း ဒါဆိုလည်းတက်ကြတော့

ခရီးဆက်ကြမယ်"

"ကိုအံ့ ကျွန်တော်မောင်းရမလား"

"ရပါတယ်ကွာမုန့်သာအရင်စားလိုက်
ဒေးဒရဲလောက်ရောက်မှ မောင်းဟုတ်ပြီလား"

"အင်း"

သူတို့နှစ်တွဲလုံးကားပေါ်ပြန်တက်ကာ
ခရီးဆက်ကြသည်။

"မောင် ရော့"

သူမ မုန့်တစ်ဘူးဖောက်ကာ

ဘူးထဲကမုန့်တစ်ခုကိုယူပြီး သူ့ကိုခွန့်လိုက်တော့

တစ်ခုလုံးကိုတစ်ကိုက်ထဲ စားပစ်သည်။

"အော် မောင် ဖြေးဖြေးစားပါ

ဗိုက်ဆာနေတာကို

တစ်ခုခုဝင်စားမယ်ဆိုတာကြတော့လက်မခံဘူး

"

"ဟိုရောက်တာနောက်ကျမှာဆိုးလို့ မရဲ့"

"ဒါနဲ့

ဘယ်ကနေဘယ်လိုလိုက်ဖြစ်သွားတာလည်း

ပြီးတော့

သဘာဝဖုန်းခေါ်တာတွေလည်းမကိုင်ဘူး"

"နှစ်ရက်အတွင်း

လုပ်စရာရှိတာတွေကိုအပြီးဖျက်နေတာလေ

ဖုန်းတောင်မကြည့်အားဘူး ဒီမနက်

ကိုအံ့တို့ဆီထွက်လာမှ မ

ဖုန်းခေါ်ထားတာတွေတွေ့တာ..မနဲ့လည်း ခရီးအတူတူထွက်ချင်လို့"

"အွန်း ရော့စားဦး အစာအိမ်ဖြစ်မယ်"

"မ လက်နဲ့ထိတာမှန်သမျှ အကုန်ကောင်းနေတာပဲ ဒါကြောင့် ရန်ကုန်မှာ မနေနိုင်တာ Oxygen လေးမရှိရင်"

"Oxygen ကဘယ်သူလည်း"

LayNge

"မ လေ မကကျွန်တော်အသက်လေ"

"အမလေး ငါတို့လင်မယား Ro ဖို့လည်းထားပါဦး "

"အစ်မ ယောကျ်ားကိုအံ့ကို Ro ခိုင်းလေ"

"ရော့ အာယောကျ်ား မိန်းမခွန့်ကျွေးမယ် ဟ ငါ့ယောကျ်ားလေးက မုန့်စားနေတာတောင် ချစ်ဖို့ကောင်းနေရော"

သူတို့နှစ်ယောက်ကို Ro ပြနေတဲ့
မိုင်ကိုကြည့်ပြီး
သူမတို့တစ်ယောက်လက်တစ်ယောက်ကိုင်
ထားကာ ပြုံးကြည့်နေတော့သည်။

OBJ

(ဟီး အဲ့လိုလေး🥰)

Lay Nge

သူတို့တွေ ဒေးဒရဲမြို့အဝင်ရောက်တယ်ဆို
အရှေ့အနောက်လူလဲပြီး

ခရီးဆက်ကြသည်။နာရီဝက်လောက်မောင်းပြီး အကြာမှာတော့ ဖျာပုံ မြို့မှကြိုဆိုပါ၏ဆိုတဲ့ စာရေးထားတာကိုတွေ့သည်။

"မိုင်တို့ ထကြ တံတားပေါ်တက်တော့မယ်"

သဘာဝပြောတယ်ဆိုအိပ်နေတဲ့လင်မယားနိုး လာပြီး တံခါးအပြင်ဘက်ကိုကြည့်နေကြသည်။

Lay Nge

သူတို့ကားပေါ်ကနေ မြစ်ကိုလှမ်းကြည့်ပြီး လေကောင်းလေသန့်ကိုရှူကြသည်။တံတားပေါ် ကဆင်းပြီး နှစ်မိနစ်လောက်မောင်းအပြီးမှာ မိုင်အဒေါ်အိမ်ကို မိုင်ရဲလမ်းညွှန်မှုဖြစ်ရောက်လာသည်။သူမတို့ အတော်ကျယ်ဝန်းတဲ့ခြံနဲ့ ပျဉ်တောင်အိမ် အတော်အသင့်ကျယ်ဝန်းတဲ့ ခြံရှေ့ကားရပ်တယ်ဆို အထည့်က အန်တီတစ်ယောက် နဲ့ ကောင်မလေးတစ်ယောက်ထွက်လာသည်။

သူတို့

၄ယောက်လည်းကားပေါ်ကဆင်းလာကြသည်။

" မမ မိုင် "

"အာ့ မေလေး မမကသတိရနေတာ "

"မေရောပဲ"

"မမ ညီမလေးကအရပ်ကြီးရှည်လာလိုက်တာ မမယောကျာ်းအရပ်တောင်မှီတော့မယ်"

LayNge

"မိုင် ညည်းညီမကတော့ ဂလန်ကုလားလေ သိတယ်မဟုတ်လား"

"သိတာပေါ့ ဒေါ်လေး"

"သမီးညော့်သည်တွေရောပါတယ်မဟုတ်လားအိမ်ထဲခေါ် ခဲ့လာကြ"

"လာ သဘာဝ ကိုနဲ့ နေ လာခဲ့ကြ"

မိုင်နဲ့သူမကအိမ်ထဲအရင်ဝင်လာကြသည်။မောင်တို့ကတော့ ကားထဲကပစ္စည်းတွေကိုထုတ်နေကြသည်။

"လာထိုင်ကြ မေသမီး မမတို့စားဖို့အတွက် ကော်ဖီ နဲ့မုန့်ချပေးဦး ပြီးတော့ လက်ဖက်ရော"

"ပြီးတော့ ရေနွေးဘူး ရေခဲရေဘူး အအေးဘူး ဟုတ်တယ်မဟုတ်လား မား"

Layme

"အော်

လုပ်ခံရတော့မယ်သွားသိရင်လည်းသွားယူ"

"ဟုတ် ဟီး"

နေ နဲ့ အံ့လည်း အိတ်တွေချကာ

သူမတို့နှစ်ယောက်ဘေးဝင်ထိုင်သည်။

"မိုင် ဒေါ်လေးသမီး

မင်္ဂလာဆောင်ကိုမလာနိုင်တာ

LayNge

တောင်းပန်ပါတယ်

ညည်းညီမစာမေးပွဲရှိလို့မလာလိုက်ရတာ"

"အော် ဒေါ်လေးကလည်း မဟုတ်တာရပါတယ်

ဒါနဲ့ ဦး ရောဘယ်သွားလည်း"

"နင့်ဦးကမြို့ထဲသွားတာ

သူ့သူငယ်ချင်းနေမကောင်းလို့သတင်းသွားမေး

တယ်"

Lay Nge

"ဒေါ်လေး ဒါက သမီး သူငယ်ချင်း သဘာဝပန်း

တဲ့သူကကျောင်းဆရာမလေ"

"မိုင်လိုပဲ အချောလေး

မိုင်လေးထက်နေတောင်သာချင်သေးတယ်"

"ကျေးဇူးပါ ဒေါ်လေး"

"ဒါက သမီးအမျိုးသား အံ့ထူးအောင် တဲ့ သူက

သူ့သူငယ်ချင်း နေမင်းလက်ရာတဲ့ ဒေါ်လေ"

Lay Nge

"သားတို့ကိုယ်အိမ်လိုသဘောထားပြီးလွတ်လွတ်လပ်လပ်နေကြနော်"

"ဟုတ်ကဲ့ ကျေးဇူးပါဗျ "

ဒုန်း ခလွမ်

"အာ ဒီကောင်မလေးကတော့ ရှက်ပြာရှက်ပြာနဲ့ မနိုင်တာကိုတစ်ခုခြင်းမသယ်ပဲနဲ့ "

Lay Nge

ချိုရည်ဘူးတွေပြုတ်ကျလို့တော်သေးတာပေါ့

ခတ်ဘူးသာပြုတ်ကျလို့ကတော့

ဒင်းမသာပေါ်မှာ...။

"မေ မမဆီလာဦး"

"ဘာလဲ မမ"

"သဘာဝ သူကင်္ဂါ့ညီမ မေမြတ်မိုး

တဲ့တစ်အိမ်လုံးကအချစ်တော်ပေါ့

အသက်က၁၇ပဲရှိသေးတယ်"

Lay Nge

"ဟယ် တကယ်"

သူမကောင်မလေးကိုကြည့်မျက်နာလေးကဖြူစင်မဲ့ပုံလေး အရပ်ကကြတော့ သဘာဝတို့က သူမလေး ပုခုံးလောက်သာရှိမည်ထင်သည်။

"မေ ကအရပ်ရှည်တာလေ အရှည်ကြီး"

"ဟွန့် မမနော်"

Lay Nge

"မမနော်မနေ နဲ့ မေ ညနေကြရင်မမတို့ကို ညစျေးတန်းလိုက်ပြီး မုန့်လိုက်ကျွေးလိုက်ကြားလား"

"ဟုတ်"

"ကဲမိုင် သမီးကညှော့်သည်မဟုတ်တော့ သူငယ်ချင်းတွေကို နေရာချပေးလိုက်ဦး"

"ဟုတ်ကဲ့ ဒေါ်လေး"

Lay Nge

♡♡

ညနေ ၆နာရီခွဲတော့

သူမတို့ညဈေးကိုလမ်းလျှောက်ပြီး

အိမ်ကနေထွက်လာသည်။မိုင်ညီမလေးတို့အိမ်

ကနေ ညဈေးကို

တစ်နာရီလောက်လျှောက်ပြီးမှရောက်သည်။ည

ဈေးဆိုသည့်အတိုင်း

တကယ်စည်ပါသည်။မြန်မာမုန့်သည်တွေ

ကိုရီးယားကင် ပေါင်မုန့်ကျော် ဝက်သားသုပ်

ကြက်သားသုပ် ဝက်သားတုတ်ထိုး

စသဖြင့်စားစရာဆိုင်များလည်းရှိသည်။သစ်သီး ဆိုင်တွေ ဆိုတာလည်း ဈေးတန်းတသ်လျှောက်လုံးပင်ဖြစ်သည်။

"မမ မိုင် မုန့်ဟင်းခါး စားမလား ဖျာပုံမှာတော့မုန့်ဟင်းခါး ကနာမည်ကြီးတယ်"

"အင်းစားမယ် ညီမလေး သဘာဝစားမလား"

"အွန်းကောင်းသားပဲ မောင်မုန့်ဟင်းခါးစားတယ်မဟုတ်လား"

"မစားမှာမဟုတ်လား မောင်လည်းစားမှာပေါ့"

သူတို့အားလုံး အနီးအနားက မုန့်ဟင်းခါးဆိုင်တစ်ခုမှာဝင်ထိုင်လိုက်သည်။ထိုင်ပြီးတယ်ဆို မေက အားလုံးတွေ့မှာလိုက်သည်။

မကြာပါ

သူတို့ဝိုင်းကိုလာချပေးသည်။မုန့်ဟင်းခါးကပူ

နေတော့အငွေ့တစ်ထောင်းထောင်းနဲ့အနံ့နဲ့တင်စားချင်စရာကောင်းသည်။

"မ ကောင်းတယ်နော်
မုန့်ဟင်းခါးဟင်းရည်ကချို့နေတာပဲ"

"ဒီမှာက
ငါးကကမ်းရိုးတန်းဒေသဆိုတော့ပေါတယ်လေ
ဒီဟင်းရည်က ငါးရံ့နဲ့ချက်ထားလို့ချိုနေတာ"

"မေ ဘုရားရောတစ်ခါထဲလိုက်ပို့မှာလား "

"မဟုတ်ဘူးမမိုင် မနက်ကြ
သီတင်းကျွတ်လပြည့်နေ့
အဲ့ကြရင်ဘုရားမှာပိုစည်တယ်"

"စားပြီးရင်
ကမ်းနားဘက်လမ်းလျှောက်ရအောင် နော်
မိန်းမ"

"အင်း မေသွားလို့ရတယ်မဟုတ်လား"

"အတွဲတွေသွားလို့မရဘူး"

"ဟမ်......."

~~~~~~~~~~

မပြည့်စုံတဲ့
ရေးသားမှုကိုအားပေးကြသူတစ်ဦးချင်းဆီကို
ကျေးဇူးတင်ပါတယ်🥰🙏

OBJ

💮နေရောင်ရှိမှပွင့်မည့်ပန်း💮

Lay Nge
~~~~~~~~~~

အခန်း ။ ၁၂

"ဟမ်..."

သူတို့လေးယောက်လုံးစီမှနားမလည်နိုင်စွာအ
သံတွေထွက်လာကြတော့သည်။

"တကယ်ကြီးလား ဟင် မေ"

"အင်း မမ ဇနီးမောင်နှံတွေဆိုပိုတောင်ဆိုးသေး
"

"ဘာလို့လည်း"

"ကလေးတွေအတွက်မြင်အတက်သင်မှာဆိုးလို့
အပြီး"

"အော် ငါကအကောင်းမှတ်လို့ မေနော်"

LayNge

"မမမိုင်ကလည်းချစ်လို့စတာကို
စားပြီးရင်သွားကြမယ်"

သူတို့မုန့်ဟင်းခါးစားပြီးတယ်ဆို
ကမ်းနားလမ်းဘက်ကို လမ်းလျှောက်ကြသည်။

"ညီမလေး ဆိုင်ခန်းတွေကဘာလည်းဟင်
ဈေးလား"

"ဟုတ်မမ ဟင်းရွက်ဈေးတော့မဟုတ်ဘူး ပုစွန်ခြောက် ငါးခြောက် ငါးပိ ငံပြာရည်ရောင်းတဲ့ဆိုင်ခန်းတွေကြီးပဲ"

"ဖျာပုံမှာက ပုစွန် ငါးခြောက် ပေါတယ်နော် ကောင်းလည်းကောင်းတယ် မမကြားဖူးတယ်"

"ဟုတ်တယ်မမ ဟိုဘက်ကတော့မြစ် ရှေ့နည်းနည်းလျှောက်ရင် ဆယ်နာရီဈေးရောင်းတဲ့နေရာရောက်မှာ"

"ဆယ်နာရီဈေး"

"ဟုတ် မနက်ဆယ်နာရီအထိပဲရောင်းတာလေ ဒါကြောင့်
ဈေးကြီး(မြို့မဈေး)ကတော့မနက်ကြရင်
ဈေးဝယ်ရင်းပြမယ်မမ"

"ဟုတ်ပါပြီရှင့် "

နေမင်းလက်ရာတစ်ယောက်
သူကိုအရေးမလုပ်ပဲ မေဆိုတဲ့ကောင်မလေးနဲ့

မေးလိုက်ဖြေလိုက်လုပ်နေတဲ့ မကို

အသဲယားလာရသည်။ကိုယ့်ချစ်သူတစ်ယောက်

လုံး

ပါတယ်ဆိုတာကိုရောသိသေးလားမသိဘူး။အ

ရှေ့ကနေသွားနေတဲ့လင်မယားကလည်းမိုးမြ

င်လေမမြင်တစ်ယောက်ကပုခုံးမှီထားပြီး

တစ်ယောက်ကဖက်ထားကြသည်။

"လေလေးကိုဖြူးနေတာပဲ

ကမ်းစပ်နားမလို့ထင်တယ် စိမ့်နေတာပဲ"

လို့ပြောပြီး လက်ပိုက်လိုက်တာကြောင့် နေသူရဲ့ အပေါ်ထပ် shirt လက်ရှည်ကိုချွတ်ကာ....

" မ ရော့ ကျွန်တော်shirt ဝတ်ထားလိုက် လက်တိုကြီးဝတ်လာမှတော့အေးပြီပေါ့"

သူမ မောင်ရဲ့ shirt ကိုဝတ်လိုက်တော့ အရှည်ကတင်ပါးလောက်ထိတောင်ရှည်နေသ ည်။မောင်ကလည်း အင်္ကျီလက်ကလက်ထက်ရှည်နေတာမို့ အင်္ကျီလက်ကိုခေါက်တင်ပေးနေသည်။

"မောင် ကိုယ်သင်းရနံ့လေးကမွှေးနေတာပဲ"

သူနားတိုးတိုးကပ်ပြောနေတဲ့ မကို...

"ယောကျ်ားတော်လိုက်လေ

မကိုညတိုင်းရှူခွင့်ပေးမယ်"

"မောင်နော် အရမ်းညစ်ပတ်တာပဲ

လူလည်ကြီး"

"ဟွန်း"

♡♡

🌕သီတင်းကျွတ်လပြည့်နေ့ည🌕

ဒီညတော့မောင်က ပုဆိုးအကွက်လေးနဲ့ shirt အဖြူလက်ရှည်ကိုတွဲဖက်ဝတ်ဆင်ထားပြီး သူမကတော့ ပါတိတ်ဝမ်းဆက်လက်ရှည်ကိုမှ ဇာလေးတွေနဲ့ချုပ်ထားတာကိုဝတ်ဆင်ထားသည်။

နေ

သူမမျက်နှာလေးနဲ့ဝတ်ထားပုံကိုကြည့်လိုက်တ

ယ်ဆို

သူရင်ထဲအေးချမ်းသွားရတာအမှန်ပင်။သူမ

လေးရဲ့သေးသေးသွယ်သွယ်ဖြူဖြူဝင်းဝင်း

ခန္ဓာကိုယ်လေးကဘယ်လိုအဝတ်အစားမျိုးမ

ဆို

တင့်တယ်နေမှာပါ။သူမလေးကပကတိဖြူစင်

သူလေးမို့ သူမလေးကို သူအဆုံးရှုံးမခံနိုင်ပါ။

သဘာဝ ဘုရားအဝင်အပေါက်မှ

သူမမျက်နှာကိုပဲစိုက်ကြည့်နေတဲ့

မောင့်ကြောင့်.

"မောင် ဘာလို့ကြည့်နေတာလည်း

မိုင်တို့တောင်ဝင်သွားပြီ"

သူမပြောလည်းပြော

လက်ပေါ်တင်ထားတဲ့တဘက်ကလေးနဲ့ပါသူကို

ရိုက်လိုက်သေးသည်။

"မောင့် ချစ်သူလေးကလှရက်နေတာကိုဗျ"

"မောင်ကလည်း လာပါ
အရှေ့ကသွားတဲ့သူတွေကရှာနေပါဦးမယ်"

"မ မုန့်စားဦးမလား ဟိုမှာဆိုင်တွေရှိတယ်"

"မစားသေးဘူးမောင်
ဘုရားဖူးပြီးမှစားမယ်လေ"

"အင်း လာသွားဆို"

သူ နဲ့သူမလက်တွဲက

ဘုရားတန်ဆောင်အတွင်းသို့ဝင်လာကြသည်။

သူတို့ဝင်လာတော့ ဟိုဒယောက်ကာ

မြစ်ဘက်ကိုကြည့်ပြီး

ပေါင်မုန့်တွေချနေကြသည်။သူတို့လည်းဘာလု

ပ်နေမှန်းမသိပင်မဲ့တြစ်ခြားသူတွေလည်းလုပ်

နေတာကြောင့် ဒီအတိုင်းထားလိုက်သည်။

သူတို့နှစ်ယောက်ပန်းဝယ်ကာဘုရားကပ်လိုက်

ပြီး ဘုရားဖူးကာ

ကိုအံ့တို့၃ယောက်နားယောက်တော့ ရေထဲကြည့်လိုက်တော့ ငါးတွေမှအများကြီး ဒါကြောင့်ပေါက်မုန့်တွေကျွေးနေကြခြင်းဖြစ်သည်။သူလည်း သူမကိုခေါ်က ဘုရားအလှူခံဌာနမှာပေါင်မုန့်သွားဝယ်ရသည်။

"ဦးလေး သမီးတို့ပေါင်မုန့် ၄ထုပ်လောက်"

"ရော့ သမီး"

သူမ
ထိုဦးလေးဆီကပေါင်မုန့်လေထုပ်ကိုယူလိုက်သ
ည်။

နေဘောင်ဘီအိတ်ကပ်ထဲကပိုက်ဆံထုတ်ကာ
....

"အန်ကယ် ဒါကပေါင်မုန့်ဖိုး 2000 ပါ ဒါက
အလှူငွေပါဗျ"

သူပေါင်မုန့်ဖိုးနဲ့အတူသောင်းတန်
5ရွက်ကိုထုတ်ပေးလိုက်သည်။သူမလည်း
လွယ်ထားတဲ့ စလင်းဘတ်အိတ်ထဲက
သောင်းတန်
5ရွက်ထုတ်ကာမောင်နဲ့အတူတူလှူလိုက်သည်။

"အန်ကယ် နာမည်က နေမင်းလက်ရာ နဲ့
သဘာဝပန်းပါ"

"ဒီလိုလှူရသောအကျိုးကြောင့် ဘဝဆက်တိုင်း
သက်ဆုံးတိုင် ပေါင်းဖက်နိုင်ကြပါစေကွယ်"

"ကျေးဇူးပါ ဦးလေး"

သူ နဲ့သူမ အလှူခံဇရပ်ကနေထွက်လာပြီး ငါးစာကျွေးမို့ ပြန်လာသည်။

"မောင်တွေ့လား

စားနေတာငါးတွေအများကြီးပဲ"

"အွန်း ဟုတ်တယ်မ

ကျွေးတဲ့သူကလည်းများနေတော့ ပျော်စရာကြီး

ပြီးတော့လည်းတော်တော်စည်တယ် "

မောင်ပျော်တဲ့အတိုင်းပင်ဘုရားရင်ပြင်တော်

ပေါ်မှာလူတွေထောင်နဲ့ချီသည်။ဆီးမီးထွန်းတဲ့

သူကထွန်း ငါးစာကျွေးတဲ့သူကကျွေး

ဘုရားဖူးညှော့သည်တွေလည်း အများကြီးပင်။

"အဲတာဘာငါးလည်း မ"

"ငါးဒန် လို့ခေါ်တယ်လေ မောင်မသိဘူးလား"

"ဟင်အင်း"

"မောင်သိတာဘာရှိလည်း"

"မကိုချစ်တာပဲသိတယ်"

"အာ ဘုရားရင်ပြင်ပေါ်မှာနော်
ဘာဖြစ်နေတာလည်း"

Lay Nge

"မကလည်း ဒါလေးပြောတာကို"

"ဘုရားဆိုပင်မဲ့
မြစ်ကြီးကိုလည်းမြင်နေရတယ်နော်
လေလေးတစ်ဖြူးဖြူးနဲ့ အေးချမ်းလိုက်တာ"

￼

￼

￼

(ညဘက်မြင်းကွင်း)

Lay Nge

"မောင်လည်းသဘောကျနေတာ

လက်ထပ်ပြီးရင် ဒီမှာလာနေကြမလား"

"လာတော့မနေပင်မဲ့

ခဏခဏလာကြမယ်လေနော်"

"ဟုတ်ပါပြီ"

သူနဲ့သူမ ငါးစားကျွေးပြီး သူက

သူမပုခုံးလေးကိုဖက်ကာ

မြစ်ဖက်ကိုကြည့်နေကြသည်။မြစ်ထဲတွင်

ငါးဖမ်းသဘောတွေ လှေတွေနဲ့

ဘဝကိုယ်ဆီလှုပ်ရှားမှုတွေကိုမြင်နေရသည်။

"ဟိတ် "

"ဒီနှစ်ယောက်ကပျောက်လို့ရှာလိုက်ရတာ

သာယာနေကြတယ် တကယ်ပါပဲ"

"ကိုအံ့တို့ဘာသာရှေ့ကသွားကြတာလေ

ကျွန်တော်တို့က မြစ်ဘက်ကိုကြည့်နေတာ"

LayNge

"သဘာဝ ပျော်လား
ငါကနင့်ကိုကျောင်းပိတ်ရက်တွေမှာ
ဟိုနှစ်ယောက်နဲ့မရှိစေချင်လို့ခေါ်လာတာ"

"ပျော်တာပေါ့
ခေါ်လာပေးတာလည်းကျေးဇူးတင်တယ်"

"ဟုတ်ပါပြီ..မေ မမတို့ဘယ်သွားကြဦးမလည်း"

LayNge

"လိပ်ဥကုန်း ဘုရားလိုက်ပို့မယ်
ဘုရားကနည်းနည်းဝေးတော့
ဆိုင်ကယ်ငှားသွားကြမယ်"

"အင်း ဒါဆိုသွားကြမယ်လေ
အချိန်လည်းမနည်းတော့ဘူး
ပြန်ရင်နောက်ကျနေလိမ့်မယ်"

သူတို့၅ယောက် မေနဲ့အတူတူ
လိပ်ဥကုန်းဘုရားကိုအတူတူသွားဖူးကြပြီး
နောက်နေ့တွေလည်း

ဖျာပုံမြို့မှာရှိတဲ့အထင်ကရနေရာတွေကို အစုံသွားဖြစ်ကြသည်။ဒီမြို့လေးကို ရောက်တဲ့ရက်မှာသူမအတွက်ကနှော့ပျော်စရာ အတိ။

"ကဲ သမီး သားတို့စားကြ"

သူမတို့မနက်ဖြန်ပြန်တော့မှာမို့ မိုင်ဒေါ်လေးကဟင်းအစုံချက်ကျွေးသည်။

"အန်တီ ဒါဘာဟင်းလည်း"

မေးပါပြီ ဘာမှမသိတဲ့ အမောင်လူသား...

"သားအဲ့တာက

ငါးခုံးမချဉ်သုပ်ထားတာလေသားရဲ့

ရန်ကုန်မှာလည်းစားလို့ရတယ်လေ..ဒါက

ပုစွန်ချဉ်...ဒါက

ငါးခြောက်ဖုတ်...ကျန်ဒါကတော့

သားလည်းသိမှာပါ"

"ဟုတ်ကဲ့ ကျေးဇူးပါ"

"သမီး မိုင်နောက်လည်းလာလည်ဦးနော်"

"ဟုတ်လာမှာ ဒေါ်လေး
အခုဟင်းတွေတောင်စားရတာမဝသေးဘူး"

"ဟုတ်ပါပြီး သမီးတို့အတွက် ဒေါ်လေး
ပုစွန်ချဉ်ရယ် ငါးခြောက်ရယ် ပုစွန်ခြောက်ရယ်
ထည့်ပေးလိုက်မယ်သိလား"

"ဟုတ်ကဲ့
ဒေါ်လေးတူမကမကြိုက်ရှာဘူးဆိုတော့"

"သိပြီးသားဒေါ်လေး တူမအကြောင်း"

"ဒေါ်လေးကလည်း"

"ကဲ စားကြစားကြ"

"မောင် ရှေ့ပုစွန်ချဉ်လေးစား ရန်ကုန်မှာထက်
ဒီကပိုကောင်းတယ် လက်ဆက်တယ်"

သူပန်းကန်ထဲကို ဟင်းခက်ထည့်ပေးပြီး

ဘယ်လောက်

ကောင်းကြောင်းရှင်းပြနေတဲ့အချစ်ကလေးကို

သူပြုံးကြည့်ကာ ထမင်းပဲစားနေလိုက်သည်။

ထမင်းစားအပြီး သူမတို့၄ယောက်

ပြန်ဖို့အတွက်အထုပ်တွေပြင်ဆင်နေရသည်။

"မ မောင် Shirt လေးမဆီမှာလား"

"ဟုတ်တယ်မောင် မောင်ယူမလို့လား"

"မယူပါဘူး မနဲ့လိုက်လို့
မယူလိုက်တော့လို့ပြောတာ "

"ဟုတ်ပါပြီ ပစ္စည်းတွေသေချာထည့်"

"ဟုတ်ကဲ့ပါဗျ"

LayNge

"မောင် နင်ငါကိုပြောပါဦး ကိုအံ့တို့ဆီ ငှနာရီကတည်းကရောက်နေတဲ့ကိစ္စ အခုမှသတိရလို့ မေးရတယ်"

ခရီးအစကတည်းကမမေးပဲနဲ့ပြန်ကာနီးကြမှ မေးရတယ်လို့။သူမမေးနေတာကို စဉ်းစားနေတဲ့သူ့ကို လက်ထဲက စက္ကူဘူးနဲ့ပစ်ပေါက်လိုက်သည်။

"အံ့ နာတယ်နော် မ"

"ဖြေလေ"

"ဖြေစရာလိုသေးလို့လား
မနှောက်လိုက်ချင်လို့လေ"

♡♡

သူမတို့ခရီးကပြန်ရောက်တယ်ဆို မောင်က
ကိုအံ့တို့အိမ်အရင်ဝင်ကာ
မိုင်တို့လင်မယားဆီကကားကိုယူပြီး
သူမကိုသက်သက်လိုက်ပို့သည်။

သူ

သူမတို့အိမ်ရှေ့ရောက်တယ်ဆိုကားကိုရပ်လိုက်ပြီး

သူနဲ့သူမနှစ်ယောက်လုံးကားပေါ်ကဆင်းလာသည်။သူကားနောက်ဖုံးဖွင့်ကာ

ဖျာပုံကပါလာတဲ့ပစ္စည်းတွေကိုထုတ်ကာသူမဆီယူလာသည်။

"မ ရှော့"

"မောင်ယူသွားလိုက် ပုစွန်ခြောက် နဲ့ ငါးခြောက်ကို အန်တီတို့ကိုကျွေးလိုက်လေ သဘာဝတို့ကပဲဟိုမှာကတည်းကစားလာကြတာ နည်းနည်းမှမဟုတ်တာ"

"မအိမ်က"

"အန်တီတို့ကိုပဲ ကျွေးလိုက်ပါ သဘာဝမိဘလို့သဘောထားပြီး ကျွေးတာ"

သူမအဖြေကြောင့်

သူသဘောကျသွားရသည်။သူမိဘတွေကိုသူမကမိဘလိုသဘောထားတာတဲ့လား။မေမေတို့ကတော့သူမလိုအလိမ္မာလေးကိုမချစ်စရာဘာအကြောင်းမှရှိမှာမဟုတ်။

"ဟုတ်ပါပြီး မ မနက်ကြရင်လာခေါ်မယ်နော်မြို့ထဲသွားမယ်"

"အာ တစ်ရက်တစ်လေတော့နားပါဦးလား"

"အင်း နားတယ်လေ ဒီနေ့လေ"

"ဟာ မောင်နင်ဟာလေ စကားတက်တိုင်း"

" မ နော် သွားကြမယ်မြို့ထဲကို
ကျောင်းပိတ်တုန်းလေးတွေ့ရတဲ့ဟာကို "

"ဟုတ်ပါပြီး သွားမယ်ဟုတ်ပြီလား"

"ချစ်တာ မွ "

"မောင် !! "

ခြံရှေ့ကြီးမှာသူမရှက်တိုင်းနမ်းတဲ့မောင်ကိုလေ ထုရိုက်ပစ်ခြင်ပင်မဲ့ သူကကားပေါ်တက်ပြီး မောင်းထွက်သွားသည်။သူမလည်း မောင်ထွက်သွားမှာ Luggage အိပ်ကိုဆွဲကာ အိမ်ထဲဝင်လာသည်။

"ပြန်လာပြီလား ငါကတစ်သက်လုံးနေတော့မလို့လားလို့ ကျုပ်တို့အတွက်ဘာပါလည်း"

"နေလို့ရရင်နေချင်တာပေါ့"ဟုစိတ်ထဲကနေ ပြောကာအပြင်ကတော့...

"ဘာပါရမှာလည်း အလည်သွားတာပါဆို ဘာမှမပါဘူး ဒေါ်လေး"

"ညည်းအကောင်ကပေးသားနဲ့ဘာလို့မယူတာ လည်း"

LayNge

သူမသိလိုက်ပါပြီ

မောင်မိဘတွေအတွက်ပြန်ယူသွားခိုင်းတာကို

ဒေါ်လေးတို့တွေသွားတယ်ဆိုတာ။

"သူကရည်းစားပဲဖြစ်သေးတာ

ယောကျ်ားမှမဟုတ်တာ

ဘာလို့ပေးတိုင်းယူရမှာလည်း ဒေါ်လေး"

"ညည်းကျုပ်တို့အတွက်

ပုစွန်ခြောက်လေးတောင် စေတနာမရှိတာလား

ဒါကဘာတွေလည်း"

layinge

သူမလက်ထဲက ပုစွန်ခြောက်နှစ်ထုပ်ကို ဆွဲယူပြီး သူမကိုမေးသည်။တကယ်လည်း သူမဒေါ်လေးတို့အတွက်ဝယ်လာတာမှမဟုတ်တာ ကျောင်းဖွင့်ရင် ဆရာမကြီးကကန်တော့ဖို့ဝယ်လာခြင်းဖြစ်သည်။

"အဲ့တာ ဆရာမကြီးအတွက်ဝယ်လာတာဒေါ်လေး "

LayNge

"ဟာ တရားကျဖို့ကောင်းလိုက်တာ
ဒေါ်သဘာဝပန်းရယ်
ကျုပ်လိုအဒေါ်အရင်းအတွက်ကျမပါပဲ
ဘာမှမတော်တဲ့ ဆရာမအတွက်ကျပါတယ်
ဟုတ်လား ဟမ်"

"ဟုတ်တယ် ဒေါ်လေး
ဆရာမကြီးကသူစိမ်းဆိုပင်မဲ့
သဘာဝရဲ့ကျေးဇူးရှင်"

"ဒါတွေကျူပ်စားလိုက်မယ်
ညည်းအသစ်ဝယ်ပေးလိုက်"

"မရဘူးဒေါ်လေးပြန်ပေးပါ
ဆရာမကြီးအတွက်မို့ပါ တောင်းပန်ပါတယ်
သမီးအတွက်တောင်သမီးဝယ်မလာပါဘူး
ဒေါ်လေးရယ်"

"မပေးဘူးအေ ညည်းသွားတော့"

"ဒေါ်လေးရယ် ပေးပါ "

"မပေးဘူးအေ ရှော့ယူချင်အဲမှကောက်လိုက်"

ဖောက်

ပုစွန်ခြောက်ထုတ်ကိုပစ်ချလိုက်တာကြောင့်ပျဉ်ပေါ်မှာပြန့်ကျဲကုန်သည်။

"ဒေါ်လေးရယ်လုပ်ရက်လိုက်တာ "

သူမ  ပျဉ်ပေါ်ဒူးထောက်ချလိုက်ပြီး ပုစွန်ခြောက်တွေကိုကောက်နေသည်။ဟုတ်ပါသည်သူမအမှားပါပြသနာရှာမှန်းသိသိနဲ့ မဝယ်ခဲ့တာ။သူမဘဝကိုသူမမုန်းလှပါပြီ ဘယ်တော့များမှ ဒီဘဝကလွတ်မှာလဲ။

￼

❁နေရောင်ရှိမှပွင့်မည့်ပန်းr❀

အခန်း ။ ၁၃

LayNge

# တီ တီ

အိမ်ရှေ့ကကားဟွန်းတီးသံကြောင့်မောင်ရော
က်နေပြီးမှန်းသူမသိလိုက်သည်။သူမကပြင်ဆင်
ပြီးဖို့နေနေသာသာ မီးဖိုထဲမှာချွေးတွေနဲ့
ဟင်းချက်လို့ပင်မပြီးသေး။အချိန်ကြည့်လိုက်
တော့
၁၀နာရီပင်ထိုးနေပြီဖြစ်သည်။မနေ့ကခရီးပင်ပ
န်းပြီး နောက်ကျမှနိုးတာကြောင့်ရယ်
ဒေါ်လေးတို့အတွက်မနက်စာစီစဉ်ပေးရသေးတဲ့
အပြင် မြတ်နိုးမောင်

အဝတ်အစားတွေပါမီးပူတိုက်ပေးရတာကြောင့်
နောက်ကျနေခြင်းဖြစ်သည်။သူမမောင်အကြာ
ကြီးစောင့်နေရမှာဆိုးတာကြောင့်
ဟင်းအိုးကိုအမြန်ပြီးအောင်လက်စသက်ရသ
ည်။

သူကားဟွန်းတီးတာကြာနေပြီ
ထွက်မလာသေးတဲ့သူမကြောင့် သူစိတ်ပူပြီး
ကားပေါ်ကဆင်းကခြံထဲကိုဝင်လာတော့သည်
။အိမ်ထဲဝင်ကာနီးမှ

Lay Nge

ဟိုတစ်ခါသူတွန်းလိုက်တဲ့မိန်းကလေးနဲ့တန်းတိုးသည်။

"ဟင် လာလည်တာလား

မြတ်နိုးဆီလာတာလား ဝင်လေ"

ဘယ်လိုမိန်းမလည်းမသိဘူးကိုယ့်ကိုထိခိုက်အောင်လုပ်ထားတဲ့ယောကျ်ားလေးတစ်ယောက်ကသူဆီကိုပဲအလည်လာရဦးမည်။

"မင်းဆီလာတာမဟုတ်ဘူး
အပိုစကားတွေလာမပြောနဲ့ သဘာဝရော"

"မမလား ဟင်းချက်နေတယ်လေ"

"ဘာ
မင်းကရောဘာလုပ်နေတာလည်းသွားဝိုင်းချက်
လေ"

"မချက်တက်ဘူးလေ သူမကလုပ်နေကြပဲဟာ"

"အော် အစ်မကိုကျွန်လိုသဘောထားနေတာ ဟင်းတောင်မချက်တက်တဲ့မိန်းမတစ်ယောက် ကို ဘယ်လိုကောင်ကမှစိတ်ဝင်စားမှာမဟုတ်ဘူး "

"ဟင်းချက်တက်ရင်ရော"

"စိတ်မဝင်စားဘူး "

"မောင်"

သူမ

မောင်နဲ့မြတ်နိုးပြောနေတာတွေအကုန်ကြားပါ
သည်။ကြာရင်မောင်နဲ့မလွယ်ကြောမို့သူမ
ဝင်ပြောရတော့မည်။

"မ ကဘာမှမလုပ်ရသေးဘူးလား"

"အိပ်ရာထနောက်ကျနေလို့"

"အော်ပြီးတော့ ဒီအိမ်မှာမိန်းမကာမတစ်ယောက်ထဲလား ကျန်တဲ့သူတွေက အပျက်တွေလား"

သူမ မောင်စကားကြောင့် မျက်လုံးပါပြူးသွားရသည်။သူမနဲ့ပက်သက်လျှင်မောင်ဟာလေတစ်စက်ကယ်မှသည်းမခံတက်ပါ။

LayNge

"နင် ငါနဲ့ငါ့အမေကိုဘာပြောတာလည်း"

"အပျက်လို့ပြောတာလေ"

"မောင် တော်ပြီနော်
သဘာဝရေချိုးအဝတ်အစားလဲလိုက်မယ်
မောင်ကားပေါ်ကနေသွားစောင့်နေလိုက်နော်"

LayNge

"အင်း မအနိုင်အကျင့်ခံရခဲ့ကြည့်
မကိုလည်းအပြစ်ပေးမှာနော်
မောင်ပြောတာယုံလိုက်"

"ယုံပါတယ် မောင်ရယ်နော်
သွားစောင့်နေလိုက်ပါ"

သူ မကိုခေါင်းငြိမ့်ပြပြီး
အိမ်ပေါက်ဝကနေပဲပြန်ထွက်လာလိုက်သည်။
သူ

Laynge

မညီမဆိုတဲ့ဟာမလေးကိုတစ်စက်မှကြည့်မရစ
တ်ထားတာကလည်းမြန်မာမိန်းကလေးလို့ပြော
ရမှာတောင်ရှက်ဖို့ကောင်းသည်။မလို့မိန်းက
လေးမျိုးကိုသူရတာတကယ်ကိုကံကောင်းပါသ
ည်။မကိုသူအရမ်းချစ်ပါသည်။မကသူအတွက်
အချစ်ဦးဖြစ်သလို
အချစ်ဆုံးလည်းဖြစ်သည်။အခုအချိန်ထိဘဝမှာ
သူပက်သက်ရမဲ့မိန်းမဆိုလို့ မာမီ ရယ် မရယ်
ညီမလေးရယ်သာရှိသည်။ညီမလေးကလည်း
ခေတ်ဆန်တယ်ဆိုပင်မဲ့
မြင်သူရှက်ရလောက်တဲ့အထိတစ်ခါမဝတ်ပါ။

မာမီလည်းပဲ

မြန်မာဝတ်စုံတွေသာအဝတ်များသည်။သူချစ်ရ

တဲ့မိန်းမသုံးယောက်လုံးက

သူ့အတွက်အကောင်းဆုံးလက်ဆောင်လေးတွေ

ပင်။ပြီးတော့ ဒယ်ဒီ

အပြောအဆိုမကောင်းပင်မဲ့

ဒယ်ဒီသူ့အပေါ်ချစ်တာသူသိပါသည်။သူလည်း

ပဲဒယ်ဒီကိုချစ်ပါသည်။

နောက်ဆိုသူတို့မိသားစုဘဝထဲကို

သူမလေးဝင်လာတော့မည်။သူမလေးကို

သူချစ်တဲ့အချစ်က

ရယူပိုင်ဆိုင်ခြင်းဖြစ်သည်။မပေါင်းရရင်လည်း

အဝေးကပဲချစ်နေမယ်ဆိုတဲ့သူတွေရဲ့အချစ်ကို

လည်း သူလေးစားပါတယ်။သူကတော့

မကိုပိုင်ဆိုင်မှ

သူမအပေါ်သူဘယ်လောက်ချစ်ကြောင်း

တစ်ဘဝလုံးပေါင်းဖက်ပြီး

သက်သေပြချင်တာကြောင့်ဖြစ်သည်။

ဒေါက်ဒေါက်

သူအတွေးလွန်နေတာဘယ်လောက်တောင်ကြာ သွားလည်းမသိသူမကကားအပြင်ကနေတံခါး ကိုလက်နဲ့ခေါက်နေသည်။သူ သူမတက်မဲ့ဘက်ကတံခါးကို တွန်းဖွင့်ပေးလိုက်သည်။သူဖွင့်ပေးလိုက်တယ် ဆို သူမကားထဲကိုဝင်ထိုင်လိုက်သည်။

ကျွန်တော်ရဲ့ မလှလိုက်တာဗျာ။အိုးစည်အဖြူရောင်ဝမ်းဆ

LayNge

က်လေးကိုအပေါ်

ရင်ဖုံးလက်ရှည်ခါးတိလေးလေးဝတ်ထားတာ

အသားရည်ဝင်းဝင်းလေးနဲ့လိုက်ဖက်လိုက်တာ။

ဆံပင်ကိုလည်း

အိုးစည်ဝမ်းဆက်ကပိုတဲ့ပိတ်စနဲ့

အမြင့်စည်းထားပြီး သနပ်ခါးလေးနဲ့

တကယ်ကို နတ်သက်ကြွေလာတာပါ။

"မောင်

ဘာတွေကြည့်နေတာလည်းအဆင်မပြေဘူး

လားဟင် "

"အင်း"

"မလှဘူးဆိုတာသိပင်မဲ့
ကြည့်ရတာတော့မဆိုးဘူးမဟုတ်လား"

"လှလွန်းလို့ဘယ်နားထားရမှန်းမသိဘူး မရာ"

"အို့ မောင်ကလည်း"

Lay Nge

သူ သူမကိုအသဲယားလာတာကြောင့်
သူပေါင်ပေါ်ဆွဲတင်လိုက်သည်။အရှက်သဲလှတဲ့
သူမကမျက်နှာမှ နီရဲနေတော့သည်။

"မောင် သွားမယ်လေဘာလုပ်တာလည်း "

"နမ်းမလို့ ခွင့်ပြုနော်"

"ဟာ မောင် အွန်.…အွန့်"

Lay Nge

သူမဆီကနေအဖြေကိုစောင့်မနေတော့မ

ပဲပန်းဆီရောင်နှုတ်ခမ်းလေးကိုအနမ်းချွေနေ

တော့သည်။သူနမ်းတာအားမရတာကြောင့်

သူမခေါင်းလေးကနေကိုင်ကာ

ဆက်ပြီးအနမ်းချွေနေတော့သည်။

သူနမ်းတာဘယ်လောက်ကြာသွားခဲ့မသိသူမနှု

တ်ခမ်းပူထူလာတာကြောင့်

အတင်းရုန်းမှအမောင်လူဆိုးကလွှတ်ပေးသည်။

"မောင် ဟင်း တော်တော် ဟင်း

ဆိုးနေတယ်နော်"

သူနမ်းတာကြာသွားလို့အသက်လုရှုနေတဲ့ကြား

ကသူကိုလည်းပြောနေတဲ့သူမလေးကို

ပြုံးပြီးကြည့်နေသည်။

"မောင် မသွားတော့ဘူလား"

"သွားမယ် မကအရမ်းချစ်ဖို့ကောင်းတာပဲဗျ "

"သိတယ် ခုံပေါ်ပြန်ချပေးတော့"

"အင်း"

သူသူမကိုခုံပေါ်ပြန်ချပေးလိုက်ပြီးခါးပတ်ပါပတ်ပေးလိုက်သည်။သူလည်းပဲခါးပတ်ပတ်ကာကားကိုမောင်းထွက်လာတော့သည်။

Lay Nge

သူ နဲ့ သူမ

ရွှေတိဂုံဘုရားကိုရောက်တော့နေတောင်တော်

တော်ပူနေပြီမို့လို့

မကတော့သူကိုမျက်စောင်းတထိုးထိုးနဲ့။သူ

မလက်ကိုတွဲကာဘုရားပေါ်က

ရိုးရိုးလှေကားကနေဘက်တက်လာသည်။အ

ရေးထဲဘောင်ဘီအတိုဝတ်လာမိလို့

ပုဆိုးဝယ်ဝတ်ရသေးသည်။တော်သေးတာက

လည်ကတုံးမဟုတ်ပင်မဲ့ shirt

အဖြူလက်ရှည်ဝတ်လာမိလို့။

သူနဲ့သူမ လှေကားအတိုင်း

အရှေ့ဘက်စောင်းတန်းကနေတက်လာကရင်ပြ

င်ပေါ်ရောက်လာသည်။ရင်ပြင်ပေါ်ရောက်တော့

ဘုရားထိုင်ဖူးကြပြီး ဘုရားဖူးပြီးတော့

ဘုရားစောင်းတန်းမှာဝင်ထိုင်ကြသည်။

"မ မောနေပြီလား "

Lay Nge

"မောင့်ကြောင့်လေ

အစောကြီးရောက်ရမဲ့ကိစ္စကို

ရှည်ကြောရှည်နေတာလေ "

"အပါက် ချစ်တာကိုဗျ "

"မောင်

မနက်ကမြွတ်နိုးကိုပြောတာများတယ်နော်

အဲ့လိုမပြောရဘူးမောင်ရဲ့

Lay Nge

သူကမိန်းကလေးလေ

မောင်ကသည်းခံလိုက်ပေါ့ "

"နိုး နိုး ကျွန်တော်ရဲ့အချစ်ကအစ

သည်းခံခြင်းအဆုံး မတစ်ယောက်ထဲအတွက်ပဲ

"

"မောင်ကလည်း

နည်းနည်းပါးပါးနားထောင်ပါလား "

Lay Nge

"အဲ့တာဆို မအရင် မောင်ပြောတာနားထောင်

ဘာလို့သူတို့သားအမိနိုင်တာခံနေတာလည်း

မလုပ်စာထိုင်စားနေပြီးတော့

အနိုင်ကျင့်ခံနေရတာတော့မဟုတ်သေးပါဘူး

ဗျာ

ကျွန်တော်အနိုင်ကျင့်နေတာမတွေ့စေနဲ့တွေ့လို့

ကတော့ နေမင်းလက်ရာ လက်သီးက limit

မရှိဘူးနော်"

"မောင် ရယ် "

"တကယ်ပြောတာမောင်နောက်နေတမဟုတ်ဘူးနော်"

"ယုံပါတယ် ရှင်ရယ် "

သူမ မောင်ကိုယုံပါသည်။မောင်ဆီကအချစ်တွေအကုန်လုံးသူမအပိုင်ရထားပြီမို့မောင်ကိုအရမ်းကို သဘာဝလည်းချစ်ရပါသည်။မောင်နဲ့ အတူ

နှစ်ကိုယ်တူဘဝတည်ဆောက်ဖို့အတွက်အထိ မောင်ကိုယုံပါတယ်မောင်ရယ်။

"မ ပြီးရင်
ဘယ်သွားကြဦးမလည်းတစ်ခုခုစားဦးမလည်း "

"ပန်းခြံသွားရအောင်လေမောင်
ဒါမှမဟုတ်ပြည်သူ့ရင်ပြင် သွားမယ်လေ"

"ပန်းခြံသွားမယ် အဲ့ကျမှ စားကြမယ်နော် မ"

Lay Nge

"အင်း သွားကြမယ်လေ "

" အွန်း လာမ"

သူ သူမလက်ကိုဆွဲကာ
ဘုရားရင်ပြင်တော်ပေါ်တစ်ပတ်ထပ်ပြီးမှ
ရင်ပြင်တော်ပေါ်မှဆင်းကာ
ကားအပ်ထားဆီသွား ကားယူကာ ပန်းခြံကို
ထွက်လာတော့သည်။ပန်းခြံကိုရောက်တော့

Lay Nge

အနီးမှာရှိတဲ့ဆိုင်တစ်ခုမှာမုန့်ဝင်စားပြီး

ပန်းခြံထဲကို ဝင်လာသည်။

သူမ မောင်နဲ့ လက်တွဲပြီး

လမ်းလျှောက်နေကြသလို

ပတ်ဝန်းကျင်မှာလည်း သူမတို့လိုပင်

အတွဲတွေကြီးပင်။သူမလမ်းလျှောက်နေရင်

ဗိုက်အောင့်လာတာကြောင့်

ဗိုက်လေးကိုကိုင်နေလိုက်ပြီးလမ်းဆက်လျှော

က်နေသည်။

သူလမ်းလျှောက်နေရင် မကိုကြည့်လိုက်တော့ နဖူးမှာချွေးတွေစို့နေပြီး လက်တစ်ဖက်ကဗိုက်ကိုဖိထားတာကြောင့်....

"မ ဘာဖြစ်လို့လည်း ဗိုက်အောင့်လို့လား ချွေးတွေတောင်ထွက်နေပြီ ခဏလေး မအိပ်ထဲ Tissue ပါတယ်မဟုတ်လား "

သူ သူမလွယ်ထားတဲ့အိတ်ထဲက Tissue ထုပ်ကိုထုတ်ကာ tissue တစ်ရွက်ထုပ်ပြီး သူမနာဖူးလေးမှရှိတဲ့ချွေးတွေကိုသုတ်ပေးနေသည်။

သူမ

မောင်သူမနာဖူးကချွေးတွေသုတ်ပေးနေရင်း ဒီနေ့ကသူမ Menstruation ဖြစ်မဲ့ရက်ဆိုတာသတိရသွားပြီး အနောက်ကထဘီစကိုကိုင်ကြည့်တွေလက်မှာ သွေးအနည်းငယ်ပာလာတာကြောင့်

သူမငိုဘာငိုချင်သွားရသည်။သူမဝတ်လာတာအဖြူရောင်ဆိုတော့ဘယ်အချိန်ကတည်းကစွန်းနေမှန်းမသိ

ရှက်လိုက်တာ။သူမမျက်ရည်တွေကျလာပြီးရောက်တဲ့နေရာမှာထိုင်ချလိုက်တော့သည်။

သူမရုတ်တရပ်လုပ်လိုက်တာကြောင့်သူအံ့သြသွားပြီး သူမရှေ့ဒူးထောက်ထိုင်လိုက်မသူမငိုနေတာမြင်သွားသည်။

"ဟာ မဘာဖြစ်တာလည်းဗျာ

ဘာလို့လည်းမောင်ဘာလုပ်မိလို့လည်း "

"ဟင့် ဟို ဟင့် သဘာဝ ရှက်တယ် "

"ဟာ

မကမောင်နဲ့ပန်းခြံထဲအတူလာတာကိုရှက်လို့

လား"

Lay Nge

"ဟင့် မဟုတ်ဘူး ဗိုက်အောင့် ဟင့် ဟို ဟာလေ "

သူသဘောပေါက်သွားကာ....

"မ Menstruation ဖြစ်နေတာလား ရှက်စရာလားမရယ် မောင်ကိုပြောရောပေါ့ ခဏကအအေးသောက်လိုက်လို့ဗိုက်အောင့်တာ ထင်တယ် အခု လုံချည်မှာ စွန်းနေပြီလား "

Lay Nge

သူမမောင်ကိုခေါင်းငြိမ့်ပြလိုက်သည်။

"မ ခဏလေး စောင့်မောင်ပြန်လာခဲ့မယ် "

ပြောပြီး သူကားဆီကိုတဟုန်ထိုးပြေးလာပြီး ကားထဲဝင်ကာ မဆီကို ကားမောင်းလာပြီး မနားရောက်တော့ကားကိုရပ်လိုက်သည်။အနောက်အခန်းမှာထားတဲ့ သူ့ Shirt အပြာရောင်လက်ရှည်တစ်ထည်ကိုယူကာကား ပေါ်ကဆင်းလိုက်သည်။

"မ ထလိုက် မောင်အင်္ကျီကို
မခါးကိုပတ်လိုက်မယ် "

သူမ
မက်တပ်ရပ်တော့သူကအနောက်ကနေကာကာ
သူမခါးကနေ အင်္ကျီကိုစည်းပေးလိုက်ပြီး
သူမကိုကားထဲဝင်စေလိုက်သည်။သူလည်းမော
င်းသူနေရာဝင်ကာ ပန်းခြံထဲပတ်နေလိုက်သည်။

"မ pad ကုန်နေပြီလား "

"ဘယ်လို "

" Pad ကုန်နေပြီလားမေးတာလေ

စင်တာမှာဝင်ဝယ်ပေးမလို့လေ "

"မောင် ဘာတွေမေးနေတာလည်း

မေးစရာလား! "

Laynge

"ဘာလို့ရှက်နေတာလည်း မကလည်း ဒီမှာမောင်ပြောပြမယ်..."

"မပြောနဲ့ တော်ပြီနော် "

"ဟာ ဟိုမှာ စင်တာမခဏနေနော် မောင်သွားဝယ်လိုက်ဦးမယ် "

Law Nge

သူကားကို စင်တာရှေ့ရပ်လိုက်ပြီး ကားပေါ်ကဆင်းကာစင်တာထဲကိုပြေးဝင်သွားတော့သည်။

သူမတားချိန်တောင်မရလိုက်တော့တာမို့ နှုတ်ခမ်းလေးကိုကိုက်ကာ ဆူပုတ်ပြီးကျန်နေခဲ့တော့သည်။

နေ စင်တာထဲရောက်တယ်ဆို ပစ္စည်းအစုံရောင်းတဲ့ဆိုင်ခန်းထဲဝင်လိုက်သည်။

LayNge

ဆိုင်တယ်ဝင်တယ်ဆို

အမျိုးသမီးလစဉ်သုံးပစ္စည်းတွေသီးသန့်စီစဉ်

ထားတာကိုတွေ့တော့

သူဘာတံဆိပ်ယူရမလည်းကြံရာခက်နေသည်။

ဘေးကမိန်းကလေးတွေကလည်းသူ့ကိုလှည့်

ကြည့်လှည့်ကြည့်နဲ့ထွက်သွားတာသူတွေ့ပင်မဲ့

သူဂရုမစိုက်ပါ

အဓိကကမအဆင်ပြေဖို့သာအရေးကြီးသည်။

သူဘေးနားကအရောင်းဝန်ထမ်းမလေးကို

လှမ်းခေါ်လိုက်သည်။

"အစ်ကို ဘာများလည်းဟင် "

အရောင်းဝန်းထမ်းမလေးကသူ့ကို ရယ်ချင်နေတဲ့မျက်နှာကြီးနဲ့ မေးနေတာသိပင်မဲ့ သူမသိချင်ယောင်ဆောင်လိုက်ကာ.....

"ညီမ Pad တွေထဲနာမည်ကြီးတံဆိပ်တွေကြီး ထည့်ပေးပါ "

Laylige

"ရှင် "

"ဘာကိုရှင်တာလည်း "

"ဟို ဘယ်နှစ်ထုပ်လည်း မေးမလို့ပါ "

"အတောင်ပံ ပါတဲ့ဟာ
ဆယ်ထုပ်လောက်ထည့်ပေးနော် "

"ဟုတ်ကဲ့ အစ်ကို "

အရောင်းဝန်ထမ်းမလေးကလည်း ကောင်းတဲ့ပစ္စည်းတွေရွေးပြီး သူ့ဆီကိုကမ်းပေးသည်။

"ညီမ ဘယ်လောက်လည်း "

"23000 ပါအစ်ကို ဒါနဲ့ ဒါအစ်ကိုညီမအတွက်လား ညီမလေးကကံကောင်းလိုက်တာနော် "

ဝန်ထမ်းမလေးလည်း သူမအရှေ့က

အရပ်ရှည်ရှည် ချောချောအစ်ကိုက

ဂေးမဖြစ်ပါစေနဲ့

ဆုတောင်းရင်းမေးလိုက်သည်။

"မဟုတ်ပါဘူး ကျွန်တော်

ကောင်မလေးအတွက်ပါ ဒီမှာ 23000

ပါခွင့်ပြုပါဦး "

သူ၀န်ထမ်းမလေးကိုပိုက်ဆံရှင်းပြီး

ဆိုင်ထဲကထွက်လာပြီး

စင်တာထဲကအမြန်ထွက်ကာ

ရပ်ထားတဲ့ကားထဲ၀င်ထိုင်လိုက်သည်။

"မ ရော့ "

သူမ သူပေးလာတဲ့အထုပ်ကိုမယူပဲ

ကားမှန်ဘက်ကိုလှည့်ပြီး

မသိချင်ယောင်ဆောင်နေလိုက်သည်။

Lay Nge

သူသူမရှက်နေမှန်းသိတော့....

"မရာ ရှက်နေတာလား

ဘာလို့ရှက်နေတာလည်း ဘာလည်း

မကမောင်ဖြစ်နေလို့လား "

အဲလိုပြောမှသူမကလှည့်ကြည့်လာပြီး...

"သဘာဝပြောတာကအဲလိုမဟုတ်ပါဘူး

မောင်ကိုအားနာလို့ပါ

ဘယ်လောက်မောင်အခက်တွေ့ခဲ့မလည်း "

"အခက်မတွေ့ပါဘူးမရယ်

ပိုက်ဆံပေးပြီးဝယ်ခဲ့တယ်

ဘယ်သူ့မျက်နှာမှမကြည့်ဘူးဒါပဲ "

"မောင် "

"ရော့ပါယူပါ မရယ် မောင်ပြောပြမယ်နော်
မောင်တို့ယောကျာ်းလေးတွေကလည်း
မတို့ရဲ့သွေးသားကနေဖြစ်လာတာလေ
ဒါကဘာရှက်စရာပါလို့လည်း
သေချာတာကတော့ တစ်ခြားသူတွေအမြင်
ကိုမောင်ရှေမစိုက်ဘူး "

"ဟုတ်ကဲ့ပါ ကျေးဇူးပါမောင်
အစစအရာရာဂရုစိုက်ပေးလို့ "

"ကျေးဇူးစကားမပြောနဲ့

မောင်တို့ကြားမှာမလိုဘူး "

"ဟုတ်ပါပြီ ချစ်တယ် "

"ချစ်တယ်ဆိုတာပိုတယ် "

သူ သူ့မပါးလေးကိုလက်နဲ့ ဆွဲဖွဲ့လိုက်ပြီး

ပါးလေးကိုနမ်းကာ

သူအသဲယားလှစွာသောနှုတ်ခမ်းလေးဆီသို့ ဦးတည်လိုက်သည်............။

~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~

ငါ့သာအဲလောက်ချစ်ပေးရင်ဘယ်လောက် ကောင်းလိုက်မလဲ ငါ့သားရယ်😁😁

ဆီးချိုတက်ရင်
ကိုယ့်အကြောင်းနဲ့ကိုယ်နော်😉

Lay Nge

ငါ့နဲ့ Fic တစ်ခုဖက်ပြီးလောင်နေရကြားထဲ

ဒင်းကတစ်မျိုး🙃🙃

🌸နေရောင်ရှိမှပွင့်မည့်ပန်း🌸

Lay Nge

အခန်း ။ ၁၄

"သား

ဒယ်ဒီအလုပ်ကိုဘယ်တော့မင်းပြန်ဝင်မှာလည်း

မင်းဟာကမဟုတ်သေးဘူးနော်

အချိုးတွေပြင်နေလို့ဝမ်းသာယုံရှိသေး

အရင်လိုပြန်ဖြစ်နေပြီ "

"ရှင်ကလည်း သား "

"ဒီတစ်ခါမင်းဝင်မပြောပါနဲ့လက်ရာ

ကိုယ်သားကိုဆုံးမနေတယ် "

"သားအရင်လိုအလေလိုက်နေတာမဟုတ်ပါဘူး

ဒယ်ဒီ သားပြောပြလို့မရတဲ့

ကိစ္စတစ်ခုလုပ်နေလို့ပါ အခုပြောပြလို့မရပင်မဲ့ တစ်ချိန်ကြရင်တော့ ပြောပြမှာပါ "

"အေးမင်းပြောတော့မင်းစကားပေါ့

အခုလေသူများတွေများ

သားတွေအားကိုးရလိုက်တာ

အခုဆိုမင်းအရွယ်လောက်ပဲရှိတဲ့

ကောင်လေးက

ခရီးသွားဝန်ဆောင်မှုလုပ်ငန်းကို

လလေးတွေလောက်နဲ့

အောင်မြင်အောင်လုပ်နိုင်တာ

ငါချီးကျူးလို့မဆုံးဘူး

မင်းအဲလိုကိုယ့်အစွမ်းအစနဲ့ကိုယ်မလုပ်ရင်နေ

ပါ ငါ့ hotel ကိုပဲလာဦးစီးပေးဖို့ပြောနေတာပါ

"

"သားသိပါတယ် ဖေဖေ ဒါပင်မဲ့

သေချာတာတစ်ခုကိုသားကတိပေးပါတယ်

ဖေဖေစိတ်မပျက်စေရပါဘူး "

"အင်း ကတိတိပါစေပေါ့ "

သူသားကိုအရင်လိုပြန်ဖြစ်မှာမလိုပါ။သားကိုသူ

ရဲ့အား သူဘဝဒီလိုအောင်မြင်အောင်

မွေးခါစသားလေးမျက်နှာတစ်ခုထဲကိုကြည့်ပြီး

ကြိုးစားခဲ့ရသည်။သားလေးကြီးလာတာနဲ့အမျှ

သူစီးပွားရေးဟာလည်းတစ်ဟုန်းထိုးထိုးတက်

လာခဲ့တယ်ဆိုတာလည်းမမှားပေ။သားက သူနဲ့

လက်ရာအတွက် သားဦးမလို့

သမီးငယ်လေးထက်ပင်

သားအပေါ်ကိုအချစ်ပိုခဲ့ကြသည်။သားကို

သူအမြဲ ဆူပူပြောဆိုနေတာက

သားကိုသူအရမ်းချစ်လို့ဖြစ်လာရတဲ့

ဖခင်မေတ္တာပါ။

"ဒယ်ဒီ ရှိုင်း hotel ကိုသိလား "

ဆူနေရင်းအရင်းမရှိအဖျားမရှိထမေးလာတဲ့

သားဖြစ်သူကြောင့်...

"အင်း ဒယ်ဒီတို့ Hotel နဲ့

ပြိုင်ဘက်လို့ဆိုရမှာပေါ့

...မင်းကဘာလို့မေးတာလည်း "

"ဒီအတိုင်းပဲ သိချင်လို့ "

🩶🩶

သူမဒီနေ့ကျောင်းပြန်ဖွင့်ပြီမို့

မနက်စာပြင်ဆင်ပြီး

ကျောင်းသွားဖို့ပြင်ဆင်ရသည်။သူမ

အကုန်ပြင်ဆင်ပြီးတော့ 8 နာရီခွဲတော့မည်မို့

မောင်ကိုလာကြိုဖို့ဖုန်းမဆက်တော့ပဲ Taxi

နဲ့သာကျောင်းကို သွားရသည်။Taxi

Lay Nge

စီးလာမိကာမှ လမ်းတဝက်ရောက်မှ ကားထိုးရပ်သွားတာကြောင့်ဆက်သွားလို့မရဖြစ်နေပြီမို့ သူမကားကြုံလိုက်ဖို့ ကားပေါ်ကဆင်းကာ ပိုက်ဆံရှင်းပြီး လာမဲ့ကားကိုစောင့်နေလိုက်သည်။

သူမကျောင်းနောက်ကျမှာဆိုးလို့အကြံအိုက်နေတုန်း သူမရှေ့ကို ကားတစ်စီးထိုးဆိုက်လာသည်။သူမကလည်း ကြောင်ကြောင်လေးကြည့်နေမိသည်။

"ဒီက လမ်းကြုံလိုက်မလို့ မဟုတ်လား "

"ဟင် ဟုတ် ဟုတ်ပါတယ် "

"အင်း ဒါဆိုတက်ပါ ကျွန်တော်ပို့ပေးပါမယ် "

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် "

သူမ ထိုလူကိုကျေးဇူး စကားပြောပြီး
အနောက်အခန်းဝင်ထိုင်မလို့ပြင်ပင်မဲ့
အားနာတာကြောင့်အရှေ့အခန်းမှာပဲဝင်ထိုင်လို

က်သည္။ထိုလူပုံစံက လူႀကီးလူေကာင္းပုံမို႔
သူမယုံၾကည္ၿပီး
ကားေပၚတက္လိုက္လာျခင္းျဖစ္သည္။

ရွိင္း
ကားေပၚတက္လာကတည္းကဘာစကားမွမ
ေျပာတဲ့ သူမကိုသူဘက္ကစၿပီး...

"ကၽြန္ေတာ္ နာမည္ရွိင္းထက္ျမတ္ပါ "

သူမလည်း

လာနှုတ်ဆက်နေတာကိုပြန်မပြောရင်ရိုင်းရာ

ကြမှာဆိုတာထက်

ကိုယ့်ကိုကားကြုံတင်လာတဲ့သူမို့ ....

"ကျွန်မနာမည် သဘာဝပန်းပါ "

ရှိုင်းလူတင်လှတာမဟုတ်ပဲနာမည်လေးကိုပါန

န်းဆန်တာကြောင့် သူမရှက်တန်းဝင်ခံရရင်

ရင်တွေခုန်နေတယ်။

"ကျောင်းဆရာမ လား "

"အင်း ကျေးဇူးပါနော် ရောက်ပြီ "

သူမပြောတဲ့ ကျောင်းရှေ့ကားရပ်လိုက်တယ်ဆို
သူမကားပေါ်ကဆင်းသွားပြီး
ကားတံကားပိတ်ကာ သူဘက်လှည့်ပြီး...

"ကျေးဇူးပါ "

လို့ပြောပြီးထွက်လာခဲ့သည်။

ရှိုင်းလည်း

သူမလေးကျောင်းဝန်းထဲဝင်သွားတဲ့အထိကား

ပေါ်ကနေကြည့်နေမိသည်။သူမလေးရဲ့

ချစ်စရာအသံအေးအေးလေးနဲ့ ကျေးဇူးပါ

ပြောသွားလေး

သူနားထဲနေမထွက်ပေ။သူမလေးကတကယ်ကို

ချစ်ဖို့ကောင်းပါသည်။သူအတွေးတွေရပ်ကာ

Hotel မှာအစဉ်းအဝေးရှိသေးတာမို့

မခွဲခြင်လည်း ခဏတော့ခွဲရပေဦးမည်။

ထိုမြင်ကွင်းကို မြင်လိုက်တဲ့ တစ်စုံတစ်ယောက်ရှိနေတယ်ဆိုတာကတော့.....

..။

🔔🔔

သူမနေ့ခင်းကျောင်းခေါင်းလောင်းထိုးတော့ ဆွဲခြင်းလေးဆွဲကာ ကျောင်းအပြင်ဘက်ကို ထွက်လာပြီး ထမင်းဆိုင်ကိုလှမ်းကြည့်တော့ မျက်ခုံးပင့်တက်သွားသည်။အကြောင်းကမူ မောင်တစ်ယောက်အရင်တုန်းကလို

Lay Nge

ပေါ့ပေါ့ပါးပါးသူဝတ်နေကြပုံစံမျိုးမဟုတ်ပဲ

Suit

ဝတ်ထားတာကြောင့်ဖြစ်သည်။သူမတစ်ဖက်

ကမ်းကကူးလားပြီး

မောင်ထိုင်နေတဲ့ဝိုင်းမှာဝင်ထိုင်လိုက်သည်။သူမ

ဝင်ထိုင်တာတောင်

မော့ကြည့်ဖို့မရတဲ့မောင့်ကြောင့်သူမနှုတ်ခမ်း

ကဆူချင်နေသည်။

"မောင် "

"အွန်း "

အရင်ကဆိုသူမကိုတွေ့တာနဲ့စကားကို ဆက်တိုက်လွှတ်နေတဲ့သူက မော့တောင်မကြည့်ပဲ အွန်းတစ်ခွန်းသာ မတက်သာလို့ဖြေရဲပုံပေါ်နေသည်။ပြီးတော့ ဘူးတစ်ဘူးကဖွင့်ပြီးအထဲကဆီစိမ်ထားတဲ့ငါး ခြောက်ဖုတ်ကိုထုတ် မှာထားတဲ့ထမင်းပန်းကန်ထဲထည့်ကာစားနေသ ည်။

"မောင် ဘာဖြစ်နေတာလည်း

စကားလည်းမပြောဘူး "

သူမလည်း

ထမင်းချိုင့်ကိုအဆင့်ဖြုတ်နေရင်းသူကိုမေးလို

က်တော့သူ့ကမော့လာပြီး...

"မနက်ကကျောင်းကိုဘာနဲ့လာတာလဲ "

သူမေးသာမေးလိုက်ရပင်မဲ့ မ

ဆီကညာမဲ့စကားသာကြားရရင်ဆိုတဲ့အတွေးနဲ့

အတူ မနက်က

တစ်ခြားကောင်ကားပေါ်ကနေဆင်းလာတာကို

သူညီမလေးကိုလိုက်ပို့ရင်မြင်သာဖြစ်သည်။မရ

ယ်အမှန်အတိုင်းပြောပါ။

"အော် မနက်က

ကျောင်းသွားတော့မောင်ကိုလာခေါ်ခိုင်းမလို့ပဲ

နောက်ကျနေတာမို့ Taxi ...."

"တော်ပြီးမ ကျွန်တော်စားပြီပြီ "

Lay Nge

"မဟုတ်ဘူးလေမောင်ရဲ့ထမင်းစားနေတာ

လေးပုံတစ်ပုံတောင်ကုန်သေးတာမဟုတ်ဘူး

အရင်ကဆိုမောင်ကတက်ကြွနေတာပါ

အခုဘာဖြစ်နေတာလည်း ပြောနော် "

"ဘာမှမဖြစ်ဘူး "

သူမ လက်ထဲကဇွန်းကိုပြန်ချကာ

မျက်နှာမကောင်းတဲ့မောင့်ကိုကြည့်လိုက်သည်။

မောင် သူမကိုမချစ်တော့လိုလား

ဒါမှမဟုတ်ငြီးငွေ့သွားတာလားမောင်ရယ်။မော

င်ဆီက လမ်းခွဲစကားကိုကြားရရင်
သဘာဝခံနိုင်ရေရှိမှာမဟုတ်ဘူး။သူမတွေးလေ
ဝမ်းနည်းစိတ်က ထိန်းမရလေမို့
ခေါင်းငုံ့လိုက်တော့ မျက်ရည်တွေက
ကျလာတော့သည်။

သူဘာမှမပြောပဲ ငြိမ်ကြသွားတဲ့သူမကြောင့်
ကြည့်လိုက်တော့ မျက်ရည်တွေကျနေတာမို့
သူသူမနဲ့မျက်နှာချင်းဆိုင်ထိုင်နေရာကနေ
သူမဘေးနားဝင်ထိုင်လိုက်ပြီး

ခေါင်းလေးကိုမေးစေ့ကာနေကိုင်ပြီးမော့စေ

ကာ...

"ဘာလို့ငိုနေတာလဲ ဘာဖြစ်တာလည်း

ကျုပ်ရင်တွေပူလာပြီဗျာ "

"ဟင့် ဟင့် "

"အာ မငိုပါနဲ့ မရာ

မောင်စကားပြောမှားသွားရင်တောင်းပန်တယ်

နော် "

"ဟင့် မောင် သဘာဝကိုမချစ်တော့ဘူးလား လမ်းခွဲချင်နေတာလား "

"ဘယ်သူပြောလည်း မလမ်းခွဲမယ်ပြောတာတောင် ဒီကောင်က မရရအောင်ဆွဲထားဦးမှာ "

"ဒါဆိုမောင်ဘာဖြစ်နေတာလည်း ဟင့်"

"မ မောင့်ကိုလိမ်လို့စိတ်မကောင်းဖြစ်နေတာ "

"သဘာဝ မောင်ကိုဘာလိမ်လို့လည်း မလိမ်ပါဘူးမောင်ရဲ့ "

"ဟွန်း ဘာမလိမ်တာလည်း မနက်က taxi နဲ့မှမဟုတ်တာ ကိုယ်ပိုင်ကားတစ်စီးနဲ့လာတာပါ မောင်ကိုယ်တိုင်တွေ့တာနော် ညီမလေးကိုကျောင်းလာပို့တာ "

"အော် မောင်ကလည်း ခုဏာကတည်းက သဘာဝစကားကိုဆုံးအောင်နားမထောင်ပဲနဲ့

taxi လာတာလမ်းတစ်ဝက်မှကားပျက်သွားလို့ ကားငှါးလိုက်လာတာပါ မောင်ရဲ့"

"ဟုတ်လား မသိဘူးလေ "

"မသိပဲနဲ့တစ်ဖက်သက်အထင်လွဲနေတယ်"

"Sorry ပါဗျ ရှေ့စား ငါးခြောက်ဖုတ်ကိုဆီစိမ်ထားတာ မောင်ယူလာတာ မကိုစားစေချင်လို့ "

"ဟုတ်ပါပြီး စကားပြောနေတာနဲ့
ကျောင်းပြန်တက်ချိန်တောင်နီးနေပြီ
မောင်လည်းစား"

"ဟုတ်ကဲ့ဗျာ
မျက်ရည်ကျတာမောင်မကောင်းလို့နောက်တစ်
ခါ မောင်ကြောင့်မကျစေရဘူးနော် "

"မောင့်ကို ယုံတယ် "

🩶🩶

"ဟူး "

တစ်မနက်လုံးကြည်မနေတဲ့စိတ်တွေမဆီကပြန်လာမှပဲသူသက်ပြင်းကောင်းကောင်းချနိုင်တော့သည်။သူမဆီကပြန်လာတယ်ဆို Hotel ကိုခဏဝင်ပြီးမှ Company ကိုပြန်လာသည်။Company ကတစ်ခြားနေရာတွေမှာပါ ရုံးခွဲဖွင့်ဖို့စီစဉ်နေတာမို့ သုအလုပ်ကမအားသော်လည်း

မအတွက်ကိုတော့
အချိန်သီးသန့်အမြဲထားသည်။

အခု Company ပြန်ရောက်တယ်ဆို
ကျော်သူရတို့
၃ယောက်နဲ့အစည်းအဝေးထိုင်ရတော့သည်။ရုံး
ခွဲတွေဖွင့်ရင်ဦးစီးမဲ့သူတွေလွှတ်ဖို့
အကုန်အစစအရာရာဆွေးနွေးရသည်။

"နေ အခု
ရှုံးခဲ့နှစ်ခုကိုဘယ်နေရာတွေမှာဖွင့်ဖို့စဉ်းစား
ထားလဲ "

သူကျော်သူရအမေးကိုခေါင်းငြိမ့်လိုက်ပြီး..

"မန္တလေး နဲ့ စစ်ကိုင်း
မှာဖွင့်ဖို့ငါစဉ်းစားထားတယ် မင်းတိုရော
ဘာအကြံပေးချင်သေးလည်း "

"အင်းကောင်းတယ်ငါလည်း သဘောကျတယ် နော် ငြိမ်းထက် နဲ့ ကျော်မျိုးထူး "

"ဟုတ်တယ် "

"ဟုတ်တယ် "

"ပြီးတော့ မန္တလေးရုံးခွဲ နဲ့ စစ်ကိုင်းကရုံးခွဲ ကိုမင်းတို့သွားဦးစီးပေး "

"ဘာ "

Lay Nge

"ဘယ်လို "

"မင်းကဘာဖြစ်နေလို့လည်း မင်းသွားလေ"

"ငါက ရန်ကုန်ရုံးချုပ်မှာလေ
မင်းတို့ဟာတွေကလည်း ကူညီကြပါကွာ
မင်းတို့သဘောတူတယ်ပဲမှတ်လိုက်ပြီ
ကျော်သူရကတော့ ငါနဲ့နေခဲ့ "

"အေး ငါလည်းအိမ်နဲ့အဝေးမှာသွားမနေချင်ဘူး ကျေးဇူးပဲ "

ငြိမ်းထက် နဲ့ ကျော်မျိုးထူးကတော့ သူကိုနားဂါးမျက်စောင်းတွေနဲ့ကြည့်နေတာသူ သိသော်လည်း မသိချင်ယောင်ဆောင်ကာ....

"သိပ်ကျေးဇူးမတင်နဲ့ ငါ့ကောင် မင်းက ငါ့ကို တွေ့ချင်တဲ့ hotel လုပ်ငန်းရှင်တွေမှန်သမျှမင်းပဲတွေ့ပေးရမယ် "

LayNge

"ဘာကွ "

"ခဏလေးငါပြောတာမပြီးသေးဘူး

ငါတွေ့ချင်ပင်မဲ့ အဲ hotel ပိုင်ရှင်တွေထဲမှာ ငါ့

ဒယ်ဒီကိုတင်မကဘူး ငါ့ကိုပါသိတဲ့သူတွေရှိရင်

ဒီ company ငါပိုင်တာ

ဒယ်ဒီသိသွားမှာဆိုးလို့ပါကွာ ကူညီနော်

သူငယ်ချင်း "

ကျော်သူရ

မျက်နာငယ်လေးနဲ့ဖြစ်သွားတာကြောင့် .....

"ကျေးဇူးပဲသူငယ်ချင်း "

ငြိမ်းထက်နဲ့ ကျော်မျိုးထူး အားရဝမ်းသာတပြိုင်နက်ထပြောလာသည်။သူကတော့ မျက်နာမဲ့နေတဲ့ ကျော်သူရကိုကြည့်ကာပြုံးနေတော့သည်။ ကျော်သူရကသူငယ်ချင်းတွေအကုန်လုံးထဲမှငယ်စဉ်ကတည်းကသူ့ဒဏ်အခံဆုံးလူ အခုလည်းပဲ သူကိုပဲ အနိုင်ကျင့်ရပေဦးမည်။

ထက်မြတ် သားဖြစ်သူပြန်လာကတည်းက

မျက်နှာကပြုံးရောင်သန်းနေတာကြည့်အံ့သြ

နေရသည်။ဘာလို့ဆို သူ့သားဟာ

ငယ်ငယ်လေးကတည်းက

အပြုံးအရီဆိုတာမရှိသလောက်ရှားသည်။မိခင်

ဖြစ်သူမရှိတော့လို့

မိတဆိုးလေးဖြစ်မယ်ထင်ခဲ့ပင်မဲ့ သားက

အရမ်းကိုသိတက်လိမ္မာပြီး အခုဆို

ရှိုင်းထက်မြတ်ဆိုတဲ့သားက  Hotel

ကိုတာဝန်ယူထားပြီး သူ့ကိုအနားယူစေသည်။

သူညစာစားနေရင်းမှ ဇွန်းကိုချကာ...

"ငါ့သားကပြုံးနေ ပါလား

မမြင်ဘူးတာမြင်နေရတာ

ဘုရားပွင့်တော့မယ်ထင်တယ်"

"ဟာ

သားမျက်နှာအဲလောက်တောင်သိသာနေတာ

လား ဖေဖေ "

Lay Nge

"အွန်း

ဖေဖေကသားမျက်နှာကိုအမြဲကြည့်နေတဲ့

ကောင်ပါကွာ "

သူငယ်ငယ်လေးကတည်း

လိုလေသေးမရှိထားပြီး မေမေ

ဆုံးသွားတော့လည်း နောင်အိမ်ထောင်မပြုပဲ

သူကို အဖေလိုတစ်မျိုး သူငယ်ချင်းလိုတစ်မျိုး

ဆက်ဆံတဲ့ ဖေဖေကိုသူမညာပါ။

"သားသဘောကျတဲ့ ကောင်မလေးတွေ့လို့ပါ "

"ဘယ်လို "

အသက်က ၃၁နှစ်တောင်ရှိပြီ
မိန်းကလေးတစ်ယောက်အကြောင်းပြောတာ
ဒါပထမဆုံးမို့
သားကိုမယုံနိုင်စွာကြည့်နေမိတော့သည်။

အံ့သြနေတဲ့ ဖေဖေကိုသူပြုံးပြကာ...

"တကယ်ပြောနေတာ ဖေဖေ "

"ဖေဖေယုံပါတယ် သား "

"ဟုတ် ဖေဖေသားသူမကိုကြိုးစားကြည့်မယ် ဖေဖေလည်းသူမကိုသဘောတွေ့မယ်ဆိုတာ သားယုံကြည်တယ် "

"ဟုတ်ပါပြီကွာ ငါ့သားကဘယ်သူမို့လည်း ရှိုင်းထက်မြတ်လေ ငါ့သားသူမအချစ်ကိုရမှာပါ "

"ဟုတ် ဖေဖေ ဟွန်း "

သူ သူမလေးကို
နောက်တစ်ခေါက်ထက်တွေ့ချင်ယုံမက
သူဘဝရဲ့ပိုင်ဆိုင်မှုလေးတစ်ခုလည်းဖြစ်စေချင်
မိသည်။သူဘဝရဲ့အချစ်ဦးဆိုတာလည်း
မမှားပေ။သူလို
ခပ်ချောချောလူတစ်ယောက်အတွက်သူမ
အချစ်ဦးဆိုတာဘယ်သူယုံပါမလည်းနော်။

သူမပြန်ရောက်တော့ ညနေစာပြင်ဖို့လုပ်တော့ ကြက်သွန်ကုန်နေတာကြောင့် လမ်းထိပ်က ဈေးဆိုင်ကို ဝယ်ဖို့ထွက်လာသည်။ဒါပင်မဲ့ သူမ ဈေးဝယ်ပြီး ပြန်လာတော့ အုတ်ခုံပေါ်မှာထိုင်နေတဲ့ ယောကျာ်းလေးတစ်စု။သူမအသွားတုန်းကသ တိမထားမိပင်မဲ့ အပြန်မှာတော့.....

" ကျောင်းဝတ်စုံဆင်မြန်းပြီးတော့ ဆွဲခြင်းလေးကိုသူဆွဲလာ ရှိုးရှိုးလေးယဉ်တယ်ဗျာ

သိပ်လှတယ်ဆရာမရာ...................ကျွန်တော်ရ
င်မှာတကယ်ဗျာ သိပ်ချစ်မိတယ်
ဆရာမလေးရာ "

မိုးသက်နိုင်ရဲ့ ဆရာမသီချင်းကိုဆိုပြီး
ရီသွဲ့သွဲ့လုပ်နေတာကြောင့် သူမ
မမြင်ချင်ယောင်ဆောင်ကာ
သူတို့အရှေ့ကဖျက်လျှောက်လာတော့ သူတို့က
သူမနောက်လိုက်လာပြီး
သူမရှေ့ပိတ်ရပ်လိုက်တော့ သူမလန့်သွားကာ

ဘောပတ်ကျင်မှာလည်း

လူတွေမရှိတာမို့သူမလန့်နေရသည်။

ထိုလူတစ်စု ထဲက ဆံပင်ရှည်ရှည် နဲ့

ဆေးလိပ်ကိုပါးစပ်ကနေလက်ကြားထဲညပ်လို

က်ပြီး....

"သိပ်ချစ်တယ်လို့ပြောနေတယ်လေ

ဆရာမလေးရာ "

Lay Nge

"ငါနင့်ကို စိတ်မဝင်စားဘူး

ဖယ်ဘေးပါငါအိမ်ပြန်မလို့ "

"မင်းက ငါကိုစိတ်မဝင်စားဘူးဆိုတော့

ကျန်တဲ့ငါ့သူငယ်ချင်းတွေထဲက..."

"တစ်ယောက်မှစိတ်မဝင်စားဘူး ရပြီလား"

"မရဘူး ဆရာမကို ချစ်တယ်လို့ပြောတာ

အဖြေပြန်ပေးလေ "

"ဒီမှာ မင်းတို့လိုဆေးသမားရုပ်တွေကို
တစ်သက်လုံးမစဉ်းစားဘူး "

"ဟာ ဆရာမကအစွာလေးဟ ငါ့ကောင်တို့ရ "

"ဟား....ဟား "

သူမရှေ့မှာပိတ်ရပ်ပြီး ရီနေကြတဲ့
လူရမ်းကားတွေကြည့်က
ကြောက်စိတ်တွေပိုဝင်လာပင်မဲ့

သူတို့ရှေ့မှာပျော့နေလို့မဖြစ်တာကြောင့် သူမ ကိုယ်သူမအားပေးကတင်းထားရသည်။

"ဖယ်ပေးလို့ပြောနေတာ နင်တို့လူစကားနားနလည်ဘူးလား "

"မဖယ်ပေးဘူး ချစ်တယ်လို့ပြန်ပြောမလာ အခုချက်ခြင်း ကျုပ်မိန်းမလုပ်မလား "

"ဘာ ကဲဟယ် "

ဖြန်း

သူမကို ပိုင်စိုးပိုင်နင်းပြောလာတော့ သည်းမခံနိုင်တဲ့အဆုံး အရှေ့က ဆံပင်အရှည်နဲ့ လမ်းသရဲကောင်ကိုပါးရိုက်ချလိုက်သည်။

"ပါးရိုက်တယ် ပေါ့ စောက်ရမ်းစွာနေတယ်ပေါ့ ငါ့ကောင်တွေ ဟိုချုံထဲခေါ်ခဲ့ တစ်ရောက်တစ်လှည့် ပေါ့ ဒီဟာမကို မဒိမ်းကျင့်ပြီးသက်ပြစ်မယ် "

အရှေ့ကကောင်စကားကြောင့်သူမတစ်ကိုယ်လုံးကြောက်စိတ်ရော ရှက်စိတ်ရောကြောင့်တုန်နေတော့သည်။သူမကြောက်နေတုန်းထိုလူတွေကသူမလက်ကိုဆွဲတာကြောင့်....

"ဟင် အင့် ဟီး ဟင့်

မလုပ်ပါနဲ့တောင်းပန်ပါတယ် ဟင့် မောင်ရေ

သဘာဝကြောက်တယ် ဟီး "

"လာခဲ့ ဘယ်လင်ကိုတ အှ့ "

ခွပ်

သူထိုးခံလိုက်ရတာကြောင့်
လည်သွားတဲ့မျက်နှာကိုပြန်လှည့်ကာကြည့်လို
က်တော့ ဒေါသတော်တော်ထွက်နေပုံရတဲ့
အကောင်တစ်ကောင်
လက်သီးကိုကျစ်နေအောင်စုပ်ကာ
သူကိုကြည့်နေသည်။

နေ ဟိုသတောင်းစားကိုကြည့်နေတာရပ်ပြီး
မကိုဆွဲခေါ်သွားတဲ့ကောင်တွေနောက်လိုက်ကာ

အနောက်က မကိုဟိုဘက်ဒီဘက်ဆွဲထားတဲ့ နှစ်ကောင်ရဲ့ဆံပင်တွေကနေစောင့်ဆွဲကာ သူလက်ထဲပါလာတော့ ခေါင်းနှစ်ခုကို တော့ပြီးတိုက်ချပလိုက်တာကြောင့် အီစလန်ဝေကာထိုနေရာမှတွင်လဲကြသွားတော့သည်။

သူမထိုလူနှစ်ယောက်အနောက်ကိုပါသွားတာကြောင့် လှည့်ကြည့်လိုက်တော့ ဒေါသဘယ်လောက်တောင်ထွက်နေလည်းမသိ မေးရိုးတွေထောင်ကာ

သူပူးရိုက်လို့လဲနေတဲ့နစ်ယောက်ကို ခြေထောက်နဲ့ကန်နေသည်။

သူလဲနေတဲ့နစ်ကောင်ကိုသမနေတုန်း အရှေ့ကိုကြည့်လိုက်တော့ မျက်ရည်တွေကျကာအသံနောင်မထွက်နိုင်ရှာပဲ သူ့ကိုကြည့်နေတဲ့သူမ။ ဘေးကကျန်တဲ့တစ်ကောင်သူကြည့်လိုက်တော့ ဒီနစ်ကောင်ကိုသမနေတာမြင်ပြီး ပြေးသွားသည်။အနောက်ကိုကြည့်တော့လည်း

ထိုသတောင်းစားကဘယ်ရောက်သွားလည်းမသိ။

"မ အဆင်ပြေ "

"အဟင့် "

သူ မလို့ခေါ်လိုက်တယ်ဆို

သူ့ရင်ခွင်ထဲအတင်းတိုးဝင်ကာ ခါးကိုဖက်ပြီး ငိုနေရှာတဲ့သူမကိုယ်လေးကိုပြန်ဖက်ထားလိုက်သည်။

Lay Nge

"မ ဘာမှမဖြစ်တော့ဘူးနော်
မောင်ရောက်လာပြီလေ နော် မငိုပါနဲ့ဗျာ "

"ဟင့် ဟီး ဟင့် "

သူပြောမှသူမကပိုငိုကာ
သူခါးကိုတင်းနေအောင်ပိုဖက်ထားသည်။သူခါး
ကိုဖက်ထားတဲ့သူမလက်တွေကိုခွာလိုက်ကာသူ
မကိုယ်လေးကိုပွေ့လိုက်ပြီးကားအနားရောက်
တယ်ဆိုတံခါးဖွင့်ရင်း

သူမကိုယ်လေးကိုထည့်ပေးကာ သူ့ကာမောင်းသူနေရာဝင်ထိုင်လိုက်သည်။

"မ "

"ဟင့် သူတို့က သဘာဝကို ဟင့် မဒိမ်းကျင့် သက်မယ်တဲ့ ဟင့် သဘာဝကြောက်တယ် မောင်ဟင့် မောင်မရောက်လာရင် ဟင့်ဟီး "

သူ သူမဆီကကြားလိုက်ရတဲ့စကားကြောင့်
ခုဏက အသေမသက်လိုက်ရတာကိုစဉ်းစားပြီး
ဒေါသထက်ထွက်လာကာ....

"တောက်စ် လမ်းဘေးခွေးတွေကများ "

သူမကိုယ်လေးကိုရင်ခွင်ထဲဆွဲဖက်ပြီး
ဒေါသတွေကို
ချုပ်တီးနေရသည်။ထိုကောင်တွေသာအခုအချိ
န် ဒီအနားမှာရှိနေရင်

Lay Nge

ကားနဲ့တိုက်သက်ပစ်ချင်လောက်အောင် ဒေါသကအဆမတန်ထွက်နေသည်။

"မ ဘာမှမဖြစ်တော့ဘူးနော် မောင် ရှိတယ် နော် နောက်ဆို မကိုတစ်ယောက်ထဲလွှတ်မထားတော့ဘူး "

"မောင် ဟင့် "

သူကိုခေါ်သံလေးမှာတောင် ရှိုက်သံလေးကမပျောက်သေး...

LayNge

သူရင်ခွင်ထဲကာ

ကောင်မလေးကိုငုံကြည့်လိုက်ကာ...

"မျာ "

"ချစ်တယ် "

"ပိုချစ်တာ မောင်က လာပါဦး အွန့် "

Lay Nge

သူမမျက်နှာလေးကို မေးဖျားလေးကနေမော့က
ပန်းရောင်သန်းနေတဲ့
နှုတ်ခမ်းလေးကိုစုပ်ယူစားသုံးလိုက်သည်။သူန
မ်းတာကိုမငြင်းပဲသူမကာ
သူလည်ပင်းကိုပြန်ဖက်ကာ
တုန့်ပြန်နမ်းလာတာကြောင့်သူ
သူမနှုတ်ခမ်းလေးကိုလွှတ်ပေးဖို့အစီအစဉ်မရှိ
တော့။

သူ့အနမ်းတွေနဲ့ သူမကို ဖြေသိမ့်ရင်းပေါ့...........။

# ❀နေရောင်ရှိမှပွင့်မည့်ပန်း❀

အခန်း ။ ၁၅

ရှိုင်းတစ်ယောက် hotel မှာ အလုပ်အားတယ်ဆိုသူမလေးပိုမြင်ချင်သေးတာကြောင့်နာရီကိုကြည့်တော့ 12 နာရီခွဲမို့ နေ့ခင်းကျောင်းဆင်းချိန်တွေ့လိုတွေ့ငြား သူ သူမကျောင်းရှေ့မှာကားရပ်ပြီး ကျောင်းအပေါက်အဝကိုကြည့်နေလိုက်သည်။

ခဏအကြာသူမဆွဲခြင်းလေးကိုဆွဲကာထွက်

လာတာတွေ့တာကြောင့်

ကားပေါ်ကဆင်းကသူမဆီကိုသွားပြီး

နှုတ်ဆက်သည်။

"ဒီက ကျွန်တော်ကိုမှတ်မိလားမသိဘူး "

"ရှင် ဟင် "

သူမဒီလူကိုမြင်ဘူးသလိုရှိပင်မဲ့
ဘယ်သူဆိုတာစဉ်းစားမရ။

"ရှင်ကကျွန်မကိုသိလို့လား "

"ဗျာ ကျွန်တော်မကိုမမှတ်မိဘူးလား
ဟိုတစ်နေ့က ကားအကြုံခေါ်တာလေ "

"အော် ဟုတ်မှတ်မိပါပြီ
ဘာဖြစ်လို့လည်းမသိဘူး "

"ဒီနားအလုပ်ရှိလို့လာရင်းနဲ့ ကားပေါ်ကနေတွေ့လိုက်လို့ဆင်းနှုတ်ဆက်တာပါ "

"ဟုတ်ကဲ့ ဒါဆို သဘာဝကိုသွားခွင့်ပြုပါဦး"

"ကျောင်းကအပြီးလွှတ်တာလား ဗျ "

"မဟုတ်ပါဘူး "

Lay Nge

"ဒါဆိုကျောင်းမှာထမင်း မစားဘူးလား "

နေ

မကျောင်းဝမှာလူတစ်ယောက်နဲ့စကားပြောနေ

တာကိုမျက်မှောင်ကြီးကုတ်ကာကြည့်နေသည်။

သူအတော်အတန်ကြာအောင်စောင့်နေပင်မဲ့စ

ကားပြောတာမပြီးသေးတာကြောင့်

သူထိုင်နေရာက ထကာ

သူမဆီရှိတဲ့တစ်ဖက်ကမ်းကိုကူးလာသည်။

LAYNge

"မ "

သူမနဲ့ ကိုရှိုင်းထက်မြတ်စကားပြောနေတုန်း

ဘေးနားက

မလို့ခေါ်လိုက်တာကြောင့်လှည့်ကြည့်လိုက်

တော့မောင်ဖြစ်နေသည်။မောင်ကသူမကို

ဒီလူကဘယ်သူလည်းဆိုသည့်သဘောနဲ့

မျက်လုံးနဲ့မေးနေသည်။

ရှိုင်း သူမဘေးနားရပ်ကာ တစ်ခုခုမကြြည်သလိုကြည့်နေတဲ့ကောင်လေး ကိုသူသေချာကြည့်လိုက်တော့ သူလွန်ခဲ့တဲ့ နှစ်ပတ်လောက်က တွေ့ခဲ့တဲ့ Nature Flower က CEO မဟုတ်လား။

"ညီက ဟို Nature Flower Company က CEO မဟုတ်လား "

"ကျူပ်ကိုဘယ်လိုသိနေတာလည်း "

"မောင်ကလည်း ဘယ်လိုဖြစ်လို့လည်း ဖြေးဖြေးပြောပါ "

သူမဆီကနေ ထိုကောင်လေးကို မောင်လို့ခေါ်လိုက်တာကြောင့် သူနောက်ကျသွားပြီလားဟုတွေးလိုက်မိပင်မဲ့....

"သဘာဝ နဲ့ ဒီကညီက "

LayNge

"ခင်မျိုးနဲ့ဆိုင်လို့လား "

သူကို ဘုတောတောပြောနေတဲ့
ထိုကောင်လေးကြောင့်
သူလည်းမခံချင်စိတ်ဖြစ်ကာ...

"ဟာ ညီကရိုင်းတာနော် Company
လာတွေ့တုန်းကလည်း
လူကြီးလူကောင်းမဆန်ဘူး "

Lay Nge

"မဆန်တော့ ခင်များကဘာဖြစ်ချင်လည်း ကျုပ် Company ကျုပ်လက်ခံချင်လက်ခံမယ် မလက်ခံချက်မလက်ခံဘူး အဲ့တာကျုပ်ကိစ္စပါ ခင်များအကြောင်းမပါဘူးလို့ထင်တယ် ပြီးတော့ အခုပြောနေတဲ့အကြောင်းအရာတွေနဲ့ အလုပ်ကိစ္စတွေနဲ့မဆိုင်ပဲ မနိုင်နိုင်အောင် ရှာကိုက်နေတော့တာပဲ "

"ဘာ !!! "

"မောင် ! "

ရှိုင်းသူကိုခွေးနဲ့နှိုင်းလိုက်တာကြောင့်
ထွက်လာတဲ့ဒေါသတွေကိုမြိုသိပ်ကာ
သူမရှေ့မှာမို့မရိုင်းချင်ပါ။

"ညီ အစ်ကိုကညီအစ်ကိုအရွယ်ပါ မရိုင်းပါနဲ့ "

"ရိုင်းအောင်ခင်များလုပ်နေတာ "

Lay Nge

သူတို့နှစ်ယောက်အခြေအနေက ဆူညံနေအောင်အော်နေတာမဟုတ်ပင်မဲ့ တစ်ယောက်ကိုတစ်ယောက်ကြည့်ကာလအံ ကြိတ်သံတွေနဲ့ စစ်ခင်းနေကြသည်။

"ဟူး ညီ အစ်ကိုက...."

"တော်တော့ ခင်များသွားတော့မသွားရင် ကားနဲ့တိုက်သက်မိတော့မယ် "

Lay Nge

သူ မနဲ့ စကားပြောနေတာတွေ့ထဲက

မကြည်တဲ့စိတ်က အခုအနီးအနားရောက်တော့

သက်ချင်စိတ်ပါဖြစ်နေသည်။

"မောင် ဘာလို့လည်း

သူများကိုအဲ့လိုတွေမပြောပါနဲ့

အားနာစရာဘယ်လောက်ကောင်းလည်း ဒီက

ကိုရှိုင်းထက်မြတ်ကို သူ့အစား

သဘာဝကပဲတောင်းပန်ပါတယ်"

"ရပါတယ်ဗျာ မလိုပါဘူး သူကငယ်သေးတော့ စိတ်ကြီးတာနေမှာပါ "

"သူတော်ကောင်းယောင်ဆောင်မနေနဲ့ ခင်များ ဘာတွေဂွင်ဆင်နေတာလည်းဆိုတာကျုပ်သိတယ် ခင်များ...."

"မောင်တော်ပါတော့ စိတ်ကိုထိန်းမှပေါ့ "

Lay Nge

"ဘာလို့လည်း

ဒီကောင်ကြဘာလို့မပြောတာလည်း မရာ

ကျုပ်က မချစ်သူ ဘာလို့သူဘက်ကပဲ

ပါနေတာလည်း

ဟိုဘက်မှာကျုပ်တစ်ယောက်လုံးထိုင်စောင့်နေ

တာ စကားပြောနေတာမပြီးနိုင်ဘူး "

"မဟုတ်ဘူးမောင် သူက

မနေ့ကသဘာဝကိုကားအကြုံခေါ်လာတဲ့သူပါ

ဒါကြောင့်ကျေးဇူးတင်ကြောင်းပြောနေတာ "

Lay Nge

"ကားပေါ်တင်ခေါ် ရုံလောက်နဲ့
ရင်းနှီးလို့ရတယ်တဲ့ အဟက်
ခင်များစောက်အကွက်တွေ ကိုကြိုမြင်နေတယ်
တစ်ခုတော့ပြောလိုက်မယ်
အဲလမ်းကိုဆက်သွားမယ်ဆို ခင်များ
ဒါမှမဟုတ် ကျူပ်သေမှပြီးမှပွဲဖြစ်သွားမယ်
ခင်များမှတ်ထား "

လို့သူ

ထိုလူကိုလက်ညှိုးထိုးကာပြောလိုက်သည်။

"မောင် ဘာဖြစ်နေတာလည်း ဟမ် သဘာဝပြောနေတယ်လေ အခုမောင်ပြန်တော့ထမင်းစားချိန်လည်းမရှိ တော့ဘူး အိမ်ရောက်ရင် ဖုန်းဆက် ပြန်တော့ "

"ပြန်မှာပါ လွတ်လွတ်လပ်လပ်ပြောလို့ရအောင် နှင်ထုတ်စရာမလိုဘူးမ ပြီးတော့

အိမ်ပြန်ရောက်တာမရောက်တာ

မကိစ္စမဟုတ်တဲ့အတွက်စိတ်မပူနဲ့ ပြီးတော့

ရက်ပိုင်းလောက်ပြန်စဉ်းစားကြရအောင်

ရှေ့ဆက်သင့်မဆက်သင့် "

"မောင် "

သူမတကယ်ကိုကျောင်းတက်ချိန်နီးနေပြီမို့

ပြန်ခိုင်းတာပါ။မပြန်ခိုင်းရင်

သူမဝင်သွားတယ်ဆို

ပြဿနာတက်တော့မှာသိတာကြောင့်သူကိုအရ
င်ပြန်ခိုင်းတာကို
သူကဘယ်လိုတွေးလိုက်လည်းမသိ။အခု
မောင်ပါးစပ်ကနေ
ရှေ့ဆက်သင့်မဆက်သင့်စဉ်းစားကြမယ်တဲ့။အ
ခုပြဿနာကလည်းအဲလိုပြောရလောက်အောင်
ထိကြီးတဲ့ ပြဿနာမှမဟုတ်ပဲ။

"မင်းက ချစ်သူအပေါ်ယုံကြည်မှုမရှိဘူးပဲ"

"ယုံကြည်မှုမရှိဘူး ဟုတ်လား အဲတာထက်သူများသမီးရည်းစားစကားများနေတာကိုဝင်ဝင်ရှုပ်နေတာ ခင်များ "

"ကိုရှိုင်းထက်မြတ်ပြန်ပါတော့ သဘာဝတကယ်ကျောင်းတက်ရတော့ရတော့မှာမို့"

"ရပါတယ် သဘာဝရယ်မလိုပါဘူး ကိုယ်ပြန်ပြီ "

Laynge

သဘာဝကိုကိုယ်ရှိင်းထက်မြတ်ကို
ခေါင်းငြိမ့်ပြလိုက်တော့
သူထွက်သွားတော့သည်။သူမထွက်သွားတဲ့
မောင်လက်ကိုလှမ်းဆွဲတော့
သူမလက်ကိုခါချလိုက်ပြီး....

"နောက်နေ့တွေလည်း မမျှော်နေနဲ့
မလာတော့ဘူး အော်
မျှော်လဲမမျှော်ဘူးမဟုတ်လား "

အဲ့စကားတစ်ခွန်းသာပြောပြီးထွက်သွားသော မောင်ကျောပြင်ကြီးကိုကြည့်ကာ ဝမ်းနည်းတယ်ဆိုတာထက် စိတ်မကောင်းဖြစ်ရသည်။သူမ ဘာအမှားလုပ်မိလို့လည်း ဟိုကလာနှုတ်ဆက်လို့ပြန်နှုတ်ဆက်ယုံပါ။ဒါကို မောင်ကတလွဲတွေးသွားသည်မဟုတ်လား။

ဒုန်း...ခလွမ်

သူ့ရုံးခန်းထဲက ဆိုဖာကို
ကန်ချပလိုက်တာကြောင့် ဆိုဖာအရှေ့က
မှန်စားပွဲပေါ်က ပန်းအိုးကျကွဲသွားသည်။

သူဒေါသတွေကအဆမတန်ထွက်နေတာမို့
လူနဲ့စိတ်လည်းမကပ်။သူမျက်လုံးထဲမှာ
မကိုကြည့်နေတဲ့အဲ့ကောင်ရဲ့အကြည့်တွေကိုသူ
လုံးဝမကြိုက်။ယောကျာ်းခြင်းဖြစ်တာကတစ်
ကြောင်း မကို ဒီလိုပုံစံလေးနဲ့ပဲ သူလဲ

နှလုံးသားတစ်ခုလုံးနဲ့ချစ်ခဲ့ရတာမဟုတ်လား။

သူဒေါ်သထွက်ပြီး

မကိုပြောခဲ့တာတွေကသူစိတ်ထဲကနေတစ်ခုမှ

မပါ ဒေါသထွက်လို့ ပါးစပ်ထဲရှိသမျှ

တွေပြောခဲ့ခြင်းဖြစ်သည်။

တွေးလေတွေးလေ ဒေါသထွက်လာလေမို့

သူအလုပ်စားပွဲပေါ်က အလှပန်းအိုးကိုပါယူပြီး

နံရံကို ဖောက်ခွဲပစ်လိုက်သည်။

ခလွမ်..

"ဟာ "

"မင်း "

ကျော်သူရနဲ့ ငြိမ်းထက်

ရုံးခန်းထဲအစည်းအဝေးလုပ်ဖို့ဝင်လာတော့

မြင်လိုက်ရတဲ့ အခြေအနေကြောင့်

နေအနားအပြေးသွားဆွဲရသည်။ဒင်းက

Lay Nge

တစ်ခြားပစ္စည်းတွေပါ

ကိုင်ပစ်ဖို့လုပ်နေတာကြောင့်

သူလက်ထဲကပစ္စည်းယူသူကယူ

သူကိုဖက်ထဲလူကသူကိုဖက်ထားပြီး

စိတ်ငြိမ်အောင်လုပ်နေသည်။

သူတရူးရူးဖြစ်နေရင်းမှ ငြိမ်သွားတာကြောင့်

ငြိမ်းထက်ဖက်ထားရာကနေလွှတ်ပေးလိုက်ပြီး.

...

"ဘာဖြစ်နေတာလည်း စိတ်ကိုလျှော့မှပေါ့ကွာ ဒီမှာကြည့်ဦးရုံးခန်းနဲ့မတူတော့ဘူး ဇရပ်ဖြစ်နေပြီ သေချာကြည့် !"

ငြိမ်းထက်လည်း သူငယ်ချင်းဖြစ်သူဘာဖြစ်နေလည်းမသိပင်မဲ့ ဒီလောက်ပေါက်ကွဲနေပုံထောက်ရင် ပြဿနာမသေးတာတော့သေချာတာမို့ သူစိတ်ငြိမ်အောင် တမင်ပိတ်အော်လိုက်သည်။

"ဘာဖြစ်တာလည်းကွာ ပြောစမ်းပါ နေ

ရာမင်းဒေါ်သကို ခဏလျှော့ဟုတ်ပြီလား "

"ဟူး "

သူသက်ပြင်းချလိုက်ကာ

ဖြစ်ပျက်ခဲ့သမျှကိုအကုန်ပြောပြလိုက်သည်။

"ငါကွာယောကျ်ားခြင်းမို့သိနေတယ် တောက်စ်

"

"မင်းတအားမှားတယ် နေ "

"သူဘာမှားလို့လည်း ငြိမ်းထက် "

"ဘာမှားရမှာလည်းသူပြောခဲ့တဲ့စကားတွေက
သဘာဝပန်းကို မယုံကြည်လို့လေ
သူမဘယ်လောက်ဝမ်းနည်းသွားမလည်း "

"ငြိမ်းထက် ရာ ငါကသူကိုသဝန်တိုတာလေကွာ

အဲဒါကိုမသိပဲနဲ့ ငါပဲဟောက်နေတာ

သူ့အကောင်ကြွမပြောဘူး "

"ကြည့် ကျော်သူရတွေ့လား

သူစကားပြောပုံကအချိုးမပြေဘူး

သူ့အကောင်က မင်းလေ ဒါကြောင့်

သူမသူစိမ်းကိုပြောမလား မင်းပဲပြောမှာပေါ့

မင်းရန်မရှာပဲ

အဲ့ကောင်ပြန်သွားတဲ့အထိစောင့်ပါလား ပြီးမ

နှစ်ယောက်ထဲဖြေရှင်းပါလား

မင်းတို့အဲလိုဖြစ်တော့

အဲသူတောင်းစားကပိုပျော်သွားမယ်

မထင်ဘူးလား ဟမ် ပြောစမ်းပါကွာ "

ငြိမ်းထက်သူငယ်ချင်းဖြစ်သူအပေါ်

စေတနာနဲ့ပြောရင်း ခါးထောက်ရပ်နေတဲ့သူ့ကို

တွန်းလိုက်သည်။

သူငြိမ်းထက်တွန်းလိုက်လို့

ရုတ်တစ်ရပ်မို့ရိုင်သွားပင်မဲ့ပြန်မတ်ကာ...

Laylae

"ငါသူမကိုသိပ်ချစ်တာ

ငါ့ဘဝမှာဘယ်မိန်းကလေးအပေါ်မှ

မချစ်ဘူးတဲ့အချစ်မျိုးနဲ့ချစ်တာ

ကုန်ကုန်ပြောရရင်ကွာ

ငါနှလုံးသားတစ်ခုလုံးသူ့ခြေဖဝါးအောက်ချနင်း

ရင်တောင်

ငြိမ်ခံနေမဲ့ကောင်ပါကွာ...မင်းပြောတာမှန်ပါတ

ယ် ငါသူမအပေါ်ပြောတာတွေမှားသွားတယ်

သဝန်တိုတဲ့ ငါ့စိတ်ကြောင့်

သူမကိုအဲ့လိုပြောလိုက်ပင်မဲ့ ငါ့နှလုံးသားကို

ဓားနဲ့မထိတထိထိုးနေသလို တစစ်စစ်နဲ့ နာကျင်ရပါတယ်ကွာ "

"အင်းပါ ငါတို့သိပါတယ်ကွာ ငါမင်းကိုတကယ်ကောင်းတဲ့မိန်းမကောင်းလေး ဆုံးရှုံးရမှာဆိုးလို့ပြောတာပါကွာ နော် သူငယ်ချင်း စိတ်မဆိုးပါနဲ့ကွာ "

ငြိမ်းထက်အပြောကြောင့်သူပြုံးလိုက်ကာ.....

LayNge

"ဘာလို့ဆိုးရမှာလည်းကွာ ငါသူငယ်ချင်းတွေ ဒီလောက်ငါ့အပေါ်ကောင်းတာကို "

အခုမှပြန်ပြိုးတော်မူလာတဲ့သူငယ်ချင်းဖြစ်သူ ကြောင့် ငြိမ်းထက်
နဲ့ကျော်သူရသူကိုပုခုံးတစ်ဖက်စီကဖက်ကာ....

"မင်းဘက်မှာ ငါတို့တွေအမြဲရှိတယ် အဲ့ကောင်ဘယ်သူလည်းပြ ရှင်းပေးရမလား"

Lay Nge

"အဲ့ကောင်က

ဟိုတစ်ခါငါဆီအလုပ်လာကမ်းလှမ်းတဲ့ ရှိုင်း

Hotel ပိုင်ရှင်ကွ

ငါကတော့မသိချင်ယောင်ဆောင်နေလိုက်တယ်

ကွာ

မင်းတို့လည်းဘာမှလုပ်ပေးဖို့မလိုပါဘူးကွာ

ကျေးဇူးပဲငါ့ကောင်တို့ "

"မလိုပါဘူးကွာ

ပြောရမဲ့လူတွေလည်းမဟုတ်ဘူး နော်

ငြိမ်းထက် "

ကျော်သူရအပြောကိုပြုံးထက်ကလည်း ထောက်ခံသည်။

"ဟိုကောင်ရော "

"ဘယ်သူလဲ အရင်မရှိအဖျားမရှိနဲ့ "

"အေးလေ "

Lay Nge

"ကျော်မျိုးထူး "

"အေးငါတို့လည်း မတွေ့လို့ ဒင်းကိုလာရှာတာ မင်းပွဲကြမ်းတာကိုတွေ့တာနဲ့ လာရင်းကိစ္စကိုမေ့သွားတာ "

"ငါဆီလည်းမလာဘူးနော် မနေ့ကတည်းပြောပြီးကတည်းကဒင်းပျောက်နေတာ "

Lay Nge

"ဘာမှစိတ်မပူပါနဲ့ နေ ရာဒီကောင်

မင်းသွားခိုင်းတဲ့ ရုံးခွဲကိုသွားမှာပါ "

"သိပါတယ် ငါလည်း

ညနေပြသနာရှင်းရဦးမယ် "

"မင်းမလိုချင်တော့ရင်ငါ့ကိုပြော

ငါမမတွေစိတ်ဝင်စားတယ် "

"x◌ီ◌း ပဲရမယ် "

"ဒါလေးစတာကို "

ရှိုင်း Hotel ပြန်ရောက်တော့
စိတ်ကလည်းမကြည်
သူချစ်ရတဲ့သူမကပိုင်ရှင်ရှိနေပြီးသားတဲ့။သူမ
ပြန်ခိုင်းလို့ပြန်တော့လည်း
အနောက်လှည့်ကြည့်မိတော့ သူမက
သူချစ်သူထွက်သွားတာကို
လက်လှမ်းဆွဲထားတဲ့မြင်ကွင်းကို

သူမျက်လုံးထဲကမထွက်။သူချစ်သူဆိုတဲ့ကောင်

ရဲ့စကားတွေလည်း

နားထဲပဲ့တင်သံခက်နေသည်။

ကျို

"ဟာ မင်းမျက်နှာကဘာဖြစ်နေတာလည်း "

Lay Nge

ရုံးခန်းထဲဝင်လာတဲ့သူငယ်ချင်းဖြစ်သူ

မင်းမြတ်မဟာ ရဲ့အပြောကြောင့်

သူကြည့်လိုက်သည်။

မင်းမြတ်မဟာ ထိုင်ခုံမှာဝင်ထိုင်ပြီး..

"မင်းဘာဖြစ်နေတာလည်း ရှိုင်းထက်မြတ်

မင်းအလုပ်လုပ်နေတဲ့ပုံစံကလည်းအသက်မပါ

သလိုနဲ့ အရင်ကမင်းပုံစံကဒီလိုမှမဟုတ်ပဲ "

Lay Nge

"ဘာမှမဖြစ်ပါဘူးကွာ "

"မင်းနှလုံးရောဂါဖြစ်နေတာလား "

"ဘာလို့ဖြစ်ရမှာလည်း မင်းကုစရာလူနာအဲ့လောက်ရှားလား ငါ့ကိုအာရုဏ်လာမစားစမ်းပါနဲ့ကွာ "

LayNge

"ငါပြောတာဟုတ်နေတယ်မလား
ရောဂါမကျွမ်းခင်မြန်မြန်ကုမဟုတ်ရင်
အချိန်နှောက်ကျသွားရင် မလွယ်ဘူးနော် "

"သူမှာ ချစ်သူရှိတယ် ကွ "

"ရှိလည်းဘာဖြစ်လည်းကွာ ချစ်သူရှိတာ
ယောကျာ်းရှိတာမှမဟုတ်တာ
မင်းမှာကြိုးစားခွင့်ရှိသေးတယ် "

Lay Nge

"ဒါပင်မဲ့ "

"ဒီမှာရှိင်း အချစ် နဲ့ စစ် မှာမတရားတာမရှိဘူး
မင်းကြိုးစားကြည့် သူချစ်သူဆိုတဲ့ကောင်ထက်
ပိုကောင်းရင်မင်းဘက်ကိုလှည့်လာမှာပါ "

"မင်းပြောတာမှန်တယ်
ငါကြိုးစားကြည့်မယ်ကွာ "

"Good Luck "

မင်းမြတ်မဟာ ပြောတာမှန်ပါသည်

ကိုယ်ကိုတစ်ခါလောက်ကြိုးစားခွင့် ပေးပါ

ကောင်မလေးရယ်......။

OBJ

❁ နေရောင်ရှိမှပွင့်မည့်ပန်း ❁

အခန်း ။ ၁၆

"အ့ "

LayNge

သူမပဟင်းချက်နေရင်းနဲ့

ခေါင်းကပိုကိုက်လာတာကြောင့် အ့

ဟုငြီးသံပါထွက်လာသည်။ညကတစ်ညလုံးမအိ

ပ်ပဲငိုနေရာကနေ

မနက်မိုးလင်းခါနီးမှအိပ်ပျော်သွားတာကြောင့်

နိုးလာတော့ခေါင်းကိုက်နေတော့သည်။ခေါင်း

ကိုက်နေတာကြောင့် ကျောင်းမသွားတော့ပဲ

ဆရာမကြီးဆီဖုန်းဆက်ပြီးခွင့်တိုင်တော့

ဆရာမကြီးကခွင့်ပြုသည်။

"ကျောင်းမသွားဘူးလား "

"ဟုတ်သမီး နေမကောင်းလို့ပါ ဒေါ်လေး "

"ဆေးသောက်ထားလိုက်ဦး တော်ကြာ ညနေစာမချက်နိုင်လို့အကုန်ငတ်နေဦးမယ်"

"ဟုတ်ကဲ့ ဒေါ်လေး "

"အခုဘာချက်နေတာလည်း "

"ပုစွန်ကျော်နေတာပါ "

"အင်းပြီးရင် ထမင်းဝိုင်းပြင်ထားလိုက်
လာစားမယ် "

"ဟုတ်ကဲ့ အစ် "

သူမနထင်ကို လက်နဲ့ဖိကာ မျက်လုံးကိုမိတ်ပြီး
နေမှနည်းနည်းသက်သာသည်။သူမကိုဒေါ်လေး
ကကြည့်ပြီး ဟွန်းကနဲ့ မဲ့က
အိမ်ပေါ် ပြန်တက်သွားသည်။ဒေါ်လေးအိမ်ပေါ်
တက်သွားမှ သူမလည်း

ပုစွန်ကိုဆက်ကျော်နေရင်း

မနေ့ကအဖြစ်အပျက်ကိုပြန်စဉ်းစားနေလိုက်သ

ည်။မနေ့ကမောင်ပြောသွားတဲ့စကားတွေကသူ

မရင်ကိုတကယ်ကိုထိပါသည်။သူမ

မောင်လိုမျိုး

သူမအပေါ်ဘယ်လောက်ချစ်ကြောင်း

လက်တွေ့မပြတက်ပင်မဲ့ မောင်ကို

သူမကိုယ်သူမထက်တောင်ပိုချစ်တာ

ကာရယ်ကံရှင်ဖြစ်တဲ့သူမအသိဆုံး။မောင်

သဝန်တိုတာလည်း

သူမနားလည်ပါသည်။ဒါပင်မဲ့

ဒီလိုစကားမျိုးပြောရလောက်တဲ့အထိ ပြဿနာကကြီးနေခဲ့တာမှမဟုတ်ပဲ။ကိုရှိုင်းထက်မြတ်ပုံကြည့်ရတာလည်း သူမအပေါ် ရိုးရိုးသားသားမို့မောင်ပြောသလိုဟုတ်မယ်မထင်။

သူမ မောင့်ကို ဘယ်တော့မှလမ်းမခွဲချင်ပါ။သူမကို အတွကြီးတယ်ပဲပြောကြပါစေ နေမင်းလက်ရာရဲ့ချစ်သူက သဘာဝပန်းပဲဖြစ်သလို

သဘာဝပန်းရဲ့ချစ်သူကလည်း

မောင်ပဲဖြစ်ရမည်။

သူဒီနေ့အိပ်ရာထကတည်းကပေါ့ပါးလန်းဆန်း

နေသည်။သူ သူမအတွက်ဒီနေ့ Suprise

လုပ်ဖို့သူစီစဉ်ထားသည်။ဒါကြောင့်အစောကြီး

ထကာ

သူမကျောင်းကိုကြိုရောက်နေသည်။ကျောင်း

ကိုသူမလာတာနဲ့ သူခေါ် ပြီး Suprise

လုပ်ဖို့သူခေါ်သွားမလို့ပင်ဖြစ်သည်။

ဒီနေ့က သူနဲ့သူမ ပျော်စရာနေ့.....။

ကလောင် ကလောင်

သူကျောင်းခေါင်းလောင်းတီးသံကြားမှ
ကားကူရှင်ကိုမှီပြီးမှေးနေရာကနေ
ခေါင်းထောင်လာသည်။သူမ
အတန်းထဲဝင်သွားပြီလားမသိ
သူစောင့်နေရင်းခဏအိပ်ပျော်သွားတာပင်။ဘာ
လို့ဆိုသူ တစ်ညလုံးမအိပ်ရသေးတာကြောင့်
မနက်မိုးလင်းခါနီး

တစ်နာရီလောက်ပဲပးအိပ်ရသေးတာကြောင့်ဖြ
စ်သည်။သူကားပေါ်ကဆင်းကာ
ကျောင်းထဲဝင်လာသည်။

"ဒီကမောင်လေးက ဘယ်သူတွေ့ချင်လို့လည်း "

"ဟုတ်ကဲ့ဗျာ မအဲ့ သဘာဝပန်း နဲ့တွေ့ချင်တာပါ
သူမရှိလားမသိဘူး "

"အော် အစ်မလည်း

သူမကျောင်းလာတာမတွေ့သေးဘူး ခဏနော်

ဆရာမကြီးကိုဖုန်းဆက်မေးပေးမယ် "

" ကျေးဇူးပါ "

သူမလည်းပိုက်ဆံအိတ်ထဲက

ဖုန်းကိုထုတ်ကာဆရာမကြီးဆီဖုန်းဆက်တော့

ဆရာမကြီးကဖုန်းကိုင်သည်။

"Hello ဟုတ်သမီးမေးစရာရှိလို့ပါဆရာမကြီး "

"......."

"သဘာဝပန်း ကိုလာမေးနေတဲ့လူရှိလို့ သူမကျောင်းလာလားသိချင်လို့ပါ ဆရာမ"

"......"

"အော် ဟုတ်ကဲ့ ကျေးဇူးပါ ဆရာမ "

Lay Nge

ဆရာမကြီးကိုဖုန်းပြောပြီးမှ

သီရိထိုကောင်လေးဘက်လှည့်ကာ...

"သဘာဝ ကဒီနေ့ခွင့်တိုင်ထားတယ်တဲ့

ကျောင်းမလာဘူး "

"ဘာဖြစ်လို့လည်းဗျ "

"နေမကောင်းလို့တဲ့ ဟာ "

သူမစကားဆုံးတယ်ဆို

တန်းပြီးကျောင်းပြင်ပြေးထွက်သွားတဲ့ကောင်

လေးကိုသိရှိကြည့်ကာ သဘာဝအတွက်

ဝမ်းသာနေမိသည်။ဒီလောက်ပြာပြာသလဲထွက်

သွားမှာတော့ ဒီကောင်လေး

သဘာဝကိုတော်တော်ချစ်တာသိသာသည်။

ကျွိုး.........

သူဘယ်လောက်စိတ်ပူနေလည်းဆိုရင်

ကားတောင်ဘယ်အရှိန်နဲ့မောင်းလာမှန်းမသိ

ငါးမိနစ်လောက်နဲ့ရောက်အောင်ကိုမောင်းလာ

ကာ သူမတို့အိမ်ရှေ့မှာကားကိုရပ်လိုက်ပြီး

ကားပေါ်ကဆင်းလိုက်သည်။သူခြံထဲဝင်လာ

တော့ ခြံထောင့်က

သစ်ပင်ကြီးကဒန်းလေးအပေါ်ကအရိပ်လေး

တွေလိုက်တယ်ဆို အရှေ့ဆက်သွားမဲ့

ခြေလှမ်းတွေပါ Auto

ရပ်သွားတော့သည်။သူသေချာကြည့်လိုက်

တော့

ပန်းရောင်လက်တစ်လုံးကြိုးဂါဝန်ဒူးအတိလေး

နဲ့

ဒန်းမှာရှိတဲ့ကြိုးကိုလက်တစ်ဖက်စီကိုင်ကလွဲ

နေသည်။သူ သူမလေးဆီကို

အပြေးတစ်ပိုင်းသွားက

သူမရှေ့ဒူးထောက်လိုက်သည်။

သူမဒန်းစီးနေရင်း အရှေ့မှာဒူးထောက်လိုက်တဲ့

မောင်ကိုတွေ့တော့ သူမ

အံ့သြနေသည်။အံ့သြမှာပေါ့

သူပဲမတွေ့ဘူးပြောခဲ့တာမဟုတ်ဘူးလား။ဒူး

ထောက်ပြီးသူမကိုကြည့်နေတဲ့မောင်ကိုကြည့်

ကာ မျက်ရည်တွေကကြလာသည်။

သူ့ကိုကြည့်ပြီး မျက်ရည်ကျနေတဲ့ မ ကြောင့်...

"ဟာ မရာဘာလို့ငိုတာလည်း

ကျုပ်မနေ့ကပြောခဲ့တာတွေကစိတ်ထဲကဘာ

တစ်ခုမှမပါဘူး မရယ်

ဒီအတိုင်းစိတ်တိုလို့ထွက်လာတဲ့

စကားတွေပါဗျာ

ကျုပ်ကြောင့်မျက်ရည်ကျရပြန်ပြီး

တောင်းပန်ပါတယ် မရယ် "

" ဟင့် သဘာဝမောင့်ကိုရှင်းပြတယ်လေ

မောင်ဘာလို့မယုံလည်း ချစ်ရင်ယုံရမှာပေါ့"

"ယုံတယ် မကို

မောင်ကိုယ်မောင်ထက်ပိုယုံတယ်

မောင်မယုံတာကာ အဲ့လူ

မကိုကြည့်နေတာတွေက မောင်သိတယ် "

"သူဘက်ကမရိုးသားရင်တောင်

သဘာဝဘက်က ရိုးသားတယ်လေ

သဝန်တိုတာသိပါတယ်

laylae

မောင့်ကိုလည်းစိတ်မဆိုးပါဘူး ဒါပင်မဲ့ မောင်ပြောတဲ့ စကားတွေကြောင့် ဟင့် ခံစားရတယ် ဟင့် "

"မငိုပါနဲ့နော် မောင်မှားတာပါ "

သူဒူးထောက်ရပ်နဲ့ သူမမျက်နှာရှင်းရှင်းလေးက မျက်ရည်လေးတွေကိုသူဖွဖွသုတ်ပေးလိုက်သည်။

Lay Nge

"ပြောတော့နေမကောင်းဘူးဆို ဘာလို့ လက်တစ်လုံးကြိုးဝတ်ထားတာလည်း"

"ခေါင်းပဲကိုက်တာပါ ဒါကြောင့်အပြင်ခဏထွက်ထိုင်နေတာ "

"အခုအလုပ်ရှိသေးလား "

"မရှိဘူးဘာလုပ်မလို့လည်း "

"မောင့်နောက်လိုက်ခဲ့ "

"ဘယ်သွားမလို့လည်း "

"မောင်နဲ့သာလိုက်ခဲ့ပါ မရဲ့နော် လိုက်ခဲ့ပါနော် "

"အင်း အဝတ်အစားသွားလဲဦးမယ် "

"မလဲနဲ့တော့ အခုဝတ်ထားတာ Couple အတိုင်းပဲ "

သူပြောတော့

သူဝတ်ထားတာကြည့်လိုက်တော့ဟုတ်ပါရဲ့

သူက ဘောင်းဘီ အဖြူရောင်အရှည်နဲ့

ပန်းရောင်လက်ရှည်ကိုဝတ်ထားပြီး လက်ကို

တံတောင်အထိခေါက်တင်ထားသည်။

"ဒါပင်မဲ့ မ

လက်ရှည်အပါးလေးတင်ပါထိရှည်တာလေးထ

ပ်ဝတ်ခဲ့နော် "

"ဘာဖြစ်လို့လည်း မောင်ရဲ့"

"ဟွန်း ဒီမှာကြည့် "

သူကသူမရဲ့
ပုခုံးဖွေးဖွေးလေးကိုလက်ညှိုးထိုးပြနေသည်။

"ဒီမှာပေါ်နေတဲ့ ပုခုံးဖွေးဖွေးလေး
အဲတာမောင်ပဲကြည့်ချင်တာ
တစ်ခြားသူကိုမမြင်မစေချင်ဘူး
ပြောရင်းနဲ့တောင်

အဲ့ပုခုံးလေးတွေကိုကိုက်ချင်လာပြီ ပြီးတော့ ဒီအရိုးလေးရောပဲ "

"အိုး...မောင်ဘယ်လိုပြောနေတာလည်းရှက်စရာတွေ "

"ရှက်စရာမဟုတ်ဘူး မရဲ့ကြည်နူးစရာပါ "

"မပြောချင်တော့ဘူး ပြောလည်း နိုင်မှာမှမဟုတ်တာ နွေးထည်သွားယူလိုက်ဦးမယ် ခဏစောင့် "

"ဟုတ် "

"အယ် ချက်ချင်းလိမ္မာသွားတာ "

"အစကတည်းက လိမ္မာတာ မမှမသိပဲ "

"ဟုတ်ပါပြီ အယ် မေ့နေတာမောင်ထတော့လေ ဒူးထောက်ထားတာကြာပြီ နာနေတော့မယ်ထ ဝတ်ထားတော့အဖြူရောင်ပေကုန်ပြီ တွေ့လား "

သူမ သူကိုဆွဲထူပြီး ဒူးမှာပေနေတဲ့ဖုန်တွေကိုလက်နဲ့ပုတ်ပေးမလို့လုပ်နေတာကြောင့်သူမလက်ကိုဆွဲလိုက်ပြီး သူဘာသာဖုန်ခါလိုက်သည်။

"မလက်တွေနာမှာဆိုးလို့ ဖုန်တွေမှာပိုးမွှားတွေပါတယ်မရဲ့ မလက်အသားလေးတွေကနုနုလေးပျက်စီးကုန်မှာဆိုးလို့ "

"ဒီထက်ပိုတဲ့

အလုပ်တွေတောင်လုပ်နေရတာပဲမောင်ရယ်

ဘာမှမဖြစ်ဘူး"

"အဲတာမဖြစ်သေးလို့လေ ဖြစ်လာရင်

ဘယ်လိုလုပ်မလည်း ဟွန်း ဒါတွေခဏထား

သွားနွေးထည်အပါးအရှည်လေးသွားယူလိုက်

မောင်ကားပေါ်ကစောင့်နေမယ် "

"အင်း ခဏလေးပဲမကြာဘူး "

"ဟုတ်ကဲ့ဗျ "

သူမလေးအိမ်ထဲဝင်သွားမှသူကားနားလျှောက်လာသည်။သူနောက်ဆိုမနေ့ကလိုစကားတွေမပြောမိအောင်သူထိန်းရမည်။သူမလေးဘယ်လောက်ငိုထားလည်းမသိ

မျက်လုံးလေးတွေကဖောင်းလို့။ငြိမ်းထက်ပြောတာတွေကအမှန်ပါလေ သူစိမ်းရှေ့မှာ

သူနဲ့သူမဒီလိုဖြစ်နေရင်ကြားလူဝင်လို့လွယ်သွားမှာပေါ့။သူအဲလိုတော့အဖြစ်မခံနိုင်ပါ။ဒီ Relationship

တည်မြဲဖို့သူ့ဘယ်လောက်ပဲခက်ခဲပါစေသူဖြစ်အောင်လုပ်မည်။သူကားကိုမှီပြီးစောင့်နေတုန်းစလင်းဘတ်လေးကိုလွယ်ကာသူမထွက်လာသည်။

"မောင် သွားမယ် သဘာဝပြီးပြီ "

"အွန်း
ဝတ်ထားတဲ့ပုံစံလေးကအသဲယားစရာလေး
လာကားပေါ်တက် "

layNge

သူသူမကိုကားတံခါးဖွင့်ပေးလိုက်သည်။သူဖွင့်ပေးတဲ့ဘက်ကနေသူမဝင်ထိုင်လိုက်သည်။သူမကိုနေရာချပေးပြီး
သူလည်းမောင်းသူနေရာဝင်ထိုင်ကာ
ထိုရပ်ကွပ်လေးဆီကနေမောင်းထွက်လာသည်။

တစ်လမ်းလုံးဘာစကားမမပြောပဲမောင်းလာတာတစ်နာရီလောက်ကြာတော့
သူကားရပ်လိုက်သည်။

သူကားရပ်လိုက်တဲ့

ပတ်ဝန်းကျင်ကိုသူမကြည့်လိုက်တော့

ပန်းခြံရှေ့မှာဖြစ်သည်။သူကိုကြည့်လိုက်တော့

ခါးပတ်ဖြုတ်ကာသူမကိုလည်း

ခါးပတ်ဖြုတ်ပေးသည်။

"မောင် ဘာလည်း ဘာလုပ်မလို့လည်း "

"Suprise လေ ပြောပြလို့မရဘူး

သိချင်ရင်ကိုယ်ဘာသာစဉ်းစား "

"မောင်ကလည်းနည်းနည်းလေးပြောပြ"

"အချိန်တန်ရင်သိလိမ့်မယ် အခုတော့
မျက်လုံးလေးကို အဝတ်လေးနဲ့စည်းပါရစေ "

ဟုဆိုကာ အဝတ်အနက်လေးနဲ့
မျက်လုံးကိုစည်းလိုက်သည်။

"မောင် မမြင်ရတော့ဘူး
ကားပေါ်ကဘယ်လိုဆင်းမလည်း
ပြုတ်ကျ....အွန့် "

သူပန်းနုရောင်နှုတ်ခမ်းလေးကို ဖိကပ်နမ်းလိုက်ပြီး အသဲယားလာတာကြောင့် အောက်နှုတ်ခမ်းလေးကိုဖွဖွလေးကိုက်ချပလိုက်သည်။

"အ့....အွန့်....မောင်...အွန့်..."

သူမမောနေလို့ သူကိုယ်ကြီးကိုတွန်းနေလည်းမရပိုပြီးတောင် နမ်းလာသေးသည်။ဒီအမောင်လူဆိုးကြောင့်

အသက်ရှူမဝတဲ့အဆုံး

သူရဲ့ဗိုက်ကိုဆွဲလိမ်လိုက်မှ လွှတ်ပေးသည်။

"ဟင်း....ဟင်း....နေမင်းလက်ရာ...ဟင်း...မင်း

တော်တော်ဆိုးနေပါလား..ဟင်း "

"ဆိုးတာမဟုတ်ဘူး နမ်းတာပါ

မျက်လုံးလေးပိတ်ထားယုံလေးနဲ့

ဘာမှမသိတော့ဘူးလား "

"ကားပေါ်ကမဆင်းတော့ဘူးလား "

"ဆင်းမယ် ခဏာမောင်အရင်ဆင်းမယ်

မကိုမောင်တံခါးဖွင့်ပြီး ခေါ်မယ်

ပြုတ်ကျမှာဆိုးလို့ "

သူကားပေါ်ကဆင်းပြီး သူမဘက်က

ကားတံခါးဖွင့်ကာ

သူမကိုဆင်းဖို့တွဲကူလိုက်သည်။သူမဆင်းပြီးတ

ယ်ဆိုကားတံခါးကိုပိတ်ကာ ကားသော့က

ခလုပ်ကိုနိပ်ကာ ကားကို Lock ချလိုက်သည်။

သူ သူမပုခုံးလေးကနေဖက်ပြီး ပန်းခြံအတွင်းသို့ ဝင်လာသည်။သူမ လဲမှာဆိုးလို့လဲ ဆူးပြောင့်ခလုတ်တွေကို သူကြိုတင်ဖယ်ပြီးသား။

သူမ ပန်းခြံထဲဝင်လာတာသိပင်မဲ့ ဘယ်ကိုဦးတည်နေမှန်းမသိ။သူမအခုသိတာက မျက်လုံးမှာစည်းထားတဲ့ ပုဝါအမဲရယ် ပုခုံးကိုတင်းနေအောင်ဖက်ထားတဲ့မောင်လက်ရယ် ဒါသာသူမသိသည်။ပြီးတော့ ပန်းခြံထဲမှုတိတ်စိတ်နေပြီး

ဘာလူသံသူသံမှမကြားရ။သူမ suprise မလုပ်ခင်ကတည်းက အံ့သြခြင်းများစွာနဲ့။

သူ ပြင်ဆင်ထားတဲ့နေရာရောက်တော့ သူမကိုအဲ့နားမှာထားခဲ့ပြီး သူကထွက်သွားသည်။

သူမ ပုခုံးကိုဖက်ထားတဲ့မောင်လက်လွှတ်သွားတာကြောင့် ဘေးကိုလက်နဲ့ စမ်းတော့လည်း ရှိမနေ။

"မောင် မောင်ဘယ်မှာလည်း အသံပေးနော်
မပေးရင်ဖွင့်ကြည့်တော့မှာ "

သူမပြောနေတုန်းအနောက်ကနေ
သူမမျက်လုံးကိုစည်းထားတဲ့ ပုဝါကို
တစ်ယောက်ယောက်ကလာဖြည်ပေးသည်။သူ
မပုဝါဖြည်လိုက်တယ်ဆို မြင်လိုက်ရတာ
သစ်ပင်။အဲ့ဒီသစ်ပင်မှာ ပုံလေးတွေကို
ဖဲကြိုးပန်းရောင်လေးတွေနဲ့
ချိတ်ဆွဲထားတာအများကြီးပြီးတော့

ဖဲကြိုးလေးတွေနဲ့ပဲ

စက္ကူလိပ်လေးတွေကိုချိတ်ဆွဲထားသေးသည်။

သူမသစ်ပင်ကအရာတွေကိုသွားမကြည့်သေးပဲ

သူ့ပုဝါကိုဖြည်ပေးတဲ့လူကိုလှည့်ကြည့်လိုက်

တော့.....။

"မိုင် "

"အွန်း ငါပဲ

သစ်ပင်ကချိတ်ထားတာတွေသွားကြည့်လေ "

"အင်းကြည့်မှာပါ

နင်ကဘယ်လိုလုပ်ရောက်နေတာလည်း

မောင်ရောသူဘယ်သွားလည်း "

ကြောင်တောင်တောင်လေးမေးနေတဲ့

သဘာဝကိုကြည့်ပြီး

ရည်းစားမထားဘူးမှန်းသိသာသည်။သူမ

ဝတ်ထားတဲ့ အင်္ကျီ ကိုရော

သတိမူမိရဲ့လားမသိ။

"ဟင် "

သူမ မိုင်ဝတ်ထားတဲ့ shirt
အင်္ကျီကိုကြည့်လိုက်တော့
အံသြမှင်သက်သွားရသည်။ပန်းရောင်
ချည်အင်္ကျီမှာ သူမ နဲ့ မောင်ရဲ့ ခရီးသွားတုန်းက
ဘုရားကန်တော့ပြီးတော့
ထိုင်ပြီးစကားပြောနေတဲ့ပုံလေး။အဲ့ပုံလေးမှာ
သူမက ထဘီကိုဆွဲပြီး
ခြေထောက်လေးကိုဖုံးနေပြီး
မောင်ကသူမပုခုံးလေးဖက်ကသူမမျက်နှာလေး
ကိုကြည့်နေတဲ့ပုံလေးဖြစ်သည်။ပုံအောက်မှာ

လည်း Happy 3 Months Anniversary Ma ဆိုတဲ့ စာသားလေးလည်းပါသေးသည်။

Date _ 26.10.2022 ဆိုတဲ့ Date လေးတွေ့မှ ဟုတ်တာပေါ့ ဒီနေ့က မောင် နဲ့ သူမချစ်သူဖြစ်တဲ့ 3 လတောင်ပြည့်ခဲ့ပြီပဲ။မောင်ကအသေးစိပ်ကအစမှတ်ထားတော့သူမစိတ်ထဲကြည်နူးသွားရသည်။သူမ မိုင်အနားကနေ သစ်ပင်ကြီးဆီသွားပြီး ဓာတ်ပုံလေးတွေကိုကြည့်တော့ ပထမဆုံးဓာတ်ပုံလေးကိုကြည့်လိုက် မိုင်တို့

လက်ထပ်ပွဲတုန်းက ကိုးရိုကားယားဖြစ်နေတဲ့ သတို့သားအရုံနဲ့ သတို့သမီးအရုံ ပုံလေး။ပုံလေးနောက်မှာလည်း *မ နဲ့ မောင်ရဲ့ ပထမဆုံးဓာတ်ပုံ ( 7.7.2022) ဆိုပြီးရေးထားသည်။နောက်ပုံလေးတွေက မောင်ဘယ်အချိန်ကရိုက်ထားသိမသိ ဘုရားကမ်းစက်ကလက်တန်းလေးပေါ် မှီပြီ မြစ်ထဲငေးနေတဲ့ သူမပုံလေးတွေ ပြီးတော့ မောင် သူမကို အေးနေလို့ သူ့ shirt လက်ရှည်ဝတ်ပေးတော့ လက်ရှည်နေလို့ ခေါက်တင်ပေးနေတဲ့ပုံလေး။ရွှေတိဂုံဘုရားမှာ

ဘုရားကန်တော့နေတဲ့

ပုံလေးတွေရော။သူမပျော်လွန်းလို့မျက်ရည်ပါဝဲ

ချင်လာတော့သည်။

သူမ ချိတ်ဆွဲထားတဲ့

စက္ကူလိပ်လေးတွေထဲကတစ်ခုကို ဖြုတ်ပြီး

ဖွင့်ကြည့်လိုက်တော့

*မမှတ်မိလားတော့မသိဘူး

မကိုစတွေ့တဲ့နေ့လေ အဲ့နေ့က မကိုမတွေ့ခင်

နောက်ကျလို့ဆိုပြီး စိတ်ထဲကနေ

ကျောင်းသားတွေကိုရိုက်တဲ့

ကြိမ်လုံးနဲ့တင်ပါးကို နာနာလေးရိုက်ချင်တာ

ဆိုပြီးတွေးပင်မဲ့ ဆံရင်ဖုံး အဖြူ နဲ့

ထဘီအစိမ်းလေး ဝတ်ထားတဲ့

မကိုတွေ့လိုက်ကတည်းက ထွက်နေတဲ့

ဒေါသတွေကြက်ပျောက် ငှက်ပျောက်

အချစ်ကိုစတွေ့တဲ့နေ့ *

ဆိုပြီးရေးထားသည်။

သူမ အဲ့စာရွက် လေးကို

ခေါက်ပြီးလက်ထဲသိမ်းလိုက်ပြီး

နောက်တစ်ရွက်ထပ်ဖြုတ်ကာ ဖွင့်ပြီး

ဖက်လိုက်တော့...

*7.7.2022 အဲ့နေ့က

ကိုအံ့တို့လက်ထပ်ပွဲနေ့ဖြစ်သလို မောင် မကို

ချစ်တယ် ဆိုတဲ့အကြောင်းဖွင့်ပြောတဲ့နေ့ *

လို့ရေးထားသည်။နောက်ထပ်တစ်ရွက်ကိုဖြုတ်

ပြီးထက်ဖက်လိုက်သည်။ထိုစာထဲမှာတော့....

Lay Nge

* 26.7.2022 မကျောင်းဆင်းတော့

မောင်မလာလို့ဆိုပြီး

အိမ်ကိုလမ်းလျှောက်ပြန်လာပြီး ငိုမဲ့မဲ့

လေးလုပ်နေတဲ့ ကောင်မလေးဆီက

အချစ်တွေရတဲ့နေ့ မောင်ဘဝရဲ့

အထူးအခြားဆုံးနေ့ *

သူမစာလေးတွေတစ်ခုပြီးတစ်ခုဖက်ပြီးတယ်

ရင်ထဲမှာ ဝမ်းနည်းဝမ်းသာခံစားချက်ကြီးနဲ့

အတူ

မျက်ရည်တွေလည်းကျလာသည်။မောင်သူမအာ ရမ်းချစ်မှန်းသူမသိပါတယ်အဲလောက်ထိချစ်လိ ပ်မယ်လို့တော့သူမမထင်ခဲ့ပါ။

"မ "

သူမအနောက်က

မောင်ခေါ်သံကြောင့်လှည့်ကြည့်လိုက်တော့

သူမအရှေ့ဒူးထောက်ထိုင်ချလိုက်သည့်မောင်

ပြီးတော့ မောင်က အနောက်မှာဖွက်ထားတဲ့ နှင်းဆီအနီရဲရဲပန်းစည်းကြီးကို......

"မ မောင်ဘဝမှာ ဒူးထောက်ရတဲ့သူဟာ ကမ္ဘာမှာ မကာပထမဆုံးပဲ မာမီတို့ကိုတောင်တစ်ခါမှဒူးမထောက်ဘူးဖူး... အခုဒီပန်းက မောင်နဲ့ မတို့ရဲ့ ရက် 90 ချစ်သူသက်တမ်းအတွက် နှင်းဆီအပွင့် 90 မလက်ခံပေးပါ "

"ဟင့် ကျေးဇူးပါ မောင် "

သူမပန်းစည်းကိုယူပြီးနမ်းနေတုန်း.....

"မောင့် ရဲ့အနာဂတ်သတို့သမီးလေးဖြစ်ပေးပါ "

ဆိုပြီး ဘူးအနီလေးကိုရှေ့ထုတ်ကာ
ဘူးဖုံးလေးကိုဖွင့်လိုက်တော့ ပုလဲ
ကိုစိန်လေးတွေနဲ့ပတ်ထားတဲ့လက်စွပ်လေး...

သူမ ဘာမှမပြောနိုင်လောက်အောင်ကို
မင်သက်နေမိသည်။

"လက်ခံလိုက် လက်ခံလိုက် လက်ခံလိုက် "

သူမမှင်သက်နေတုန်း သူတို့နှစ်ယောက်ရဲ့ Anniversary shirt တွေဝတ်ထားတဲ့ လူအများကြီးကထွက်လာပြီး မောင်ကိုအားပေးနေသည်။သူမမောင့်ရဲ့ Suprise ကြောင့် မျက်ရည်တွေပါကျတဲ့အထိဖြစ်နေသည်။

"မ ဗျ မောင်ညောင်းနေပြီဗျ "

"ဟင့် လက်ခံပါတယ် "

"ယေး ဖြောင်း ဖြောင်း ဖြောင်း "

သူမလက်ခံလိုက်တယ်ဆို

လက်ထဲကဘူးနီလေးထဲက

ပုလဲကိုစိန်ပွင့်လေးတွေနဲ့ ဝန်းရံထားတဲ့

လက်စွပ်လေးကိုသူမလက်သွယ်သွယ်လေးကို

စွပ်ပေးလိုက်ပြ မက်တပ်ရပ်ကာ

မကိုဖက်လိုက်သည်။

"ဟင့် ဟင့် "

သူသူမကိုဖက်ထားရင်...

"မငိုပါနဲ့ မရာ "

"ပျော်လို့ပါ ဟင့် မောင့်ကို
သဘာဝအရမ်းချစ်တယ် "

"မောင်ရောပဲ မကို အရမ်း ချစ်...အွန့် "

သူစကားတောင်မဆုံးလိုက်

သူမကသူ့နှုတ်ခမ်းကို

စနမ်းလာတာကြောင့်သူပြုံးလိုက်ကာ

သူမခါးလေးကနေသူကိုယ်နဲ့ပိုကပ်အောင်ဆွဲက

ပ်လိုက်ပြီး

သူကအနမ်းကိုဆက်လက်ပံ့ပိုးနေသည်။

"Wow So Sweet "

ဖြောင်း ဖြောင်း ဖြောင်း 👏👏👏👏

LayNge

စီစဉ်ထားတဲ့လူတွေထက်

ပန်းခြံထဲထက်ဝင်လာတဲ့လူတွေပါ

သူတို့အတွဲကို

လက်ခုပ်တီးအားပေးကြသည်။သူတို့အတွဲက

တော့ public kiss ကိုဖော်ဆောင်နေကြသည်။

သိပ်ချစ်တယ် မောင်ရယ်......။

~~~~~~~~~~~~
~~~~~~~~~~~~

စိတ်ကောက်နေတဲ့ နေမင်းလက်ရာ

ကောင်မလေးတွေအတွက် သွေးတက်ဖို့.....

❀နေရောင်ရှိမှပွင့်မည့်ပန်း❀

အခန်း ။ ၁၇

"မောင် ဘာတွေတိုက်ဖို့ ကျန်သေးတာလည်း "

"ပြစရာရှိသေးတယ် မရဲ့ခဏလေး
ပါရောက်တော့မှာ "

Lay Nge

မောင် ပန်းခြံထဲမှာ Suprise တိုက်ပြီးတော့ကျန်သေးတယ်ဟုဆိုကာ သူမလက်ကိုဆွဲပြီး ကားပေါ်တင်ကာ မောင်းထွက်လာခြင်းဖြစ်သည်။

"မောင် မိုင်ကဘယ်လိုလုပ်ရောက်နေတာလည်း "

"မောင် အကူအညီတောင်းထားတာ ပြီးတော့ မသိလား မောင်တစ်ညလုံးမအိပ်ရသေးဘူး

မနေ့ကညနေမှအကုန်စီစဉ်ရတာဆိုတော့

တစ်ညလုံးပြင်ဆင်ခဲ့ရတာ မရဲ့"

"မောင် ပင်ပန်းသွားပြီ မောင်ပေးတဲ့ suprise

က သဘာဝ အရမ်းပျော်ပါတယ်

ပန်းစည်းကိုလည်း

ချစ်သူသက်တန်းနဲ့အညီပေးတယ်

အရမ်းသဘောကျတာပဲ ဒါပင်မဲ့ ဒီလက်စွပ်က

တန်ဖိုးအရမ်းမြင့်မှာမောင်

သဘာဝလက်မခံပါရစေနဲ့နော် "

"No မောင်လက်မခံနိုင်ဘူးနော်

ပစ္စည်းတန်ဖိုးမကြည့်နဲ့ ပေးတဲ့သူရဲ့

မေတ္တာကိုပဲကြည့် နော် လက်စွပ်လက်မခံရင်

မောင်ကို

သတို့သားလောင်းအဖြစ်လက်မခံဘူးလို့သက်မှ

တ်လိုက်မှာ "

"ဟုတ်ပါပြီ စကားတွေနဲ့ တအားချုပ်သိလား

စကားသိပ်ပြောမနေနဲ့ဦး အရှေ့ကိုအာရုံစိုက်

အိပ်ရေးပျက်ထားတာဆို

ခေါင်းကိုက်နေလိမ့်မယ်

မောင်ပြောတဲ့နေရာကမရောက်သေးဘူးလား "

"ရောက်ပြီမရဲ့ရောက်ပြီ "

သူ company အောက်က

ကားပါကင်ထိုးတဲ့နေရာ

ကားပါကင်ထိုးလိုက်ပြီး

ကားပေါ်ကနေဆင်းကာ

သူမကိုလည်းဆင်းစေလိုက်သည်။သူ

သူမလက်ကိုဆွဲကာ company ထဲကိုဝင်လာတော့သည်။

သူမ Company ဝင်ဝင်ခြင်း Reception က Company name ကိုကြည့်ပြီး သူမ နှစ်ထပ်ကွမ်းအံ့သြသွားရသည်။Company name တောင်သူမနာမည်ပေးထားသည်တဲ့လား။

ကျွီ

Lay Noe

"ရေး "

သူနဲ့သူမ ရုံးခန်းဝင်တယ်ဆို
အောက်ပြီးကြိုဆိုကြတဲ့ ကိုအံ့တို့လင်မယား နဲ့
ဟိုသုံးကောင်။

"ဟာ လုပ်ပါဦး နေမင်းလက်ရာ ရ ငါတို့
Drama ကြည့်စရာမလိုပဲ public kiss
လေးလုပ်ပါဦး မွ မွ "

ပါးစပ်ကပြောလည်းပြော

နှုတ်ခမ်းကိုလည်းချွန်ပြီး သကောင့်သား

ငြိမ်းထက်ကလုပ်ပြနေသေးသည်။

"ရှယ်ပဲနော် နေမင်းလက်ရာတို့ Ro ချက် 18+ "

"အေး အဲ့ 18+ ကမင်းကြည့်နေတာ ငါတို့ kiss

နဲ့လာမရောနဲ့ သတောင်းစား "

နေ ကျော်သူရကို ဆဲလိုက်တာတောင်

ဒင်းကမမှုဆက်ပြောနေသေးသည်။

LayNge

"အာ နမ်းနေတဲ့မြင်ကွင်းကြီး ငါ vedio ရိုက်ထားတယ် ငါ့ခဏ ခဏကြည့်လို့ရပြီ ကိုယ်တိုင်ရိုက် vedio အဟက် "

"ဘာကွ ဘာကြည့်မှာလည်း ပေးစမ်းမင်းဖုန်း မင်းအဲ့လောက်ကြည့် ချင်ရင် မင်းမထွေးငါပြမယ်လာ "

"မင်းပြတာမကြည့်ချင်ဘူး Public kiss ကိုကြည့်တာပိုကောင်းတယ် မွချီ မွချီ "

"ငါ့မဆဲချင်ဘူးနော် မင်းသေဖို့သာပြင် "

နေ မျက်နာပြောင်နေတဲ့ ကျော်သူရကို လိုက်သမတော့သည်။နေ ကျော်သူရကိုမမိတစ်ချက်မိချက်ဖြစ်နေသည်။ ပြေးနေရင်းနဲ့တောင် သတောင်းစားက....

"ဘာလည်း မ ရှိနေလို့ ယဉ်ကျေးမှုသင်တန်းဆင်းနေတာလား

မောင်နေမင်းလက်ရာ အား မင်းနော်

နာတယ်ကွ "

"နာအောင်ထုတာ နာပါလေ့စေ "

"မ ရေ မရဲ့မောင်ကိုဆွဲပါဦး

ကျွန်တော်ပြေးရတာမောနေပြီး "

သူစကားပြောနေတုန်း

အနောက်ကနေကိုပြန်ငဲ့ကြည့်တော့သူ့ကိုမလို

က်တာ့ပဲ သူကိုစိုက်ကြည့်နေတာကြောင့်.....

"ဟာ ရုပ်ကဘာဖြစ်တာလည်း "

"အော် ဘာဖြစ်ရမှာလည်း မင်းက သူ့ကောင်မလေးကို မလို့သွားခေါ်တာကို နဂိုကတည်းက သူချစ်သူနဲ့ပက်သက်ရင် သဝန်တိုတက်ပါတယ်ဆိုမှ "

သူမခပ်တည်တည်ရုပ်နေတဲ့မောင့်အနားလျှော က်သွားကာ...

layMe

"မောင်ကလည်း သူငယ်ချင်းကစတာကို "

"မောင်ဘာပြောနေလို့လည်း
မောင်စဉ်းစားနေတာ
မလို့မခေါ် ပဲတစ်ခြားဟာပြောင်းခေါ်မလို့ "

"ဖင်ယားပြီ "

သူငယ်ချင်းသုံးယောက်ရဲ့
ထောပနာပေးခြင်းကိုသူခံလိုက်ရပါပြီ။

"မင်းငါတို့ကို မုန့်လိုက်ကျွေး နေ "

"ဟုတ်တယ်

ငါတို့ပင်ပန်းထားတာမနေ့ကတည်းကငါတို့မအိ

ပ်ရသေးဘူး တော်တော် ဒုက္ခပေးတဲ့ကောင် "

"Club ဒိုးမယ် အကုန်လုံးသွားကြမယ် "

"မင်းတို့ ၃ကောင်တော်တော်ငတ်နေကြလား

ငါလည်းကျွေးဖို့စဥ်းစားထားပြီးသား club

တော့မရဘူး စားသောက်ဆိုင်ပဲ သွားမယ်

သဘောမတူရင်မလိုက်နဲ့ "

"အေးပါကွာ မင်းကသူတော်ကောင်းကြီး

ငါတို့က လူမကောင်းတွေ "

"သိရင်ပြီးရော "

ရုံးခန်းထဲဝင်လာတဲ့အချိန်ကတည်း စကားကို

အတိုက်အခံပြောနေတဲ့

ကျော်သူရကိုသူရွဲ့တာဖြေလိုက်တော့သည်။

"သဘာဝ နင်ဂါဝန်လေးကလှပါတယ် အပေါ်က နွေးထည်ကိုချွတ်လိုက်တအားရင်ဟိုက်နေတာ မဟုတ်ပဲနဲ့ "

မိုင်ကို သဘာဝဘာမှမပြောတော့ပဲမောင်ဆီကို မျက်စပစ်ပြလိုက်တော့သည်။

"ကျွန်တော်ဝတ်ခိုင်းထားတာ မမိုင် အခုခေတ်ကောင်တွေက နည်းနည်းပေါ်လည်းကြည့်တာပဲ

များများပေါ်လည်းကြည့်တာပဲ စိတ်မချပါဘူး ကြည့်ရင်းကြည့်ကျွန်တော်တစ်ယောက်ထဲကြည့်မယ် "

"ဟာ "

"ဟယ် "

အကုန်လုံးသူ့ကိုလက်မြှောက်အရှုံးပေးလိုက်တော့သည်။သူ့ကိုဆက်ပြောလည်းနိုင်မှာမှမဟုတ်ပဲ။

Lay Nge

"ကိုအံ့ နဲ့ မမိုင် ကိုကျေးဇူးတင်ပါတယ်ဗျ အစစအရာကူညီပေးလို့ "

"ရပါတယ် ညီရာ မလိုပါဘူး "

"မောင်လေးရယ် ရပါတယ် သဘာဝကလည်း အစ်မအချစ်ဆုံးသူငယ်ချင်းလေဒီလောက်တော့ ကူညီရမှာပေါ့....သဘာဝနင်ကိုအားကျတယ်သိလား နေမင်းလက်ရာကအရမ်းတော်တာပဲ အိမ်ကဟာကြီးနဲ့များတစ်ခြားစီပဲ "

"ဟာ မိုင်မတရားဘူးကွာ ကိုယ်လည်း မင်းကိုပန်းတွေလက်ဆောင်ပေးဖူးတယ်လေ "

"ဘာလည်း ခွေးသေးပန်းလား ကိုအံ့ "

နေစကားအဆုံးတစ်ဖွဲ့လုံးပွဲကြသွားတော့သည်။

"ကဲ အားလုံးကြိုက်တဲ့ စားသောက်ဆိုင်ရွေးလိုက်ကြ ကျွန်တော်တို့နောက်ကလိုက်ခဲ့မယ်"

"အင်း "

"အင်း "

"ဒါဆိုသွားကြမယ် နေမင်းလက်ရာ ဒါ company offic နော် မဟုတ်သုက္ခတွေလုပ်ဖို့မစဉ်းနဲ့ လစ်ပြီ by by "

သူတို့အကုန်လုံးထွက်သွားမှ သူသူမမျက်နာလေးကြည့်တော့

ပန်းရောင်သန်းနေတာကြောင့်ရှက်နေမှန်းသူသိ

တာပေါ့။ဟိုသကောင့်သားတွေလည်း

အမြဲပွင့်ပွင့်လင်းလင်းကိုတလွဲလုပ်သည်။သူရပ်

နေရာကနေသူ့အလုပ်ထိုင်ခုံမှာဝက်ထိုင်လိုက်

ပြီး

မက်တပ်ရပ်နေတဲ့သူမလေးပေါင်ပေါ်ထိုင်စေလို

က်သည်။

သူမကလည်းဘေးတစောင်းလေးသူ့ပေါင်ပေါ်

ထိုင်နေရာကနေ

သူလည်ပင်းကိုသိုင်းဖက်ပြီး.......

"မောင် company name က"

"ဟုတ်တယ် မကိုစတွေ့ကတည်းက

အလုပ်လုပ်ရင်

ဒီနာမည်လေးပေးဖို့ဆုံးဖြတ်ထားတာ အခုဆို

အလုပ်တွေလည်း အဆင်ပြေနေပြီ "

"မောင်ကတော်တာကိုမောင်အလုပ်ရှိရင်

မလာနဲ့တော့လေ နေ့ခင်းဘက်

မောင်ပင်ပန်းတာပေါ့ "

"မပင်ပန်းပါဘူး

မောင်အလုပ်တွေမှာစိတ်ပင်ပန်းသမျှ

မနဲ့တွေ့မှအဆင်ပြေတာ "

"ဟွန့် စကားတက်တိုင်း "

"မ "

"အင်း "

"နမ်းချင်လို့ "

"လာပြန်ပြီ မရဘူး "

"တစ်မိနစ် ပဲလေနော် Please "

အောက်နှုတ်ခမ်းလေးကိုအရှေ့ကိုထုတ်ပြီး ပူဆာနေတဲ့မောင့်ပုံလေးကြည့်ပြီး သူမ သွားစွယ်လေးတွေပေါ်တဲ့ ရီနေမိတော့သည်။

"နော် လို့ နော် "

"အင်း မောင့်သဘော "

"ဟွန်း ဒါမှပေါ့ "

"အွန့် "

သူမဆီကခွင့်ပြုချက်ရသည်နှင့် သူမရဲ့ ပန်းရောင်သန်းနေတဲ့ သူမနှုတ်ခမ်းပါးလေးကိုအပိုင်သိမ်းလိုက်ပြီး မနူညံ

Jay Nge

မကြမ်းတမ်းတဲ့အနမ်းတွေပုံဖော်နေသည်။သူ
နမ်းနေရင်းအားမရတာကြောင့်
သူလျှာကိုသူမလျှာလေးနဲ့ ရစ်ပတ်ကာ ဆက်ပြီး
ပြင်းသသစ်အနမ်းကိုပုံဖော်နေသည်။

ဒီအတိုင်းရိုးရိုးနမ်းတာတောင်
အသက်ရှူမဝရတဲ့အထဲ
ပြင်းသစ်အနမ်းလိုပါပြောင်းနမ်းလာတဲ့မောင်
ကြောင့်
လူကမေ့ပါလဲချင်လာရတော့သည်။သူမ
နမ်းတာ နာရီဝက်လောက်ကြာနေပြီမို့

အသက်ရှူမဝတော့တာကြောင့်

လည်ပင်းသိုင်းဖက်ထားရာကနေ

မောင်အင်္ကျီစကိုဆွဲကာ သတိပေးမှ

အနမ်းတွေတဖြည်းဖြည်း

လျော့လာကာလွှတ်ပေးသည်။

"မ ရာ မနှုတ်ခမ်းလေးကချိုနေတာပဲ

လွှတ်ထွက်ချင်တဲ့စိတ်တွေမနဲ့ထိန်းနေရတယ် "

"ဟင်း ဟင်း  ဟင်း "

သူမ ကတော့သူကိုဘာမှပြန်မပြောနိုင်

အသက်ကို အတင်းရှုနေတော့သည်။

"ဟင်း မောင်ရာ

ဘယ်လိုတွေတောင်ဖြစ်နေတာလည်း

တကယ်မောဲ ဟင်း "

"ဒါတောင် မဝသေးဘူး

နောက်နေ့တွေနေ့တိုင်းနမ်းပေးမှရမယ် ဒါမှ

အကျင့်ဖြစ်သွားမှာ နော် မ"

Lay Nge

"မောင် မင်းနော် "

"မ "

"ဟင် "

"I Love You "

"ဟွန့် လူလည်လေး မောင်
မိုင်တို့စောင့်နေကြလောက်ပြီ သွားရအောင် "

Lay Nge

"ဟုတ်သား ဟိုကောင်တွေမောင်ကို ကျိန်စာတိုက်နေတော့မှာပဲ သွားမယ် မ အဲ့"

သူမ မောင်ပေါင်ဆင်းပြီး မောင်ကထလိုက်တယ်ဆိုညည်းညူးသံထွက်လာသည်။

"ဘာဖြစ်တာလည်း မောင် "

"ခြေထောက်ကျင်နေလို့ မရဲ့"

Lay Nge

"နည်းတောင်နည်းသေးတယ် ကဲချင်တာကို ဟွန့် "

"ထက်နမ်းခံချင်နေတာလား မ "

"ဟွန့် သွားမယ်ဆိုနေ "

"ဟုတ် ကဲ့ ပါ ဆ ရာ မ "

သူ လက်လေးပိုက်ကာ သူမရှေ့ကခေါင်းငုံ့ပြီး ထွက်သွားတော့

Lay Nge

သူမရှိချင်စိတ်ကိုထိန်းကာသူနောက်ကနေလိုက်သွားတော့သည်။

ကျွိုး......

သူ နဲ့ သူမ ဟိုကောင်တွေကို ညှော်ခံနေရတာမို့ သူမကိုအိမ်ပြန်ပို့တော့ မှောင်နေပြီဖြစ်သည်။သူမက ကားတံခါးဖွင့်ပြီး ဆင်းသွားတာကြောင့် သူလည်းဆင်းကာ သူမနားလျှောက်သွားပြီး.....။

"မ အိမ်ထဲရောက်အောင်ပို့ရမလား "

"မလိုပါဘူး မောင်ပြန်တော့လေ မှောင်နေပြီ ဘယ်မှမသွားနဲ့တော့ အိမ်တန်းပြန် "

"ပြန်မှာပါ ဟို ပြန်ခါနီးလေး kiss လေးမပေးချင်ဘူးလား "

"ပေးချင်ပါဘူး ဒီနေ့တစ်နေ့လုံးနော် မောင် များနေပြီနော် "

"နှုတ်ခမ်းကို မဟုတ်ပါဘူး မောင့်ပါးကို တစ်ခုပြောမယ် မောင်ရဲ့ဒီပါးကို မာမီကလွဲပြီး ဘယ်မိန်းမမှမနမ်းရသေးဘူး မ နမ်းနော် "

"မောင်ကလည်း "

"လုပ်ပါ "

သူမဘေးပတ်ဝန်းကျင်ကိုတစ်ချက်ကြည့်ကာ မျက်နှာလေးရဲကာဖြင့် ဖောင်းပေးထားတဲ့မောင့်

lay Nge

ပါးလေးကို နမ်းလိုက်တော့

မောင်တစ်ယောက်ပြုံးတော်မူတော့သည်။

"မ မောင့်ရဲ့အချစ်ဦးကလည်း မပဲ မောင့်ရဲ့

ပထမဆုံးအနမ်းပိုင်ရှင်ကလည်း မပဲ

မောင့်နှလုံးသားကလက်ခံ တာလည်း မပဲ

မောင့်ဘဝရဲ့ပထမဆုံးတွေကို မပဲပိုင်တယ် "

"ဟုတ်ပါပြီ ရှင့် မောင်သွားတော့ ရောက်ရင်

ဖုန်းဆက်လိုက်နော် "

"အွန်း မဝင်တော့လေ မ ဝင်သွားတာနဲ့ မောင်သွားမယ် "

"ဟုတ်ကဲ့ ပါ ရှင့်သဘော ဒါဆို သဘာဝဝင်ပြီးနော် "

သူကိုနှုတ်ဆက်ပြီး တယ် ခြံထဲဝင်သွားပြီး အိမ်ထဲဝင်သွားတဲ့အထိကြည့်ပြီးမှ သူကားပေါ်တက်ကာ မောင်းထွက်လာတော့သည်။

"မောင် စိတ်ဆိုးနေတယ်ဆိုရင်လည်း တစ်ခြားနည်းနဲ့ဆိုးပါမောင်ရယ် မောင်ကို ဒီလိုမြင်နေရတာ ရင်တွေကွဲတော့မယ် မောင် ရှိုင်းထက်မြတ် နဲ့စကားမပြောစေချင်ဘူး မဟုတ်လား မပက်သက်တော့ဘူးလေ မောင်သိပ်ချစ်တယ်ဆိုတဲ့ ငါ ငိုနေပြီလေ မောင်ကြည့်ရက်တယ်လား ဟင့် ဟီး ထပါတော့ မောင်ရယ်  မောင်ဒီလိုဖြစ်ရတာငါ့ကြောင့်ပါ ဟင့် ပြွတ်"

သူမ မောင့်ကိုစကားပြောရင်း မောင်နဖူးလေးကိုကြင်နာစွာနမ်းရှိုက်လိုက်သည်။

"လူကိုနမ်းချင်တိုင်းနမ်းလို့ရလား!"

"ဟင်"

သူမ မောင်ကိုယ်ပေါ်မျက်နှာအပ်ပြီးငိုနေရမှာမှ ဘုတောတောအသံကြောင့် သူမမော့ကြည့်လိုက်တော့...



lay Nge

"မောင်...ဟင့်...ဟီး မောင်သတိရပြီ ဟီး"

သူမ
မောင်ကိုယ်ကြီးကိုပိုပြီးတင်းကျပ်စွာဖက်ထား
လိုက်သည်။

"အာ ခင်များဗျာ
ခုမှသတိရတဲ့သူကိုဖက်ငိုနေတယ်
ကျုပ်မသေသေးဘူး"

lay Nge

"လွမ်းလို့"

သူမ
မောင့်ကိုဖက်ထားရာကနေမခွာပဲပြောလိုက်သ
ည်။

"မောင့် ကိုမျက်နှာလေးမော့ပြပါဦး
အချစ်ဆုံးလေး"

သူပြောတော့
မော့ကြည့်လာတဲ့သူမမျက်လေးကို

ကြည့်လိုက်တော့

သူမလေးပိန်သွားတာသူသတိထားမိသည်။သူ

ကိုဘယ်လောက်တောင်စိုးရင်နေရှာလည်းမသိ။

သူ သူမမျက်နာလေးကို သူမျက်နာနဲ့နီးအောင်

ပင့်ယူလိုက်ပြီး

သူလွမ်းနေရတဲ့သူမနှုတ်ခမ်းပါးလေးကို

ဖိကပ်နမ်းလိုက်တော့

အလိုက်သင့်တုန့်ပြန်နမ်းလာတာကြောင့်

သူမလည်း သူလိုပဲသူကိုလွမ်းနေတာပေါ့။

ငြိမ်းထက်တို့ သူငယ်ချင်းဖြစ်သူကိစ္စစုံစမ်းရင်

သူကို ဝင်လာကြည့်တော့မြင်လိုက်ရတာက..

"ဟာ "

"နေမင်းလက်ရာ သတောင်းစား

သတိရတယ်ဆို နာဘူးအရင်ထနေတယ်"

သူတို့သုံးယောက်ဝင်လာတော့ မ

ကနမ်းနေတာကိုရှုန်းလိုက်တာကြောင့်

ဝင်လာတဲ့ဟာတွေကို
ဘုကြည့်ကြည့်နေလိုက်သည်။

"အဲတာဘာအကြည့်လည်း ဟမ်"

"မင်းအမေဂျီးတော်ကို
မင်းအဖေကြည့်တဲ့အကြည့်"

ငြိမ်းထက် နေ
အပြောကိုတဘောတကျထရီကာ..

LayNge

"ဟား ဟား

ငါ့ကိုတောင်ဆဲနိုင်နေပြီဆိုတော့မင်းကောင်း

သွားပြီလို့ယူဆရတယ်"

"အေး မင်းမြန်မြန်သတိရလာတာကောင်းတယ်

ငါတို့ဆေးရုံလာရင်မုန့်တွေယူယူလာရတာ

စရိတ်ကုန်တယ်ကွ မင်းသိလား"

သူမ မောင်ကိုကြည့်လိုက်တော့

သူ့ကိုစနေတဲ့သူငယ်ချင်းတွေကို

ပြန်ပြောချင်နေတာ သူမရှိနေ
လို့ထိန်းနေပုံရတာမို့....

"မောင် သဘာဝ
အန်တီတို့ကိုဖုန်းဆက်ပြောလိုက်ဦးမယ်
မောင်သတိရပြီဆိုတာကို"

"အင်း မ "

မ သူနားကနေဆိုဖာနားသွားပြီး ဖုန်းသွားပြောမှ
ဟိုဥကောင်ကိုဆဲဖို့

ပြင်ရတော့သည်။သူလှဲနေရာကနေထိုင်ဖို့ပြင်တော့ဟိုကောင်တွေက ခေါင်းအုံတွေပါ အနောက်ခံပေးကာသေချာလုပ်ပေးသည်။

"စရိတ်ကုန်ရင်မလာနဲ့ပေါ့ xီး မို့လာတာလား ဟမ် မင်းတို့ကို လာပါလို့ခေါ်နေလို့လား ခွေးသတောင်စား ဉကောင်"

နေဆဲတော့ ငြိမ်းထက် နဲ့ ကျော်သူရကပြုံးပြုံးကြီး အဆဲခံနေပင်မဲ့ ကျော်မျိုးထူးက..

"နေရာ ငါမင်းကိုဘာပြောလို့လည်း
ဒီနှစ်ကောင်ပြောတာလေ "

"အေး Sorry ဟိုနှစ်ကောင် xီးပဲ"

ကျော်မျိုးထူးပြောမှ ထက်ဆဲခံရတာကြောင့်
ငြိမ်းထက်တို့ နှစ်ယောက်ကမျက်နာကြီးမဲ့ကာ..

"မင်းကိုငါတို့မေးစရာရှိတယ်"

LayNge

"ဘာကိုလည်း

"ကားတိုက်တဲ့နေ့ကအကြောင်းအကုန်ပြောပြ"

"ကားတိုက်တဲ့နေ့က......"

သူကားတိုက်တဲ့နေ့က မနဲ့ရန်ပြန်တာကအစ
ရှိုင်းထက်မြတ်ကို ထိုးလိုက်တာပါ
အကုန်ပြောပြလိုက်သည်။

"ငါပြောသားပဲ ရှိုင်းထက်မြတ်
လက်ချက်ပါဆိုနေ"

ကျော်သူရထပြောတော့ နေက....

"သူလုပ်တယ်လို့ မင်းတို့ထင်ကြတာလား
ဟင်အင်း သူလုပ်တယ်သေချာတယ်"

"ဘယ်လို "

"ရှင်းအောင်ပြောစမ်းပါကွာ"

"အဲ့နေ့က ငါ့ကိုဝင်တိုက်တဲ့ကောင်ရဲ့ အဝတ်ပစားကိုငါသေချာမြင်လိုက်တယ် Shine hotel ရယ် ဝန်ထမ်းဝတ်စုံ အဲ့ကတည်းကသေချာနေပြီ"

"ဘာ !!!"

ငြိမ်းထက်တို့ ဉယောက်ဆီကဘာဆိုသောအသံက

ဖုန်းပြောနေတဲ့

သဘာဝတောင်လန့်သွားရသည်။

"မင်းတို့ကလည်း အသံပြဲကြီးနဲ့"

"ငါတို့အဲ့ကောင်ကို အလွတ်မပေးဘူး

ကားနဲ့သွားပြန်တိုက်သက်မယ်"

ထိုစဉ်....

" သား သားလေး"

"သား "

သူဆီအပြေးတပိုင်းလပြီးဖက်တဲ့ မာမီ နဲ့ မာမီနောက်ကလိုက်လာတဲ့ ဒယ်ဒီ...

"ဟင့် သားရယ်
မာမီဘယ်လောက်ရင်ပူနေရလည်းသိလား"

"သိပါတယ် မာမီ သားတောင်းပန်ပါတယ်
သားကြောင့် စိတ်ဆင်းရဲရတာ"

"မဟုတ်ပါဘူး သားရယ်
သားပြန်သတိရလာတာပဲ ဝမ်းသာလှပါပြီ"

"သားကိုကားနဲ့တိုက်တာဘယ်သူခိုင်းတာလည်း
သား"

"ဒယ်ဒီ သူက...."

သူပြောမလို့ပြင်ပြီးမှ

ဉပဒေအတိုင်းတော့သူမကျေနပ်နိုင်

ဒါကြောင့်...

"သားလည်း မသိဘူးဒယ်ဒီ

တမင်ဝင်တိုက်တာတော့သိတယ် "

ပြောပြီး ဟို၃ကောင်ကိုကြည့်တော့

မင်းလုပ်တာမှန်တယ်ဆိုတဲ့သဘောနဲ့ခေါင်းငြိမ့်

ပြသည်။သူတို့လည်း

ဉပဒေအရဖြေရှင်းယုံလောက်နဲ့မကျေနပ်ပါ။တ

Lay Nge

ကယ်လို့သူသေသွားခဲ့ရင်
ဥပဒေနဲ့ဖြေရှင်းတော့ရော
အသက်ပြန်ရှင်မှာတဲ့လား။

"ဒယ်ဒီတို့ အခုစုံစမ်းနေတယ် သိတာနဲ့
တစ်သက်တစ်ကျွန်းကျအောင်ကိုလုပ်မှာ"

သူဒယ်ဒီအပြောကို ခေါင်းငြိမ့်ပြက
ပြုံးနေလိုက်သည်။မ
ကိုလှမ်းကြည့်လိုက်တော့ဖုန်းတစ်လုံးနဲ့ဘာတွေ
အလုပ်ရှုပ်နေမှန်းမသိ။

"Doctor ကျွန်တော်ဆေးရုံကဆင်းလို့ရပြီလား"

စပါပြီ သတိရတာဖြင့် 2နာရီမပြည့်သေးဘူး

ဆရာဝန်လာတယ်ဆို

ဆေးရုံကဆင်းဖို့ပြောနေတဲ့ မောင်ကိုကြည့်ကာ

အသဲတစ်ယားယား နေမကောင်းလို့ပေါ့

ကောင်းလို့ကတော့

ကျောပြင်လက်ဝါးစာမိသေးတာပေါ့။

"ဟယ် သားရယ်
သတိရတာဘယ်လောက်ကြာသေးလို့လည်းကွ
ယ်"

"မာမီ ရယ် သားအကြောင်းသိရဲ့သားနဲ့ဆေးရုံဆို
တစ်နာရီတောင်ပြည့်အောင်မနေချင်တာ.....
တာ....မှားလို့ နေမယ် နေမယ်"

ချက်ခြင်းအပြောင်းအလဲမြန်သွားတဲ့သူ့ကိုကြ
ည့်ပြီး အားလုံးက
အံ့သြတကြီးကြည့်နေကြသည်။ငြိမ်းထက်တို့

ကလည်း

အခုတစ်မျိုးတော်ကြတစ်မျိုးလုပ်နေတဲ့ကောင်

ဆိုပြီးကြည့်နေကြသည်။သူပြောင်းလဲသွားရာခြ

င်းက သူရဲ့မ သူကို ဂရုစိုက်တာခံချင်လို့ပင်။

ဆရာဝန်ကလည်း

သူ့မှာမီစိတ်ဆိုးမှာဆိုးလို့ပြောင်းလဲသွားတယ်

ဟုထင်ကာ....

"လူနာကကောင်းနေပါပြီး

ဆေးရုံကဆင်းလို့ရနေပါပြီ"

နေမင်းလက်ရာသူရဲ့အကြံတွေ ရိုက်ချခံလိုက်ရတဲ့အတွက် ဆရာဝန်ကို ဘုကြည့်ကြည့်ကာ...

"အခုမှသတိရတဲ့ လူနာကို ကောင်းနေပြီဆေးရုံကဆင်းလို့ရပြီးပြောတာ တော်တော် ကိုတော်တဲ့ဆရာဝန်ပါတကား"

သူမ မောင်ကိုကြည့်ကာ ခဏကပဲသူပဲဆေးရုံမှာတစ်နာရီတောင်မနေနိုင်

ဘူးပြောပြီးတော့
ဆရာဝန်ကဆင်းလို့ရပြီးလည်းဆိုရော
ဆေးရုံကမဆင်းချင်ပြန်ဘူးတဲ့ တော်တော်ကို
ဂျစ်တိုက်တဲ့ လူနာပါ။

"ဟယ် သားရယ် doctor
တောင်းပန်ပါတယ်နော် သူက
နေကောင်းခါစဆိုတော့ စိတ်မငြိမ်လို့ပါ"

"ရပါတယ် ကျွန်တော်နားလည်ပါတယ်"

LayNge

"Doctor
ကျွန်တော်ဆေးရုံကမဆင်းချင်သေးဘူးနော် အဲ့
"

"ဘာဖြစ်တာလည်း သား"

"မောင် ရရဲ့လား"

"နေ ဘာဖြစ်တာလည်းကွာ"

Lay Nge

သူ အ့လို့ရင်ဘက်ကိုဖိပြီး အော်တာကြောင့်
အားလုံးပြာပြာတလဲဖြစ်သွားကြသည်။

"အားလုံးစိတ်မပူပါနဲ့
ဒီလူနာကသူကောင်မလေးပြုစုပေးတာခံချင်လို့
ဆေးရုံမှာဆက်နေချင်လို့ တမင်လုပ်ပြနေတာပါ
"

ဆရာဝန်စကားကြောင့်
နေအမှန်တွေပေါ်သွားတာကြောင့်
ရှူးရှူးဒိုင်းဒိုင်းထဖြစ်တော့သည်။

LayNge

"ကျူပ်တကယ်ဖြစ်နေတာ မယုံရင်
ခတ်မှန်ရိုက်ကြည့်လိုက် အေး
ခင်များတို့မရိုက်လို့
ကျူပ်သွားရိုက်ကြည့်လို့တစ်ခုခုတွေ့လို့ကတော့
ခင်များကို ကျူပ်ကိုတိုင် လာရိုက်သက်မှာ
ဘာမှတ်နေလဲ ဟမ်"

ဆရာဝန်အပြောကြောင့်အားလုံးပြုံးတုံးတုံးဖြစ်
သွားပင်မဲ့ သူထပြောတဲ့စကားကြောင့် အားလုံး
မျက်လုံးပြူးသွားရလေသည်။

Lay Nge

"ဟဲ့ သား ဘာစကား.."

သူမတောင်စကားမဆုံးလိုက်...

"အလကားဆေးရုံ

အသုံးမကျတဲ့ဆရာဝန်တွေထားတဲ့ဆေးရုံ

ကြည့်နေ ငါ့သူငယ်ချင်းတွေ

ရန်ဖြစ်လို့သေခါနီးဖြစ်ရင် အသေပဲခံလိုက်မယ်

ဒီ ချီးဆေးရုံကို သေတောင်မတင်ဘူး"

သူ့ဘေးနားမက်တပ်ရပ်နေတဲ့ငြိမ်းထက်ခုယော
က်မှာအခုပဲသေးခါနီးဖြစ်ရမလိုလို
အခုပဲသေရတော့မလိုလို
ပြောပုံကတစ်စက်ကလေးမှာအချိုးမပြေ။

"သား မင်းနဲ့တော့ခက်ပါတယ်
တိတ်တိတ်နေစကားတစ်ခွန်းထက်ထွက်ကြည့်
...doctor ရယ်တောင်းပန်ပါတယ်"

"ရပါတယ်အန်တီ ကျွန်တော်က
စလို့ကောင်းလို့စနေတာပါ "

"ခင်များ စရအောင်ကျူပ်က...."

"မောင်"

သူစကားမဆုံးခင်
မရဲ့သတိပေးသံထွက်လာတာကြောင့်ချက်ခြင်း
တိတ်သွားသည်။ဒေါ်လက်ရာကတော့သားဖြစ်
သူကို မျက်စောင်းတထိုးထိုး။

~~~~~~~~~~~~~~~
~~~~~~~~~~~~~~~

"ပြန်လာတော်မူပြီလား
ဆယ်ရက်တောင်နင့်အကောင်က
ခုထိနိုးတော်မမူသေးဘူးလား"

"ဒေါ်လေး
သမီးအကြိုးအကြောင်းပြောပြီးသားနော်
ဒေါ်လေးတို့အတွက်လည်း
မိုင်အကုန်အဆင်ပြေအောင်လုပ်ပေးထားတာပဲ
ကို "

"ဟဲ့ နင့်အကောင့်က နင့်ကိုရှိုင်းလိုက်ပို့တဲ့နေကထိုးလွှတ်လိုက်တယ်ဆို တော်တော်ရမ်းကားနေပါလား ကားတိုက်တာနည်းတောင်နည်းသေးတယ် သူတော်ကောင်းစော်ကားတာကို"

"ဒေါ်လေး အခုမှနေပြန်ကောင်းတဲ့သူကိုမကျိန်ဆဲပါနဲ့ ဘာဖြစ်လဲဒေါ်လေးရယ် သူ့ချစ်သူနားသူစိမ်းယောကျ်ားလေးတစ်ယောက်တွေ့တာ သူဘယ်လိုသည်းခံနေမှာလည်း

အခုကိုရှိုင်းထက်မြတ်ဘက်ကလည်း

ဘာမှမပြောဘူးပြီးနေတာပဲကို ဒေါ်လေးတို့က

ဘာကိုနာနေတာလည်း"

သူမ အိမ်ပြန်ရောက်တယ်ဆို

ဒေါ်လေးရဲ့အပြောတွေက

ဆေးရုံကပင်ပန်းလာတာထက် ပိုဆိုးပါသည်။

"ညည်း အကောင်ကိုထိတော့နာနေတယ်

ဟုတ်လား ပြောပြီးသားနော်

ရှေ့ဆက်တိုးရဲတိုးကြည့် "

"ဒေါ်လေး

သမီးကျန်တာသာဒေါ်လေးစကားနားထောင်မ

ယ် မောင်နဲ့ပက်သက်ပြီး ဘာမှမပြောပါနဲ့

နားထောင်မှာမဟုတ်ဘူး

သမီးလက်ထပ်မဲ့လူဟာ

မောင်တစ်ယောက်ပဲရှိတယ်

အဲ့တာကိုဒေါ်လေးသိထားပါ"

လို့ပြောပြီး သူမ

အခန်းထဲသာဝင်ခဲ့တော့သည်။အပြင်မှာဒေါ်

လေးတော့ ဘယ်လိုကျန်ခဲ့လည်း

သူမစိတ်မဝင်စား။အနိုင်ခံတယ်ဆိုတာလည်း

တော်ယုံပဲကောင်းတယ်ဆိုတာဒေါ်လေးတို့သိသ

င့်ပါသည်။

ဒေါ်ညိုစိမ့်လည်း

သူကိုပြန်ပြောပြီးထွက်သွားတဲ့တူမဖြစ်သူကို

ကြည့်ကာ တစ်ချက်မဲ့လိုက်ပြီး သူမ ရဲ့

အကြံအစည်ကိုမကြာခင်

အကောင်အထည်ဖော်ဖို့ဆုံးဖြတ်လိုက်သည်။

_

–

–

–

–

သူမဒီမနက် ကျောင်းပိတ်ရက်မို့ မောင်အိမ်ကို မောင်စားဖို့ ကြက်သားဆန်ပြုတ်လေးပြုတ်ကာထွက်လာလိုက်သည်။သူမစီးလာတဲ့ Taxi ကားလေးက ခြံကြီးတစ်ခြံရှေ့ရပ်သွားတယ်ဆို သူမကားပေါ်ကဆင်းကာ taxi သမားဦးလေးကြီးကိုပိုက်ဆံပေးလိုက်သည်။

တီ တီ

သူမ

ဘဲလ်တီးလိုက်တယ်ဆိုခြင်းထဲကတစ်စုံတစ်ယော
က်ပြေးထွက်လာသည်။

"ဟင် ဆရာမ ကိုကိုဆီလာတာလား"

"ဟုတ်တယ် သမီး"

"ခဏလေး သမီးဖွင့်ပေးမယ်ဆရာမ "

မေလက်ရာ

တံခါးကိုဖွင့်ပေးလိုက်သည်။ဆရာမအထဲရော

က်မှ သူမတံခါးပြန်ပိတ်လိုက်ပြီး

ဆရာမကိုအိမ်ထဲဝင်ဖို့ခေါ်လိုက်သည်။

"ဆရာမလာ အိမ်မှာမာမီရှိတယ်"

သူမ မေလက်ရာလေးကိုပြုံးပြကာ သူမ နဲ့အတူ

အိမ်ဘက်ကိုလျှောက်လာသည်။တစ်မိသားစု

လုံးဖော်ရွေရဲ့သားနဲ့မောင်ကြမှဘယ်သူနဲ့တူလို့ ဂျစ်တစ်တစ်ဖြစ်နေလည်းမသိ။မနေ့ကဆေးရုံ မှာမောင်ပြောပုံနဲ့ ဆရာဝန်နဲ့ ထမသက်ကြတာကံကောင်း။

"ဟယ် သမီး လာလည်တာလား"

ဒေါ်လက်ရာ ထမင်းစားခန်းထဲကထွက်အလာ အိမ်ထဲကိုဝင်လာတဲ့ သူမတို့နဲ့ သွားစုံကြသည်။

Lay Nge

"ဟုတ် အန်တီ

သူ့အတွက်ကြက်သားဆန်ပြုတ်လေးလုပ်လာ

တာပါ"

"အော် သမီးပင်ပန်းတော့မှာပဲ

အဲစောက်ကလေးက

ဆန်ပြုတ်ဆိုအသေကြောက်တာ

ဘာကောင်လေးမှန်းမသိ"

"ရှင်
သမီးကသူနေမကောင်းတာတစ်ခါမှမတွေ့ရ
တော့ အခုမှ...."

"မာမီ သိပါတယ်....နှိုင်းယှဉ်"

လက်ရှာ နှိုင်းယှဉ်ကိုခေါ်လိုက်သည်။

"ဟုတ်ကဲ့ အန်တီ"

layNge

"အင်း သမီးဆီက ချိုင့်ယူပြီး
ပန်းကန်းထဲထည့်ပြီး သားကိုသွားပို့လိုက်"

"အဲတာဘာတွေလည်းဟင် မမ"

"ကြက်သားဆန်ပြုတ်ညီမလေး"

"ရှင်...ဟင်အင်း ဒါဆို
အစ်ကိုလေးဆီသွားမပို့ပါရစေနဲ့
နှိုင်းယှဉ်ကိုကြိုက်တာခိုင်းပါ နော်"

"ကဲ
သမီးအဲဒါတာကြည့်အိမ်ကသူတွေကသားအ
ကြောင်းသိတော့အဲ့လိုဖြစ်နေတာ"

"မမနှိုင်းယှဉ် သွားထည့်လိုက်နော် ကိုကို
ကိုညီမလေးသွားပို့လိုက်မယ် ဆရာမ
ပို့တာဆိုသူစားမှာပါ"

"အင်း ညီမလေး "

နှိုင်းယှဉ် ချိုင့်ထဲက ဆန်ပြုတ်လှယ်ဖို့ ထမင်းစားခန်းထဲဝင်သွားသည်။

"အော် သမီးကမက်တပ်ကြီးလာ မာမီနဲ့ ညှော်ခန်းထဲသွားစကားပြောကြမယ်..သားပြီးရင် ဆင်းလာမယ်ထင်တယ်"

"ဟုတ်ကဲ့ "

မာမီ ဆရာမနဲ့ ညှော်ခန်းဘက်ဝင်သွားတယ်ဆို မမနှိုင်းယှဉ်ဆီက

ဆန်ပြုတ်ပန်းကန်ယူကာအပေါ်ထက်

ကိုကိုအခန်းဆီတက်လာခဲ့သည်။

ကိုကို အခန်းအရှေ့ရောက်တယ်ဆို

တံခါးခေါက်လိုက်ပြီး....

ဒေါက် ဒေါက်

"ကိုကို "

ကျွီ

Lay Nge

"ဘာလဲ "

"ဒါလာပေးတာ "

သူအငယ်မလာပေးတာကိုကြည့်လိုက်တော့အိပ်ချင်နေတဲ့မျက်လုံးပါပြူးသွားရသည်။

"ဒါ ဒါ ဘာလုပ်ဖို့ "

"ကိုကိုသောက်ဖို့လေ ဆန်ပြုတ်"

"ဘာ !!!!"

သူရဲ့
*ဘာ*ဆိုတဲ့အသံကကျယ်လားမကျယ်လားမ
ပြောနဲ့
အောက်ထပ်ကညှော်ခန်းမှာစကားပြောနေတဲ့
သဘာဝတို့တောင်ကြားရသည်။

"ကဲ သမီး ကြားရပြီလား
ကြည့်နေဒီထက်ဆိုးတဲ့အသံတွေကြားရဦးမှာ"

နေ တစ်ယောက်သော မာမီတစ်ယောက်သူကို

အောက်ထပ်ကနေ

အရှက်ခွဲနေတာသိရင်တော့ဖြင့်....

"အငယ်မ ပြန်ယူသွားစမ်း ငါမသောက်ဘူးနော်

"

"သောက်ပါ..."

LayNge

မေလက်ရာ သူ့အရှေ့ပန်းကန်ထိုးပေးတော့ သူအခန်းထဲနောက်ဆုတ်ဝင်သွားသည်။မေလက်ရာလည်းခေသူမဟုတ် သူနောက်ဆုတ်လေရှေ့တိုးလာလေဖြစ်သည်။

"အငယ်မ သွား !"

"ကိုကို နေမကောင်းနေတာ စေတနာနဲ့လာတိုက်ရသေးတယ်"

Lay Nge

"မသောက်ဘူးဆို တောင်းပန်ပါတယ်

ပြန်ယူသွားပါတော့ !!!"

"သောက်ပါ ရိုးရိုးဆန်ပြုတ်မဟုတ်ဘူး

ကြက်သားဆန်ပြုတ် "

"မေလက်ရာ နင်နော် !!!!"

"ဘာလဲ လာလေ ခွန့်ကျွေးမယ် "

"မေလက်ရာ အကျင့်ပုတ်မ !!!"

Lay Nge

"ပုတ်ပုတ်ပဲ လာခဲ့ "

"ငါမသောက်ဘူးလို့ပြောနေတယ်နော် "

"ဟွန့်
မသောက်ရင်နေတော့ချော့မတိုက်တော့ဘူး
ငါ့ဘာသာပဲသောက်ပြစ်လိုက်တော့မယ် "

"အင်း ကျေးဇူးပဲ ညီမလေး"

"ရတယ် ကိုကိုကိုငါကကျေးဇူးပြန်တင်တယ် ဆရာမလက်ရာကို ငါ့ကိုစားခွင့်ပေးလို့"

"ဘာပြောတယ်"

"ဟုတ်တယ် ဒီဆန်ပြုတ်ကနင့်အတွက်ဆိုပြီး ဆရာမယူလာတာ ဆရာမအောက်ထပ်မှာ မာမီနဲ့စကားပြောနေတယ်"

"တကယ်လား"

"မယုံရင်သွားကြည့်လေ
ဒါတော့ငါသောက်ပြစ်လိုက်မယ်
နင်သောက်မှာမှမဟုတ်တာ"

အငယ်မက ဆန်းပြုတ်ခွက်ထည့်ထားတဲ့
ဗန်းကိုယူပြီး ပြန့်လှည့်ဖို့အလုပ် သူက
မေလက်ရာကိုကျော်တက်ကာ
အရှေ့ကရပ်လိုက်ပြီး လင်ဗန်းထဲ
ဆန်ပြုတ်ပန်းကန်ကိုယူကာ
အလုပ်စားပွဲကခုံမှာဝင်ထိုင်လိုက်သည်။

"ကိုကိုနင်ဘာလုပ်မလို့လည်း "

"သောက်မလို့ "

"ဘာကြီး !! ငါနားကြားမှားတာလား ကိုကိုရာ"

သူမ
ကိုကိုဆီကမထင်မှတ်ထားတဲ့စကားကြားလိုက်ရသည်မို့
တကယ်ပင်အံ့သြရသည်။သူမ၃တန်းလောက်ကမှတ်မိပါသေးတယ် ကိုကို

Lay Nge

ကျောင်းမှာရန်ဖြစ်လို့

ရိုက်ဆုံးမတာတောင်မကြောက်လို့

ဆန်ပြုတ်တိုက်မယ်ဆိုပြီးပြောမှ

အဲတစ်နှစ်လုံးရန်မဖြစ်ေ့တာ။

"အငယ်မ ကြောင်ကြည့်မနေနဲ့

သွားအောက်ထပ်ဆင်းတွေ ငါဒါသောက်ပြီးရင်

အဝတ်လဲပြီးဆင်းလာခဲ့မယ်"

"အော် အင်းအင်း "

ဒုန်း

တံခါးကိုဖြေးဖြေးလေးပိတ်သွားတဲ့

ညီမဖြစ်သူကြောင့်စာဖို့ကြိုးစားနေတဲ့

ဇွန်းလေးတောင်

ပန်းကန်းပြန်ကျသွားရတဲ့အဖြစ်။

"အန်တီ

အသံတိတ်သွားကြတယ်ဘာဖြစ်နေကြပြီလ

ည်းမသိဘူး"

"ဟုတ်တယ် သမီးရယ်
ဒီကောင်မလေးဘယ်လောက်တောင်
အစ်ကိုကိုစနေလည်းမသိဘူး
ဟိုကသတိပါလစ်သွားမှ ဒုက္ခ "

ဒေါ်လက်ရာအပြောကို ညှော့ခန်းထဲဝင်လာတဲ့
မေလက်ရာက...

"မာမီ သားလားသတိလစ်မှာ အခုဆရာမ
ချက်လာတဲ့ ဆန်ပြုတ်လည်းဆို စားမယ်ဆိုပြီး
ယူထားလိုက်တယ် သမီးလည်း မယုံတော့

ပြန်ပြီး တံခါးဟကြည့်တော့ တကယ်စားနေတာ

မာမီ သမီးကတော့ အထူးအဆန်းဆုံးကိစ္စ

မြင်လိုက်ရလို့လားမသိဘူး

သွေးပါတက်ချင်သွားတယ် အဲဒါလာပြောတာ

သမီးအခန်းထဲသွားတော့မယ် မာမီ သားက

သူစားပြီး အဝတ်အစားလဲပြီး

ဆင်းလာခဲ့ပါမယ်တဲ့

ဆရာမကိုမပြန်ခိုင်းပါနဲ့ဦးတယ်"

စကားလည်းဆုံးရော

စကားအပြန်တောင်မစောင့်တော့ပဲ မေလက်ရာ

ညှော်ခန်းထဲကနေထွက်သွားလေသည်။

"ကဲ့ သမီးကြည့် မာမီ သားရော

သမီးရောကဘာလေးတွေမှန်းကိုမသိဘူး...နှစ်

ယောက်လုံးနဲ့ပက်သက်နေရတဲ့ သမီးရော

စိတ်မညစ်ဘူးလား ပွစိပွစိ နဲ့ နှစ်ယောက်လုံးက

သူများအပြောကိုမစောင့်ဘူး"

"ဟုတ် မေလက်ရာလေးကအေးပါတယ်

အန်တီကျောင်းမှာတော့ပြောရတဲ့ကလေးထဲမ

ပါပဘူး အခုနောက်ပိုင်းလည်း

သူစာလုပ်လာတယ်

လူကညာဏ်ကောင်းတယ်သူမလုပ်လို့"

"ကျေးဇူးပါသမီးရယ် အဲတာသမီးကြောင့်ပါ

သမီးက မာမီအတွက်တော့ Lucky လေးပဲ

သား ရော သမီးရော က သမီးဆို

သည်းသည်းလှုပ်နေကြတာ

သမီးကြောင့်သူတို့ပြောင်းလဲလာတာကျေးဇူး
တင်ပါတယ်"

"ဟုတ်ရပါတယ် "

လက်ရာ
ပေါင်ပေါ်တင်ထားတဲ့သူမလက်လေးကို
ဆွဲယူပြီး လက်နှစ်ဖက်နဲ့စုပ်ကိုင်လိုက်ကာ....

"သမီးလေးကို မာမီ
ချွေးမအဖြစ်လက်ခံပါတယ် သမီးဆီမှာ

Lay Nge

သဘောမကျစရာတစ်ချက်မှမရှိဘူး ပြီးတော့ သမီးက သားကိုလက်တွဲခေါ် နိုင်မဲ့သူဆိုတာ ယုံတယ် သမီးကြောင့် သားပြောင်းလဲလာတာ"

"မောင် က ဟို နေမင်း..."

"သမီးတို့ခေါ်ပြောနေကြအတိုင်းပဲပြောပါ မာမီလူငယ်တွေရဲ့ အတွေးအခေါ်ကိုနားလည်ပေးနိုင်တယ်"

"မောင်က

စိတ်ဆက်တာကလွဲရင်သူကအရာအားလုံးပြည့်

စုံပါတယ်

သမီးမောင်ကိုရွေးချယ်လိုက်ကတည်းက

သမီးဘဝလက်တွဲဖော်က မောင်ပါပဲ"

လက်ရာ

သူမဘေးကချွေးမဖြစ်သူလေးကိုကြည့်ကာ

သားပြောသလိုပင်အသက်28နှစ်ဆိုတာသူမပင်

မယုံချင်။မျက်ခုံးလေးကပြင်ဆင်စရာမလို

မျက်တောင်အရှည်ကြီးတွေနဲ့

မျက်လုံးဝိုင်းဝိုင်းလေးတွေမှာ
အရည်ကြည်လေးတွေဝေ့နေတာ
မိန်းကလေးအချင်းချင်းတောင်
နှစ်ခါပြန်ကြည့်ရလောက်အောင်သူမမျက်ဝန်း
လေးတွေကလှပါသည်။သူမလေးလက်ကလေး
ကိုကိုင်ထားတာတောင်မှ
လက်ရာကိုင်ပြန်မလွှတ်ချင်လောက်
အိစက်တင်းရင်းနေတဲ့အသားအရည်ကိုမှ
ဖြူဖြူဝင်းဝင်းလေး။သူမတွေ့လိုက်တိုင်း
မြန်မာဝတ်စုံလေးနဲ့
ဘယ်လောက်ယှဉ်လိုက်လည်း။အခုလည်း

Lovely

ဝေဖာသားလိမ္မော်ရောင်အပွင့်အခတ်

ဝမ်းဆက်လေးနဲ့

နတ်သမီးလေးပမှာလှရက်နိုင်လွန်းပါပေ့။သား

ရွေးချယ်မှုမှားမှာကို သူမစိတ်ပူခဲ့ပင်မဲ့

အခုတော့ သူမစိတ်ပူသလိုဖြစ်မလာခဲ့ပါ။

နေအပေါ်ထပ်ကနေ အဝတ်လဲပြီးဆင်းလာကာ

ဧည့်ခန်းထဲဝင်လိုက်တော့

မလက်ကလေးကိုကိုင်ကာ

မကိုငေးကြည့်နေတဲ့ မာမီကြောင့်

သူအူတိုသွားရကာ မ နဲ့ မာမီကြား
သူအတင်းတိုးဝင်ထိုင်ပလိုက်သည်။

(အကျင့်ကိုက 😎)~

"ဟယ် "

သူမတို့နှစ်ယောက်ကြားအတင်းတိုးဝင်ထိုင်တဲ့
သားဖြစ်သူကြောင့် လက်ရာ
အလန့်တကြားသမီးလေးလက်ကို
လွှတ်ပေးလိုက်ရသည်။

Jay Nge

"ဟဲ့ နင်ဘယ်လိုဖြစ်နေတာလည်း ဟမ်
နေမင်းလက်ရာ "

"မာမီ ကဘာလို့
မလက်ကိုကိုင်ပြီးငေးနေတာလည်း "

"ငါ့ဘာသာဘာလုပ်လုပ်
နင်ကိုပြောပြစရာလား"

"မကသားအပိုင်လေ"

"အော် မှတ်ထားရဦးမယ်"

"သားမှာ ဒိုင်ယာရီ စာအုပ်ရှိတယ်ယူမလား
မှတ်ထားသင့်တာလေးမှတ်ရအောင်"

"ငါလုပ်ထည့်လိုက်ရ"

"ဟွန်း "

"သား ဆန်ပြုတ်တွေသောက်လိုက်တယ်ဆို"

Lay Nge

"ဟုတ်တယ် မာမီ ဆန်ပြုတ်ကကောင်းတယ်
ထင်သလောက်လည်းမဆိုးပါဘူး"

ဒေါ်လက်ရာသားဖြစ်သူအပြောကို
ခေါင်းတစ်ငြိမ့်ငြိမ့်
မွေးရကြိုးနပ်တဲ့သားဆိုတဲ့အကြည့် နဲ့
ကြည့်လိုက်သည်။

သူမာမီအကြည့်တွေကို သဘောပေါက်ကာ
မဘက်ကိုမျက်နှာလွှည့်လိုက်သည်။

"သက်သာသွားပြီလား ဘယ်နားနာသေးလည်း"

သူ မအမေးကိုပြုံးပြကာ ခေါင်းရမ်းလိုက်ပြီး.....

"သက်သာသွားပါပြီး တနလ်ာနေ့ကြရင် အလုပ်ပြန်တက်လို့တောင်ရနေပြီ "

"အင်း ဘယ်သွားသွားဂရုစိုက်သွား
နေရာတကာမှာ ရန်သူမရှာပါနဲ့ မောင်ရယ်"

layNge

"ဟုတ်ကဲ့ပါဗျ ကျွန်တော်ရန်မဖြစ်တာ မကိုတွေ့ကတည်းကလေ ဟွန်း ကိုယ်ကို တိုင်တောင်မသိလိုက်ခင်မှာပဲ နှလုံးသားကပြုပြင်သွားတာ "

"ဟယ် မောင်မရှက်ဘူးလား အန်တီရှိတယ်လေ "

"မရှက်ဘူး ဟွန့် တစ်ကိုယ်ထဲသမားတွေအလိုက်သိဖို့တော့လို့တယ်"

LayNge

"အယ် သားစုတ် သွားမှာပါဟွန်း"

သူမာမီစိတ်ကောက်ပြီးထွက်သွားတာကိုမြင်ပြီး သူ နဲ့ သူမနှစ်ယောက်လုံးပြုံးနေကြသည်။

" မ ခြံထဲသွားရအောင် "

"အင်း "

Lay Nge

သူ သူမလက်ကလေးကိုဆွဲကာ ခြံထဲခေါ်လာပြီး ခြံထဲက

ဒန်းလေးပေါ်မှာနှစ်ယောက်အတူတူထိုင်လိုက်သည်။ဒန်းပေါ်ထိုင်ပြီးတယ်ဆို

သူမလေးကိုပုခုံးကနေဖက်ကာ

သူရင်ခွင်ထဲထည့်လိုက်သည်။

"မောင်"

"ငြိမ်ငြိမ်နေ မောင်လွမ်းနေခဲ့တာ

အခုမောင်သတိမေ့နေတဲ့ ဆယ်ရက်အတွင်း

မအတော်ပင်ပန်းခဲ့မှာပဲ…မောင့်ကိုကြည့်ပြီး

မပြောနေတဲ့စကားတွေ

မောင်နှလုံးသားကခံစားရတယ် မ

မျက်ရည်ကျနေတာကို

မောင်သုတ်ပေးချင်တယ် ဒါပင်မဲ့

မောင်ခန္ဓာကိုယ်က

ခွင့်မပြုဘူး…မတွေ့ရတဲ့ဆယ်ရက်မှာ မ

မျက်နှာလေးသိသိသာသာချောင်ကြသွားတယ်

ဟိုကောင်တွေကလည်းပြောတယ် မ

ကမောင်ကိုအရမ်းစိတ်ပူနေတဲ့ ငိုပဲငိုနေပြီး

မကြောင့်ဖြစ်တယ်ဆိုပြီးပြောနေတာဆို"

"အင်း ဟုတ်တယ် တကယ်လည်း မောင်အဲလိုဖြစ်ရတာ သဘာဝကြောင့်ပဲလေ အဲ့နေက မဖြစ်သင့်ပဲဖြစ်သွားရတာ အကုန်လုံးရဲ့တရားခံက သဘာဝပဲလေ"

"ဘာမှမဆိုင်တာမရဲ့ ဘုရားဟောတဲ့အတိုင်းသာတွေးလိုက် ဖြစ်ချိန်တန်လို့ဖြစ်တာလေ အခုမောင်လည်း ပြန်လာချိန်တန်လို့ မဆီပြန်လာတာလေ"

သူမ မောင်ရင်ခွင်ထဲကနေ

မောင်မျက်နှာလေးကိုမော့ကြည့်တော့

မောင်ကသူမကိုငုံကြည့်နေတာကြောင့်....

"ဘာလို့ကြည့်နေတာလဲ"

"မ ကရောမောင့်ကိုဘာလို့ကြည့်နေတာလည်း "

"လွမ်းလို့

မောင့်သတိပြန်မရလာမှာကြောက်နေခဲ့တာ"

LayNge

"မကြောက်ပါနဲ့ ဘာဖြစ်လို့လည်းဆိုတော့
ဒီကောင်ကမအတွက်မွေးဖွားလာတာမို့လို့"

"I 'm your ပေါ့"

"အွန်း "

☼နေရောင်ရှိမှပွင့်မည့်ပန်း❀

Part_29

Lay Nge

"ဘာ !!!"

ရှိုင်းထက်မြတ် ဝန်ထမ်းဆီမှ Hotel မှာ ရဲတွေလာစစ်နေတယ်ပြောတာကြောင့် သူ ဘာဆိုပြီး ထအော်တဲ့အသံက ဝန်ထမ်းကောင်လေးတောင် လန့်သွားရသည့်အထိပင်။

"ဘာလာစစ်တာ လည်း"

"Hotel မှာ မူးယစ်ဆေးနဲ့ပက်သက်တာတွေရှိတယ်လို့ တိုင်ကြားထားတာရှိတာလာစစ်တာတဲ့ ပြီးတော့ သူဌေးကိုလည်း လာခဲ့ဖို့ပါခေါ်ထားပါတယ် "

"ဘာကွ ဘာမူးယစ်ဆေးလည်း ဘာတွေလိုချင်လို့ ငါ့ Hotel ကိုဒီလိုတွေလာလုပ်နေတာလည်း"

"ကျွန်တော်တို့
ဝန်ထမ်းတွေလည်းတားပါတယ်ဆရာ
အထက်ကပို့တဲ့စာပါ
ပြတာကြောင့်ကျွန်တော်တို့
ဘယ်လိုမှလုပ်မရပါဘူး hotel
တစ်ခုလုံးကိုစစ်နေပါတယ်"

"တောက်စ် "

သူ hotel
ကိုတစ်ယောက်ယောက်ချောက်တွန်းတယ်ဆို

Laynge

တာ သူသိလိုက်ပါပြီ။ဒီကိစ္စက

တစ်အားပြဿနာတက်သွားနိုင်တာလည်းသူသိ

သည်။တကယ်လို့ မူးယစ်ဆေးတွေသွားခဲ့ရင်

hotel အတွက်ပြဿနာကအကြီးကြီး။

ရှိုင်းထက်မြတ် အပေါ်ကုတ်ကိုချွတ်ကာ

ဆိုလည်ခုံပေါ်တင်လိုက်ပြီး

ဒေါသတွေလျှော့ကာ

ရုံးခန်းထဲကထွက်သွားတော့သည်။ဝန်ထမ်း

ကောင်လေးလည်း သူအနောက်ကို

မပြေးယုံတမယ်အမှီလိုက်ရတော့သည်။

သူအောက်ထပ်ရောက်တော့...

"မင်းက Hotel ပိုင်ရှင်ထင်တယ်"

"ဟုတ်ပါတယ် ရှိုင်းထက်မြတ်ပါ "

"Hotel ကို ဒီနေ့ကစပြီး
လိုင်စင်သိမ်းလိုက်ပါပြီ"

"ဘာဖြစ်လို့လည်း"

ဒုရဲအုပ်လို့ထင်ရတဲ့လူက သူ့လက်ထဲက မူးယစ်ဆေးဝါးထုတ်တွေကို မြှောက်ပြလိုက်ပြီး....

"မူးယစ်ဆေးတွေ Hotel အတွင်းတွေ့ရှိမှုပါ...hotel ဖွင့်ခွင့်လိုင်စင်သိမ်းရပါလိမ့်မယ် ပြီးတော့ ဥပဒေအရလည်းဖြေရှင်းရပါလိမ့်မယ်"

lay Nge

"Hotel မှာတွေ့တယ်ဆိုရင်တောင် ညွှ့်သည်တစ်ယောက်ယောက်မှာပါလာတာပဲ ဖြစ်လိမ့်မယ် hotel လိုင်စင်သိမ်းရအောင် ကျွန်တော်တို့ hotel ကဖြန့်နေတာမှမဟုတ်ပဲ"

"ဒါကတော့ တရားရုံးမှာဖြေရှင်းရမှာပါ ဒါကြောင့် ဒီနေ့ပဲ hotel ကို ပိတ်ပေးပါ "

"ဟာ အလုပ်သမားယူလာတာလား ညွှ့်သည်ယူလာတာမှန်းမသိတာကို Hotel ပိတ်ခိုင်းရအောင် ခင်များတို့က

ဘာတွေမို့လို့လည်း
ကျူပ်သုံးနေတာမြင်လို့လား!!"

သူ hotel ကိုပိတ်ခိုင်းနေတာကြောင့်
ဒေါသကထွက်လာကာ
စိတ်ရှိသလောက်အော်ပလိုက်သည်။

"အဲ့တာကတော့ အစ်ကိုတို့စစ်ဆေးရဦးမှာ
နာမည်ကြီး Hotel တွေအကုန်လုံးစစ်တာ ညီတို့
hotel တစ်ခုထဲမဟုတ်ဘူး "

"ဒါဆို နေလက်ရာ ရောပါလား
ပြောနေလက်ရာရောပါလား အခုကိစ္စက
အဲ့ကယုတ်မာတာမဟုတ်လား"

"ညီ အစ်ကိုတို့စစ်တဲ့အထဲမှာ နေလက်ရာhotel
ကထိပ်ဆုံးပဲ ညီလိုတောင်မဟုတ်ဘူး သူတို့
အသာတကြည်စစ်ခံတယ် ညီက
ဒီထက်ဆိုးတာတွေပေါ်ကုန်မှာဆိုးလို့လား"

ရှိုင်းသူ့ကိုမယုံသင်္ကာနဲ့ပြောနေတဲ့ ရဲကို
အင်္ကျီကော်လံကနဲ့ ဆွဲစောင့်ကာ......

Lawge

"ပြော ခင်များကို အဲ့ဦးနေမင်းတို့
ဟိုခွေးသတောင်းစားကဘယ်လောက်ပေးထား
လဲပြော"

သူအခြေအနေကိုထိထက်ပိုဆိုးသွားမှာဆိုးတာ
ကြောင့်သူ့မန်နေဂျာနဲ့
အတွင်းရေးမှူးကအတင်းဝင်ဆွဲရတော့သည်။မ
န်နေဂျာက သူ့ကိုဆွဲထားတုန်း အတွင်းရေးမှူးက
ဖုန်းထုတ်ကာ
ဥက္ကဌကြီးဆီအကြောင်းကြားရတော့သည်။

"စိတ်လျှော့ပါ

သူဌေးပြီးမှသေချာဖြေရှင်းကြတာပေါ့...ဒီကရဲ

မှူးကိုလည်းတောင်းပန်းပါတယ်

သူဌေးကဒေါ်သထွက်နေတုန်းမို့ပါ

ရဲမှူးတို့ပြောတဲ့အတိုင်းဖြစ်စေရပါ့မယ် ဒါပင်မဲ့

ညှော်သည်တွေကိုနေရာချပေးဖို့က

ကြာဦးမှာဆိုတော့ ကျွန်တော်တို့ကို

ဒီနေ့တစ်ရက်တော့အချိန်ပေးပါ"

"ဟုတ်ပြီ မနက်ဖြန် တရားရင်ဆိုင်ဖို့ ရှေ့နေလွှတ်လိုက်ပါ"

"ဟုတ်ကဲ့ပါ "

မန်နေဂျာနဲ့ အကျိုးအကြောင်းပြောပြီး ရဲတွေပြန်သွားကြသည်။ရှိုင်းထက်မြတ်ဒေါသကိုသိတာကြောင့် ရပ်ကြည့်နေတဲ့ဝန်ထမ်းတွေလည်း ကိုယ့်နေရာကိုပြန်သွားပြီး လုပ်စရာရှိတာလုပ်နေကြသည်။

ရှိုင်းထက်မြတ်

ဒီကိစ္စဘယ်သူလက်ချက်လည်းဆိုတာတွေးစ

ရာမလို။သူ့အဖေထက်တောင်

တိုက်ရည်ခိုက်ရည်သာနေတဲ့ကောင်ကိုသူ

လျော့တွက်မိသွားတာပဲ။ဒီကောင်မသေပဲ

ဆေးရုံကနေပါဆင်းသွားတာကို

သူပေါ့လျော့လိုက်မိခြင်း။သူဖေဖေကိုဘယ်လို

မျက်နှာခြင်းဆိုင်ရမလဲ။ဖေဖေလက်ထက်က

အောင်မြင်နေတဲ့ hotel

ကသူကျမ့။သူဖေဖေစိတ်ပျက်မှာကိုတွေးရင်ရ
င်ထဲမှာအပူမီးတွေနှင့်။

ဟွန်း

နေမင်းလက်ရာမင်းတကယ်မလွယ်တဲ့ကောင်
ပါလား။

~~~~~~~~~~~~~

"ရှော့ စား "

Lay Nge
~~~~~~~~~~~~~

"ဘာလဲ မ"

"ကြက်ကလိစာ

ချက်လာတာလေမောင်ကြိုက်မှန်းသိလို့"

"အာ အဲလိုမှန်းသိရင်

မောင်အဲတာမှာမစားပါဘူး အခုတော့ "

"အော် မောင်ရယ်

လက်ရာနှစ်မျိုးစားရတာပေါ့"

LayNge

သူမျက်နှာမဲ့ကာ..

"ဒါဆို မက မှာထားတဲ့ ကြက်ကလိစားစား

မောင်ကတော့ မ ဟာကိုစားမယ်"

မောင် ရဲ့အနှောင့်အသွားမလွှတ်တဲ့

စကားကြောင့်

သူမမျက်လုံးပင်ပြူးသွားရသည်။

"ဘာ ! မောင်နင်စကားဆင်ခြင်ပြောနော် ဆိုင်မှာ
ကလေးတွေရော
ကျောင်းသားမိဘတွေရောအများကြီးပဲ"

"ဟာ မကဘာထင်သွားတာလည်း Sorry မောင်
မချက်တဲ့ဟာပဲစားမယ်လို့ပြောတာပါ

"အစကတည်းကရှင်းရှင်းပြောပါလား"

"ဟုတ်ပါပြီး
ကျွန်တော်မျိုးအပြည့်အစုံမပြောမိတာပါခင်မျ"

LayNge

"အင်းပါ ရော့စား "

သူမ

မောင်ရှေ့ကိုဟင်းခွက်လေးချပေးလိုက်တယ်ဆို

အရင်တုန်းကအတိုင်းပဲသူမချက်ကျွေးတာဆို

အားပါးတရစားနေတုန်းပင်။ပြောင်းလဲသွားတာ

ဆိုလို အရင်က shirt လက်ရှည်ရယ် T_shirt

ရယ်ဘောင်ဘီအတိုရယ်ပဲဝတ်တဲ့လူက

အခုတော့ suit သာဝတ်တော့သည်။

သူထမင်းစားရင်နဲ့

မကသူကိုကြည့်ပြီးပြုံးနေတာကြောင့်....

"မ အဲ့လောက်မကြည့်နဲ့

မောင်ချောတာမောင်သိတယ်"

"လိပ်အကြီးစားကြီး"

"မ လက်ရာတကယ်အမြဲကောင်းနေတော့တာပဲ

အိမ်တာခေါ်ထားလိုက်ချင်တယ် "

Lay Nge

"ဘာခိုင်းစားမလို့လား"

"ခိုင်းစားစရာလား မဟင်းမချက်တက်လည်း
ကိစ္စမရှိဘူး အခိကက
မသာမောင့်အနားရှိနေရင်ပြီးတာပဲ
ကျန်တာမလိုတော့ပြီ"

"ချစ်ဖို့ကောင်းလိုက်တာ "

"အဲတာ မရဲ့မောင် "

"ဟုတ်ပါပြီ ဒါနဲ့ မောင်အမူကိစ္စဘယ်လိုနေလည်းတရားခံပေါ်ပြီလားမောင်"

သူ့မအမေးကိုခေါင်းခါလိုက်သည်။သူမကိုပေးသိလို့မဖြင့်....

"မသိရသေးဘူး မ ဒယ်ဒီတို့ကတော့ရှာနေကြတာပဲ တရားခံမပေါ်မချင်း အမှုမပိတ်ဘူးပြောတာပဲ"

LayNge

"မောင် သတိထားနေနော်

ဘာလို့ရန်တွေဖြစ်ရတာလည်း အခုတော့

ရန်သူတွေကဘယ်အချိန်လုပ်မယ်မှန်းမသိဘူး

တကယ်ပါပဲ မောင်တော်တော်ဆိုးတယ်"

ထိုအခါ နေမင်းလက်ရာတစ်ယောက်

လက်ပဓ္ဝန်းကိုချကာ လက်ကြီးတကားကားနဲ့...

"ဟိုးထား..မောင်

မကိုစသဘောကျကတည်းကအကုန်ပြင်ပြီး

သား မနဲ့ချစ်သူတွေဖြစ်ပြီးကတည်းက

မောင်လက်ပါတာ တသ်ယောက်ပဲရှိတယ်

အဲ့တာဘယ်သူလည်း မသိပါတယ်"

သူမမောင်ပြောတာကို ခေါင်းငြိမ့်ပြကာ...

"အင်း သိတယ် သူနဲ့လည်းတုမဖြစ်နဲ့

အခုနောက်ပိုင်းလည်း

ဒေါ်လေးတို့ဆီလောက်ပဲလာတော့တာ သဘာဝ

ပြန်ရောက်ရင် သူကပြန်သွားရော မောင် နဲ့

ပြဿနာတက်မှာဆိုးလို့ထင်တယ်"

"အဲလိုအလိုက်သိတော့ ရန်မများရတော့ဘူးပေါ့ မောင် မကအရမ်းလှတော့ စိတ်မချဘူး"

သူမ

မောင်စကားပြောရင်းစိတ်အလိုမကျစွာမျက်ခုံး တွန့်သွားတာကြောင့် သူမလကလေးနှစ်ဖက်နဲ့ မောင့်ရဲ့တွန့်နေတဲ့

မျက်ခုံးလေးကိုဖြန့်လိုက်သည်။

LayNge

"တစ်ခါတစ်လေးကြရင်

မောင်ကအူယားစရာလေး ကလေးလေး"

"အဲ့ကလေးက ဘယ်လောက်ချစ်တက်လည်း

မသိပါတယ်"

"သိပါ့...သိပါ့"

"အပှက် မ စားတော့ကျောင်းတက်ချိန်နီးနေပြီ

တော်ကြာ ရည်းစားနဲ့ ချစ်ကြည်နူးနေလို့

Lay Nge

ဆရာမ အတန်းဝင်ချိန်နောက်ကျတယ်လို့ ကျောင်းသားတွေကပြောဦးမယ် "

"ဟွန့် ဟုတ်ပါပြီး စားမယ် နောက်လFeb လဆန်းပိုင်းကြရင် အတန်းတင်ကြီးစစ်တော့မှာ ပြီးရင် ကျောင်း ၃လ ပိတ်ပြီး"

"ကျောင်း 3လပိတ်ရင် စေ့စပ်ကြမယ်နော် မ"

"အင်း မောင်"

"ချစ်စရာလေးကွာ "

"အပျိုး မောင့်ကောင်မလေး"

သူမတို့နှစ်ယောက် ချစ်ကြည်နူးနေတာကို

ဘေးက ဝိုင်းက

လူတစ်ယောက်ကြည့်နေခဲ့တယ်ဆိုတာ

သူမတို့နှစ်ယောက် သိပါ့မလား......။

A\N{ကံကြမ္မာဆိုတာက ချိုတစ်လှည့်

ခါးတစ်လှည့် }

–

–

–

–

တစ်လဆိုသောအချိန်က ခဏလေးနဲ့ ကုန်သွားပြီးနောက်....

"ဘုန်း "

Lay Nge

နေ ဒေါ်သတကြီးနဲ့ File တွဲကို စားပွဲပေါ်ပစ်ချလိုက်တာကြောင့် အစည်းအဝေးခန်းထဲက ရှယ်ယာရှင်တွေရော ဝန်ထမ်းတွေပါလန့်သွားကြရသည်။ပစ်ချလိုက်တဲ့သူ့မျက်နှာမှာတော့ ခက်ထန်တင်းမာနေလျှက်...။

"Hotel ကိုလာတည်းတဲ့ ဧည့်သည်ကို ပါးရိုက်ရအောင် မင်းတို့ကဘာတွေလည်းဟမ် သူကဝန်ထမ်းလား မင်းတို့ကဝန်ထမ်းလား"

"........."

"Reception က ဝန်ထမ်းတွေ ညှော်သည်တွေအပေါ်တစ်စက်မှအချိုးမပြေဘူး"

"........"

"မင်းတို့တွေ ညှော်သည်တွေပေါ်ချိုးနေတဲ့အချိုးတွေက ဘာစောက်ချိုးတွေလည်း မင်းတို့ကိုငါ

တန်ရာတန်ကြေးပေးပြီး

ညှိသည့်သည်တွေအတွက်ခန့်ထားတာ

ညှိသည်သည်တွေအပေါ် ရိုင်းနေမှတော့

အကုန်ထွက်ကြတော့ ....Manager"

တစ်ချိန်လုံး နေဘေးမှာ မက်တပ်ရပ်ပြီး

နေခေါ်တာကြောင့် သူပြာပြာသလဲ....

"ဟုတ်ကဲ့ CEO "

"အချိုးမပြေတဲ့ ဝန်ထမ်းစရင်း

ကျူပ်လုပ်ထားတယ် ဒီ File ကိုယူပြီး

တန်းစီဖြုတ်ပစ် မနက်ဖြန်

လိုအပ်တဲ့နေရာအတွက် ဝန်ထမ်းအသစ်ခေါ်"

"ဟုတ်ကဲ့ "

"သွား အကုန်ထွက်သွားကြ!!"

သူအော်လိုက်တယ်ဆို Manager က

ဝန်ထမ်းတွေကိုပါခေါ် ပြီး

အစည်းအဝေးအခန်းပြင်ကိုခေါ်ထုတ်သွားသည်

။

"အပွန်း ကျန်တဲ့ ရှယ်ယာရှင်တွေအလှည့်ပေါ့"

သူမဲ့ပြုံးပြုံးကာ ခုံပေါ်ထိုင်လိုက်ပြီး.....

"နေမင်းလက်ရာ က စည်းကမ်းတင်းကျပ်တယ်

ဝင်ငွေထွက်ငွေကို

တစ်ကျပ်လေးတောင်အကျွာအခံဘူး

....ကျူပ်အကြောင်းကို ကျူပ်ကွယ်ရာမပြောနဲ့

အခုပြောခွင့်ပေးတယ်ပြော

ကျုပ်ကိုမကျေနပ်တဲ့သူပြော အခုပြော!!!!"

သူ့အသံက

အပ်ကျသံတောင်ကြားရလောက်တဲ့အစည်းအ

ဝေးခန်းထဲ ပဲ့တင်သံပါထပ်နေသည်။

သူပြောခိုင်းတယ်ဆို အသက် 50အရွယ်

လူကြီးတစ်ယောက်က....

"မောင်နေ က CEO တစ်ယောက်ဆိုပင်မဲ့ ဒီ Hotel မှာလည်း ဒီထဲကလူတွေကလည်း ရှယ်ယာရှင်တွေပါပဲ မင်းဝန်ထမ်းတွေမဟုတ်ဘူး အော်ပြောရအောင်"

သူ Shirt လက်ရှည်အမဲကိုဝတ်ထားပြီး လက်ကိုခေါက်တင်လိုက်ကာ ရင်ဘတ်ကကြယ်သီး3လုံးလောက်ကိုဖြုတ်လိုက်ကာ....

Ngé

"အဲ့တော့ ရှယ်ယာထုတ်ချင်တာလား ရတယ် ခင်များ ရှယ်ယာဘယ်လောက်လည်းပြော"

နေပုံစံကြောင့် ကျန်တဲ့ ရှယ်ယာရှင်တွေလည်း ဘာမှမပြောနိုင်တော့။နေဒေါ်သထွက်ကာ hotel တစ်ခုလုံးက ဌာန တိုင်းကိုပတ်ရမ်းသွားတာ စားဖိုဆောင်ကလွဲ Manager ပါမကျန်။

သူဒေါသထွက်တော့ သူ့အမှား။သူတို့ကကြ စည်းကမ်းတင်းကျပ်တာလည်းမကြိုက် သူတို့ကိုယ်တိုင်ကြအဖြစ်ရှိလားဆိုတော့

အဖြစ်မရှိ။သူ hotel စရောက်ကတည်းက
ဒယ်ဒီလက်ထက်က
ဝန်ထမ်းတွေကိုသူကိုယ်တိုင်စောင့်ကြည့်ပြီး
သဘောမတွေ့တဲ့လူတွေကိုအကုန်ထုတ်ခဲ့သည်
။ကျန်တဲ့လူတွေကိုလည်း
အလုပ်ပိုလုပ်ချင်စိတ်ပေါက်အောင်
ဒယ်ဒီပေးတာထက် 10 ရာခိုင်းနှုန်း
ပိုတိုးပေးခဲ့သည်။အဲတာတောင်သူတို့က
အလုပ်ကိုလုပ်နဲ့တူအောင်မလုပ်
အခုသူပြောမှအလွန်။

~~~~~~~~~~~~~

"တ တကယ်ကြီး "

အံ့ မိုင်အပြောကိုမယုံလို့ ပြန်မေးနေတာ ဘယ်နှစ်ခေါက်တောင်ရှိနေပြီလည်းမသိ။

"ပျော်လိုက်တာကွာ
ကိုယ်ကလေးအဖေဖြစ်တော့မှာပေါ့နော်"

"ဟုတ်ပါ့ရှင်"
~~~~~~~~~~~~~

"အာ ဟား ဟိုကောင်တွေကိုကြွားရမယ်ကွ"

"ဘယ်ကောင်တွေကိုတုန်း "

"နေမင်းလက်ရာ တို့လေ ဒင်းတို့ကကိုယ့်ကို မင်းကွယ်ရာမှလှောင်နေကြတာ မိုင်မမသိပဲ အခုတော့ ဒီကောင်လူဖြစ်ပြီး ဟား ဟား"

မိုင် အပျော်ကြီးပျော်နေတဲ့ ယောကျာ်းဖြစ်သူကိုကြည့်ကာ သူမလည်း

စိတ်ချမ်းသာရသည်။သူမတို့
နှစ်ယောက်ပိုပြီးနီးစပ်စေဖို့အတွက်
သူမတို့ကြားက
နှောင်ကြိုးလေးဖြစ်တည်လာပြီလေ။

အံ့ မိုင်ကိုဖက်ထားရာကခွာကာ
မှန်တင်ခုံပေါ်တင်ထားတဲ့ သူ့ဖုန်းကိုယူပြီး
နေဆီဖုန်းခေါ်လိုက်သည်။သူဖုန်းခေါ်တယ်ဆို
နေဘက်ကချက်ခြင်းကိုင်သည်။

"ကိုအံ့ ဘာကိစ္စလည်း"

"ဟ့ မင်းအသံကဘာဖြစ်နေတာလဲ"

"Hotel က ဝန်ထမ်းတွေနဲ့ ရှယ်ယာရှင်တွေကို ပွဲကြမ်းထားလို့ပါ ကိုအံ့ရာ"

"စိတ်လည်း လျော့ပါညီရာ"

"အင်းပါ ဒါနဲ့ ကိုအံ့ဖုန်းဆက်တာက ဘာကိစ္စလည်း"

"အေးပြောဖို့ကိစ္စကို
မေ့နေတာကွ...ငါကလေးအဖေဖြစ်ပြီ ကွ"

"ဗျာ...ဟာတကယ်ကြီးလား ကိုအံ့
Congratulations ပါ ဗျာ "

"အေး အဲဒါကြောင့်
မင်းကိုကြွားတယ်ဆိုပါတော့
မင်းလည်းအမြန်ယူပြီး ငါ့ကိုအမီလိုက်ဟေ့ "

"ဟုတ်ပါပြီပါ အစ်ကိုခေတ်ဆိုတော့ အစ်ကိုပြောထားဦးပေါ့ဗျာ အဲတာဆိုဒါပဲဗျာ အခုကျွန်တော် မကိုသွားကြိုမလို့ဗျ"

"အေးပါကွာ By "

"by "

တီ တီ

"ကိုယ် နေကဘာပြောလဲ"

Lay Nge

"သူမိန်းမလောင်းလျာလေးကိုကျောင်းကသွားကြိုမလို့တဲ့"

"ဟွန်း သူလည်း
သဘာဝတစ်ယောက်နဲ့ပဲတိုင်ပတ်နေတယ်"

"တိုင်ပတ်တာလည်းမပြောနဲ့လေ အဲ့ကောင်က
အခုမှ ရည်းစားထားဘူးတာလေ
သဘာဝပန်းက သူ့အချစ်ဦးပဲ"

"ဒီကောင်လေးမထင်ရဘူးနော် "

"ကို တို့တောင်းအတွင်းသိအစင်းသိတွေမို့ တစ်ခြားသူဆို ယုံမှာလား သူ့ရုပ်ရည် အရည်အချင်းနဲ့ အသက်အရွယ်ကလည်း ငယ်ငယ်ပဲရှိသေးတာ...အဲတာတွေထားလိုက်ပါ မိုင်ရာ"

ဆိုပြီး မိုင်ကို အံ့ရင်ခွင်ထဲထည့်ပြီး ဖက်ထားလိုက်သည်။

layNee

♡February 14 Valentine's Day......♡

"မောင်ဘယ်ကိုခေါ်လာတာလဲ "

"မောင် Hotel နှစ်ပတ်လည် party ရှိတယ်လေ ဒီနေ့ မနက်က ချစ်သူများနေ့အတွက် လျှောက်လည်ပါမယ်ဆိုတာကြ လက်မခံပဲနဲ့"

"မောင်ကလည်း ကလေးတွေကအတန်းတင်ကြီးဖြေရတော့မှာမို့

စာတွေအချိန်ပိုခေါ် ပြီးလုပ်ပေးနေလို့လေ

ချစ်သူများနေ့က ဒီတစ်နှစ်ထဲမှာမဟုတ်တာ "

"ဟုတ်ပါပြီ"

ကျြီး:::::.....

သူ Hotel ကားပါကင်အောက်ကားရပ်ပြီး

သူကားတံခါးဖွင့်ကာဆင်းလိုက်ပြီး

သူမဘက်ကတံခါးကိုဖွင့်ပေးကာ

သူမကိုသူ့လက်တစ်ဖက်ကမ်းပေးလိုက်တော့

Lay Nge

သူလက်ကိုကိုင်ပြီးဆင်းလာသည်။သူမ
အသာရေ ဖြူဖြူဝင်းဝင်းလေးနဲ့
ကြက်သွေးရောင်လည်ပင်းကြိုးစည်းဂါဝန်အရှ
ည်လေးက လှပတင့်တယ်စွာ
ရှိနေသည်။ဆံပင်လေးကိုလည်း ဖြန့်ချထားပြီး
ကပိုကရိုလေးနဲ့ နတ်သက်ကြွေလာတဲ့
နတ်သမီးတောင် သူမလောက်လှမှာမဟုတ်။

သူ သူမလက်ကိုဆွဲက Hotel Party
ကျင်းပလေ့ရှိတဲ့
ခန်းမဆောင်ထဲခေါ်လာလိုက်သည်။ခန်းမထဲဝင်

မဲ့ တံခါးနားရောက်တယ်ဆို သူမ

မျက်လုံးလေးတွေကို

သူလက်နှစ်ဖက်နဲ့ပိတ်လိုက်တော့

သူမကသူ့အပြုအမူတွေနားမလည်တာကြောင့်.

...

"ဘာလုပ်တာလည်းမောင်"

"မောင်ကိုယုံကြည်ကြီးလိုက်ခဲ့နော်"

သူမခေါင်းငြိမ့်ပြလိုက်တော့.....

"တံခါးဖွင့်လို့ရပြီ"

သူအမိန့်ပေးလိုက်တယ်ဆို Hotel ခန်းမဆောင်တံခါးကြီးပွင့်လာပြီး သူမကိုသူအရှေ့ကဝင်စေပြီး သူကသူမကိုအနောက်ကနေ မျက်ဝန်းတွေကို လက်နဲ့ကာထားကာ သူမချောမလဲအောင်ထိန်းပေးထားသည်။သူမ လမ်းလျှောက်ပြီး

Laywe

ခဏကြာတော့မောင်ကပုခုံးကို

ဆွဲလိုက်တာကြောင့် သူမကရပ်လိုက်သည်။

"မ ခဏနော် 1 to 10 ထိရေပြီးမ

မျက်လုံးဖွင့်ကြည့်နော်"

သူမ မောင်တစ်ခုခု သူမကို suprise

တိုက်တော့မယ်ဆိုတာ သိနေပြီ

ဖြစ်သည်။ဒါပင်မဲ့ မောင်ပြောတော့ party

ဆိုပြီး

လူအသံတွေလည်းမကြားရ။သေချာသည်

မောင်

လူတွေကိုအသံတိတ်ခိုင်းထားတာထင်သည်။

"1 2 3 4 5 6 7 8 9
10.....မောင်ငါမျက်လုံးဖွင့်ပြီနော်"

သူမ မှိတ်ထားတဲ့ မျက်ဝန်းနှစ်စုံကို
ဖွင့်လိုက်တော့.....

"ဟယ် "

# ☀️နေရောင်ရှိမှပွင့်မည့်ပန်း❀

Part_30

"ဟယ် "

သူမ မြင်လိုက်ရတဲ့
အပြင်ဆင်ကြောင့်မှင်သက်သွားရတာအမှန်ပင်
။ခန်းမတစ်ခုလုံးအမှောင်ချထားပြီး
ဖယောင်းတိုင်မီးလေးတွေသာထွန်းထားသည်။
ခန်းမတစ်ခုလုံးက အပြင်အဆင်တွေမှာလည်း

နီရဲနေတဲ့ နှင်းဆီပန်းတွေနဲ့ အတူ

ကြွေပြားတွေအပေါ်မှာလည်း

နှင်းဆီပွင့်ဖက်တွေ

ကျဲထားသည်။သူမထင်သလို

လူတွေအများကြီး နဲ့ hotel နှစ်ပတ်လည်ပွဲ

ကျင်းပတဲ့ပုံစံမဟုတ်။ စားပွဲ

အဝိုင်းတစ်ခုမှာလည်း

အသဲပုံကတီပါဘူးတွေနဲ့အတူ Cake တစ်ခု၊

Chocolate ဘူးတွေ ပြီးတော့ ဝိုင်ပုလင်း နဲ့

သရဖူလေးတစ်ခု ရယ်။ပြီးတော့ သူမ နဲ့

မောင်မိုင်မင်္ဂလာဆောင်တုန်းကရိုက်ထားတဲ့ပုံ

လေးပါတဲ့ Calendar လေးမှာ February 14 ကိုအသဲပုံလေးဝိုင်းထားပြီး 194 ဆိုပြီး စာသားအသေးလေးပါသေးသည်။အဲဒါတွေအပြင် စားပွဲပေါ်မှာ နှင်းဆီအနီပန်းစည်းအကြီးကြီး။လက်ဆောင်ဘူးလို ဘူးတစ်ဘူးရှိနေပြီး သူမဘာဆိုတာတော့မသိပေ။

"ဖျက် !!"

ဖျက် ကနဲ့ဆို

စလိုက်မီးတစ်ခုလင်းလာတာကြောင့်

စားပွဲပေါ်က ပစ္စည်းတွေကြည့်နေရာက

အနောက်ကိုလှည့်ကြည့်လိုက်တော့ ဂစ်တာကို

လွယ်ပြီး

ထွက်လာတဲ့မောင်...။မောင်ကလာတုန်းကလို

အဖြူရောင် shirt လက်ရှည်နဲ့မဟုတ်တော့ပဲ

အနီရောင် shirt လက်ရှည်ကိုကြယ်သီး

3လုံးလောက်ဖြုတ်ထားကာ

ဂစ်တာကိုလွယ်လျက်

သူမနားလျှောက်လာသည်။

အံသြနေတဲ့ မျက်ဝန်းလေးတွေနဲ့ ကြည့်နေတဲ့

အကြည့်စူးစူးလေးတွေက

သူ့ရင်ကိုအမြဲလှုပ်ခါစေသည်။တစ်ခါမှ

အချစ်မတွေ့ဘူးလို့

အဖြစ်သည်းနေတယ်ပြောလည်း

သူ့ဂရုစိုက်နေမှာမဟုတ်။သူ့အတွက်

မသည်သာအရာရာ

မကသာသူ့ဘဝအတွက်လိုအပ်ချက်မို့

မရဲ့နှုတ်ဖျားကထွက်တဲ့စကားကသာ

သူ့အတွက် သေဆေးဖြစ်သလို ရှင်သန်ရမဲ့

အကြောင်းပြချက်လည်းဖြစ်သည်။သူ့ကိုကြည့်နေတဲ့ မလက်ကိုဆွဲကာ ခုံမှာထိုင်စေလိုက်ပြီး....

"မအတွက် မောင်သီချင်းဆိုပြမယ် "

ဆိုကာ သူမရှေ့မှာ မက်တပ်ရပ်နေလိုက်ပြီး ဂစ်တာ စာတင်တီးခတ်ကာ......

♫ 105 is the number that comes to my head ......

LayNge

(105ဆိုတဲ့
နံပတ်လေးကကိုယ့်အတွေးထဲဝင်လာတယ်)

When I think of all the years I wanna be with you...

(အဲလိုနှစ်တွေအများကြီး
ကိုယ်မင်းနဲ့အတူရှိချင်တယ်)

Wake up every morning with you in my bed....

Lay Nge

(မနက်တိုင်းအိပ်ရာကနေကိုယ်မင်းနဲ့အတူနိုးထ ချင်တယ် )

That's precisely what I plan to do....

(ကိုယ်ဒီအတိုင်းပဲအစီအစဉ်တွေချထားတာပေါ့ )

And you know one of these day...

(မင်းတစ်နေ့တော့ သိမှာပါ )

Lay Nge

When I get my money right...

(ကိုယ်ပိုက်ဆံတွေပုံမှန်ရှာနိုင်တဲ့အချိန်ရောက်ရင်လေ )

Buy you everything and show you all the finer things in life....

(မင်းအတွက်အရာအားလုံးကိုဝယ်ပေးပြီးတော့ ဘဝမှာအကောင်းဆုံးအရာတွေကိုပြပေးမယ်လေ )

Will forever be enough,So there ain't no need to rush.....

(ထာဝရအတွက်လုံလောက်မှာပါ ဒါကြောင့်အလျင်စလိုမလိုအပ်ပါဘူး )

But one day,I won't be able ,to ask you lound enough....

(ဒါပေမဲ့ တစ်နေ့ကြရင် မင်းကိုကိုယ်ဒီမေးခွန်းလေးမေးဖို့ သတ္တိရှိပါ့မလား )

Lay Nge

I'll say will you in marry me.....

(ကိုယ်မေးမယ်
မင်းကိုယ့်ကိုလက်ထပ်နိုင်မလား )

I swear that I with mean it.....

(ဒီစကားကအမှန်တကယ်ဆိုတာ
ကိုယ်ကျိန်ဝံ့ပါတယ် )

will you in marry me.....

Lay Nge

(မင်းကိုယ့်ကို လက်ထပ်နိုင်မလား )

ooh whoa ooh oh

ooh whoa ooh oh

How many girl in the world can make me feel like this ?

(မိန်းကလေးတွေဘယ်လောက်ကများကိုယ့်ကို ဒီလိုခံစားရအောင်လုပ်နိုင်မှာလည်း)

Lay Nge

Baby I don't ever plan to find out...

(ကလေးရေ
ကိုယ်ဒီလိုဖြစ်လာအောင်စီစဉ်ထားတာမဟုတ်
ဘူး )

The more I look, the more I find the reasons why....

(ကိုယ်ရှာဖွေလေပိုပြီးအကြောင်းပြချက်တွေ
တွေ့လေပဲ)

You are the love of my life....

(မင်းကကိုယ့်ဘဝရဲ့အချစ်စစ်မို့လေ )

You know one of these days when I get my money right....

(မင်းတစ်နေ့တော့သိမှာပါ ကိုယ်ပိုက်ဆံတွေပုံမှန်ရှာနိုင်တဲ့အချိန်ရောက်ရင်လေ )

Buy you everything and show you all the finer things in life....

(မင်းအတွက်အရာအားလုံးကိုဝယ်ပေးပြီးတော့ ဘဝမှာအကောင်းဆုံးအရာတွေကိုပြပေးမယ်လေ )

Will forever be enough,So there ain't no need to rush.....

(ထာဝရအတွက်လုံလောက်မှာပါ ဒါကြောင့်အလျင်စလိုမလိုအပ်ပါဘူး )

But one day,I won't be able ,to ask you lound enough....

(ဒါပင်မဲ့ တစ်နေ့ကြရင်
မင်းကိုကိုယ်ဒီမေးခွန်းလေးပေးဖို့
သတ္တိရှိပါ့မလား )

I'll say will you marry me.....

(ကိုယ်မေးမယ်
မင်းကိုယ့်ကိုလက်ထပ်နိုင်မလား )

Lay Nge

I swear that I with mean it.....

(ဒီစကားကအမှန်တကယ်ဆိုတာ

ကိုယ်ကျိန်ဝံ့ပါတယ် )

will you  marry me.....

(မင်းကိုယ့်ကို လက်ထပ်နိုင်မလား )

Lay Nge

သူ့သီချင်းဆုံးတယ်ဆို စားပွဲပေါ်က ကတ်တီပါဘူးလေးကိုယူပြီး ဂစ်တာကို သူမအားကထိုင်ခုံမှာတင်လိုက်သည်။ သူမရှေ့ဒူးထောက်ကာ လက်စွပ်ဘူးလေးကို ဖွင့်လိုက်ပြီး...

"will you  marry me "

သူမ မောင်

သီချင်းဆိုတာနားထောင်နေကတည်းက မျက်ရည်တွေက ကျလာပြီးသား။မောင်က

Lay Nge

သူမကိုချစ်တဲ့အချစ်က သူမ

ခန့်မှန်းလို့တောင်မရတော့ပေ။သူမ မောင့်ရဲ့

*will you marry me* စကားသံလေးက

သူမနားထဲ

ပဲ့တင်သံလိုမျိုးထပ်ခါထပ်ခါကြားနေရသည်။

သူမ မောင်ကို အဖြေဖို့တောင်

မေ့နေရသည့်အထိပင်။

"ဟင့် ဟင့် "

"ဟောဗျာ ငိုနေတယ်"

"ဟင့် မောင်ကိုလက်ခံပါတယ်
မောင့်ကိုလက်ထပ်မယ်"

"တကယ်နော် "

"အင်း "

"ဒါဆိုလက်ပေး "

Lay Nge

သူမဆီကလက်အပေးကိုတောင်မစောင့်တော့ပဲ
သူမရဲ့ဘယ်ဘက်လက်ကလေးကိုယူကာ..

"မောင် နင်ပထမပေးထားတဲ့လက်စွပ်ရှိတာကို"

"အဲတာချွတ်လိုက်"

လို့ပြောပြီး သူမလက်သန်းကြွယ်
ကသူပထမပေးထားတဲ့
လက်စွပ်လေးကိုချွတ်ကာ စလိုက်မီရောင်ကြား
တဖျက်ဖျက်လက်နေတဲ့ စိန်လက်စွပ်ကို

သူမလက်ကလေးကိုစွပ်ပေးလိုက်သည်။အခုသူ
မကို စွပ်ပေးတဲ့ စိန်လက်စွပ်က
အမေရိကန်မှာရှိတဲ့ ကိုနေ့ရက်စွဲ မေမေရဲ့
စိန်တိုက်ကသူမှာထားတာဖြစ်သည်။သူ
ဒူးထောက်ထားရာကထကာ
မနဲ့မျက်နှာချင်းဆိုင်ခုံမှာဝင်ထိုင်လိုက်ပြီး.....

"Happy Valentine's Day My Girl "

"Happy Valentine's Day Lovely Mg "

သူမရဲ့အပြောကိုပြုံးပြီး ထောင်ထားတဲ့ Calendar ကိုယူကာ မဆီကမ်းပေးလိုက်ပြီး..

"မ Calendar မှာ 194 ဆိုတာဘာလည်းသိလား "

"အင်း မတို့ချစ်သူသက်တမ်း 194 ရက်ရှိပြီလေ"

"မ သိတယ်"

LayNge

"မောင်မှတ်ထားသလို

မလည်းမှတ်ထားတာတွေရှိပါတယ် မောင်"

"ဒါကြောင့် ဒီနှင်းဆီပန်းလေး 194 ပွင့်ကို

လက်ခံပေး"

သူနှင်းဆီပန်းစည်းကို သူမဆီကိုပေးတော့

သူမက လက်နှစ်ဖက်နဲ့ယူကာ

သူမဘေးကခုံပေါ်တင်လိုက်သည်။

"ဒီချောကလက်တွေကလည်း မအတွက်ပဲ "

"ဟုတ်ပါပြီ ဒါတွေကရောဘာအတွက်လည်း"

သူမ cake , ဝိုင်ပုလင်း,လက်ဆောင်ဘူးလို့ ဘူး ပြီးတော့ သရဖူကို လက်ညှိုးထိုးကာ မောင်ကိုမေးလိုက်သည်။သူမမေးတော့မောင် က ပြုံးကာ လက်ဖျောက်တီးလိုက်သည်။

ဖျောက်

သူလက်ဖျောက်တီးလိုက်တယ်ဆို

ခန်းမတစ်ခုလုံးမီးလင်းလာပြီး ......

"Happy Brithday to you "

"Happy Brithday to you "

"Hppy Brithday to you "

"Happy Brithday Dear Pan "

Lay Nge

မီးဖွင့်လိုက်တယ်ဆို brithday song ဆိုပြီး ထွက်လာတဲ့ လူတွေကိုကြည့်ကာ သူမအံ့သြနေရသည်။သူမ လူတွေဘက်ကြည့်နေရာက မောင်ဘက်ပြန်လှည့်တော့ မောင်ကပြုံးကာမက်တပ်ရပ်လိုက်ပြီး သရဖူကိုယူကာသူမခေါင်းပေါ်ဆင်မြန်းပေးလိုက်သည်။

"Happy Brithday My Girl "

LayNge

သူမ မွေးနေ့ကိုမေ့နေခဲ့တာပဲ တကယ်လည်း

သူမမွေးနေ့က ချစ်သူများနေ့ဖြစ်သည်။သူမ

ကမေ့နေပင်မဲ့ မောင်ကသတိတရရှိကာ

သူမမွေးနေ့ကို

အမှတ်တရဖြစ်အောင်လုပ်ပေးသည်။သူမ

cake လေးကိုကြည့်လိုက်တော့

ခဏကကြည့်တော့ ရိုးရိုး Chocolate cake

ပါ။အခု Cake  ပေါ်မှာ* Happy Brithday My

Girl *တဲ့။သူမ ဝမ်းသာလွန်းတာကြောင့်

မက်တပ်ရပ်နေတဲ့မောင်ကို ထရပ်က

မောင်လည်ပင်ကိုတွယ်ခိုပြီးဖက်လိုက်တော့

မက်ကအလိုက်သင့် သူမ ခန္တာကိုယ်လေးကိုတင်းကျပ်စွာပြန်ဖက်ထားသည်။

"အဟမျး အဟမျး "

သူမ ချောင်းဟန့်သံကြားတာကြောင့် မောင်ကိုဖက်ထားရာကခွာလိုက်ကာ လှည့်ကြည့်လိုက်တော့ မောင့်မိဘတွေ နဲ့ မိုင်တို့လင်မယားနှစ်ယောက်။

"အပျှင်း ချစ်ကြည်နူးနေကြတာ ယောက္ခမတွေလည်းမမြင်နိုင် သူငယ်ချင်းတွေလည်းမမြင်နိုင်ဖြစ်နေပါလား"

မိုင်

သူငယ်ချင်းဖြစ်သူအတွက်ဝမ်းသာလွန်းလို့စလိုက်သည်။

"မိုင်ကလည်း"

LayNge

"မမိုင်ကလည်းဗျာ

ကျွန်တော်ကောင်မလေးရှက်သွားပြီး"

လက်ရာ သားဖြစ်သူအကဲပိုနေပုံကိုကြည့်ကာ

မျက်စောင်းထိုးလိုက်ပြီး

သဘာဝနားလျှောက်လာကာ.....

"သမီးကလှလိုက်တာ

တကယ်နတ်သမီးလေးကြနေရောပဲ နော် ကိုယ်

"

"အင်း နေမင်းလက်ရာဘဝမှာ
အကောင်ဆုံးဆောင်ရွက်တာဆိုလို
သမီးကိုရွေးချယ်တာပဲရှိတာ"

"ဟာ ဗျာ ဒယ်ဒီရာသားကို Hotel က
ညှော့်သည်တွေရှေ့အရှက်ခွဲတယ် ကြည့်စမ်း"

"မင်း မင်း "

"ကဲ သားရော ကိုယ်ရောတော်ကြတော့
တွေ့တာနဲ့သက်နေကြတော့ပဲ"

လက်ရာ အမြဲတမ်းတွေ့တာနဲ့

ဘုဂလန့်ပြောနေကြတဲ့ သားဖနှစ်ယောက်ကို

ဟောက်လိုက်သည်။

"သမီးအတွက် မာမီ နဲ့ ဒယ်ဒီပေးတာ

မွေးနေ့လက်ဆောင် "

သူမ မောင့် မေမေပေးတဲ့

ကတ္တီပါဘူးလေးကိုဖွင့်ကြည့်လိုက်တော့

စိန်ဘယတ်ရယ် စိန်နကတ်တစ်စုံရယ်

စိန်ကလော့သီးရယ် စိန်စီထားတဲ့

လက်ကောက်တစ်စုံရယ် သူမကြည့်တာနဲ့

တန်ဖိုးက

တော်တော်မြင့်မယ်ဆိုတာသိတာကြောင့် သူ

မောင့် မေမေကိုပြန်ပေးလိုက်သည်။

"အန်တီ သမီးမယူပါရစေနဲ့ "

"သမီးကိုလက်ဆောင်ပေးတာလေ

အခုကစပြီးသမီးပိုင်သွားပြီ"

"သမီးကိုပေးတာကို
သမီးအသိအမှတ်ပြုပါတယ်
ဒါကတန်ဖိုးအရမ်းမြင့်နေတာ"

"အဲ့ဒါတန်ဖိုးက မရဲ့
ဆံချည်တစ်မျှင်နဲ့တောင်ယှဉ်လို့မရအောင်
မတန်ဖိုးက အဲတာထက်ပိုမြင့်တယ်"

နေ စကားကြောင့် Hotel
ခန်းမဆောင်တွင်းကလူတွေမှန်သမျှမှင်သက်

layNge

လျက်။သူလူတွေမှင်သက်နေတုန်း
သူ့ဘေးကမလက်ကိုဆွဲပြီးပြောက်ကာ....

"သဘာဝပန်း ဆိုတဲ့ မိန်းကလေးက
အခုအချိန်ကစပြီး နေမင်းလက်ရာရဲ့
ဇနီးလောင်းလျာပဲ...ကျွန်တော်အစီအစဉ်မှာပါဝ
င်ပေးတဲ့ HOTEL
ကညေ့်သည်တွေအကုန်လုံးကိုကျေးဇူးတင်ပါ
တယ်ဗျ "

ဖြောင်း ဖြောင်း ဖြောင်း

LayNge

hotel ခန်းမဆောင်ထဲကလူတွေနဲ့
ဦးနေမင်းတို့ကပါ သားဖြစ်သူအတွက်
ဝမ်းသာအားရဂုဏ်ပြုလက်ခုပ်တီးပေးကြသည်
။နေက တော့ လက်ခုပ်သံတွေကြားက
သူမမျက်နှာလေးကိုပဲစိုက်ကြည့်နေလေရဲ့။

~~~~~~~~~~~~~~~

🔔🔔🔔🔔

ကလောင်......ကလောင်....ကလောင်

layNge
~~~~~~~~~~~~~~~

ကျောင်းခေါင်းလောင်းထိုးသံကြားတယ်ဆို သူ ထမင်းဆိုင်မှာ ထိုင်နေရာကနေ ကျောင်းပေါက်ဝကို သူလှမ်းကြည့်ရတာအမော။သူကြည့်နေတုန်းမကြာလိုက် သူဇနီးလောင်းလေးက ဆွဲခြင်းလေးကိုင်ကာဖွက်လာသည်။

သူမတစ်ဖက်ကမ်းကိုကူးလာတယ်ဆို မောင်က ထိုင်နေရာမှထကာ သူလုပ်ပေးနေကြအတိုင်း ထိုင်ခုံကိုဆွဲပေးကထိုင်စေသည်။

Lay Nge

"မ ဒီနေ့မှပန်းပန်လို့ပါလား "

"အင်း ကလေးတစ်ယောက်ပေးထားတာ ပန်းပန်ချင်စိတ်ပေါက်နေတာနဲ့ ပန်လိုက်တာ"

"အဲဒါမကို စာမေးပွဲအတွက်ဖားတာနေမှာပေါ့"

"မောင်ကလည်း အဲ့ကလေးကစာသိပ်တော်တာ မောင်ကလည်းပြောလိုက်ရင် အကြီးကြီးတွေပဲ"

lay Nge

"ထားပါ မောင်က

မပန်းပန်တာတစ်ခါမှမတွေ့ဘူးလို့မေးကြည့်

တာ....ဘာပန်းချက်တာလည်းမ"

သူမ ပန်းချိုင့်ကိုမောင့်ရှေ့ချပေးလိုက်သည်။

"ဒါဘာပန်းကြီးလဲ"

"ကင်းမွန်လေ မောင်ရဲ့ဟိုတစ်ခါ

ခရီးထွက်တုန်းက စားခဲ့တာမမှတ်မိဘူးလား

ဖျာပုံက ကမ်းရိုးတန်းဆိုတော့

ပေါ်တယ်လေ...ဒါကမနေ့က

ဈေးမှာတွေ့တာနဲ့ဝယ်လာတာ

ဟိုမှာလောက်တော့ အကောင်တော့မကြီးဘူး "

"အော် မောင်မှတ်မိပြီ ပြည်ကြီးငါး

လို့ခေါ်တာလေ ဒီမှာက

မောင်အဲတာကြိုက်တယ်"

"စားလေ

မောင့်အတွက်ချက်လာတာချည်စပ်ကလေး

ရခိုင်ချက် ချက်မလို့ မောင်က

အစပ်မစားနိုင်ဘူးလေ"

သူမစကားပြောနေတုန်း မောင်က ဟင်းတွေကို

သူ့ပန်းကန်ထဲထည့်ကာ

စားတောင်နေပြီ။သူမလည်း

မောင်ကိုကြည့်ကာပြုံးလိုက်ပြီး

သူမထမင်းချိုင့်ထဲ မောင်မှာထားတဲ့

ကြက်ကလီစာ ဟင်းကို

ထည့်ကာစားလိုက်သည်။

ထမင်းစားပြီးတော့.....

"ကျောင်းထဲပြန်ဝင်တော့မယ်နော် '

"မ ကလည်း 10 မိနစ်တောင်ကျန်သေးတာကို"

"ကျောင်းခေါင်းလောင်းခေါက်တာနဲ့
ဝင်ရမဲ့အတန်းချိန်ရှိသေးတယ် မောင် "

"တစ်နေ့လုံးနေမှ
ဒီနေ့ခင်းပိုင်းလေးတွေ့ရတာကို မရာ

ကိုယ်ချစ်သူမျက်နှာလေးကို
ဝအောင်ကိုမကြည့်ရဘူး"

"မောင်ကလည်း နောက်ကျရင်
လက်ထပ်ကြတော့မှာပဲဟာ
မောင်သည်းခံရလည်း 10 ရက်ပါ
ကလေးတွေကအတန်းတင်ကြီးဖြေပြီးတာနဲ့ 3
လ ပိတ်ပြီ အဲ့ကြမှ
မောင့်ကိုအချိန်ပိုပေးမယ်လေ နော် နော်လို့"

သူလက်ကိုကိုင်ပြီး ခွင့်ပြုပေးဖို့ ချွဲနေတဲ့ ကောင်မလေး ဆိုတာထက် အမျိုးသမီးလေး ကို

သူဘယ်ငြင်းရတော့မှာလဲ။သူတို့စကားပြောနေ တာနဲ့တင် 5မိနစ်လောက်ကကုန်သွားပြီးမို့ သူခွင့်ပြုလိုက်တော့သည်။

"အင်းပါ မောင့်မိန်းမ သဘော"

"ဘယ်လို "

"မောင့်မိန်းမလို့ခေါ်တာ သဘောကျလို့လား"

"မောင်နော် "

"သွားပါ မောင်ကစနေတာ "

ထိုအခါမှ သူမက
သူ့ကိုပြုံးပြကာထိုင်ရာကထပြီး
ကျောင်းဘက်ကိုကူးသွားကာ
ကျောင်းဝရောက်တော့သူ့ကိုလှည့်ပြီးပြုံးပြ
သေးသည်။သူလည်း သူမကျောင်းထဲဝင်သွားမှ

ဆိုင်ကိုကျသင့်ငွေရှင်းပြီး

ပစ်ထားတာကြပြီဖြစ်တဲ့ Company ဆီသို့....။

"မင်းလက်ချက်မဟုတ်လား"

သူ Nature Flower ကိုရောက်တယ်ဆို

ရုံးခန်းထဲဝင်ပြီး ဆိုဖာပေါ်ထိုင်ယုံရှိသေး

ဆုံလည်ခုံပေါ်ထိုင်နေရာက ထလာပြီး

အစမရှိအဆုံး ပြောတဲ့ ကျော်သူရကို ....

LayNge

"ဘာကိုလည်း အစမရှိအဆုံးမရှိကွာ ကျော်သူရ
ရာ"

ကျော်သူရ နေဘေးဝင်ထိုင်ကာ....

"Shine Hotel အပိတ်ခံရတဲ့ ကိစ္စ
အခုအချိန်ထိတစ်လကျော်ကြာတာတောင်
အမှုကမပြီးသေးဘူး မင်းကိုမေးမယ်မေးနဲ့
မေ့နေတာ"

"မင်းကရောဘယ်လိုထင်လို့လဲ "

"မသိလို့မေးနေပါတယ်ဆိုနေမှ

မင်းကငါ့ကိုမေးခွန်းပြန်ထုတ်နေတာလား"

"ဟုတ်တယ် ဆိုရင်ရော "

"ကောင်းတယ်

အဲလိုမှတ်လောက်သားလောက်အောင်လုပ်ရမှာ

အဲ့ကောင်က အရမ်းကောက်ကျစ်တာ

ဒင်းအခုတော့အမှုကိစ္စနဲ့ မင်းတို့ကို

ရန်လုပ်ဖို့တောင် အချိန်မရဘူး"

"ကိုယ်ပြုသည့်ကံ ပဲ့တင်သံ

ကိုယ်ထံပြန်လာမည် ဆိုတဲ့ ဆိုရိုးစကားကို

ဖြည့်ဆည်းပေးလိုက်ယုံပါကွာ"

နေ စကားကို ခေါင်းငြိမ့်လက်ခံပြီး

ပုခုံးကိုဖက်ကာ....

"မင်းက ငါတို့တွေထဲ အရင်အိုရမဲ့ကောင်ဆိုတာ

အိမ်မတ်မက်နေသလားပဲ"

layNge

"ဘာ မင်းရုပ် နဲ့ ငါ့ရုပကာ နဲ့ကို ငါကအရင်အိုမှ အဟက် ကျော်သူရ မင်းဆုတောင်းထား နောက်ဘုရားပွင့်ရင် ပြည့်မှာပါ"

သူရဲ့ရုပနဲ့ပက်သက်ရင်အထိမခံတဲ့ကောင် ဒီကဘာကိုပြောတယ်ဆိုတာ.....

"မင်းကဘာတွေပြောနေတာလဲ ရုပအချောလေးရထားတော့မြောက်ကြွမြောက်ကြွနဲ့ ငါက မင်းလူပျိုမဟုတ်ပဲ

Laylge

လူအိုဖြစ်တော့မှာကိုပြောတာ

အိမ်ထောင်ကျမှာကိုပြောတာကွာ"

"အော် "

"ငါပြောတာမှန်တယ်မဟုတ်လား"

"အခုလည်း လူပျိုမှမဟုတ်တော့ပဲ"

OBJ

❁နေရောင်ရှိမှပွင့်မည့်ပန်း❀

# Part_31

မနက်ဖြန်ဆိုရင် သူမ က မောင်နဲ့

စေ့စပ်တော့မှာဖြစ်ပြီး သူမ ဘဝကို

မောင်ထံအပ်နှင်းဖို့ အတွက်

ပထမခြေလှမ်းဆိုလည်း

သူမအတွက်မများပေ။မောင့်မိဘတွေကလည်း

သူမနဲ့

စေ့စပ်ပွဲအတွက်ဘာမှလိုအပ်ချက်မရှိအောင်

သူမ ကအစ ဒေါ်လေးတို့သားအမိအတွက်ပါ

အဝတ်စားအဆင်တန်စာအကုန်တာဝန်ယူသည်

။မောင်ကလည်း သူမမျက်နှာမငယ်ရအောင် စေ့စပ်ပွဲအတွက်ကုန်ကျစရိတ်တွေအားလုံး သူပဲအကုန်ခံသည်။

အခုလည်းလကုန်လက်ထပ်ပွဲအတွက် pre_wedding photo ရိုက်ဖို့ studio ကိုခေါ်လာပြီး တစ်စုံပြီး တစ်စုံဝတ်ခိုင်းကာ သူကြတော့ အနောက်တိုင်းသတို့သားဝတ်စုံ နဲ့ မြန်မာဝတ်စုံနှစ်မျိုးသားလဲဝတ်ရသည်။သူအတွက်ကျ ဂါဝန်တောင် 10မျိုးလောက်ဝတ်ခိုင်းပြီး ထိုင်မသိမ်း

10စုံလောက်လဲဝတ်ရသည်။သူမတို့ Studio မှာပဲ 5နာရီလောက်အချိန်ကုန်သွားကာ ပြီးတော့ စင်ကာပူကမှာထားတယ်ဆိုတဲ့ Wedding ပွဲတွေနဲ့ Dinner အတွက်သူမဝတ်ရမဲ့ ဝတ်စုံတွေကို သူ့သူငယ်ချင်းဆီ ကိုယ်တိုင်းအကျယ်အကျင်းကို သူမကိုဝတ်ခိုင်းပြီး သေချာပြင်ခိုင်းသည်။

သူမတို့ Wedding အတွက်လိုအပ်တာတစ်ချို့လုပ်ပြီးပြီမို့

ညနေလည်းစောင်းနေတာကြောင့်
ကျန်တာတွေကိုမနက်မှလုပ်ဖို့ဆုံးဖြတ်လိုက်ပြီး
ညနေစာကို မောင်က သူ Hotel
မှာဝင်စားသည်။

သူမတို့
ဟင်းပွဲတွေမှာထားတာကိုစောင့်နေရင်း.......

" မ ကိုပန်းဆက်တာပါဗျ "

"ဟင် "

Lay Nge

မောင်က

သူမကိုဘယ်အချိန်ကတည်းကယူလာမှန်းမသိတဲ့ ပိတောက်ပန်းစည်းကို သူမကိုပေးတာကြောင့် ယူလိုက်ကာ နမ်းလိုက်သည်။

"မောင် ပိတောက်ပန်းတွေကပွင့်နေပြီလား အရမ်းကြိုက်တာပဲ"

"မရယ် နောက်လဆိုပဲသင်္ကြန်ကျပြီလေ မရဲ့ အခုတော့ ရှားသေးတာပေါ့

အဲ့တာမောင်ကိုယ်တိုင်မနက်က

ကျော်မျိုးထူးတို့အိမ်က

ပွင့်နေတာသွားခူးလာတာ...ပန်းစည်းတာကလ

ည်း မောင် facebook ပေါ်က vedio

ကိုကြည့်ပြီးလုပ်ထားတာ

သူတို့လောက်တော့မောင်မလုပ်တတ်ဘူး"

"အရမ်းကြိုက်တယ်...ဘဝမှာရဖူးသမျှပန်းစည်း

ထဲမှာ အကောင်းဆုံးပဲ "

"မ ကြိုက်ရင်
မောင်ပင်ပန်းရကျိုးနပ်ပါတယ်...မ wedding
နဲ့ပက်သက်ပြီး မဖြစ်ချင်တာလည်းပြောဦး
မောင်တို့ကြီးပဲ ကိုယ့်အကြိုက်လုပ်နေတော့
မဖြစ်ချင်တာပြော"

"အကုန်အဆင်ပြေပါတယ် မောင်ရဲ့"

"မ ဘာမှအားနာစရာမလိုဘူး နောက်ဆို
မောင်က မ ယောကျာ်းဖြစ်လာတော့မှာ
ပွင့်ပွင့်လင်းလင်းဖြစ်ချင်တာရှိတာကိုပြောပါ"

သူမ ဖြစ်ချင်တာတွေ

သူမအိမ်မက်တွေအားလုံးကို

မောင်ကအကုန်ဖြည့်ဆည်းပေးထားပြီးမှတော့

သူမအတွက်ဘာလိုဦးမှာလဲ။

"တကယ်ပြောနေတာပါ မောင်ရဲ့"

"ဟုတ်ပါပြီဗျ မောင်လေ

ဒီလကိုမြန်မြန်ကုန်စေချင်နေပြီ သိလား"

"ဟွန့် အကြံဆိုးနဲ့လေ"

"မ တောင်

ခင်ပွန်းလောင်းအကြောင်းတော်တော်သိနေပြီပဲ

"

သူမ မောင့်ကို ပြန်မပြောတော့ပဲ

မောင့်မျက်နာလေးကိုပဲ

တစိုက်မတ်မတ်စိုက်ကြည့်နေမိသည်။ဘာရယ်

ကြောင့်မှန်းမသိ တစ်နေ့လုံး သူမ

မောင်အနားကနေမခွာ

ရေသောက်တာကအစအနောက်ကလိုက်သွား
သည်။Prewedding photo ရိုက်တုန်းကဆို
မောင် တစ်ခုံခြားထသွားတာတောင်
သူမလိုက်ထိုင်သည်။သူများတွေကတော့
လက်ထပ်ခါနီးချစ်သူစုံတွဲတွေက
တစ်စက္ကန့်ဝေးရင်နောင်
တကမ္ဘာဖြစ်နေတာလို့ပြောပြီးတောင်
သူမကိုစနေကြသေးသည်။

~~~~~~~~~~~~~~~
~~~~~~~~~~~~~~~

"မ ဘာဖြစ်နေတာလဲ"

သူမကို Hotel ကပြန်လာကတည်းက အခုကားမောင်းလာတဲ့တစ်လျှောက်လုံး မျက်နှာမကောင်းဖြစ်နေတဲ့ မကို သူကားမောင်းနေရင်းမေးလိုက်သည်။

"ဘာမှမဖြစ်ပါဘူး မောင်ရဲ့"

"မသိဘူးလေ hotel ကထွက်လာကတည်းက မမျက်နှာက မပြုံးမှမပြုံးတော့တာ "

"ဒီအတိုင်းလေး အတွေးလွန်နေလို့ပါ မောင်ရယ်
"

"မ ပြောသလို ဘုန်းကြီးကျောင်းမှာလည်း
ဆွမ်းကပ်မယ် မင်္ဂလာဦးအလှူအဖြစ်
မိဘမဲ့ဂေဟာ နဲ့ မ တို့ကျောင်းက ၉တန်းဖြေပြီး
ကျောင်းဆက်မတက်နိုင်တဲ့ ကလေးတွေကို
ဘွဲ့ရတဲ့အထိ တာဝန်ယူပေးမယ်
မသဘောကျလား "

"မောင် ဟို တောင်းဆိုတာတွေအရမ်းများနေပြီ"

"ဒါကမောင့်ပိုက်ဆံ မောင့်ပိုက်ဆံဆိုမှတော့ မလည်းပိုင်တယ် သဘောကျတယ်မဟုတ်လား"

"ဟုတ် သဘောကျတယ်"

"အင်းပြီးတော့ ဘိုးဘွားရိပ်သာ တွေမှာလည်း သွားလှူမယ် အိမ်ခြေရာမဲ့လေးတွေကိုလည်း ထောက်ပံ့ငွေလှူမယ် "

သူမအပေါ် မောင်ရဲ့ထားရှိတဲ့ ချစ်ခြင်းက လေးနတ်လွန်းအားကြီးတာကြောင့် ထင်ပါရဲ့ သူမဖြစ်ချင်တာတွေကိုပြောပြစရာမလိုပဲ သူ့ရဲ့ ဖြူစင်တဲ့နှလုံးသားနဲ့ပဲဖက်သွားကာဖြည့်ဆည်း ပေးနေသည်။

သူမ လေးကဖြစ်ချင်တာတွေကို ထုတ်မပြောပင်မဲ့ သူမကို အရိပ်တကြည့်ကြည့် ကြည့်နေတဲ့ဒီကောင်က သူမ ဘာဖြစ်ချင်နေလည်းဆိုတာ

သူမလေးမျက်ဝန်းကိုကြည့်တာနဲ့သိပြီးသား။သူ
မသာပျော်မယ်ဆိုရင်
သူ့ဘဝတစ်ခုလုံးပေးရမယ်ဆိုရင်တောင်ကျေန
ပ်တယ်။သူကိုယ်သူ့အချစ်တက်ဆုံးလူသားလို့
မသက်မှတ်နိုင်သေးဘူးဆိုတာက သူမအပေါ်
ချစ်တဲ့အချစ်ကတစ်နေ့တစ်ခြားပိုပိုတိုးလာတာ
ကြောင့်ဖြစ်သည်။နောက်ဆုံးတော့ သူမနဲ့အတူ
ဘဝခရီးလမ်းကိုလျှောက်ရတော့မည်။

"မောင် ကားရပ်လိုက် "

"ဟင် "

"ကားရပ်လိုက်ဆို"

ချက်ခြင်းကားရပ်ခိုင်းနေတဲ့ သူမကြောင့် သူကားကို လမ်းဘေးချရပ်လိုက်ပြီး သူမက ကားရပ်လိုက်တယ်ဆို သူရင်ခွင်ထဲဝင်လာသည်။သူ့ရင်ခွင်ထဲ ဝင်လာတဲ့ သူမကိုယ်လေးကို အလိုက်သင့်ပြန်ဖက်ထားလိုက်သည်။

LayNge

" မ ဒီနေ့မောင့်ကို တော်တော်ကပ်တယ်နော်"

"ဘာလည်းကပ်တာမကြိုက်ဘူးလားပြော"

"ဟော မောင်ကပိုတောင်ကြိုက်သေး
အမြဲတမ်းကပ်နေစေချင်တာ သိလား "

သူမ ရင်ခွင်ထဲကနေ မောင့်ကို မော့ကြည့်ပြီး....

"မောင် လက်ထက်ပြီးရင်
စိတ်ပျက်မသွားရဘူးနော်"

"Never "

"မောင်ရယ် "

ချစ်သူနှစ်ဦးကတော့ ပြင်းထန်တဲ့ မုန်တိုင်းတစ်ခုမဝင်ခင်အချိန်ထိကြည့်နူးပျော်ရွှင်နေကြသည်။မနက်ဖြန်သောအချိန်တွင် နာဂစ်ထက်ဆိုးတဲ့ မုန်တိုင်းတစ်ခုဟာ ထပ်တူညီနေတဲ့ နှလုံးသားတစ်စုံကို ကွဲအက်စေတော့မည်ဆိုတာ......။

Lawnge

"Congratulations ကွာ နေ "

"con con ပါ ညီရာ "

"ကိုနေ အိုရကြီးသေးရဲ့ "

"လူပျိုဘဝကကျွတ်တော့မဲ့ ဘဲကြီး "

Lay Nge

ညဘက် လိုင်းပေါ်တက်တယ်ဆို vedio called ခေါ်လာပြီး သူလက်ထပ်တော့မှာကို ဂုဏ်ပြုပေးနေတဲ့ တိုင်းမှူးတို့ကို.....

"ကျေးဇူးပါ ကိုမိ နဲ့ ကိုစွဲ ဟိုနှစ်ကောင်ကတော့ မင်းတို့အလှည့်ကြမှတွေ့မယ်"

"တွေ့ချင်ပါသေးတယ်"

"လက်ထပ်ပွဲ လာကြမှာလား"

"မင်းက 7 ပွဲတောင်လုပ်မှာဆို တကယ်လား"

ခိသူ့ကိုနားမလည်နိုင်စွာမေးလိုက်သည်။

"ဟုတ်တယ် ကိုခိ မနက်ဖြန် စေ့စပ်ပွဲရှိတယ် "

"မင်း
တော်တော်ပျော်နေပုံရတာပဲဝမ်းသာတယ်ကွာ "

"ကိုစွဲ လည်း ယူတော့လေဗျာ
အသက်တွေလည်း 27 ဖြစ်နေပြီ "

Lay Nge

"ရင်ခုန်ဘက်မတွေ့သေးလို့ပါကွာ ငါယူမှာပါ ကိုမိကိုသာပြော အသက်30 ပြည့်တော့မယ် အိမ်ကယူခိုင်းနေတာတောင် သူကငြင်းကောင်းတုန်း"

ကိုစွဲ စကားကမှန်ကန်နေပင်မဲ့ အဲ့ဘိုးတော်ကပြောလည်း Company အကြီးကြီးကိုအုပ်ချုပ်နေတဲ့သူဆိုတော့ ဆင်ခြေတွေကအပြည့် အဲအခါကြ သူပါ မိန်းမယူချင်စိတ်ပျောက်သွားပေလိမ့်မည်။

စွဲ စကားမှာငြိမ်ကြသွားတဲ့ သူ့ကို ငြိမ်သွားတာသိတယ်သဘောဖြင့်ဘုန်းလာဒ်စေကရီကာ...

"ကိုနေ တာဆိုနားတော့လေ မနက်ဖြန် စေ့စပ်ပွဲရှိသေးတယ်ဆို"

"အင်း အစ်ကိုတို့ မင်းတို့ ငါလက်ထပ်ပွဲလာရမယ်နော် ကိုစွဲက

အမေရိကန်မှာမို့ မလာရင်နားလည်တယ် ကျန်တဲ့သူတွေမလာရင် စိတ်ဆိုးမှာနော်"

"ဟုတ်ပြီဗျာ"

"အေးပါကွာ"

"အစ်ကိုလည်း လာလို့ ရရင်လာပါမယ်ကွာ"

"အင်း By "

Lay Nge

သူနှုတ်ဆက်ပြီး

သူဘက်ကနေပဲအရင်ချလိုက်ကာ ဖုန်းကို

သူ့ဘေးချလိုက်လိုက်ပြီး

ကုတင်ပေါ်မှာလှဲလိုက်ပြီ။

မနက်ဖြန်အတွက်စိတ်ကူးယဉ်ပြီး

အိပ်စက်ခြင်းဆီသို့။

သူမက

မနေ့ကတစ်နေ့လုံးပင်ပန်းထားတာကြောင့်

ညကအစောကြီး အိပ်ပျော်သွားတာကြောင့်

အိပ်ကောင်းကောင်းနဲ့အိပ်လိုက်တာ

အခုနိုးလာတော့ဘယ်အချိန်ရှိပြီလည်းမသိ။အ

ခုလည်း မထချင်သေးတာတာကြောင့်

သူမမှိန်းနေချိန်...

"သဘာဝပန်း !!!"

ဒေါ်လေးက အသံကျယ်ကြီးနဲ့ ထအော်ပြီး

သူမခြင်ထောင်ကိုအသဲသန်ဆွဲဖြုတ်နေတာ

ကြောင့် သူမမှိန်းနေရာကာထက

ဒေါ်လေးကိုနားမလည်နိုင်စွာကြည့်နေသည်။

"နင်က စေ့စပ်တော့မဲ့လူရှိနေတာတောင် တစ်ခြားတစ်ယောက်ကို ခေါ်အိပ်နေတယ်ပေါ့"

"ရှင်....ဟင်"

သူမ

အလန့်တကြားဘေးကိုလှည့်ကြည့်လိုက်တော့ ရှိုင်းထက်မြတ်က ဆွပ်ကြယ်နဲ့ မောက်ရပ်အိပ်နေသည်။သူမထိုင်နေရာမှ အလန့်တကြား အနောက်ကို

Lay Nge

ဆုတ်လိုက်သည်။သူမကိုယ်သူမငုံ့ကြည့်တော့ သူမအိပ်တုန်းကအတိုင်း ဘာမှ ပုံပျက်တာမရှိ။

ဒေါ်လေးဘေးကရပ်နေတဲ့မြတ်နိုးမောင်ကလည်း.....

"သူ့က ငါနဲ့လက်ထပ်မဲ့သူ သဘာဝပန်းနင်လုပ်ရက်လိုက်တာ ဟာ"

"ဟင်အင်း မဟုတ်ဘူး မဟုတ်ဘူး "

"ညည်းအော

ညည်းလက်ထပ်မဲ့ကောင်လေးကလည်း

ချမ်းသာတဲ့အသိုင်းအဝိုင်းကပါပဲ ဘာလို့

ကိုယ်ညီမအတွက်ရည်ရွယ်ထားသူကိုမှ"

ဒေါ်လေးစကားတွေကို သူမ

လက်လေးတကာကာနဲ့ ငြင်းနေသောလည်း

အိပ်နေတဲ့ ကိုရှိုင်းထက်မြတ်က ထလာကာ....

"အန်တီ ကျွန်တော်တောင်းပန်ပါတယ်

မြတ်နိုးဆီကိုညကလာရင်း သူမက

အကျီဝတ်နေတာ ကူပါဦးဆိုလို့

ကျွန်တော်ကူညီရင်းနဲ့ "

ရှိုင်းထက်မြတ် စကားကြောင့်

သဘာဝဒေါသထွက်လာကာ..

"ရှင်ဘာစကားပြောတာလည်း

ရှင်လာတာလည်းကျွန်မမသိဘူး ရှင်လူယုတ်မာ

ဟင့် ဒီနေ့ ကျွန်မစေ့စပ်တော့မှာသိလို့

ရှင်တမင်လုပ်တာဟုတ်လား"

"သဘာဝ ကိုယ်တို့နှစ်ဦးသဘောတူ "

"ရှင့်ပါးစပ်ပိတ်ထား ကျွန်မ ဘဝမှာ

မောင်တစ်ယောက်ကလွဲပြီး

ကျန်တဲ့ကောင်တွေကို အထင်ကိုမကြီးတာ

ရှင့်ကိုလည်း လူကြီးလူကောင်းထင်ထားတာ

ရှင်က မောင်ပြောသလို ကလိပ်ကကျစ်လူ

အောက်တန်းစား ရှင်အခုလိုလုပ်လို့

လက်ထပ်မယ်မထင် ကိုယ်ကိုကိုယ်

သက်သေပြစ်မယ်"

ငိုလည်းငို သူမရှေ့က

လူကိုလည်းလက်ညှိုးထိုးကာ

သူမဘာဝမှာမထွက်ဘူးတဲ့

စကားလုံးတွေတောင်

ရှုံရှာလွန်းလို့အလွယ်တကူပြောထွက်ကုန်သည်

။သူမ ရှိုင်းထက်မြတ်ကိုပြောနေရင်း

မောင်သူမကိုပြောလေ့ရှိတဲ့စကား

*ဒီလူဘာစောက်ချိုးချိုးနေတယ်ဆိုတာ

မောင်သိတယ်*တဲ့

နားထဲပြန်လည်ကြားယောင်လာရင်း

သူမတို့နှစ်ယောက်ရဲ့

ကံကြမ္မာကိုမတွေးရဲတော့လောက်အောင်ပင်။

"တော်လိုက်တော့

သဘာဝပန်းညည်းငြင်းရဲ့ငြင်းကြည့်

ဓာတ်ပုံရိုက်ထားတာတွေဖြန့်ပြီး

နေလက်ရာမိသားစုကို အရှက်ခွဲပြစ်မယ်"

"ဒေါ်လေး !!! ဒါဒေါ်လေးတို့ အကြံတွေလား

ဘာလို့လည်း ဒေါ်လေးတို့ကိုဘာ

ဒုက္ခပေးနေလို့လည်း သမီးလက်ထပ်ပြီးရင်

ဒီအိမ်ကထွက်သွားတော့မဲ့သူပါ

ဘာလို့အဲလိုလုပ်ရက်ရတာလည်း ဟင့် ဟီး

မောင်ကဘာအပြစ်လို့လည်း

ဘာလိုသူ့ကိုခုထုံးနေကြတာလည်း ဟင့်ဟီး

လုပ်ကြ ကြိုက်သလိုလုပ် ကျွန်မဘဝကို ရှင်တို့

စေညွှန်းရာပေါ့ ဒါပင်မဲ့ မောင့်ကိုမထိနဲ့

သူကိုထိတာ အကုန်လုံးကိုသက်ပစ်မှာ ဟင့်

ဟင့် ဟီး "

သူမ လက်လျော့လိုက်ပြီ သူမဘဝကို

သူမလက်လျော့လိုက်ပါပြီး

LayNge

သူမအခုအချိန်မှာတက်နိုင်တာ

မောင့်သိက္ခာတရားကို ကာကွယ်ရုံမှတစ်ပါး

ကျန်တာသူမမှာမရှိတော့ပြီ။ချစ်တယ်

မောင်ရယ် အရမ်းချစ်လွန်းလို့ ဒီဘဝမှာတော့

တန်ဖိုးမရှိတော့နဲ့ ဒီမိန်းမကို

မုန်းလိုက်ပါတော့မောင်ရယ်။မောင်

ချစ်တာထက် ပိုမချစ်ခဲ့ရင်တောင် မောင်

သိက္ခာကိုကာကွယ်နိုင်တဲ့ မောင့်ရဲ့

အမုန်းခံတစ်ယောက်တော့ဖြစ်ခွင့်ပေးပါကွယ်။

~~~~~~~~~~~~~~~
~~~~~~~~~~~~~~~

" မ ရေ မောင်တို့လာပြီ"

ဆိုတဲ့စကားသံနှင့်အတူ အိမ်ထဲကိုဝင်လာတဲ့ မောင်နဲ့ သူ့မိသားစု သူငယ်ချင်းတွေ။သူမမောင့်ကိုတွေ့တယ်ဆို မျက်ရည်တွေက ကျလာကာ ရင်ဆိုင်ရတော့မဲ့ အဖြစ်ဆိုးကြီးကို တင်းခံနေရသည်။မောင်က ရှပ်လက်ရှည် အဖြူလယ်ကတုံး နဲ့ ပုဆိုးအဝါရောင်လေးကိုဝတ်ဆင်ထားသည်မှာ

အသားဖြူတဲ့မောင်အတွက် ခြေဖမိုကအစ

သေွးကြောလေးတွေစိမ်းနေသည်။

သူတို့ဝင်လာတယ်ဆို မက

ပြင်ဆင်ထားခြင်းမရှိတဲ့အပြင်

မျက်ရည်တွေကျပြီး

သူ့ထင်မှတ်မထားတဲ့သူကိုပါတွေ့လိုက်ရတာ

ကြောင့်.......

"ခင်များ ကျူပ်ပွဲကိုဘာလာလုပ်တာလည်း"

ရှိုင်းထက်မြတ်ထိုင်ရာကနေထပြီး

နေရှေ့မှက်တပ်သွားရပ်ကာ....

"ဒါမင်းပွဲလား ငါ့ပွဲလားသေချာကြည့်ပါဦးကွ

သဘာဝပြောလိုက်လေ ဇနီးလောင်းလေးရာ"

"ဘာကွ မင်းစောက်ပါးစပ်က

ဘာစကားပြောတာလည်း ဟမ်"

"ကြားတဲ့အတိုင်းပဲ"

ဒီစကားကိုထပြောလိုက်တဲ့သူကတော့တစ်ခြား

သူမဟုတ် သူ့သိပ်ချစ်ရတဲ့ သူမ။

"မ "

"ကိုရှိုင်းထက်မြတ် ပြောတာမှန်တယ် အခု

ရပ်ကွက်လူကြီးတွေ က ငါ နဲ့

သူကိုစေ့စပ်ပေးနေကြတာလေ"

သူမထဘီစလေးကို ကျစ်ကျစ်ပါအောင်စုပ်ပြီး

ရင်ထဲကမပါတဲ့စကားလုံးတွေကို

မောင်မုန်းသွားအောင် ပြောနေရတာ

သူမနှလုံးသားတစ်ခုလုံး ရစရာမရှိအောင်

ကွဲကြေလျက်။

နေကတော့ သူမလက်ကလေးကိုဆွဲကာ

သူမရှေ့ကို ဒူးထောက်ချလိုက်တော့ မိဘတွေနဲ့

သူငယ်ချင်းတွေမှာ ....

"သား"

"သားရယ်"

LayNge

"ဟာ မင်းကွာ "

"နေ ဒီကောင်"

အလဲလဲအပြိုပြိုဖြစ်နေတဲ့
နေကိုကြည့်ကာမဲ့ပြုံးပြုံးနေတဲ့ ရှိုင်းထက်မြတ်။

"မ ရယ် မောင်လုပ်ခဲ့တာတွေက
မအကြိုက်မပါလို့လားဟင်
အခုလက်မထပ်ချင်သေးလို့လား

ပြောပါမှာရယ် မကြိုက်သလိုလုပ်ပေးမယ်

ဒီလိုကြီးတော့ မောင့်ကိုမရက်စက်ပါနဲ့ဗျာ နော်

"

ကောင်းကောင်းနားလည်တဲ့သူရှိလားဟင်

အစ်မက အခုမပထမဆုံးကလေးမို့"

"ဟုတ်ကဲ့ရှိပါတယ် ခဏစောင့်ပါနော်

သွားခေါ်ပေးပါ့မယ်"

"ဟုတ်ကဲ့ ညီမ"

သူတို့ရှေ့ကနေဆိုင်ဝန်ထမ်းကောင်မလေးကထွ
က်သွားတော့သူတို့လဲ
ပစ္စည်းလေးတွေလိုက်ကြည့်နေမိသေးသည်။

သူမ
အကွယ်ကနေကြည့်နေကာဝမ်းနည်းစိတ်က
တားဆီးမရမျက်ရည်တွေကကျလာတော့သည်
။သူမပါးကမျက်ရည်တွေသုတ်နေတုန်း
ကလျာရောက်လာပြီး....

"သဘာဝ အရှေ့ဟင်
ငိုနေတာလားဘာဖြစ်လို့လဲ
နေနေကိုလွမ်းလို့လား ဟင်"

ကလျာရာလဲ
ငိုနေတဲ့သူမကိုမြင့်သွားရကာအလန့်တကြား
မေးလိုက်သည်။သူမမျက်ရည်တွေအကုန်သုတ်
ကာ..

"မကလျာ သဘာဝဘာလုပ်ပေးရမလဲ "



LayNge

"ဟိုအရှေ့က စုံတွဲက
ကလေးပစ္စည်းကျွမ်းကျင်တဲ့လူကိုခေါ် ခိုင်းလို့"

"ဟုတ်ကဲ့ အစ်မ သဘာဝသွားလိုက်ပါ့မယ်"

သူမ
ကလေးဆောင်တွေနားကွယ်နေရာကထွက်လာ
ပြီး ဆိုင်အလည်နား

Lay Nge

အင်္ကျီလေးတွေကြည့်နေတဲ့သူတို့နားရောက်တော့ရပ်လိုက်ကာ....

"ဘာအကူအညီပေးရမလဲညီမ"

သူမအသံကြားတော့
သူတို့နှစ်ယောက်လုံးလှည့်ကြည့်လာသည်။

Law Nge

"အစ်မ ညီမကလေး
ပထမဆုံးကလေးဆိုဘာဝယ်ရမှန်းမသိလို့
ကောင်းတယ် ပစ္စည်းလေးတွေပြပေးပါလား"

သူမနားထဲမှာ
ပထမဆုံးကလေးဆိုတဲ့အထိသာထပ်ခါထပ်ခါ
ကြားနေရသည်။ဒါဆိုသူမထင်ထားသလိုမောင်
ကလက်ထပ်သွားပြီပေါ့။အခုမောင်က
ကလေးတောင်ရနေပြီတဲ့။သူမမျှော်လင့်ချက်
တွေအကုန်ရိုက်ချိုးခံရသလို
ရင်ထဲမှာလဲတဆစ်ဆစ်နဲ့။မောင်ကိုသူမ



LayNge

နာကျည်းလို့ နာတာမျိုးမဟုတ် သူမလိုမောင်လဲနာကျင်ခဲ့မှာပဲဆိုတဲ့အတွေး ကြောင့်သာဖြစ်သည်။ချစ်သူဘဝမှာမောင်ဘယ် တုန်းကမှသူမစိတ်ပျက်အောင်မနေဘူး။တစ် ခြားမိန်းကလေးတွေနဲ့လဲမရောခဲ့တယ်မောင်။ အခုတော့ သူမတို့နှစ်ယောက်ဘဝက ဝေးပြီးရင်းဝေးရတော့မဲ့အဖြစ်ပါ။သူမအခုအချိ န်ဘယ်သူရှိနေတယ်ဆိုတာလဲမသိတော့ မောင်ကိုအမြဲတမ်းအနေနဲ့ဆုံးရှုံးလိုက်ရပြီဆိုတဲ့ အသိကြောင့် နဂိုကတည်းက

ကျချင်နေတဲ့မျက်ရည်တွေကကျလာတော့သ
ည်။

သူမျက်ရည်ကျနေတဲ့မကိုကြည့်ကာ
သူပါမျက်ရည်လည်လာရသည်။သူနဲ့ အန်နာကို
မအထင်လွဲသွားပြီဆိုတာ
ကျနေတဲ့မျက်ရည်တွေကသက်သေ။သူမ
သူအပေါ်ချစ်ခဲ့တယ်ဆိုတာသူယုံပါသည်။သူမနဲ့
သူဝေးစေခဲ့တာလဲ
ကံကြမ္မာကြောင့်လိုသာသူသက်မှတ်ထားသည်။
သူမအပေါ်ဘယ်တုန်းကမှစိတ်မနာခဲ့သလို

မနာကျည်းခဲ့ပါ။ချစ်တယ်
ကျွန်တော်ဘဝသက်တမ်းရှိသမျှကာလပတ်လုံး
မတစ်ယောက်ကိုပဲချစ်သွားတော့မှာပါ။ကိုယ်မ
ပိုင်ဆိုင်ရပင်မဲ့
သူတစ်ပါးဇနီးကိုပစ်မှားချင်စိတ်နဲ့မဟုတ်ပဲ
သူမအပေါ်ချစ်တဲ့စိတ်လေးကြောင့်သာ။

အန်နာလဲ
သူမမေးမှာမျက်ရည်တွေကျနေတဲ့ဆိုင်ဝန်ထမ်း
မမကို...

"မမ အန်နာပြောတာအမှားပါသွားလို့လား တောင်းပန်ပါတယ်နော်"

သူမရှေ့ကကောင်မလေးတောင်းပန်ပါမှအသိဝ င်လာကာ...

"မဟုတ်ပါဘူး ညီမလေး မမ သားလေးကိုသတိရသွားလို့ပါ လာလေ မမနောက်လိုက်ခဲ့"

Lay Nge

ဟုပြောကာ
သူမကအရင်မောင်ရှေ့ကနေလှည့်ထွက်လာလိုက်သည်။

"အန်နာ
နင်ကြိုက်တာရွေးပြီးပြန်လိုက်တော့နော်
ငါပြန်လိုက်မပို့တော့ဘူး"

"အင်း သွားလေနင်အလုပ်ရှိတယ်မဟုတ်လား"

Law Nge

"အင်း "

သူလဲ ဝမ်းနည်းစွာထွက်သွားတဲ့ မပုံစံကြောင့် သူလဲရင်တွေကွဲမတက်ဖြစ်နေရာက ထိုဆိုင်လေးကနေခြေလှမ်းကျဲတွေနဲ့အတူ ရင်ဘက်တစ်ခုလုံးလဲရာစရာမရှိအောင်ကွဲကြေ လျက်.....။

￼

꙳နေရောင်ရှိမှပွင့်မည့်ပန်း꙳

LAYNGE

Part_36

"သမီး ထမင်းစားရအောင် လာမေမေခွန့်မယ်"

"စားပူး ထေထေ ခွန့် "

သူမ နဲ့

ကိုအံ့ဟိုတစ်ခါစကားများပြီးကတည်းကသူ့အ

ဖေက သူနဲ့သမီးကို သဘာဝလောက်

Lay Nge

အရေးမကြီးဖူးပြောကတည်းကငယ်ငယ်လေးနဲ့ ညာဏ်ရည်ကောင်းစွာ။အခုလဲ သူ့အဖေက ညှော်ခန်းထဲမှာ ရှုံးကပါလာတဲ့ File တွေကိုလက်မှတ်ထိုးနေတာကို ဖအေကျောပေါ်ကုတ်ဖက်တက်ကာ သူမထမင်းကျွေးတာကိုမစားဘူးငြင်းနေသည်။

"ကိုအံ့ ရှင်သမီးကိုပြောဦး မိုင်ကိုသူစိမ်းလိုဆက်ဆံနေပြီ"

LayNge

အံ့ File တွေကို လက်မှတ်ထိုးနေရာကနေ မိုင်ပြောတာကြောင့်သူ ဘောပင်ကိုချကာ သူ့မကိုကြည့်ပြီး....

"မင်းအတွက်အရေးမကြီးဘူးမဟုတ်လား ဘာကိုဂရုစိုက်နေတာလဲ ရတယ် ငါ့သမီးငါ့ဘာသာခွန့်မယ်"

အဲ့စကားကြောင့် မိုင်မျက်ရည်တွေဝဲတက်လာကာ...

LayNge

"ကို
ရှင်ကလေမျက်လုံးနဲ့မြင်တာကိုပဲယုံပြီးအဖြစ်
အပျက်တိုင်းမှာအကြောင်းအရင်းရှိတယ်သိ
လား သဘာဝကို ဟိုရက်ကပြန်တွေ့တယ် "

"အဲ့တော့
မတွေ့ရတာကြာတော့အလွမ်းသယ်ကြတာတ
ယ်ဆိုပါတော့ ဟုတ်လား !"

သူမအကြောင်းပါလာတာနဲ့ အံ့အသံက

အောက်တာမဟုတ်ပင်မဲ့

မာလာတာတော့အမှန်ပင်။

"ကျွန်မသာ

အလွမ်းသယ်ချင်တယ်ဆိုအဲ့နေ့ကတည်းကသူမ

ဘယ်မှာနေလဲမေးပြီး

သူမအိမ်နေတိုင်းသွားနေမှာပေါ့"

Lay Nge

"ရှာစရာမှမလိုတာ

သူ့လင်ရှိုင်းထက်မြတ်အိမ်မှာနေမှာပေါ့"

"ရှင် မမိုက်ရိုင်းနဲ့ကိုအံ့"

အံ့ထိုင်နေရာမှ ကျောပေါ်တက်နေတဲ့

သမီးလေးကို ဆိုဖာပေါ်ချကာ...

"မိုက်ရိုင်းတယ်ဟုတ်လား

မင်းသူငယ်ချင်းကရော

ကျောင်းဆရာမဖြစ်ပြီးယဉ်ကျေးလိုက်တာ
အဟက်"

"တော်ပါတော့ သဘာဝကို
နေမင်းလက်ရာတစ်ယောက်ပဲချစ်ခဲ့တယ်ထင်
လား...သဘာဝကလဲ
သူ့ဘဝပုံအပ်လောက်ရတဲ့အထိချစ်ခဲ့တာပါ
အဲတာတွေရှင်တို့မှမသိပဲ
ရှင်တို့မသိတဲ့အကြောင်းတွေအများကြီး
အဲ့နေ့ကဘာဖြစ်တာလဲသိလား သူမ
နေမင်းလက်ရာနဲ့

လက်ထပ်ရတော့မှာမို့သိပ်ပျော်နေရှာတာ

ဒါပင်မဲ့ ကံကြမ္မာကြီးက

အလှည့်အပြောင်းမြန်ချက်က

သူမအိပ်ရာကနိုးတော့ ရှိုင်းထက်မြတ်က

သူ့မဘေးနားအိပ်နေတာကိုတွေ့တာ

အဲတာကလဲ သူ့အဒေါ်တွေနဲ့

ပေါင်းလုပ်ကြတာလေ ဟင့်

သူမဘဝဘယ်လိုတောင်ကံဆိုးတာလဲရှင်တို့သိ

လား!!! သဘာဝလဲ သူသိပ်ချစ်တဲ့

နေမင်းလက်ရာကိုပဲလက်ထက်ချင်ခဲ့တာ

ဒါပင်မဲ့

LAWNOE

နေမင်းလက်ရာအချစ်ကိုကျွန်မလေးစားတယ်
သူကိုလက်မခံဘူးလို့ပြောတာကို
သဘာဝနစ်နာမဲ့စကားတစ်ခွန်းတောင်မထွက်
သွားဘူး ဟင့် ဟီး"

သူမတို့ပြောနေတာတွေနားထောင်ပြီး
မျက်ရည်တွေကျလျက်
ညှော်ခန်းတံခါးနားကနေအထဲဝင်လာကာ....

"မမိုင်ပြောနေတာတွေက အမှန်ပဲလား"

ညှော့်ခန်းထဲဝင်လာတဲ့ သူ့ကြောင့်
စကားပြောနေတဲ့ မိုင်ပါမှင်သက်သွားကာ....

"နေမင်းလက်ရာ"

"နေ မင်း မင်း ညီဘယ်ပျောက်နေတာလဲ"

သူကိုအံ့မေးတာကိုမဖြေသေးပဲ...

Lay Nge

"အစ်မပြောနေတာတွေတကယ်လား
ကျွန်တော်အခုကြားခဲ့ရတာတွေက"

"ဟုတ်တယ်
မောင်လေးကြားခဲ့တာတွေကအကုန်အမှန်ပဲ "

သူလက်သီးကိုကျစ်နေအောင်စုပ်ကာ....

"ကျွန်တော်အခုသွားသက်မယ်
အဲ့အဘွားကြီးနဲ့သူ့သမီးကိုသက်ပစ်မယ်ဗျာ"

Lay Nge

သူကြားလိုက်တဲ့ စကားတွေကိုမယုံနိုင်စွာ
ဟိုသားအမိပေါ်လဲဒေါသတွေကတစ်ဖွားဖွား။
သူနဲ့
မစတွေ့တဲ့နေ့ကတည်းကရှင်းပြမယ်လို့ပြောနေ
တဲ့ မ မျက်ဝန်းတွေမှာလဲ
အရည်ကြည်လေးတွေလဲ့လျက်။သူ့ရင်ဘက်ထဲ
မှာ အမှန်တရားမသိသေးတာတောင်
သူမကိုမမုန်းနိုင်ခဲ့တာ အခုလိုသိတော့
သူကိုယ်သူစောက်သုံးမကျလေခြင်းဆိုပြီးသော
ဆံပင်တွေကိုလက်တွေနဲ့ထိုးဖွားနေတော့သည်။

"မောင် လေးသဘာဝကလေ

သိပ်သနားစရာကောင်းတာပါမောင်လေးရယ်

သူ့ဘဝကို

သူ့အဒေါ်တွေအတွက်ပဲကုန်ဆုံးခဲ့ရတာ

သူ့ကိုနွေးထွေးပေးမဲ့အမေလဲမရှိ

ချစ်ပေးမဲ့အဖေလဲမရှိပဲကြီးပျင်းလာခဲ့ရတာ

ကျောင်းတက်တုန်းကလဲ

သူမကိုဆင်းရဲလို့ဆိုပြီး မခေါ်မပြောကြဘူး

သူမမှာ

အစ်မပဲရှိခဲ့တာမောင်လေး..သဘာဝကနူးညံ့တဲ့

ပန်းကလေးတစ်ပွင့်ဆို အဲပန်းလေးကို

ပျိုးထောင်ပေးမဲ့

မောင်လေးတစ်ယောက်ထဲဆီကသာ

သူမလိုအပ်တဲ့ ချစ်ခြင်းမေတ္တာတွေရခဲ့တာပါ

..သူမရဲ့အပြုံးတွေကိုမောင်လေးနဲ့တွေ့မှ

အစ်မတွေ့ခဲ့ရတာဟင့်"

မိုင်

သဘာဝကိုသနားလွန်းလို့ပြောလဲပြောငိုလဲငိုနေ

တော့သည်။အံ့လဲ

မိုင်ပြောတဲ့အမှန်တရားတွေကိုနားထောင်ခဲ့ရင်

ဆိုတဲ့
နောင်တစိတ်တွေဖြစ်ပေါ်လာရသည်။နေမှ
တော့ မျက်ရည်တွေကျကာ
အံကြိတ်ထားလျက်။

"ဘာလို့လဲ
ကျွန်တော်တို့နှစ်ယောက်ချစ်ခြင်းကဘယ်သူ
တွေကိုများထိခိုက်စေလို့လဲ
ကျွန်တော်တို့တွေက
ချစ်ယုံလေးချစ်ခဲ့ကြတာမှမဟုတ်တာ
တစ်ယောက်ကိုတစ်ယောက်



Lay Nge

နှလုံးသားတစ်ခုလုံးနဲ့ ရင်းခဲ့တာ အခုဆို

သူမဘယ်လောက်တောင်နာကျင်နေရမလဲ

ကျွန်တော် ရင်ကွဲနေရင်

သူမအချစ်မနှစ်သက်တဲ့ သူနဲ့ပေါင်းဖက်နေရမဲ့

ဘဝ"

သူစကားမဆုံးသေးခင်မိုင်က...

"မဟုတ်ဘူးမောင်လေး

သဘာဝကိုရှိုင်းထက်မြတ်နဲ့

Lay Nge

လက်မထပ်ဖြစ်ခဲ့ဘူး

အဲ့နေ့ကအဖြစ်အပျက်တွေအများကြီးဖြစ်သွား

ခဲ့တာ"

မိုင် စကားကြောင့်သူအံ့သြသွားကာ...

"ဗျာ"

"မောင်လေးထိုင် အစ်မအကုန်ပြောပြမယ်"

Lay Nge

သူဆိုဖာမှာဝင်ထိုင်လိုက်ပြီး မမိုင်ဆီက အပြောကိုစောင့်နေလိုက်သည်။

"အစ်မတို့ မောင်လေးတို့ထွက်သွားတော့ ကိုရှိုင်းထက်မြတ်အဖေရောက်လာတယ်မောင်လေး အဲဦးထက်မြတ်ကတစ်ခြားသူမဟုတ်ဘူး သဘာဝရဲ့အဖေဖြစ်နေတယ်"

"ဘယ်လို အစ်မဒါဆို ရှိုင်းထက်မြတ်နဲ့က"

သူမတို့နှစ်ယောက်ပြောနေတာကို

အုံ့ကသမီးလေးကိုပေါင်ပေါ်တင်ကမိုင်ဘေးနား

ထိုင်ပြီးနားထောင်နေလိုက်သည်။

"ဟုတ်တယ် မောင်လေး ရှိုင်းထက်မြတ် နဲ့

သဘာဝက ဖအေတူမအေကွဲမောင်နှမတွေ

သူ့အဖေကသူ့သားလုပ်ရက်ကိုသိတော့

ထိုးပြီးဆုံးမတယ်တဲ့ သဘာဝက

သူတို့ဘယ်လိုတောင်းပန်တောင်းပန်းခွင့်မလွှတ်

ခဲ့ဘူး ဘာလို့ဆို

မင်းနဲ့ဝေးခဲ့ရတာသူတို့ကြောင့်ဆိုပြီး

ငယ်ငယ်ကတည်း ဖခင် လိုချင်တဲ့သူမက
ဖအေဖြစ်သူကို ကျောခိုင်းပြီး
အဲ့နေရာကနေထွက်လာခဲ့တာ"

သူမ နဲ့
တွေ့တဲ့ကလေးလေးကဒါဆိုဘယ်သူကလေးလဲ
။

"မမိုင် မမှာ ကလေးတစ်ယောက်ရှောရှိတယ်"

Lay Nge

"မောင်လေးက သဘာဝကိုတွေ့ပြီးပြီလား"

"ဟုတ်တယ်အစ်မ သူမအလုပ်လုပ်နေတဲ့
စင်တာက ကျွန်တော်ဦးစီးနေတာ"

"မောင်လေး အဲ့ကလေးက
ဘယ်သူ့ကလေးထင်လို့လဲ မောင်လေးလဲ
ကလေးလေးကိုကြည့်ပြီး
ရိပ်မိနေမှာအစ်မသိတယ်"

"ဒါဆို နေတစင်းလေးကကျွန်တော် သားလား"

သူအပြောကို မမိုင်က

ဘာမှမပြောပဲခေါင်းငြိမ့်ပြသည်။သူမွေးနေ့Part

y ညက သူမနဲ့သူအတူနေဖြစ်ခဲ့ည်။သူမကို

အကာကွယ်သုံးခဲ့တာ သူလိမ်ပြောခဲ့တာဖြစ်ပြီး

သူမကိုအမြန်ဆုံးပိုင်ဆိုင်ချင်လို့သူလုပ်ခဲ့တာ။ဒါ

ဆို

နေတစင်းလေးကသူ့သားပေါ့။မနဲ့သူရဲ့တစ်ဦးတ

ည်းသောသား။အရာရာကို

ရှေ့ကြိုတွေးတက်တဲ့ သူ့ရှေဦးနောက်က

ဒီနေရာမှာဘာလို့စောက်သုံးမကြရတာလဲ။သူမ
သာ ရှိုင်းထက်မြတ်မိန်းမဖြစ်နေခဲ့ရင်
သူတို့အဆင့်အတန်းနဲ့
အလုပ်ထွက်လုပ်စရာလိုပါ့မလား။ငါတော်
တော်အသုံးမကျတာပါလား။သူသားကိုတောင်
အကျီစဆွဲထားတာကိုဆွဲဖြုတ်လိုက်
သားဘယ်လောက်တောင်နာသွားမလဲ။

တွေးရင်းတွေးရင်သူ့ကိုယ်သူဒေါသထွက်လာ
ကာ ထိုင်ရာမှထကာ
နံရံကိုလက်သီးနဲ့ထိုးတော့သည်။

"ကဲကွာ ဆုတ်ဖြုတ်ချင်တဲ့လက်တွေ "

ခွပ် ခွပ် ခွပ်

ရုတ်တရပ်နံရံကို
လက်သီးနဲ့အဆက်မပျက်ထထိုးနေတဲ့ နေကို
အံ့သမီးလေးကိုမိုင်ကိုပေးကာ ဆွဲရတော့သည်။

Lay Nge

"နေ ညီတော်တော့ လက်တွေပေါက်နေပြီ တော်တော့ကွာ"

နေသူလက်တွေကိုအတင်းချုပ်နေတဲ့ ကိုယ်အံ့လက်တွေထဲကရုန်းထွက်ကာ ဆက်ထိုးပြန်သည်။

ခွပ် ခွပ်

"နေမင်းလက်ရာ !! တော်တော့ကွာ"

အံ့ ထိုးနေတာလက်ရိုးတွေပါကြေတော့မှာမို့
နေ့ကိုပိတ်အော်ကာ ခန္တာကိုယ်ကြီးကို
ဆဆောင့်ဆွဲလိုက်တော့သည်။

"ကိုအံ့ ကျွန်တော်လေ သားကို သားကိုဗျာ ဟင့်
ဟီး ကျွန်မရည်ရွယ်ပါဘူးဗျာ
သူတို့မိသားစုလေးစိတ်ချမ်းသာပါစေဆိုတဲ့စိတ်
ကြောင့်သာ လုပ်လိုက်တာ သား
စိတ်ထဲနာကျင်သွားမှာ"

အုံနေပုခုံးကိုပုတ်ကာ...

"အစ်ကိုသိတယ်ညီ
သွားမင်းတို့မိသားစုလေးပြန်ဆုံချိန်တန်ပြီ
အခုသွားခေါ်တော့ ပြန်စည်းလုံးချိန်တန်ပြီ "

"ဟုတ်တယ် ကိုအုံ ကျွန်တော် မ
နဲ့သားကိုသွားခေါ်မယ်"

လို့ပြောကာပြေးထွက်သွားတဲ့ နေကိုကြည့်ကာ အံ့ပြုံးလိုက်ပြီး သမီးလေးကိုချီထားတဲ့မိုင်နားသွားကာ သားအမိနှစ်ယောက်လုံးကိုဖက်လိုက်သည်။

"ကိုယ်တောင်းပန်ပါတယ်မိုင် ကိုယ်ကတကယ်မကောင်းတဲ့ကောင်ပါမိုင်ရယ်"

သူဖက်လိုက်လိုက်တယ်ဆို

မိုင်လဲပြန်လက်တစ်ဖက်နဲ့သူကျောပြင်ကြီးကို

ပြန်ဖက်ထားလိုက်တော့သည်။

~ ~ ~ ~ ~ ~ ~ ~

"ဟင့် ဟင့် ဟီး သားရယ်"

သူမ မနေ့ကမြင်ကွင်း နဲ့ သိလိုက်ရတာကြောင့်

မောင်နဲ့သူမဟာဘယ်လိုမှ

Lay Nge

ပေါင်းစပ်လို့မရတော့တဲ့အခြေအနေမို့အလုပ်

လဲမသွားတော့ပဲ သားလေးကို ရင်ခွင်ထည့်ကာ

ငိုနေမိသည်။တကယ်ချစ်ခဲ့ကြတာမို့

နာကျင်မှုက

ရင်ထဲဖော်ပြလို့မရတဲ့အရာတစ်ခု။သူမ

ငိုနေတော့ သားလေးက

ရင်ခွင်ထဲကထွက်လာကာ သူ့လက်

ဝကစ်ကစ်လေးတွေနဲ့

သူမမျက်ရည်တွေကိုသုတ်ပေးနေသည်။

"မေ့ ငိုနဲ့ ညောင်ညောင် ကိုက်ကိုက်"

သူငိုရင်သူမကအဲလိုပြောနေကြမို့သားလေးက မှတ်ထားကာသူမကိုလဲ ကြောင်ကိုက်လိမ့်မယ်လို့ပြောသေးသည်။သူမ သားနဖူးလေးကို ဖိပာကပ်နမ်းလိုက်ပြီး သူမဘဝရှေ့ဆက်ရန်အတွက် သားလေးဟာ သူမဘဝရဲ့အားဆေး။

"သားလေး ထမင်းစားတော့မလား "

LayNe

"ပေပေ ရော "

သားလေးကသူ့အဖေကိုမေးနေတာသူမရင်ဘက်ထဲ မီးတောက်နေသလို ထင်ရပါသည်။မိဘမရှိပဲနေခဲ့ရတဲ့သူမဘဝနဲ့ယှဉ်ပြီး သားလေးအားငယ်မှာသူမအရမ်းစိုးရိမ်သည်။ သားလေးကိုသူမလို အနိမ်ခံဘဝရောက်မှာ သေလောက်အောင်ကြောက်ပါသည်။သူမဘဝဝဋ်ကြွေးတွေသူမတစ်ယောက်ထဲနဲ့ပဲလုံလောက်ပါတော့ ကံကြမ္မာကြီးရယ်....။

နေတစ်ယောက်ကိုအံ့တို့အိမ်ကနေ

ကားကိုလျင်မြန်နှုန်းနဲ့မောင်းလာပြီး

စင်တာရှေ့ရောက်တယ်ဆို

ကားသော့တောင်မဖြုတ်နိုင်တော့ပဲ

ကားတံခါးဖွင့်ထွက်ကာ နှစ်လွှာကို

ရိုးရိုးလှေကားကနေပြေးတက်လာပြီး

သူမအလုပ်လုပ်တဲ့ဆိုင်ရှေ့ရောက်မှ အသက်ကို

ဝဝရှုကာ ဆိုင်ထဲကိုဝင်လာသည်။

သူဝင်လာတယ်ဆို ဆိုင်ဝန်ထမ်းထွက်လာပြီး...

"ဘာလိုချင်လို့ပါလဲ"

"သဘာဝပန်း နဲ့တွေ့ချင်လို့"

"သူမ အလုပ်ထွက်သွားပါပြီ "

"ဘာ!!!"

LayNge

သူအော်သံကြောင့်
သူမခန္တာကိုယ်လေးတုန်သွားသည်။

"မနေ့ကတောင်တွေ့သေးတယ်လေ
အခုအလုပ်ထွက်တာဟုတ်လို့လား"

"ဟုတ်ပါတယ်
မနေ့ကညနေကပဲဂျာကြီးကိုအလုပ်ထွက်စာတ
င်သွားပါတယ်"

Laynge

"ဒါဆိုသူမလိပ်စာသိလား"

"မသိပါဘူး "

"ဟာကွာ "

သူကိုသူအားမရဖြစ်လာကာ ဘေးနားက ကလေးဝတ်စုံတွေကို ရိုက်ချပလိုက်က

ထွက်တော့ဆိုင်ဝန်ထမ်းကောင်မလေးက
လိုက်ဆွဲမလိုလုပ်တော့ ဂျာကြီးက..

"ဟိတ် လိုက်မသွားနဲ့ "

"ဘာဖြစ်လို့လဲဂျာကြီးရဲ့
ဒီမှာဖျက်စီးသွားတာတွေလား"

Lay Nge

"သူက ဒီကလေးပစ္စည်းတင်မကဘူး ဒီစင်တာကြီးတစ်ခုလုံးပါမီးရှို့ပစ်လို့ရတယ် သိလား"

ဂျာကြီးစကားကြောင့် ဝန်ထမ်းကောင်မလေးက...

"ဟမ်"

"အေးသူက ဒီစင်တာတစ်ခုလုံးရဲ့ပိုင်ရှင် "

LayNge

"ဟာတော်သေးတယ် ဂျာကြီး ရယ်"

"အေးအဲဒါကြောင့်ပြောနေတာ"

နေမှာအရှူးမီးဝိုင်းလိုဖြစ်နေသည်
သူမအရင်ကနေခဲ့တယ်
ရပ်ကွက်ထဲကိုပြန်လာကာ
သူမတို့အိမ်ရှေ့ရောက်တယ်ဆို
ကားကိုထိုးရပ်လိုက်သည်။ကားပေါ်ကဆင်းက

Lay Nge

ခြံထဲပြေးဝင်ကာ အိမ်ထဲဝင်လိုက်တော့ သူမအဒေါ်နဲ့သူသမီး ကသူကိုတွေ့တာကြောင့်ထရာမှ ထရပ်ကြသည်။

"မ ရော မဘယ်မှာလဲ ကျုပ်မိန်းမ ဘယ်မှာလဲ"

သူမေးနေတာကိုမဖြေပဲကြောင့်ကြည့်နေတဲ့ သားအမိကို

Lay Nge

သိထားတဲ့ကိစ္စတွေကြောင့်လဲဒေါ်သထွက်လာ

ကာ...

"ခင်များတို့နှစ်ယောက်ကို

မေးနေတာနားပင်းနေလား ဟမ်"

ဒေါ်ညိုစိမ့်လဲ သူ့အော်မှ ...

"ဟိုသမီးလေး ကဒီမှာမနေတာကြာပြီ

ကောင်လေး"

Lay Nge

"ဘာ သမီးဟုတ်လား

ခင်များတို့ကိုကျွန်တစ်ကောင်လိုလုပ်ကျွေးခဲ့တဲ့

သူဘယ်မှာလဲဆိုတာမသိရအောင်

ခင်များတို့တော်တော်

စောက်သုံးကျတာဘာလားဗျာ"

"အဒေါ်တောင်းပန်ပါတယ်

သူမလေးကိုအဒေါ်တို့လဲတွေ့ချင်နေတာပါကွယ်

"

သူအဘွားကြီးစကားကို ဟွန်းကနဲ့မဲ့ကာ
လက်ညှိုးထိုးပြီး အံကြိတ်ကာ...

"ဟွန်း ခင်များတို့ကလေ
သူမအပေါ် နိုင်ခဲ့တုန်းကတော့
အသိတရားရခဲ့ရင် ခင်များတို့သာလေ
ရှိုင်းထက်မြတ် ကိုအခန်းထဲမထည့်ခဲ့ရင်
ဟာဗျာ
အဲလောက်စောက်ဆံမက်နေတာကျုပ်ကိုပြော

LayNge

တာမဟုတ်ဘူး ခင်မျှားသမီးကို

ကျူပ်အသိနာမည်ကြီး KTV ကို အမြဲတန်း

x◌ာအနေနဲ့ပို့ပေးမှာ"

နေ

လူအများအမြင်မှာရိုင်းနေမယ်ဆိုလဲသူဂရုမစိုက်

သူမဘယ်လောက်တောင်ပင်ပန်းခဲ့မလဲ။Single

Mother တစ်ယောက်အနေနဲ့

ပတ်ဝန်းကျင်ရဲ့ဝေဖန်မှုတွေဘယ်လောက်တော

LayNge

င်ခံခဲ့ရမလဲ။ကလေးရှိတုန်းကလဲ
သူမဘယ်လောက်အားငယ်လိုက်မလဲ။

ဒေါ်ညိုစိမ့်တို့လဲ သူတို့အမှားတွေမို့
သူပြောတာတွေကိုမငြင်းပဲ
ငြိမ်နားထောင်နေသည်။

"ခင်များသေတဲ့အထိ ကျူပ်မိန်းမ နဲ့
လာမပက်သက်နဲ့ ဒီတစ်ခါဆို မ

ကိုဒုက္ခပေးတဲ့နေရာက ခင်များအတွက် 6 ပေတွင်းဖြစ်သွားမယ်"

သူဒေါ်သြိုစိမ့်ကိုပြောပြီး သူ့သမီးဘက်လှည့်ကာ...

"မင်းလဲသတိထားနေ ငါ့ဘာကောင်လဲသိချင်ရင် နောက်တစ်ခါမကိုထိကြည့်လိုက် မင်းဘဝရော မင်းရော KTV

အခန်းကမထွက်ရအောင်လုပ်ပြစ်မယ်

မင်းမယုံရင်စမ်းလို့ရတယ်"

သူစကားကြမ်းကြမ်းတွေပဲပြောကာ မ

မရှိတဲ့ထိုအိမ်ကနေထွက်လာပြီး

နောက်ထပ်သွားရမည့်သူရဲ့ရန်သူတော်

အိမ်ဆီသို့......။

❂နေရောင်ရှိမှပွင့်မည့်ပန်း❀

# Part_37

ကြိုးးးးးး.....

သူ ရှိုင်းထက်မြတ်တို့ ခြံရှေ့ရောက်တယ်ဆို ဘရိတ်ကိုဆောင့်နင်းချလိုက်သည်။ပြီးတော့ ကာဟွန်းကို လက်နဲ့ အားပါပါအဆက်မပျက်တီးတာကြောင့် ခဏအကြာတော့ ခြံတံခါးပွင့်လာတယ်ဆို ကားအရှိန်ကိုမိုင်ကုန်တင်ကာ

ဝင်သွားလိုက်သည်။သူ့အပြုအမူကြောင့်ခြံတံ
ခါးလာဖွင့်ပေးတဲ့ အလုပ်သမားတောင်
ခြံဝမှာကြောင်တောင်တောင်လေးကျန်ခဲ့သည်။

ထက်မြတ်တို့
ခြံထဲကိုကားတစ်စီးတစ်ဟုန်ထိုးမောင်းဝင်လာ
သံကြားတာကြောင့် ထွက်ကြည့်လိုက်တော့
ကားပေါ်ကဆင်းလာတဲ့သူက ရှိုင်းထက်မြတ်ကို
သူ့အဖေရှေ့မှာတင်
လေးငါးချက်ဆင့်ထိုးလိုက်သည်။

ခွပ် ခွပ် ခွပ် ခွပ် ခွပ်

ထက်မြတ်လဲ သားဖြစ်သူအထိုးခံနေရတာ
များလာပြီမို့ ထိုကောင်လေးကို
စောင့်တွန်းလိုက်တော့
အနောက်တောင်ရွှေ့မသွား
တွန်းနဲ့သူတောင်အနောက်ပြန်ရောက်သွားသေး
သည်။

Lay Nge

သူထိုးတာအားရမှုလွှတ်ပေးလိုက်ကာ...

"မ ဘယ်မှာလဲ "

ရှိုင်းထက်မြတ်လဲသူ့အပြစ်နဲ့သူမို့ နေထိုးလို့
နှာခေါင်းကနေထွက်လာတဲ့သွေးတွေကိုသုတ်
ကာ...

"မင်းထွက်သွားပြီး
နောက်ပိုင်းကတည်းကသူမကိုမတွေ့တော့တာ
အခုအချိန်ထိပဲ"

"အေး အဲလိုဖြစ်ရတာမင်း
မိန်းမလိုမိန်းမရဆန်လို့လေ ငါကိုမနိုင်တာကို
မကိုခုထုံးလုပ်ပြီး မောင်နှမမှန်းသိသွားမှ
သံဝေကရသွားတာမဟုတ်လား ဟမ်
ထဘီဝတ်ထားရမဲ့ကောင်ရ"

ထက်မြတ်လည်း

သားဖြစ်သူကိုလက်ညှိုးထိုးပြီး

ရစရာမရှိအောင်ပြောနေတာတောင်

ဘာမှမပြောတဲ့သားဖြစ်သူကြောင့်

ဒီကောင်လေးဟာ သမီးရဲ့

ချစ်သူမှန်းတန်းသိပါသည်။

သူထိုကောင်လေးဘာပြောမလဲဆိုတာကိုဆက်

နားထောင်နေလိုက်သည်။

"မင်းသာ အဲ့နေ့က

ကလိမ်ကကျစ်မကျခဲ့ဘူးဆိုရင်

ငါတို့မိသားစုလေးပျော်နေရမှာ

မင်းလိုကောင်ကိုမှ

ငါ့ပြိုင်ဘက်စရင်းသွင်းမိတဲ့ငါကိုယ်တိုင်လဲမှား

တယ်

မင်းကမိန်းကလေးတစ်ယောက်ကိုယ်တောင်အ

သုံးချတက်တဲ့ကောင်မှန်းသိရင်

အစကတည်းက

တံတွေးတောင်လှည့်မထွေးဘူး"

lay Nge

ထက်မြတ်လဲ သူဝင်ပါမှရတော့မှာမို့...

"အန်ကယ်သားလုပ်ရက်က

လူမဆန်ဘူးဆိုတာအန်ကယ်သိပါတယ်

သမီးကိုလဲ မင်းလိုပဲ

အန်ကယ်တို့အမြဲရှာနေတာပါ "

"ခင်များတို့သာ

ကျုပ်တို့နှစ်ယောက်ဘဝထဲဝင်မလာရင်

ဒီလိုကိစ္စတွေဖြစ်စရာမလိုဘူး အန်ကယ်

LayNge

သားကို ကျွန်တော်ထိုးတယ်ဆိုတာ
သူ့အတွက်ကျွန်နော်ရဲ့အကောင်းဆုံးသက်ညှာ
မှုပဲ"

"ဟုတ်ပြီ မင်းကိုသားအစားအန်ကယ်ကပဲ
တောင်းပန်တယ် နောက်ကျ မင်းတို့ကိစ္စထဲ
သားထက်ရှုပ်ခဲ့ရင်
အန်ကယ်ကိုယ်တိုင်မင်းတို့ရှေ့ကိုဆွဲခေါ်လာပေး
မယ်"

LayNge

"နောက်တစ်ခါ

ဆိုတာကိုကျူပ်ကဖြစ်ခွင့်ပေးမှာမဟုတ်ဘူး

ကျူပ်မိန်းမကို

ကျူပ်ရင်ခွင်ထဲကလွဲကျန်တဲ့နေရာမလွှတ်တော့

ဘူး"

လို့ သတိပေးကာ ကားပေါ်တက်ပြီး

ထိုခြံထဲကပြန်ထွက်လာပြီး

သူမကိုဘယ်သွားရှာရမလဲစဉ်းစားနေမိသည်။

အခုက မှောင်ရီပျိုးတော့မှာမို့

သူသွားဖို့စဉ်းစားလိုက်တဲ့

နေရာမှမရှိမှာသေချာသည်။သူဆုံးဖြတ်ချက်ကို သေချာချလိုက်သည်က...

"မနက်ဖြန်ကစပြီး မကို မောင်ရင်ခွင်ထဲမှာပဲ ထာဝရပိတ်ထားတော့မယ်"

သူ မနဲ့သားလေးသူ့ဘဝထဲဝင်လာတဲ့အခါ
ဘယ်လိုထားမယ်
ဘယ်လိုနေကြမယ်ဆိုတဲ့အတွေးနဲ့တင်
အရင်ကနာကျင်နေသမျှ

ချက်ခြင်းပျောက်သွားတော့သည်။၁၃နှစ်ဆိုတဲ့ အချိန်တစ်ခုထိ သည်းခံလာပြီးပြီ ဒီထက်ပိုပြီးမောင်တို့ ဝေးမနေချင်တော့ဘူးမ။

"ဒယ်ဒီ မာမီ"

ဦးနေမင်းတို့လင်မယား ဧည့်ခန်းကခုံမှာထိုင်ပြီး သားအကြောင်းပြောနေတုန်းသူတို့ကိုခေါ်တာ ကြောင့် ဧည့်ခန်းအပေါက်အဝကိုနေဝင်လာတဲ့ သားဖြစ်သူကိုတွေ့တော့....

"သား"

"သား မာမီသားလေးပြန်လာပြီ ဟင့် မာမီတို့ကို ထပ်ထားမသွားပါနဲ့တော့သားရယ် မင်း သူမကိုသိပ်ချစ်သလို မာမီတို့လဲ သားကိုချစ်တယ်သားရဲ့ မာမီမှာ သားနဲ့သမီးနှစ်ယောက်ပဲရှိတာ သားရယ် ဟင့် ဟင့် ဟင့် "

သူငိုနေတဲ့

မာမီကိုယ်လေးကိုရင်ခွင်ထဲသွင်းကတင်းကြပ်

စွာဖက်ထားလိုက်သည်။မာမီခေါင်းလေးကိုနမ်း

ကာ...

"သား သားဒီတစ်ခါဘယ်မှမသွားတော့ပါဘူး

မာမီ တို့နဲ့အတူ အမြဲနေသွားတော့မှာနောက်ဆို

အိမ်မှာလူဦးရေတိုးလာတော့မှာ"

LayNge

လက်ရာ သားအပြောကိုနားမလည်တာကြောင့် သားရင်ခွင်ထဲကထွက်ကာ...

"သားချစ်ရမဲ့သူတွေနေပြီလား"

သူ မာမီအပြောကိုခေါင်းငြိမ့်ပြလိုက်တော့ မာမီကသူ့လက်ကိုကိုင်ကာ...

"သား အရင်ကိစ္စတွေမေ့နိုင်သွားတာ မာမီဝမ်းသာလိုက်တာ သားရယ်

သမီးလေးအပေါ်ကိုလဲ အမုန်းမထားပါနဲ့
သူမလဲမတက်သာလို့လုပ်ရတာနေမှာပါ"

"မာမီ သူမကိုမုန်းလား
သားအိမ်ကထွက်သွားအောင်လုပ်လို့"

"ဟင်အင်း မုန်းစရာလား သူမလေးအဲ့နေ့က
ဝမ်းနည်းတဲ့အရိပ်အယောင်တွေမာမီမြင်နေရ
တယ်သား "

"ကျေးဇူးတင်ပါတယ် မာမီ မကိုမမုန်းလို့ သားတို့ဘဝထဲကို မဝင်လာတော့မယ် မာမီ"

"ဘယ်လို သား "

"သား"

လက်ရာနဲ့ အတူ နေမင်းဘာ အံ့သြလို့မဆုံး သူမက သူ့ယောကျာ်းနဲ့ကွာရှင်းလိုက်တာလား

Lay Nge

ဒါမှမဟုတ်

သားနဲ့ကအခုထိမပျက်ကြသေးတာလား။

"သား မင်း သူများဇနီး..."

ဦးနေမင်းစကားမဆုံးသေးခင်...

"မ ကသူများဇနီး မဟုတ်ဘူးဖေဖေ

မကအခုအချိန်ထိ သားဇနီးပါ "

Lay Nge

"သား ရှင်းအောင်ပြောစမ်း မာမီနားမလည်ဘူး"

သူ

မာမီပုခုံးကိုဖက်ကာဆိုဖာမှာဝင်ထိုင်လိုက်ပြီး...

"သားပြောပြပါမယ် မာမီ လွန်ခဲ့တဲ့ 3နှစ်က ရှိုင်းထက်မြတ်နဲ့ မတို့လက်မထပ်ဖြစ်ခဲ့ပါဘူး မာမီ ဘာလို့ဆို သားတို့ထွက်သွားပြီနောက်မှ ရှိုင်းထက်မြတ်အဖေရောက်လာတော့ မနဲ့

ရှိုင်းထက်မြတ်ကာ

မောင်နှမတွေဆိုတာသိခဲ့ရတယ် မာမီ နဲ့ ဒယ်ဒီ"

"ဟာ"

"တကယ်လား သားရယ် ပြီးတော့

သမီးကသားဇနီးဆိုတာကရောဘာလဲ"

"သားမြန်မာပြည်ကထွက်သွားတော့ မမှာ

သားနဲ့ရတဲ့

LayNge

ကိုယ်ဝန်ကျန်နေခဲ့တယ်မာမီ..မနက်ဖြန်သား

သားရဲ့မ နဲ့ သားလေးကိုသွားခေါ်တော့မှ

မာမီတို့ ခွင့်ပြုမယ်မဟုတ်လား

သားတို့အချိန်အတိုင်းအတာတစ်ခုထိဝေးခဲ့ရပြီး

ပြီ မာမီ သားတို့ထက်မဝေးချင်တော့ဘူး"

သားဆီက ကလေးဆိုတဲ့စကားကြောင့်

လင်မယားနှစ်ယောက်လုံးမျက်နာဝင်းပသွားပြီး

....

Lay Nge

"ကို လက်ရာတို့မြေးရနေပြီ သား
သားတကယ်ပြောတာမဟုတ်လား"

"သား ဒယ်ဒီတို့တကယ်မြေးရနေပြီဟုတ်လား
သား"

"ဟုတ်ပါတယ် ဒယ်ဒီ သားနာမည်က
နေတစင်းပါ"

"အမလေး မာမီ ဝမ်းသာလိုက်တာ
သားမနက်ဖြန် ပါအောင်ခေါ် ခဲ့နော်
သမီးလေးရောမြေးရော သားနဲ့ သမီး
လက်ထပ်ပွဲကိုလဲ
မာမီတို့ခမ်းခမ်းနားနားကျင်းပပေးမယ်"

"ဟုတ် ကဲ့မာမီ"

သူမာမီကိုခေါင်းငြိမ့်ပြပြီး
အငယ်မကိုမတွေ့တာကြောင့်....

"မာမီ မေလက်ရာ ရော"

"သား ညီမလေးက တက္ကသိုလ်တက်နေပြီလေ
အခုအဆောင်မှာသွားနေတယ်
သားထွက်သွားပြီးနောက်ပိုင်း
စားကြိုးစားရှာတယ် ပြီးရင် မာမီ
သားညီမလေးကိုဖုန်းဆက်လိုက်မယ်"

"ဟုတ်ကဲ့ မာမီ ဒါဆိုသားသွားနားတော့မယ်နော်
ပြီးတော့ သားအခန်းထဲ
မာမီပဲရှင်းတာမဟုတ်လား"

နေမင်းက
သားကငယ်ငယ်ကတည်းကသူပစ္စည်းတွေကို
သူ့မာမီတစ်ယောက်ပဲထိတာကြိုက်တာကြောင့်
အခုလဲသားသွားနေတဲ့ 3နှစ်မှာ လက်ရာက
သားအခန်းကို
သူမတစ်ယောက်ပဲဝင်ရှင်းတာကို
သားတော်မောင်အား..



LayNge

"မင်းမာမီ ပဲရှင်းတာမင်းမယုံရင်
အခန်းထဲဝင်ကြည့်"

"ဟုတ်ကဲ့ ဒယ်ဒီ
မာမီသားသွားနားတော့မယ်နော်"

မာမီခေါင်းငြိမ့်လိုက်တယ်ဆို
သူညည့်ခန်းထဲကထွက်လာပြီး
အပေါ်ထက်ကိုတက်လာလိုက်တော့သည်။မန

Lay Nge

က်ဖြန္ဆိုတဲ့အခ်ိန္ကိုသူအျမန္ေရာက္ခ်င္လွပါ ၿပီ။

~~~~~~~~~

သူဒီေန႔ သူမနဲ႔ သူရဲ႕ အခ်စ္တို႔အစျပဳရာျဖစ္တဲ့ ေက်ာင္းေရွ႕ကထမင္းဆိုင္ေလးမွာထိုင္ေနလိုက္ သည္။ေန႔ခင္းေက်ာင္းဆင္းေတာ့ ေက်ာင္းဆရာမေတြေရာ ေက်ာင္းထဲကထြက္ထြက္ေက်ာင္းသူေက်ာင္း

Law Nge
~~~~~~~~~

သားတွေအများကြီး။အဲ့ထဲက ဆရာမတစ်ယောက်ကသူ့အနားလျှောက်လာတာကြောင့် သူကြည့်နေမိသည်။

"မောင်လေးက သဘာဝကောင်လေးမဟုတ်လား"

"အစ်မက မကိုသိတာလား"

Lay Nge

သီရိ ဝမ်းသာသွားကာ

နေထိုင်နေတဲ့ဝိုင်းဝင်ထိုင်လိုက်ပြီး....

"တကယ်ပဲ မောင်လေးပဲ

မောင်လေးကိုအစ်မအများကြီးပြောစရာရှိတ

ယ်

သဘာဝသိပ်သနားဖို့ကောင်းတာပါမောင်လေး

ရယ်"

"ကျွန်တော်
မရဲ့ကိစ္စတွေအကုန်သိပြီးသွားပါပြီအစ်မ"

"မောင်လေး သိပြီးသွားပြီဆိုရင် သူမကို
မောင်လေးဘဝထဲခေါ်လိုက်ပါမောင်လေးရယ်
သူမတို့ သားအမိအခက်အခဲတွေနဲ့ နေခဲ့ရတာ"

"ကျွန်တော် သား နဲ့ မကို အခုလိုက်ရှာနေတာပါ
သူမဘယ်မှာနေမှန်းမသိလို့ ဒီနေရာလေးများ
သူမလာမလားစောင့်နေတာ"

သူ့အဲလိုပြောတာတော့
သီရိကဝမ်းသာအားရစွာ...

"အစ်မသိတယ် သဘာဝတို့ရှိတဲ့နေရာ
အစ်မကိုယ်တိုင်စောင့်ရှောက်ထားတာပါ "

"တကယ်လား အစ်မ
ကျွန်တော်ကိုလိပ်စာပေးပါလားဗျာ
ကျွန်တော်တောင်းပန်ပါတယ်"

"ရပါတယ် မောင်လေး {..........} အခန်း နံပတ် 5 ပါမောင်လေး "

"ဟုတ်ကဲ့ကျေးဇူးပါနော် ကျွန်တော်သွားလိုက်ပါဦးမယ်"

သူထိုအစ်မဆီက မတို့နေတဲ့လိပ်စာသိတယ်ဆို ထိုဆိုင်လေးကနေချက်ခြင်းထွက်လာလိုက်ပြီး

LayNge

သူရဲ့ အသက် နဲ့ ဘဝလေးတို့တည်ရှိရာနေရာသို့ ကားကိုအရှိန်တင်ကာမောင်းလာလိုက်သည်။

"သားလေး ကစိုးရိပ်ရသေးလား ဟင်"

"ကလေးက အငိုလွန်ပြီး သတိလစ်သွားတာပါ"

သူမ ဒီနေ့အပြင်မှာအလုပ်သစ်ထွက်ရှာတုန်း သားလေးရဲ့ ကလေးထိန်းကျောင်းကနေ သားလေးငိုပြီး သတိလစ်တယ်ဆိုလို

အမြန်သွားခေါ်လာပြီး အိမ်ကို

ဆရာဝန်ခေါ် ပြီး

ပြနေရသည်။သားလေးဘာကြောင့်

သတိလသ်တဲ့အထိငိုရတာလဲမသိ။သူမ

မေ့နေတဲ့

2နှစ်အရွယ်သားလေးကိုမကြည့်ရက်စွာ။

"ဆရာမ သားလေးကိုဘာကျွေးရမလဲဟင်

သားလေးကအခုထိနို့မပြတ်သေးပါဘူး "

"ဆန်ပြုတ်လေးတိုက်လိုက်ပါ "

ဆရာဝန် စကားက

သူ့အဖေနဲ့အရာရာတူနေတဲ့သားလေးကို

ဆန်ပြုတ်တိုက်ဖို့ရာ....

"ဆန်ပြုတ်ကလွဲကျန်တာမရဘူးလားဟင်တရာ

မ "

"ဆန်ပြုတ်တိုက်တာအကောင်းဆုံးပါပဲ ညီမ "



Lay Nge

"ဟုတ်ကဲ့ပါ ဝယ်တိုက်လိုက်ပါမယ်"

သူမကဝယ်တိုက်မယ်ဆိုတော့
ဆရာဝန်ကတိုက်ခန်းတစ်ခုလုံးမှာ
သူမဝင်လာခဲ့က
ဘယ်သူမှမရှိတာသတိထားမိတာမို့...

Lay Nge

"ညီမက ဆန်ပြုတ်သွားဝယ်ရင်

ကလေးကိုပါခေါ်သွားမလို့လား

လေစိမ်းတိုက်ရင် ကိုယ်တွေပူလာလိမ့်မယ်"

သူမလဲ ဆရာဝန်ပြောပြမှ

သူမသားအတွက်ဆန်ပြုတ်သွားဝယ်ရင်

အိမ်မှာဘယ်သူမှမရှိ။တစ်ယောက်ထဲထားခဲ့ဖို့

ကလဲ သားလေးကအရမ်းငယ်သေးတာကြောင့်

သူမစိတ်တွေရှုပ်ထွေးလာရသည်။

"ညီမ ဆန်ပြုတ်ဆိုင်ကိုအစ်မ တိုက်ခန်း ဟိုဘက်မှာတွေ့ခဲ့တယ် သွားဝယ်လိုက်လေ အစ်မစောင့်ပေးထားမယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်"

သူမ ဆရာမကိုကျေးဇူးတင်စကားပြောကာ သားလေးကိုဆရာမနဲ့ခဏထားခဲ့ပြီး သူမတို့တိုက်ခန်းကနေစ်လှာမှာမို့ အောက်ကိုထပ်ဆင်းကာ မြေညီထပ်ရောက်မှ

တံခါးပေါက်ကနေထွက်လာပြီး
လမ်းတစ်ဖက်ကမ်းကူးဖို့စောင့်ရသည်။သူမ
ဒီရက်အတွင်းစိတ်ပင်ပန်းနူကတစ်ခုပြီး တစ်ခုမို့
လူကပင်ပန်းနေပြီး
အခုသားလေးကပါနေမကောင်းထဖြစ်တာ
ကြောင့် သူမပြိုလဲချင်တဲ့
ခန္ဓာကိုယ်ကိုအားတင်းထားရသည်။

သူမလူနဲ့ အသိစိတ်မကပ်တော့ပဲ
တစ်ဖက်ကကားလာနေတာကို

လမ်းဖြတ်ကူးဖို့အလုပ်
လူအများတွေရဲ့အသံကဆူညံသွားရသည်။

"ဟာ ဟိတ် ဟိုမှာကား"

"အမလေး"

"ဟယ် တိုက်ကုန်တော့မယ် !!!"

Lay Nge

သူမ အားလုံးရဲ့အသံကြားမှ အသိဝင်လာကာ လမ်းအလည်တည်တည်ရောက်နေတာမို့ အလန့်တားကြားအနောက်ကိုပြန်ဆုတ်ဖို့အလုပ်တစ်ဖက်ကမ်းက လူတစ်ယောက်ပြေးလာ သူမဆွဲထုတ်လိုက်သည်။

"ဟာ တော်သေးတယ် တိုက်ပြီမှတ်နေတာ မိန်းကလေးကယူနေတာလားမသိဘူး"

"ကိုယ့်အသက်ကိုမှ တန်ဖိုးမထားတက်"

နေ

ကားပေါ်ကဆင်းဆင်းခြင်းလိုက်လိုက်ရတဲ့မြင်

ကွင်းကြောင့် ကားတွေလာတာလဲမမြင်နိုင်စွာ

ကားကိုလမ်းဘေးရပ်ချလိုက်ပြီး

လမ်းလည်ကသူမကို လက်ကနေဆွဲပြီး

တစ်ဖက်လမ်းပေါ်အမြန်တက်လိုက်တာကြောင့်

နှစ်ယောက်လုံး

အသက်မပျောက်တာကံကောင်း။သူ

ဘယ်လောက်စိုးရိပ်လဲဆို

လမ်းတစ်ဖက်ရောက်တယ်ဆို

သူမကိုယ်လေးကိုမလွတ်စတမ်းဖက်ထားလိုက်သည်။

သူမကိုဖက်ထားရင်းဘေးကအသံတွေကြောင့်အသိဝင်လာကာ...

"ခင်များတို့ ပါးစပ်တွေက အဲလိုဝေဖန်နေမဲ့အစား ကယ်လိုက်ရင် သူမလို့လူမျိုးတွေအသက်ဆုံးရှုံးမှုလျော့သွားလိမ့်မယ်

ခင်များတို့ပါးစပ်တွေတိတ်တိတ်နေတာကောင်း

မယ်!!!!"

သူအသံနက်ကြီးနဲ့

ပိတ်အော်လိုက်ကြောင့်သူရင်ခွင်ထဲကသူမ

လေး ခန္ဓာကိုယ်တုန်သွားတာကြောင့်

သူမကျောပြင်လေးကို ဖွဖွလေး

ပုတ်ပေးလိုက်သည်။ဘေးကကြည့်ပြီးပြောနေ

တဲ့လူတွေလဲ သူအော်လိုက်တာကြောင့်

လူစုတွေကွဲသွားတော့သည်။

"မ ရယ် ဘယ်လိုဖြစ်နေရတာလဲ"

သူမကိုဖက်ထားတဲ့ လူဆီက *မ*ဆိုတာကြောင့် သူမအတွက်အားကိုးရသွားကွာသူရင်ခွင်ထဲက ထွက်လာပြီး ငိုကာ....

"မောင် ဟင့် ဟင့် သား

သားလေးနေမကောင်းနေလို့ "

Lay Nge

"သားနေမကောင်းနေလို့ ဟုတ်လား

ဆေးခန်းသွားမယ် သားဘယ်မှာလဲ"

သူမ မောင်မှာအိမ်ထောင်ရှိတာတွေဘာတွေလဲ

ဒီအချိန်မှာမစဉ်းစားနိုင်

သူမရင်ထဲရှိတာတွေပြောနေသည်။

"သားကို အပေါ်မှာ ဆရာဝန်နဲ့ခဏထားခဲ့တယ်

အခု သားအတွက်ဆန်ပြုတ်ဆင်းဝယ်တာ "

LayNge

"ဘယ်မှာလဲ ဆန်ပြုတ်ဆိုင်
မောင်သွားဝယ်လိုက်မယ်"

"ဟိုဘက်မှာ

သူမ ပြတဲ့နေရာက
ဆန်ပြုတ်ဆိုင်ကိုတွေ့တာကြောင့်
သူမကိုခေါင်းငြိမ့်ပြကာ...

"ဒီမှာ ခဏစောင့် မောင်သွားဝယ်လိုက်မယ်"

"အင်း

သူမှာကို တစ်ဖက်ကမ်းမှာထားခဲ့ပြီး တစ်ဖက်ကိုကူးကာကားထဲကပိုက်ဆံအိတ်ယူပြီး ဆန်ပြုတ်ဆိုင်ကိုသွားလိုက်သည်။

"ဆန်ပြုတ်တစ်ပွဲ"

"မောင်လေး ရိုးရိုးလား ကြက်သားနဲ့လား "

"နှစ်မျိုးလုံး နှစ်ပွဲပေး မြန်မြန်လေးလုပ်ပေးပါ"

သူမှာလိုက်တယ်ဆို ဆိုင်ရှင်အစ်မက အိုးထဲက ဆန်ပြုတ်ကို အလွတ်တပွဲ ကြက်သားနဲ့တစ်ပွဲထုတ်ကာသူကိုပေးလိုက်သည်။သူဆန်ပြုတ်နှစ်ထုတ်ကိုယူကာ အိတ်ထဲက ပိုက်ဆံတစ်သောင်းတန်နှစ်ရွက်ကိုပေးလိုက်သည်။

သူပိုက်ဆံပေးပြီးတယ်ဆိုပြန်ထွက်ဖို့အလုပ်...

"မောင်လေး 2နှစ်ထောင်ပဲကျတာ"

သူလှည့်တောင်မကြည့်ပဲ...

"မအမ်းနဲ့တော့ ပိုတာ
မရှိတဲ့သူတွေကိုကျွေးလိုက်ပါ"

ဟုပြောကာ သူဆိုင်ထဲကထွက်လာပြီး
တစ်ဖက်ကမ်းကိုကူးလာလိုက်သည်။

"မ သားဆီသွားရအောင် "

သူ နဲ့ သူမ နှစ်လွှာကတိုက်ခန်းကိုတက်လာပြီး
သူမကအရင်တိုက်ခန်းတံခါးဖွင့်ကာဝင်သွားတာ
ကြောင့် သူမနောက်ကနေ
ဆန်ပြုတ်ထုတ်နှစ်ထုတ်ကိုဆွဲကာလိုက်ဝင်လာ
လိုက်သည်။

Lay Nge

သူမ သားလေး နဲ့ သူမအခန်းကိုဝင်လိုက်တော့

သားလေးကနိုးနေတာကို

ဆရာမကချော့မြူပေးနေသည်။သူမသားလေး

အနားသွားပြီးထိုင်လိုက်တော့

သားလေးကသူမကိုချီဖို့လက်ကမ်းနေတာမို့

သူမ သားလေးကိုချီလိုက်သည်။

"ဆရာမ ကျေးဇူးပါရှင့် "

"ရပါတယ် "

"ခဏ ဆရာမ ညီမဆေးဖိုးကန်တော့ပါရစေ"

လို့သူမပြောတုန်းရှိသေး
သူကအခန်းထဲဝင်လာကာ ဆရာမကို
ပိုက်ဆံသောင်းတန်အထပ်လိုက်ကိုကမ်းပေးလို
က်တော့ဆရာမလက်မခံ။

"သား အတွက်ဆေးဖိုးကန်တော့တာပါဗျ ယူပါ"

သူကောင်းကောင်းမွန်မွန်ပြောလိုက်တော့ ဆရာမကယူပြီးထွက်သွားတော့သည်။

"ပေ့ပေ့ "

မချီထားရကနေ သားကသူ့ကိုခေါ်တာကြောင့် ကုတင်ပေါ်သူဘေးတစောင်းဝင်ထိုင်ကာ သာလေးလက်တစ်ဖက်ကို ကိုင်ကာ...

"သား...ဖေ့သားလေး"

............

# ☼နေရောင်ရှိမှပွင့်မည့်ပန်း❀

## Part_38

"သား...ဖေ့သားလေး"

Lay Nge

သူ သားလေးလက်လေးကိုကိုင်ကာ ဟိုတစ်နေ့ကသူလုပ်ရက်သူပြန်မြင်လာကာသူ ကိုသူဒေါသပိုထွက်လာရသည်။

"မ သားကို ဆန်ပြုတ်တိုက်မလို့မဟုတ်လား မောင် စာပွဲပေါ်မှာပြင်ထားတယ်မ သားသောက်ရင်ပူနေမှာဆိုးလို့"

"အင်း "

"သားကို မောင့်ကိုပေး မ

စားပွဲပေါ်ကဆန်ပြုတ်ပန်းကန်သွားယူလိုက်လေ

"

မကသူကိုကြည့်နေပြီး ဘာမှမပြောပင်မဲ့

သားကသူကိုလက်ကမ်းပေးတာကြောင့်

မဆီကပြောင်းချီလိုက်တော့

မလဲထိုင်နေရာကထက

အခန်းပြင်ထွက်သွားတော့သည်။

Layla

"ပေ့ပေ့"

"ဗျာ"

"ရှစ် ရှစ် ယား"

"အရမ်းချစ် ဖေဖေကနေနေကို ချစ်တာပေါ့ဗျ"

"တားလဲ ပေ့ပေ့ကို ရှစ် ပြွတ်"

Lay Nge

သားလေးကသူ့ကိုချစ်တယ်ပြောပြီး ပါးကိုလှမ်းနမ်းတာကြောင့်သူလဲ အသဲယားလာကာ သားကိုယ်လေးကို ကုတင်ပေါ်ချကာ အပေါ်ကနေ ကလီထိုးနေလိုက်သည်။သူတို့သားအဖကုတင် ပေါ်မှာ ကမြင်းနေတုန်း သူမကဆန်ပြုတ်ပန်းကန်လေးကိုင်ကာဝင်လာ သည်။

သူမ သားကိုဆန်ပြုတ်ချော့တိုက်ဖို့အတွက်

ကုတင်ပေါ်တစောင်းထိုင်လိုက်တော့

သူကသားကို ပလက်ကလေးကနေ

ကောက်ချီလိုက်သည်။

"သား အာ ဟ မုန့်စားမယ်"

သူမခွန့်တဲ့ ဇွန်းထဲက ဆန်းပြုတ်တွေလဲမြင်ရော

သားကထငိုပြီး သူမကိုကျောပေးလိုက်ကာ

သူ့အဖေလည်ပင်းကိုဖက်ထားလိုက်သည်။

"အီး ဟီး ဗြဲ ဟီး"

နေ လဲသူ့ချီထားရကနေထင်ို့တဲ့
သားဖြစ်သူကြောင့်လန့်ကာ ထရပ်လိုက်ပြီး
ကျောပြင်လေးကို ပုတ်ကာ...

"သား တိတ်တိတ်မငိုရဘူးနော်"

"ချားဝူး တားကျိုက်ဝူး"

သား ပြောမှ

သူကိုယ်တိုင်ဆန်ပြုတ်မကြိုက်တာကိုသတိရ

သွားကာ သားကသူ့သွေးပိပိ သူနဲ့

အကြိုက်တော်တော်များများတူတာကြောင့်

သူပြုံးလိုက်မိသည်။

သူမပြုံးသွားတဲ့ မောင့်မျက်နှာကိုမြင်ပင်မဲ့

သားလေးကိုပဲ အာရုဏ်လွဲကာ

မက်တပ်ရပ်ပြီးခွန့်ဖို့ကြိုးစားတော့ သားက....

"ပေ့ချား ရင် သားချား"

"ဟာ"

သူသားအပြောကြောင့်
ဆန်ပြုတ်ကြောက်တာမသိသွားရင်ဖြင့်
လို့တွေးနေတုန်း သားကိုခွန့်နေတဲ့ဇွန်းက
သူပါးစပ်နားရောက်လာတာကြောင့်
မကိုကြည့်တော့

စားဆိုတဲ့သဘော။သူပါးစပ်ဟပေးလိုက်တယ်

ဆို ဆိုးဝါးလှတဲ့ ဆန်ပြုတ်အရသာက

သူဘယ်လိုမြိုချချ လည်ပင်းကမကျ။သူ

သားသောက်ချင်အောင် ရအောင်မျိုချပြီး

သားကိုပြုံးပြကာ...

"ဖေဖေ သောက်ပြီးပြီ သားသောက်အလှည့်"

သူပြောတယ်ဆို

သားလေးကပါးစပ်ဟပေးရှာသည်။သူမလဲသား

လေးပါးစပ်ဟပေးတုန်းခွန့်လိုက်တော့
ဆန်ပြုတ်ပါးစပ်ထဲရောက်သွားတယ်ဆို
သားလေးမျက်နှာကရှုံ့မဲ့သွားတာ
ချစ်ဖို့ကောင်းလှသည်။သူမ
သူနဲ့သားကိုတစ်ယောက်တစ်လှည့်ခွန့်ပြီးတော့
ဆန်ပြုတ်တစ်ပန်းကန်လုံးရှင်းသွားကာ
3ယောက်သားကစားကြပြီး ခဏကြာတော့
အိပ်ပျော်သွားသည်။သားလေးအိပ်ပျော်သွားမှ
နှစ်ယောက်လုံ
အိမ်ရှေ့ကဧည့်ခန်းမှာမျက်နှာချင်းဆိုင်ထိုင်လို
က်ပြီး သဘာဝကစကားစလိုက်သည်။

"သားက မင်းသားဆိုတာဘယ်လိုသိတာလဲ"

"မမိုင်ပြောပြလို့ မောင်အကုန်သိပြီးပြီ"

သူမကိုသူအမှန်တိုင်းပြောပြလိုက်သည်။

"တောင်းပန်ပါတယ်
ငါကြောင့်မင်းခံစားခဲ့ရတာတွေအတွက်
မင်းငါ့ကိုမုန်းချင်လဲရတယ်ငါ့လိုလူမျိုးကို

ချစ်ခဲ့မိတဲ့ မင်းလဲနောင်တရနေမှာပဲ မပူပါနဲ့

ငါတို့သားအမိ နောက်ဆို

နင့်ဘဝထဲပြန်မလာတော့ပါဘူး

ငါ့တကယ်တစ်ကိုယ်ကောင်းဆန်ခဲ့မိတယ်

နင်ပြန်လာတဲ့အချိန်ကြ ငါတို့မိသားစုလေး

အတူတူနေကြမယ်ဆိုပြီး ဒါပင်မဲ့

ဒီလိုတွေဖြစ်ရတာ ငါ့ကြောင့်

နင့်မှာအပြစ်မရှိပါဘူး နောက်

ငါတို့သားအမိကိုတွေ့ရင်

ဝေးဝေးရှောင်နေပေးပါ"

"တော်တော့ တော်ပါတော့မရယ်

မောင်ကိုနှောက်ထပ်ထားသွားမဲ့စကားတွေမ

ပြောပါနဲ့တော့

မောင်သေလုမြောပါးခံစားခဲ့ရသလို

မလဲခံစားခဲ့ရတာပဲ အခု မောင်တို့နှစ်ယောက်လို

သားကိုပါနာကျင်စေချင်လို့လား မရယ်"

"ဒါဆိုနင်က မိန်းမ နှစ်ယောက်

ကိုတစ်ချိန်ထဲပေါင်းမလို့လား ငါမင်းကိုချစ်ခဲ့လို့

ငါဘဝကိုမင်းကိုအရင်ဆုံးပုံအပ်ခဲ့တယ် ဒါပင်မဲ့

သားကိုငါ့ကြောင့်သိက္ခာကြတဲ့အဖြစ်မျိုး

မရှိစေရဘူး ငါကိုလက်စားချေချင်ရင်
တစ်ခြားနည်းနဲ့ချေပါ "

သူမမိန်းမနှစ်ယောက်လိုပြောတာကြောင့်သူ
သေချာစဉ်းစားကြည့်လိုက်တော့ စင်တာမှာ
အန်နာကိုခေါ်သွားတဲ့
နေ့ကိုသတိရသွားသည်။ဒါကို
မကအထင်လွဲနေပြီ ဆိုတာသိလိုက်ပါပြီ။သူ မနဲ့
မျက်နှာချင်းဆိုင်နေရာကထပြီး
သူမဘေးသွားထိုင်ကာ

သူမလက်လေးကိုကိုင်လိုက်တော့
သူမကအတင်းရုန်းထွက်ပင်မဲ့ သူ မလွှတ်ပေး။

"နေမင်းလက်ရာ လွှတ်ပါ
မင်းဇနီးသိရင်ကြိုက်မှာမဟုတ်ဘူး"

"ကျုပ်မိန်းမလက်ကျုပ်ကိုင်နေတာ ဘယ်သူကို
ဂရုစိုက်ရမှာလဲ"

သဘာဝ မောင်ဆီက

မိန်းမလို့ပြောလိုက်တာကြောင့်...

"မင်းပြန်ပါတော့ မင်းမိန်းမနဲ့ကလေးဆီ....အွန့်"

ဒီလောက်စကားများနေတဲ့

သူမနှုတ်ခမ်းပါးကိုဖိကပ်နမ်းလိုက်တော့

သူ့ရင်ဘက်တွေကိုထုလာတော့သည်။သူကလဲ

သူမကိုလွှတ်ထွက်သွားမှာဆိုးသည့်အလားမလွှ

တ်ပေ။သူနမ်းတာအတော်ကြာသွားတော့

သူမကမရုန်းပဲငြိမ်ကြသွားတာကြောင့်ကြည့်လိုက်တော့

မျက်ရည်တွေကပါးနှစ်လုံးမှာနေရာယူထားလျက်။

" မ တောင်းပန်းပါတယ် မောင်အတင်းအကျပ်အနိုင်ကျင့်သလိုဖြစ်သွားတယ်"

"ငါမင်းအပေါ်အပြစ်ရှိတဲ့သူပဲ မင်းထားရနေမင်းလိုရင်သုံး ပေါ့ ဟင့် ဟင့် ဟင့်

LayNge

ငါလိုချင်ခဲ့တာ ဒီလိုအခြေအနေတွေ

ေနဟုတ်ဘူး ဟင့် "

"မ ပြောနေတာတွေ မောင်ရှင်းပြမယ် "

"ဟင်အင်း မသိချင်ဘူး နင်ဆီကသိလာရမဲ့

ခါးသီးချက်တွေ

ငါမှာနားထောင်နိုင်စွမ်းမရှိလို့ပါ ဟင့်

ငါ့ဆို့နှစ်ယောက်လုံး နာကျင်ရမဲ့

ဆုံးဖြတ်ချက်မချပါနဲ့ မင်းပြန်ပါတော့"

လို့ပြောကာ

သူမလက်ကိုင်ထားတဲ့သူလက်ကိုဖြုတ်ကာထိုင်

ရာကထားပြီး သားအခန်းဆီကို

ဦးတည်လိုက်ပင်မဲ့ သူက

အနောက်ကနေသိုင်းဖက်လိုက်သည်ေ။

သူအနောက်ကနေသိုင်းဖက်လိုက်ပြီး

သူမလည်တိုင်လေးကိုနမ်းလိုက်တော့

တွန့်သွားသည်။

"မ မောင်အိမ်ထောင်မကျသေးဘူး

မတစ်ယောက်ထဲကိုပဲ ချစ်ခဲ့တဲ့ ဒီကောင်က

3နှစ်ဆိုတဲ့အချိန်လေးနဲ့

တစ်ခြားတစ်ယောက်ပြောင်းရအောင်

အဲ3နှစ်က တစ်ခြားသူကိုချစ်ဖို့နေနေသာသာ

မကိုလွမ်းတဲ့

ဒဏ်တွေမောင်အလုအလဲခံခဲ့တာ..ဟိုတစ်နေ့က

ကလေးပစ္စည်းဆိုင်မှာ မတွေ့တဲ့ မိန်းကလေးက

အန်နာ  မောင်တို့နဲ့ ဆွေးမျိုးမကင်းဘူး

သူကလေးအတွက်ဝယ်ချင်လို့

လိုက်ပို့ပေးပါလို့အတင်းပူစာနေလို့

လိုက်ပို့ပေးတာ..ဒီကောင်မကိုဘယ်လောက်

ချစ်လဲသိလား မမှတ်မိမှာပေါ့ မောင်တို့

ဘုရားသွားပြီး အပြန် ပန်းခြံမှာ

ခမ္မတာဖြစ်တော့ မောင်အင်္ကျီနဲ့

ပတ်ပေးတာလေ အခုထိအဲ အင်္ကျီလေးကို

မလျှော်မဖွက်ပဲသိမ်းထားတာမသိလား

မနဲ့ပက်သက်ရင်

လက်သည်းခွန်ကအစတန်ဖိုးထားတယ်"

သူစကားဆုံးတယ်ဆို

သူမကသူ့ဘက်လှည့်လာပြီး သူပါးကိုကျနေတဲ့

မျက်ရည်တွေကိုသုတ်ပေးနေသည်။

"ဟင့် မောင် ဟင့်"

သူ နဲ့

သူမတစ်ယောက်ကိုတစ်ယောက်တင်းကျပ်စွာ

ဖက်ထားလိုက်ကြသည်။အခုအချိန်ကစပြီး

Lay Nge

သူမတို့ချစ်ခရီးလမ်းကိုနောက်ယှက်မဲ့သူမရှိ

တော့.....။။

ကြိုး:::::.....

သူအိမ်ပေါ်တီအောက် ကားကိုရပ်လိုက်ပြီး

အရင်ဆင်းကာ တစ်ဖက်က

ကားတံခါးကိုဖွင့်ပေးလိုက်သည်။သူ

မလက်ထဲက သားကိုချီလိုက်ကာ

မကိုလက်တစ်ဖက်ကမ်းပေးလိုက်တော့

သူလက်ကိုကိုင်ပြီး

မကဆင်းလာသည်။သူမလက်ကို

ခဏတောင်မလွှတ်ပဲ ကားတံခါးကို

ခြေထောက်နဲ့ ကန်ပိတ်ကာ သားကိုချီပြီး

မလက်ကိုဆွဲကာအိမ်ထဲဝင်လာတော့ မာမီ နဲ့

ဒယ်ဒီတို့နဲ့ အတူ ညီမလေးရော

ဟိုကောင်တွေရော လူစုံရောက်နေကြသည်။

သူတို့ ဧည့်ခန်းထဲဝင်လာတော့

မာမီကထိုင်ရာမှထလာကာ

သူတို့မိသားစုနားလျှောက်လာပြီး မကိုဖက်လိုက်သည်။

"သမီးရယ် အရမ်းကိုခက်ခဲခဲ့မှာပဲ မာမီတို့ တာဝန်မကျေခဲ့ ဘူးသမီးရယ်"

သူမလဲ မာမီကိုပြန်ဖက်ကာ...

"ဒီကိစ္စတွေက သမီး
သတ္တိနည်းခဲ့လို့ဖြစ်ခဲ့ရတာပါ
ဘယ်သူ့မှာမှအပြစ်မရှိပါဘူး"

"သမီးရယ်"

သူမ ချွေးမလေးကိုဖက်ထားတုန်း
သားလက်ပေါ်က ကလေးက သူ့အဖေကို....

"ပေ့ပေ့"

"ဗျာ"

"ဖွား ယား"

"ဟာ သားက ဖွားဖွားမှန်းသိတယ်

ဟုတ်လားသား"

နေအမေးကို

နေနေလေးကခေါင်းငြိမ့်ပြတာကြောင့် သူမ

LayNge

ချွေးမလေးကိုဖက်ထားရာကနေခွာလိုက်ကာ
သားလက်ပေါ်က
သားငယ်ငယ်ကနဲ့တစ်ပုံစံထဲတူတဲ့
မြေးလေးရှေ့သွားပြီး...

"မြေး ဖွားဆီလာပါဦးကွယ်"

သူမ သားလက်ထဲက မြေးလေးကို
ချီလိုက်သည်။မြေးလေးက မိဘနှစ်ပါးလုံးက
အသားရည်လှတာကြောင့် မြေးလေးက

LayNge

ဖွေးဖွေးပြီး

ဝကသ်ကစ်လေးနဲ့ချစ်ဖို့ကောင်းလှသည်။သူမ

မြေးကို ချီက

ဦးနေမင်းရှေ့နားလျှောက်သွားပြီးဆိုဖာမှာထိုင်

လိုက်သည်။

နေလဲ မလက်ကိုဆွဲကာ ငြိမ်းထက်တို့ဘေးက

နှစ်ယောက်ထိုင်ဆိုဖာမှာဝင်ထိုင်လိုက်သည်။

"ကိုယ် ကြည့်ပါဦး

မြေးကချစ်ဖို့ကောင်းလိုက်တာ

သားငယ်ငယ်တုန်းကအတိုင်းပဲ"

"ဟုတ်ပါကွာ "

ငြိမ်းထက်တို့ 3ယောက်က

သူမတို့နှစ်ယောက်ဘက်လှည့်ကာ...

Lay Nge

"ကျွန်တော်တို့ပြောခဲ့တာတွေ

လွန်တာတွေပါလို့ တောင်းပန်းပါတယ် အစ်မ

ဒီကောင်ပုံစံကိုမကြည့်ရက်လို့ ထွက်လာတဲ့

စကားတွေပါ"

ငြိမ်းထက်အပြောကို သဘာဝကပြုံးပြကာ..

"တောင်းပန်စရာမလုပ်ပါဘူး

ဘာဖြစ်လို့လဲဆိုတော့

ဒီကိစ္စတွေအမှန်တွေကိုမှမသိခဲ့ကြတာ"

Lay Nge

နေကတော့ သူ့သူငယ်ချင်းတွေနဲ့

မကိုပြုံးကာကြည့်နေစဉ် သားက...

"ပေ့ ချီ"

နေနေ ကသူ့အဖေ့ကို ချီခိုင်းနေတာကို

ကျော်သူရကအသဲယားကာ ခေါ် ဖို့ပြင်နေတဲ့

နေကို ကြားဖျက်ကသူ့ကချီလိုက်တော့

နေနေဒေါသထွက်လာကာ ကျော်သူရပုခုံးကို

Lay Nge

မလွှတ်စတမ်းဖက်ကိုက်လိုက်သည်။သွားပေါက်တဲ့အရှယ်မို့ အားသုံးကိုက်တာကြောင့်နာမှာအမှန်ပင်။

"အား ကိုက်တယ် ဟ နေမင်းသားကိုခေါင်ခေါ့ကိုကိုက်ထားတယ်ကွ အား"

"သား ကိုက်ဒင်းကို နာနာလေးကိုက်"

LayNge

သူကသားကိုမချီတဲ့အပြင်

မြှောက်ပါပေးလိုက်သေးသည်။သားကလဲ

နားလည်စွာ ပါးစပ်က ပုခုံးကိုကိုက်နေပြီး

လက်ကပါ

ဆံပင်ကိုစောင့်ဆွဲနေသည်။နေကတော့

သားကျော်သူရကို လုပ်ချင်သလိုလုပ်နေတာကို

အားပေးနေလိုက်သည်။

"နာတယ်ဟ အား နေမင်းလက်ရာ မင်းသားကွာ

မင်းလိုပဲလက်သန်ပြောင်ချက်"

သဘာဝ မောင့်သူငယ်ချင်းတကယ်နာနေတဲ့ပုံမို့ မောင့်ဘေးနားထိုင်နေရာကထကာ သားကို ခေါ်ရတော့သည်။

"သား ဦးဦး ကိုမလုပ်ကဘူးဘေးကွယ် မေမေဆီလာ"

သူ့အမေခေါ်တော့ နေနေလေးက

ကျော်သူရအပေါ်ကနေ

သူ့အမေဆီကိုမလိုက်ခင်...

"တေ"

ဆိုပြီး

ဆံပင်ကိုတစ်ချက်ဆွဲပြီးမှလွှတ်လိုက်တော့

ဧည့်ခန်းထဲကလူတွေအကုန်လုံးသဘောကျနေ

တော့သည်။ကျော်သူရကတော့ရှုံ့မဲ့လျက်စိတ်

ထဲမှာတော့ *ဖအေ ပြီးတော့လာပြန်ပြီ နေမင်းလက်ရာပေါက်စ*လို့ပြောလိုက်တော့သည်။

"သမီး မြေးနာမည်က"

မာမီက မကိုမေးလိုက်ပင်မဲ့ နေကပဲ....

"နေတစင်း ပါမာမီ"

Lay Nge

"နာမည်လေးမိုက်တယ်ကွ နေ
မင်းသားကမင်းနဲ့တော်တော်တူတာပဲ"

ကျော်မျိုးထူးစကားကသူ့ကိုမှိုရသလိုမျက်နှာ
ပြောင်းသွားစေကာ....

"ငါ့သား ငါနဲ့ပဲတူမှာပေါ့"

"အေးပါကွာ"

သူတို့အကုန်လုံး အပျော်ကြီးပျော်နေတဲ့

သူကိုမမြင်ရတော့ဘူးထင်ခဲ့တာ နေ

သဘာဝပန်းက မင်းကို

အပြုံးဖော်ဆောင်အောင် လုပ်နိုင်တဲ့

တစ်ဦးတည်းသော သူပါလား.....။

ကျွီး....

သားကို သူအန်တီလေးက

ခေါ်ထားလိုက်တာကြောင့် မ ကိုခေါ်က

Lay Nge

သာအခန်းကိုတက်လာလိုက်သည်။အခန်းထဲ

ရောက်တယ်ဆို သူမ အခန်းတစ်ခုလုံး

ဝေ့ကြည့်တော့ မောင်တစ်ခန်းလုံးမှာ သူမ

နဲ့ပက်သက်တာတွေမှအများကြီး။သူမတို့ချစ်သူ

နှစ်ဦး စတွေ့တဲ့နေ့ကစ လမ်းခွဲခဲ့တဲ့နေ့အထိ

အမှတ်တရနေ့မှန်သမျှ ကိုနံရံမှာ Colour

စုံစက္ကူလေးတွေကို အသဲပုံညပ်ပြီး

နံရံမှာကပ်ထားကာ

ရေးပြီးမှတ်ထားသည်။ပြီးတော့

စင်လေးတစ်ခုအပေါ်မှာတင်ထားတဲ့ခွက်လေး

ကိုယူကြည့်လိုက်တော့

ပျောက်သွားတာကြာပြီဖြစ်တဲ့ သူမရဲ့ခွက်လေး။

"မ လာ"

သူ သူမလက်ကိုဆွဲကာ သူရဲ့

အဝတ်အစားလဲခန်းထဲကိုခေါ်လာလိုက်ပြီး

မှန်တွေကာထားတဲ့ မှန်ဗီရိုကြီးထဲမှာShirt

လက်ရှည်တွေကတစ်ကန့် လက်တိုကတစ်ကန့်

T_Shirt ကတစ်ကန့် Coat တွေကတစ်ကန့်

Law Nge

ခွဲထားပြီး Style ဘောင်းဘီအရှည်တွေ နဲ့

အတိုတွေကလဲတကန့်ဆီခွဲထားသည်။မောင်ပု

ဆိုးဝတ်တာမတွေ့ဘူးပင်မဲ့လဲ ပုဆိုးတွေလဲ

အထပ်လိုက်။ဖိနပ် ကအစ နာရီတွေကအစ

မှန်ကောင်တာထဲမှာ

နည်းနည်းလေးမဟုတ်။မောင့်အဝတ်အစားခန်း

ထဲကစ္စည်းတွေနဲ့တင် Store

တစ်ခုဖွင့်လို့ရလောက်သည်။

"မ ဘယ်တွေကြည့်နေတာလဲ ဒီမှာကြည့်"

မောင်က သူမကို ယွန်းဘူးလေးထိုးပေးတော့ ယူလိုက်ကာဖွင့်ကြည့်လိုက်တော့ သူမမောင့်ကို ထိုးပေးထားတဲ့ ဆွယ်တာလေး။

"မောင် US ကိုယူသွားတာ
ဒီပစ္စည်းလေးတစ်ခုပဲ December ရောက်တိုင်း
ဒီအနွေးထည်လေးကို
မောင်အမြဲဝတ်ထားဖြစ်တယ်"

သူမ မောင်ရင်ခွင်ထဲဝင်ပြီး

မောင့်ခါးကိုဖက်ကာ...

"မောင့် ကိုအရမ်းကိုလွမ်းနေခဲ့တာ"

သူပြုံးကာ မ ခေါင်းလေးကိုငုံနမ်းလိုက်ပြီး...

"မောင်တို့အခုကစပြီး

တစ်သက်လုံးမခွဲတော့ဘူးနော် မနက်ကြရင်

စေ့စပ်ဖို့နဲ့ လက်ထပ်ပွဲအတွက်

အဝတ်အစားသွားရွေးမယ် "

"စေ့စပ်ပွဲကဘာလို့လုပ်ဦးမှာလဲ လက်ထပ်ပွဲ

ဆိုတော်ပြီလေ"

"မတော်ပါဘူး

မောင်အရင်ကတည်းကစဉ်းစားထားတဲ့အတိုင်း

လုပ်မှာ စေ့စပ်ပွဲနေ့ မှာ

Lay Nge

လက်မှတ်ထိုးပွဲတစ်ခါထဲလုပ်မယ် ကျန်တဲ့ မတာဝန်က သတို့သမီးဖြစ်ပေးယုံပဲ"

"အင်းပါ အင်းပါ အမေ့"

သူခေါင်းငြိမ့်ပြနေတဲ့ သူမိန်းမလေးကို ပြုံးကာစွေ့ကနဲ့ ကောက်ပွေ့လိုက်တာပြီး အဝတ်အစားလဲခန်းထဲကထွက်လာလိုက်သည်။ သူမကလဲပြုတ်ကျမှာဆိုးတာကြောင့်

သူလည်တိုင်ကို

သူမလက်နှစ်ဖက်နဲ့ချိတ်ထားသည်။

သူ သူမကို ကုတင်ပေါ်ချလိုက်တာကြောင့်

မောင့် ရဲ့အကြံကိုသူမရိပ်မိကာ

ကာတင်ပေါ်တက်တော့မဲ့

မောင့်ကိုယ်ကြီးကိုတွန်းကာ...

"မောင် ဘာလုပ်မို့"

"အိပ်ကြမယ်လေ
3နှစ်ဝေးခဲ့သမျှအတိုးချချစ်ကြမယ်"

မောင့်စကားကြောင့်
သူမမျက်လုံးပင်ပြူးချင်သွားရသည်။မောင်နဲ့သူ
မဝေးနေခဲ့တာ 3ရက်မှမဟုတ်ပဲ 3နှစ်တောင်ကို
ပြန်ပြီး ပုံမှန်ဖြစ်အောင်အရင်မတွေးဘဲ
နားဘူးထဖို့ကိုတွေးလိုက်တာကအရင်။သူမ
မောင်ရင်ဘက်တွေ ရိုက်ပလိုက်သည်။

ဖြန်း

"ဟာ  မ နာတယ်နော် မောင်ပြန်လုပ်မှမအော်နဲ့"

"မောင် !!!!"

"အာ အော်တယ် မကဘာထင်တာလဲ
မောင်ကပြန်ရိုက်မှာကိုပြောတာလေဗျာ !!"

"ဘာ မင်း...."

သူ့ရဲ့ပြုံးတိတိနဲ့ကြည့်နေတဲ့မျက်နှာထားကြောင့်
သူမပြောမဲ့စကားပါရပ်တန့်သွားရသည်။

"ဘာမင်းလဲဆို သီပေါမင်း ပဲဖြစ်ချင်တယ်
ကျန်စစ်မင်း မဖြစ်ချင်ဘူး"

"အော် ဟော သီပေါမင်းလို
စုဘုရားလတ်ကိုကြောက်သလို
ငါကိုကြောက်နေတဲ့ပေါ့ ဒီရုပ်က"

"ကျွန်စစ်မင်း လို ကျွန်ရစ်မဖြစ်ချင်ဘူး
သီပေါမင်းလို မိန်းမအနားကပ်ပြီး
မိန်းမစကားပဲ နားထောင်တော့မယ် ပြောတာ"

မောင်ရဲ့ဥပမာကြီးက ရီချင်လွန်းလို့ပင်မဲ့
မောင်ကအတည်ပေါက်ပြောနေတာမို့မရီရက်။
တက်လဲတက်နိုင်တဲ့ နေမင်းစကားတက်။

သူ ထိုင်နေတဲ့ မအရှေ့မှာ ဝင်ထိုင်လိုက်တော့ မ
က...

"လက်မထပ်ရသေးဘူးလေ မောင်
လက်ထပ်ပြီးမှ
တစ်ခန်းထဲအတူတူနေကြမယ်လေနော်
အခုတော့"

"မောင်တို့ရဲ့သားက
မောင်တို့ရဲ့လက်ထပ်စာချုပ်ပဲ "

~ ~ ~ ~ ~ ~ ~

￼

۞နေရောင်ရှိမှပွင့်မည့်ပန်း❀

Part_39

သူမ မာမီတွေရဲ့ပြင်ဆင်ခြယ်သမှုပြီးတယ်ဆို
ဒီနေ့ စေ့စပ်ပွဲ နဲ့ လက်မှတ်ရေးထိုးပွဲပဲမို့
ဆံပင်ကို ဒီအတိုင်းလေးအမြင့်ပဲစည်းကာ
မောင်စီစဉ်ပေးထားတဲ့ ပိုးထည်ဝမ်းဆက်ကို

ဝတ်ဆင်လိုက်သည်။သူမပြင်ဆင်ပြီးတော့
အခန်းထဲမှာ သူမ ရယ် မိုင်ရယ်သာရှိတော့
အနေသိပ်မခက်ပေ။

""သဘာဝ သူကနော်အရင်ကပြောတဲ့အတိုင်း
အကောင်အထည်ဖော်တာပဲ"

"ဒီလက်အမှတ်ထိုးပွဲလေးတောင် ဒင်းက
သူမိတ်ဆွေတွေနဲ့တခမ်းတနားလုပ်ချင်သေးတ
ယ် ငါမနည်းတားထားရတာ

လက်ထပ်ပွဲတွေကလဲတန်းစီနေတာပဲ

သူကိုယ်သူ ပြေတီဦးထင်နေတာလားမသိဘူး"

"သြော်ဒါကတော့ နှင့်ကိုသူပိုင်ကြောင်း

တကမ္ဘာလုံးကိုသိစေချင်လို့နေမှာပေါ့

သူ့အချစ်က တကယ်ကိုစံတင်လောက်ပါတယ်

သူလိုယောကျာ်းမျိုးရှားတယ် ဟ"

"ထားပါတော့ "

သူမတို့ သူငယ်ချင်းနှစ်ယောက်

ကုတင်ပေါ်ထိုင်ကာ စကားပြောနေခိုက်...

"မမ အစ်ကိုလေးတို့ကဆင်းလာလို့ရပါပြီတဲ့

လက်မှတ်ထိုးဖို့ တရားသူကြီးရောက်နေပါပြီ"

တံခါးအပြင်က

နှိုင်းယှဉ်ခေါ်တယ်ဆိုထိုင်နေရာကထကာ...

"မမတို့ ဆင်းလာခဲ့မယ် ညီမလေး"

"ဟုတ်ကဲ့"

မိုင် သူငယ်ချင်းမလေးကိုကြည့်ကာ အရမ်းပျော်နေသည်။သူမလေးက အခုအချိန်ကစပြီး ပျော်ရွှင်မှုတွေပဲရတော့မယ်ဆိုတာသူမယုံကြည်သည်။သူမ သူငယ်ချင်းလေး ဒီလိုပျော်ရွှင်ဖို့ ရင်းနှီးခဲ့ရတာက နည်းမှမနည်းပဲ။

နေတစ်ယောက် ပုဆိုးအဝါ နဲ့Shirt လက်ရှည်လည်ကတုံး

LayNge

အဖြူရောင်ကိုဝတ်ထားပြီး
ညော့ခန်းကနေအပေါ်ထပ်ကို ကြည့်နေတာကို
ကျော်မျိုးထူးတို့ အုပ်စုက...

"ဆင်းလာမှာပေါ့ကွာ မင်းဟာကလဲ
ဖြစ်ပျက်နေတာကြည့်ဦး အခုလေးတင်း
မနိုင်းယှဉ်ကိုမင်းသွားခေါ် ခိုင်းထားတယ်မဟု
တ်လား"

"မင်းမိန်းမ ဆင်းအလာကိုမျှော်နေမဲ့အစား
မင်းသားကို သွားထိန်းနေလိုက်"

ဘေးနားမှာ ပူညံပူညံလုပ်နေတဲ့ စကားကို မကြားချင်ယောင်ဆောင်ကာ လေ့ကားဘက်ပဲကြည့်နေလိုက်သည်။သူ နဲ့ သူမရဲ့လက်မှတ်ရေးထိုးပွဲနဲ့ စေ့စပ်ပွဲကို Hotel မှာလုပ်မယ်ဆိုတာကို မက အသိမိတ်ဆွေနဲ့ အိမ်မှာပဲလုပ်ချင်တယ်ဆို သူလိုက်လျောလိုက်ရသည်။လက်ထပ်ပွဲကို သူစိတ်ကြိုက်စီစဉ်ထားတာမို့ မ ရဲ့ ဆန္ဒကိုဖြည့်ပေးရမည်။မာမီတို့ ကလက်ထပ်ပွဲကို 7ပွဲ {သိတယ်မဟုတ်လား}

မလုပ်ရဘူးဆိုတာကြောင့်

ပွဲအတွက်ပြန်စီစဉ်ရသည်။

သူတွေးနေတုန်းအပေါ်ထပ်ကနေ မ နဲ့

မမိုင်ဆင်းလာကြသည်။သူ ဆင်းလာတဲ့

မရဲ့ခြေလှမ်းတိုင်းကို ကြည့်နေမိတာ

သူအနားရောက်တဲ့အထိပင်။သူအနားရောက်တ

ယ်ဆို မကသူ့ဘေးဝင်ထိုင်ပြီး မမိုင်က

သူ့သမီးကိုချီထားတဲ့ ကိုအံ့ဘေးဝင်ထိုင်သည်။

သူ ဘေးနားထိုင်နေတဲ့ မ

မျက်နှာလေးကိုကြည့်နေတာကြောင့်......

"သတို့သားရယ် နောက်လဲမြင်ရမှာပါကွာ ဟား

ဟား"

သူကိုလျှောင်နေတဲ့ ငြိမ်းထက် ကို ....

"မင်းလို့ FA ကောင်က ဒီလို Feeling

မျိုးဘယ်သိမလဲ ရှင်းပြရတာမောတယ်"

ကျော်သူရကလဲသူ့ကောင်မလေးလက်ကိုကိုင်ကာ မျက်နှာပျက်နေတဲ့ ငြိမ်းထက် နဲ့ ကျော်မျိုးထူးကိုကြည့်ကာ....

"နေ ဟုတ်တယ်ကွ ဒီနှစ်ကောင်ကဒီတစ်သက်ဒီလို Feeling မျိုးခံစားဖို့ ကံမပါတာကခက်တယ်ကွာ ဟား ဟား"

"ငါပြောချင်တာ အဲတာကွ သနားလို့မပြောတာ ဟား ဟား"

LayNge

သူမလက်လေးကိုစုပ်ကိုင်ပြီး

သူငယ်ချင်းတွေနဲ့ပြုံးပျော်ပြီး စကားပြောနေတဲ့

မောင်ကိုကြည့်ပြီး စိတ်ချမ်းသာရသည်။သူမ

မောင်ပြုံးနေတာလေးကို

အမြဲမြင်ချင်ပါသည်လေ။

သူတို့ 4ယောက်ဖြစ်ပျက်နေတာကို

မိဘတွေပြုံးကြည့်နေကြပြီး ဦးအံ့ကမ္ဘာက...

"ကဲ တော်ကြတော့ သား နဲ့ သမီး
လက်မှတ်ထိုးကြတော့"

သူ ကိုအံ့အဖေဆီက ကမ်းပေးတဲ့
စာချုပ်ဖိုင်ကိုယူလိုက်သည်။လက်ထပ်စာချုပ်
cover လေးကို သူတို့နှစ်ယောက် ဓာတ်ပုံလေးနဲ့
သူကိုယ်တိုင်ရွေးထားတဲ့ ဒီဇိုင်းလေး။သူနဲ့ သူမ
သတို့သား နဲ့ သတို့သမီး
နေရာမှလက်မှတ်ထိုးပြီးကြတော့ မိဘနေရာမှာ
ဒယ်ဒီ နဲ့ ကိုအံ့အဖေကထိုးပေးပြီး

သက်သေနေရာမှာတော့ ဟို

3ကောင်ကထိုးပေးသည်။

"သားတို့အခုအချိန်ကစပြီး

တရားဝင်ဇနီးမောင်နှံဖြစ်သွားကြပြီ

တစ်ယောက်ကိုတစ်ယောက်ဖေးမပြီး

ချစ်ချစ်ခင်ခင်နေသွားကြပါ"

"ဟုတ်ကဲ့ ပါ အန်ကယ်

သူမကိုကျွန်တော်အသက်ထက်ပိုပြီး

ပိုချစ်ပိုမြတ်နိုးပြီး အသက်သေဆုံးသည့်တိုင်

သူမတစ်ယောက်ထဲကိုပဲ
ရိုးမြေကြပေါင်းသင်းသွားမှာပါ"

"အန်ကယ် အမြဲအဲလိုပဲကြားချင်ပါတယ်"

"ဟုတ်ကဲ့ပါ"

သူတို့ ညှော်သည့်တွေပြန်သွားမှ ဒယ်ဒီနဲ့
မာမီရယ်ကိုကန်တော့သည်။အံ နဲ့မိုင်တို့ကလဲ
ဘေးကနေမက်တပ်ရပ်ကာပြုံးပြီးကြည့်နေကြ
သည်။သူတို့ ကန်တော့ပြီးတော့...

"သမီးလေးကတော့
အစကတည်းကပြောစရာမရှိဘူး ဒါပင်မဲ့ သား"

"ပြောပါမာမီ"

"သားမငယ်တော့ဘူးနော်
အရင်လိုရန်တွေဖြစ်တာ
ညအချိန်မတော်မှအိမ်ပြန်လာတက်တဲ့အကျင့်
တွေပြင် အေးမင်းကြောင့် သမီးငိုရတဲ့နေ
မင်းအိမ်ပေါ်ကဆင်းရတဲ့နေပဲ"

Lay Nge

သူမမာမီအပြောကို သဘောကျကာပြုံးပြီး...

"သားတို့က လက်ထပ်ပွဲပြီးရင်အိမ်ခွဲနေမှာလေ

မာမီကလဲ အခုကတည်းက

မကိုခေါ်ထားချင်နေတယ် မရဘူးနော် မာမီမှာ

အငယ်မတစ်ယောက်လုံးရှိတယ်"

"ဘာ မောင်ငါခွဲမနေဘူးနော် မေမေတို့နဲ့ပဲနေမှာ

ငါမိဘတွေပြုစုချင်သေးတယ် "

laynge

"ဟာ မရာ မောင်တို့ "

"မသိဘူး မေမေတို့နဲ့ပဲနေမှာ"

မေမေတို့နဲ့ပဲနေမယ်ဆိုတဲ့မကြောင့်
သူမျက်နှာကြီးဆူပုတ်သွားတော့သည်။ဒေါ်လ
က်ရာ သားအဖြစ်ကိုကြည့်ကာ
ရီချင်နေတာမှ....

"သမီး ပဲကောင်းတယ်
မေမေလိုခေါ်တာလေးကနားဝင်ကိုအေးနေတာ

ပဲ သားမိုက်မိဘကိုပြုစုမယ်လို့တစ်ခါမှမ

ပြောဖူးဘူး"

သူ မာမီပြောတာကို ဘာမှပြန်မပြောတော့ပဲ

ပုခုံးတွန့်ပြလိုက်သည်။

"ကဲ မင်းကလဲ

သားခွဲနေချင်တယ်ဆိုနေခိုင်းလိုက်ပါကွာ သူလဲ

ညားခါစလွတ်လွတ်လပ်လပ်နေချင်မှာပေါ့ "

"အာ သား ဒယ်ဒီကအကောင်းဆုံးပဲ"

သူ သားကိုကိုယ်ချင်းစာလို့ဝင်ပြောတော့

သားက

တအားဝမ်းသာသွားပုံထောက်တာကြောင့်

သူ့မာမီက သားကိုမျက်စောင်းတထိုးထိုး။

"လက်ရာ ရယ် မင်းသားက ဒီမြေမှာပဲနေမဲ့ကိစ္စ

ဘယ်အချိန်သွားတွေ့တွေ့ရတဲ့ ကိစ္စကို

ကလေးနဲ့ တူပြီးကွာ"

"ဒါကြီး က ကလေးလား"

မေမေအပြောကြောင့် သူမထရီမိတာကို မောင်ကမကြည်ကြည့်နေသည်။

"မင်း သိပ်ချစ်ခဲ့တဲ့သားလေ"

"အဲတာအရင်တုန်းက အခုကျွန်မက ကျွန်မမြေးလေးကိုအချစ်ဆုံး အေး မြေးဆိုမှ မြေးရော"

Lay Nge

"မာမီ သမီးပွဲမစခင်ကတည်းက

သားဆီကခေါ်သွားတာ ခြံထဲမှာထင်တယ်

နဂိုကတည်းကမာမီသမီးက

လူရှုပ်တာမှမကြိုက်တဲ့ကိစ္စ"

သားပြောတာဟုတ်သည်

သမီးငယ်လေးကငယ်ငယ်ကတည်းက

လူရှုပ်တဲ့နေရာဆိုဘယ်မှမသွား

စာသင်ကျောင်းတောင်မဖြစ်မနေမို့။

"ကဲ သား နဲ့ သမီး အပေါ်တက်ထိုင်ကြတော့"

"ဟုတ်ကဲ့ "

"ဟုတ်ကဲ့ ဒယ်ဒီ"

သူနဲ့ သူမ မာမီတို့နဲ့
မျက်နှာချင်းဆိုင်ခုံမှာထိုင်လိုက်တယ်ဆို
မမိုင်တို့ကလဲခုံမှဝင်ထိုင်ကြသည်။

မေလက်ရာ က နေတစင်းလေးကိုချီပြီး
ဝင်လာသည် လက်ထဲမှာလဲ

မုန့်ထုတ်ကကြောက်စရာကောင်းသေး။သားလ
က်ထဲမှာလဲ ချောကလက်ထုတ်နဲ့
အခွံ့ပေါ်ကနေကိုက်နေသည်။ဒါကို
ဒေါ်လက်ရာမြင်ကာ ဆိုဖာကထပြီး
မေလက်ရာဆီက
သူမမြေးလေးကိုပြောင်းချီကာ...

"သမီး တူလေးပြုတ်ကျမယ်လေကွယ်
အဲ့မုန့်တွေကဘာလို့.."

"အိမ်ရှေ့မှာလာချိတ်သွားတာပဲလေ
တွေ့တော့ယူပြီး စားလိုက်တာ
ချောကလက်တွေကများတယ်
သမီးအကြိုက်ပဲလေ"

"လုပ်ပြီ အခုသွားပြန်ချိတ်ထား
ကိုယ်ဘာသာဝယ်စားလို့ရရဲ့သားနဲ့
သူများပစ္စည်းကို မာမီမကြိုက်ဘူးနော်"

သူမ မာမီကိုဘာမှမပြောတော့ပဲ မုန့်ထုတ်ထဲက
card လေးကို မာမီဆီကမ်းပေးတော့....

"အဲတာဘာလဲ"

"နာမည် ကဒ်လေ ဒီမှာတွေ့လားသမီးနာမည်
ဒီအိမ်မှာ မေလက်ရာ
ဆိုတာသမီးတစ်ယောက်ပဲရှိတာ ဒါကျောင်းမှာ
သမီးကိုပိုးနေတဲ့သူထဲကတစ်ယောက်ပေးတာ
နေမှာပေါ့"

"ဘာ !! သမီးကိုပိုးတဲ့လူဟာ
စားတော့လက်ခံသလိုဖြစ်နေမှာပေါ့

ငယ်ငယ်လေးရှိသေးတာကိုအတက်ကောင်း
တွေတက်နေတယ် ဟုတ်လား"

"လက်ခံတာ မဟုတ်ဘူး သူတို့ပေးလို့ယူတာ
ကိုယ်ဝယ်စားစရာမလိုတော့ဘူး
ပိုက်ဆံကုန်သက်သာတယ် လေ မာမီ
သမီးသွားနားတော့မယ် ကိုကိုလက်ထပ်ပွဲပြီး
မှအဆောင်ပြန်မှာနော်"

လို့ပြောပြီး ဧည့်ခန်းထဲကထွက်ကာ
အပေါ်ထပ်ပြေးတက်သွားတော့သည်။ဒေါ်လက်

ရာမှာတော့ သားရောသမီးရော တစ်ယောက်မှ
ပြောမရမှန်းသိသွားတာကြောင့်
သူမချီထားတဲ့မြေးလေးကိုပဲတစ်မမ။ဦးနေမင်း
မှာလဲ ခေါင်းတရမ်းရမ်း။နေကတော့
သူ့မဟေသီလေးမျက်နှာကိုသာကြည့်နေသည်။

~~~~~~~~~

"မောင် ရှေ့ "
~~~~~~~~~

သူရေချိုးပြီး ရေချိုးခန်းထဲကထွက်လာတော့

မ

ကရေချိုးခန်းရှေ့မှာမက်တပ်ရပ်နေကာသူကို

တဘတ်ကမ်းပေးသည်။သူမပေးတဲ့

ရေသုတ်တဘတ်ကိုယူကာ မပုခုံးကိုဖက်ကာ

ကုတင်ဘက်လျှောက်လာပြီး

ကုတင်ပေါ်ထိုင်လိုက်သည်။

"တဘတ်ပေး သဘာဝ လုပ်ပေးမယ် မောင် "

သူမ မောင့်ရှိက တဘက်ကိုယူကာ

မောင့်ရင်ဘက်တွေ နဲ့

လက်မောင်းတွေကိုပါခြောက်အောင်သုတ်ပေး

လိုက်သည်။

"လှလိုက်တာဗျာ"

မောင့် စကားကြောင့် ရေသုတ်ပေးနေရင်းနဲ့

မော့ကြည့်တော့

သူမကိုစိုက်ကြည့်နေတာကြောင့်...

"မောင် "

"သနပ်ခါးလေးနဲ့ကွာမရ မွ ချစ်လိုက်တာ "

"မောင် "

ပါးနမ်းနေရာကနေ
နှုတ်ခမ်းဘက်လှည့်လာတာကြောင့် မောင်
နှုတ်ခမ်းအရှေ့လက်ထိုးခံလိုက်တော့ မောင်က
မျက်မှောင်ကုတ်သွားပြီး...

"ဘာလို့လဲ"

"အင်္ကျီဝတ် အအေးပတ်မယ်လေမောင်ရဲ့"

သူမ မောင့်အကြောင်းသိတာမို့
အခုမောင့်ကိုယ်ပေါ်မှာတစ်ဘတ်တစ်ထည်က
လွဲ အပေါ် ပိုင်းကဗလာကျင်းနေတာမို့။

သူလဲမလူလည်ကျနေတာကိုသိပင်မဲ့
သူကမထက်လူလည်ကျလို့ သားကိုတောင်
သူ့အဖွားတွေအခန်းထဲမှာပဲသိပ်လို့မှာပြီးပြီ။မာ

မီတို့ကလဲ မြေးဖြစ်သူက

မြေးဦးလဲဖြစ်တာကြောင့်

သဲသဲလှုပ်ချစ်ကြတာကြောင့်

သူခေါ်အိပ်ခိုင်းတယ်ဆိုချက်ခြင်းလက်ခံသည်။

"ဟွန်း"

သူရဲ့အတွေးနဲ့သူပြုံးလိုက်တာကို သူမ

ကျောချမ်းသွားပုံရသည်။

"မ ကလူလည်ကျနေတာလားပြော မောင့်ကို"

" မဟုတ်ပါဘူး"

"ဒီည မောင်တို့မင်္ဂလာဦးညလေ မရဲ့ လွတ်မယ်ထင်လို့လား မောင် မင်္ဂလာပွဲတွေအများကြီးဘာကြောင့်လုပ်လဲသိ ချင်လား"

"ဘာလို့လဲ"

"မင်္ဂလာဦးညတွေအများကြီးဆင်နွဲချင်လို့လေ "

မောင်ရဲ့

အရှက်မရှိပြောတဲ့စကားကြောင့်သူမမျက်နှာ

လေးရဲတွက်လာပြီး အရှက်မရှိတဲ့ မောင်ရဲ့

ရင်ဘက်ကို နာနာလေးရိုက်လိုက်သည်။

"အရှက်တော်တော်မရှိပါလား ဟမ်"

ဖြန်း....

"နာတယ်နော် ဒီမိန်းမတော့တွေ့မယ် "

"မောင် နင်နော်"

သူထိုင်နေတဲ့ မကိုကုတင်ပေါ်လှဲချလိုက်ပြီး

မလက်ထဲက တဘတ်ကို

အောက်ကိုလွှတ်ပြစ်လိုက်ကာ

သူမပေါ်အုပ်မိုးလိုက်တော့

သူအောက်ကမမျက်နာလေးကြည့်လိုက်သည်။

မ ျက်နာလေးကအဖြူဘက်ကနေ

ရဲတဲ့ဘက်ရောက်နေသည်။

သူမစိတ်တွေလှုပ်ရှားက

ကိုယ်ရင်ခုန်သံပါပြန်ကြားနေရတဲ့အထိ။အခုတ

စ်ကြိမ်နဲ့မှ မောင်နဲ့ ဒီလိုအနေအထားက

သူမကျင့်သားမရသေး။မောင်

သူမကိုကြည့်နေတာသိပင်မဲ့ သူမကတော့

သူကိုမကြည့်ရဲ။

သူရှက်နေတဲ့ မ ရဲ့နှဖူးလေးကို နမ်းလိုက်တော့

ညဝတ်ဂါဝန်လေးနဲ့ လှချင်တိုင်းလှနေတဲ့

မကမျက်လွှာလေးချသွားတာကြောင့်

သူပြုံးကာ

မမျက်နှာတစ်ခုလုံးအပေါ်အနမ်းမိုးများရွာနေလိုက်သည်။

"အွန့်...."

သူ မျက်နှာတစ်ခုလုံးကို အနမ်းမိုးရွာပြီးတယ်ဆိုကျန်နေတဲ့ နှင်းဆီဖူးလိုနှုတ်ခမ်းလေးကို စုပ်ယူနမ်းရှိုက်လိုက်တော့ မ ကသူလက်မောင်းတွေကို ယောင်ပြီး ကိုင်လာသည်။သူ သူမကိုနမ်းနေရင်းက သူမဂါဝန်ကကြိုးကိုဖြည်လိုက်တော့

သူမကတစ်ချက်တွန့်သွားပြီး
ပြန်ငြိမ်သွားသည်။

သူမ
မောင်ရဲ့ထိတွေ့မှုတစ်ခုဆီတိုင်းမှာရင်ဖိုနေရသ
ည်။မောင်ရဲ့လက်က ဂါဝန်ကြိုးကိုဖြည်ပြီး
သူမနှုတ်ခမ်းနမ်းနေရာကနေ
လည်တိုင်ဘက်လှည့်လာတာကြောင့်
မျက်စိကိုမိတ်ပြီး
နှုတ်ခမ်းလေးကိုကိုက်ထားရသည်။

ထိုမှတဆင့် သူခန္ဓာကိုယ်ကအတားအဆီးတွေနဲ့
သူကိုယ်ပေါ်က တစ်ခုတည်းသော
တဘတ်ကိုဖယ်ရှားက သူတို့ရဲ့
ဒုတိယအချစ်ညကို ဖော်ကြူးနေလေသည်။

☼နေရောင်ရှိမှပွင့်မည့်ပန်း❀

Part_40

သူမနိုးလာတော့
ရင်ခွင်နွေးနွေးထဲရောက်နေတာမို့

LayNge

သူမမျက်မော့ကြည့်လိုက်တော့ အိပ်ပျော်နေတဲ့ မောင်ကိုတွေ့ရတော့ သူမအိမ်မတ်မက်တာမဟုတ်ဘူးဆိုတာ။သူမ လိုချင်တဲ့ မောင် နဲ့ မိသားစုဘဝလေးတည်ဆောက်ခွင့်ရပြီ။သူမတို့ ရဲ့ကွဲအက်နေတဲ့ နှလုံးသားတစ်စုံအတွက် ဒီလောက်ဆိုလုံလောက်ပါပြီ။သူမ မောင်ရင်ခွင်ထဲပြန်ဝင်ကာ အဝတ်မပါတဲ့ မောင်ရင်ဘက်ကို နမ်းလိုက်ပြီး ပျော်လွန်းလို့မျက်ရည်တွေတောင်ကျလာရသည်။

"မောင့်မိန်းမလေးက
အသဲယားအောင်လုပ်နေတာပဲ"

မောင့်အသံကြားတာမို့
သူမမောင့်ရင်ခွင်ထဲကနေမော့ကြည့်လိုက်တော့
ရမောင်ကသူမကိုကြည့်နေသည်။

"နိုးပြီးလား နိုးရင်ထရအောင် "

"မ ကဘာယ်နှစ်နာရီရှိပြီထင်လို့လဲ"

"ဘယ်နှစ်နာရီလဲ "

"3 ခွဲ ပဲရှိသေးတယ် မကာအငြိမ်မနေတော့ မောင်ပါနိုးလာရော ညက1နာရီမှ အိပ်တာကို 1နာရီကျော်ပဲအိပ်ရသေးတာ ပြန်အိပ်"

"မောင် အိပ်ချင်အိပ်လေ သားကဒီအချိန်နိုးတက်တယ်မောင်ရဲ့ မေမေတို့အဆင်ပြေမှာမဟုတ်ဘူး "

သူမစကားတောင်မဆုံးသေး

တံခါးခေါက်သံနဲ့အတူ

သားငိုသံပါကြားရတော့သည်။

"ဟီး မေ့ ပေ့ ဟီး"

ဒေါက် ဒေါက်

သူတို့

နှစ်ယောက်လုံးကိုယ်ပေါ်အဝတ်မရှိတာကြောင့်

သူကပဲအရင်ထကာ

Lay Nge

အဝတ်စားလဲခန်းထဲဝင်သွားပြီး

ဘောင်းဘီအမဲအတိုကိုဝတ်ကာ

တံခါးဖွင့်မယ်အလုပ်

မကရေချိုးခန်းထဲဝင်သွားမှာ

တံခါးဖွင့်လိုက်တော့ သားက

မာမီလက်ပေါ်မှာငိုနေသည်။သူ သားကို

မာမီဆီကပြောင်းချီလိုက်တော့

သူကိုယ်ပေါ်ရောက်တယ်ဆို

သူ့လည်တိုင်ကိုဖက်ပြီး သားကပုခုံးပေါ်ကို

ခေါင်းတင်ကာ ငြိမ်သွားသည်။

"သား မင်းနော် အကြိုဝတ်ထွက်လာတော့

သေမှာမို့လား"

သူသားငိုနေတာကြောင့်

ဘောင်းဘီကိုသာဝတ်ထွက်လာတာကို မာမီက

ဘယ်ကိုတန်တွေးနေလဲမသိ

မျက်နာကြီးနီလျက်သူ့ကိုပြောတော့.....

"သား ငိုနေတာ တက်တက်လို့ပါ

မာမီဒါကြောင့်ပါ"

Layne

"အင်းပါ သမီးရော"

"မက သန့်စင်ခန်းသုံးနေတယ်ထင်တယ်
တံခါးခေါက်လို့ သားနိုးတော့ မကိုမတွေ့ဘူး"

"အင်း ကလေးကို သေချာပြန်သိပ်လိုက်ဦး
နောက်ရက်တွေ နင်ကဲချင်ရင်ရင် ထိန်းထား
ငါ့မြေးလေးကို ခွဲသိပ်ဖို့မကြံနဲ့ကြားလား "

"ဟုတ်ကဲ့ပါ မာမီ"

သူမာမီထွက်သွားတော့ တံခါးပြန်ပိတ်ပြီး သားကိုချီကာ ကုတင်နားလျှောက်လာတော့ မက ရေချိုးခန်းထဲကထွက်လာသည်။မကသူတို့ဆီလျှောက်လာကာ...

"မောင် သားကပြန်အိပ်သွားတာလား"

သူမစကားအဆုံး

သားလေးကခေါင်းထောင်လာပြီး

လက်သေးသေးလေးနှစ်ဖက်နဲ့

layNge

မောင်မျက်နှာကို ကိုင်ကာ

မျက်ရည်လေးဝေ့ကာဖြင့်.....

"ပေ့ကို သားရှမ်း "

သားရဲ့စကားလေးကမပီသပင်မဲ့

သူရင်ထဲမီးစထိုးသလိုဖြစ်သွားရကာ

သားကိုယ်လေးကိုရင်ခွင်ထဲဆွဲထည့်လိုက်ပြီး

ပါးလေးကိုနမ်းကာ သူကိုယ်တိုင်လဲ

ပါးထက်မျက်ရည်တွေကျလာတော့သည်။သူ

သားလေးကို ညက မာမီတို့နဲ့
ခွဲသိပ်လိုက်မိတာတောင် နောင်တရမိသည်။

"သား ဖေ ဖေဖေလေ
နောက်ဆိုသားကိုခွဲမသိပ်တော့ဘူးနော်
ဖေဖေတောင်းပန်ပါတယ်သားရယ်"

သူမ မျက်ရည်တွေကျကာ
သားကိုနမ်းနေတဲ့မောင်ကို
မျက်ရည်တွေသုတ်ပေးလိုက်တော့
သားကိုသာမက သူမကိုပါဖက်ပြီး

ရင်ခွင်ထဲထည့်လိုက်သည်။သူမလဲ
မောင်ခါးကိုပြန်ဖက်ထားလိုက်ပြီး
မောင်ရင်ခွင်ထဲတိုးဝင်လိုက်သည်။

သူမ
မောင်တို့သားအဖပြန်အိပ်သွားတယ်ဆိုအိပ်ရာ
ကထကာ ကိုယ်လက်သန့်စင်ပြီး
အတေတ်အစားလဲကာ
အောက်ထပ်ကိုဆင်းလာတော့
ထမင်းစားခန်းမှာ ပြင်ဆင်နေကြသည်။

LayNge

သူမထမင်းစားခန်းထဲဝင်လာတာမြင်တော့

နှိုင်းယှဉ်က....

"မမလေး ဗိုက်ဆာလို့လား ဘာလုပ်ပေးရလဲ"

"သဘာဝ ဗိုက်မစာသေးပါဘူး

မနက်စာပြင်ဖို့ဆင်းလာတာ "

"ရပါတယ် မမလေး

နှိုင်းယှဉ်တို့ဘာသာချက်ပါမယ်

အစ်ကိုလေးသိရင်ဆူခံထိလိမ့်မယ် ပြီးတော့ မနက်ကြရင်လဲ လက်ထက်ပွဲရှိသေးတယ်"

"ဟုတ်တယ် မမလေး ထိုင်နေပါ"

သဘာဝ ကောင်မလေးနှစ်ယောက်ပြုံးပြကာ...

"သဘာဝ မေမေတို့ကိုချက်ကျွေးချင်လို့ပါ လက်ထပ်ပွဲကလဲ မောင်ပဲအကုန်စီစဉ်နေတာ လက်ထပ်ပွဲလုပ်မှာ သတို့သမီးဝင်လုပ်ယုံပါပဲ မောင်မဆူစေရဘူး သူဆူရင် မမကိုပြန်ပြော"

Lay Nge

နှိုင်းယှဉ်နဲ့ ယမ့ုံ သူမတို့အရှေ့က ဂါဝန်အသားရောင်လေးနဲ့ လှချင်တိုင်းလှနေတဲ့ ကလေးတစ်ယောက်အမေလို့မထင်ရလောက် အောင် လှလဲလှစိတ်ထားလေးကိုလဲ ဖြူစင်တဲ့ အစ်ကိုလေးဇနီးကို ချင်ဖို့ခွင့်ပြုလိုက်ပြီး သူမတို့ကဘေးကနေဝိုင်းကူညီလိုက်သည်။

သူနိုးလာတော့ ရင်ဘက်ပေါ်ကတစ်ခုခုဖိထားသလိုဖြစ်နေတာ ကြောင့် ကြည့်လိုက်တော့ သားက နိုးနေပြီး

သူ့အပေါ်မှာမှောက်နေခြင်းဖြစ်သည်။ဘေးက
နေရာကိုကြည့်တော့ မကမရှိတော့တာမို့
အောက်ဆင်းသွားပြီးဆိုတာသူသိသည်။

"သား နိုးနေတာလားကွ
ဖေဖေကအိပ်ပုတ်နေတာပေါ့"

"ယား..."

"ဟာ သားကဆော့ချင်တာလားကွ
ဆော့ကြမယ်ဗျ"

သားကို

သူ့အပေါ်မှောက်နေရာကနေလှဲချလိုက်ပြီး

သူကအပေါ်ကနေကာ

သားလက်မောင်းလေးကို လက်သီးနဲ့

ဖွဖွလေးထိုးတော့ သားကလဲ

သူ့ရင်ဘက်ကိုသူ့လက်သီး

သေးသေးလေးတွေနဲ့ပြန်ထိုးသည်။

"ယား ဖေ့ ယား "

"အား ဖေ့သားက အားပါတယ်ကွာ ရှေ့ကွာ ဟား ဟား"

"ဖေ့ ရှေ့ကွာ."

သားက သူ့လိုလိုက်ပြောပြီး ရင်ဘက်တွေကိုထိုးနေတာကြောင့် အသဲယားကို ပါးဖောင်းဖောင်းလေးနှစ်ဖက်ကိုညစ်လိုက်တော့ သားကိုလက်သီးနဲ့ သူပါးနှစ်ဖက်ကို ထိုးနေသည်။

သူမ မနက်စာရော

နေ့လည်စာအတွက်ပါပြင်ဆင်ပြီးတယ်ဆို

အခန်းထဲက

အိပ်ပုတ်နှစ်ယောက်ကိုနိုးဖို့တက်လာပြီး

အခန်းထဲဝင်တယ်ဆို မွေ့ယာပေါ်မှ

ကမြင်းနေတဲ့သားအဖကိုကြည့်ကာပြုံးကာ

မောင်တို့အနားလျှောက်လာလိုက်သည်။

"ကဲ ဆော့နေကြတာရပ်ကြတော့

မျက်နှာသစ်မယ်ထကြ"

LayNge

"မေ့ "

"ရှင့် သားထတော့မျက်နှာသစ်မယ်
မေမေဆီလာ"

"ထဝူး ဆော့နေရယ် ယား"

"သား ဘာလို့ ဖေဖေမျက်နှာကိုထိုးနေတာလဲ
ငရဲကြီးမယ်
မောင်ဘာလို့ကလေးထိုးတာခံနေတာလဲ "

သားဖြစ်သူက ထိုးနေတာကို

ခံနေတဲ့မောင့်ကိုပါပြောတော့ သူက....

"သားထိုးတာနာမှမနာပဲ

သားကပျော်နေတာပဲကို ငရဲမကြီးပါဘူး

2နှစ်ကျော်လေးဘာသိသေးလို့လဲ မရဲ့"

သူမမနိုင်ဘူးဆိုတဲ့ပုံစံနဲ့ ခေါင်းရမ်းကာ

အရမ်းကဲနေတဲ့ သားကို

အတင်းပွေ့ချီလိုက်သည်။

"ဖေ့ ဖေ့ ဖေ့ ဟီး ဟီး"

သူမအတင်းခေါ်တော့

သားကသူ့အဖေကိုအကူအညီတောင်းနေပုံ

လေးက အသဲယားစရာ

သွားလေးကိုဖြီးပြနေပုံလေးက..

"မ ပေးကျွန်တော်သား "

"အဲလောက်ဖြစ်နေကြတာ သွားကြ

လာမခေါ်ကြနဲ့ "

ဟုဆိုကာ သူ့လက်ထဲသားကိုပြန်ထည့်ပေးပြီး

ထွက်သွားမလို့လုပ်နေတဲ့ မ

လက်လေးကိုဆွဲထားလိုက်သည်။

"ဘာလဲ

မင်းတို့သားအဖအရမ်းချစ်နေကြတယ်မဟုတ်

လား နေလေ"

"မ ကလဲသားကခေါ်ဆိုလို့ပါ မောင့်ကမ္ဘာမှာ မောင့်အသက်က မဆိုတာသိလား မောင် US မှာတုန်းက မကိုမေ့အောင်လို့ အလုပ်တွေဖိလုပ်တယ် မကိုပိုလိုတောင်သတိရသေး ငါ့ company name က မနာမည်လေးဆိုတဲ့ အတွေးက အလုပ်လုပ်တာနဲ့ဝင်ပြီးသား အစားစားတော့လဲ မနဲ့

ကျောင်းရှေ့ကဆိုင်လေးမှာအတူတူစားခဲ့တာကို သတိရတယ်..ဘာပဲလုပ်လုပ် နေရာတိုင်းမှာ မကိုသတိရနေခဲ့တာ မကြောင့်

မောင်အရက်မသောက်ပဲနဲ့လဲမူးတက်ခဲ့တယ်

ဘာလို့ဆို အရက်သောက်တာမ

မကြိုက်ပဲလေ...."

"သဘာဝကစတာပါ

မောင်တို့သားအဖဒီလိုရင်းနှီးနေတာ

အရမ်းပျော်တာ"

"လူတွေပြောသလို မရှိလို့ဥခင်တာ တဲ့

အဲ့စကားကိုမောင်ထောက်ခံတယ်

ဘာဖြစ်လို့လဲဆိုရင်

မောင်အသက်ထက်ပိုချစ်ရတဲ့

မနဲ့ရတဲ့ရင်သွေးမို့

မောင့်ဘဝတစ်ခုလုံးထက်ပိုချစ်တယ် မက 1 ဆို

သားက2 ပဲ"

"လာ သားမေမေ

အဝတ်အစားအသစ်လဲပေးမယ်

ဖေဖေနဲ့ဆင်တူဝတ်"

"ဂယ် ယားဖေ့"

"တကယ်ပေါ့ သားရ မေမေနဲ့လိုက်သွား ဖေဖေ ရေချိုး လိုက်ဦးမယ်"

သူမဆီလိုက်ဖို့အရေး ဖအေဖြစ်သူဆီက ကတိပြန်တောင်းနေတဲ့သားကို မောင်လက်ထဲကနေပြောင်းချီလိုက်ကာ ရေချိုးခန်းထဲမောင်က ဝင်သွားတယ်ဆို သူမက အဝတ်အစားလဲခန်းထဲဝင်ပြီး သားကိုပြင်ဆင်ပေးလိုက်သည်။သူရေချိုးခန်း ကထွက်လာတော့မက ကုတင်ပေါ်မှာသားကို ချော့မြူနေတာကြောင့် သူပြုံးကာ

အဝတ်လဲခန်းထဲဝင်ပြီး သူဝတ်နေကြ ဘောင်းဘီအဖြူအတိုနဲ့ T_Shirt အဝါလေးကို ခေါင်းကနေစွပ်ချကာ ထွက်လာလိုက်သည်။

"မ"

သူမ မောင်ခေါ်လိုက်တာကြောင့် သားလေးကိုမြူနေရင်း လှည့်ကြည့်တော့ မောင်ဝတ်ထားတာက သားနဲ့တစ်ပုံစံထဲတစ်ယောက်ထဲမို့ သူမအံ့သြသွားရသည်။

" သားနဲ့ မောင်နဲ့ဆင်တူပဲ"

"ဖေ့ တူတူ "

သားလေးကာပါပြောတာကြောင့်
သူကုတင်ပေါ်ကသားလေးကချိုကာ
မပုခုံးကိုဖက်လိုက်ပြီး.....

"အောက်ဆင်းကြမယ် မောင်တို့ကို
စောင့်နေလောက်ပြီ"

သူမ ကိုဖက်ပြီး
သားကိုချီကာအောက်ထပ်ကိုဆင်းလာတော့
မာမီတို့ကထမင်းစားဝိုင်းမှာထိုင်စောင့်နေကြသ
ည်။သူတို့ထမင်းစားဝိုင်းမှာဝင်ထိုင်လိုက်ပြီး
သားကိုသူ့ပေါင်ပေါ်တင်ထားလိုက်သည်။

"သား မနက်ဖြန်က Hotel ပွဲလား "

"ဟုတ်တယ် မာမီ Hotel
မှာသားအကုန်စီစဉ်ပြီးပါပြီ"

"သမီးလေးအတွက် အဝတ်အစား "

"သားပြင်ပြီးသွားပါပြီ မနဲ့ပက်သက်တာမှန်သမျှ မာမီစိတ်မပူပါနဲ့ "

"ဟုတ်ပါပြီ"

သားကိုပြောပြီး ချွေးမဖြစ်သူဘက်လှည့်ကာ...

lay Nge

"သမီး မနက်စာရော

နေ့လည်စာရောသမီးပြင်ဆင်ထားတာဆို"

"ဟုတ်ကဲ့ပါ မေမေ"

"နောက်ရက်တွေမချက်နဲ့တော့သမီး ဒီရက်ထဲ

ဒီကောင်အကြောရှည်မှုကြောင့်သမီး

ပင်ပန်းဦးမှာ ကလေးလည်းထိန်းရသေးတယ်"

သူမ ယောက္ခမဖြစ်သူပြောတာကိုပြုံးကာ...

LayNge

"သမီးဘဝမှာ မိဘဆိုတာ ဘာမှန်းမသိခဲ့တော့ ဖေဖေ မေမေတို့ကို ချက်ကျွေးချင်တာပါ လက်ထပ်ပွဲကလည်း မောင်အကုန်စီစဉ်တာပါ"

ဦးနေမင်းရော ဒေါ်လက်ရာရောချွေးမဖြစ်သူလေးစကားကြောင့် သနားသွားရပြီး အချစ်ဆုံးသားရဲ့ဇနီးထက် သမီးအရင်းတစ်ယောက်လိုအချစ်ပိုရပါသည်။

နေလဲ သူမစကားကြောင့်စိတ်မကောင်း သူသေလောက်အောင်မုန်းနေပင်မဲ့

သူမသာဖြစ်စေချင်ရင်

ရအောင်လုပ်ပေးဖို့သူဆုံဖြတ်လိုက်ရင်း

မုန့်ယူကာ သားကိုခွန့်တော့စားသည်။သူက

နန်းကြီးသုပ် စားတာဆိုတော့

သားကိုခွန့်လို့မဖြစ်တာကြောင့် Cake

သာယူကျွေးရသည်။

သူမတို့ မနက်စာစားပြီးလို့

အခန်းထဲပြန်ရောက်တော့ သားလေးက

သူ့အဖေဝယ်ပေးထားတဲ့ အရုပ်တွေနဲ့

ကုတင်ပေါ်မှာဆော့နေတာကို

သူတို့လင်မယားက

ဆိုဖာပေါ်ကနေထိုင်ကြည့်နေသည်။

"မ "

"မောင် ပြောစရာရှိလို့လား"

"အင်း မ

မရဲ့အဖေကိုလက်ထပ်ပွဲခေါ်စေချင်လား

မောင့်ကိုထည့်မတွက်နဲ့ မင်္ဂလာပွဲမှာ

ဦးထက်မြတ်ကိုရှိနေစေချင်လား "

LayNge

သူက သူမလေးစိတ်ချမ်းသာပါစေဆိုပြီး

အမုန်းတွေကိုနောက်ထားကာပြောတော့ မက...

"သူတို့နဲ့ ပြန်မတွေ့ချင်ဘူး မောင် သူတို့ကြောင့်

3နှစ်ကြီးများတောင်ဝေးခဲ့ရတာ မောင်ရော

သဘာဝရော သေမတက်ခံစားခဲ့ကြရတာ

သားလေးမွေးတော့

ဖအေလက်မှတ်ထိုးစရာမရှိတော့

အစ်မသီရိကထိုးပေးရတယ် အဲဒဏ်ရာတွေကို

လွယ်လွယ်နဲ့ မေ့မပြစ်နိုင်ဘူးမောင် သူတို့ကို မုန်းတယ်"

"မောင်က မ အားငယ်မှာဆိုးလို့ပါ မ သဘောအတိုင်းပဲဖြစ်စေရမယ် မ မိဘကိုရှိနေစေချင်တယ် ထင်လို့"

သူမ မောင့်ရင်ခွင်ထဲဝင်ကာ...

"သဘာဝ မှာ မောင် နဲ့ သားလေးရှိနေပြီ မောင်တို့နှစ်ယောက်နဲ့ မောင့်မိသားစုရှိနေသ၍

ကျန်တာမလိုတော့ဘူး

သူတို့ကိုလဲမတွေ့ချင်တော့ဘူး မောင် နော်"

သူ့ရင်ဘက်က အင်္ကျီစကိုဆွဲပြီးခွဲနေတဲ့

ချစ်ဇနီးလေးကို ပြုံးပြီးခေါင်းငြိမ့်ကာ

မျက်နှာလေးကိုလက်နဲ့ပင့်ယူ

နှုတ်ခမ်းလေးကိုနမ်းရှိုက်လိုက်သည်။သူနမ်းနေ

ရင်း အားမရတာကြောင့်

သူမကိုဆိုဖာပေါ်လှဲချလိုက်ပြီး

အပေါ်ကနေအုပ်မိုးကာနမ်းနေသည်။

"အွန့်...မောင်...အွန့်..."

သူမ သားလေးရှိတာကိုသတိရသွားတာကြောင့် မောင်ရှေ့ဆက်မတိုးခင် ရင်ဘက်ကိုတွန်းနေလဲမရ။သူကရပ်ဖို့နေနေသာ သာလက်က တင်ပါးပေါ်ရောက်လာတာကြောင့် မောင့်လက်တွေရိုက်ချကာ နှုတ်ခမ်းကို ကိုက်ချလိုက်တော့...

"ကိုက်တယ်ပေါ့ အဟွန်း"

"မောင် သား...အွန့် "

သူနှုတ်ခမ်းကို ကိုက်လို့

မောင်ကအစတုန်းကထက်

ပိုကြမ်းတဲ့အနမ်းတွေ နမ်းလာတာကြောင့်

အသက်ရှုတောင်ကြပ်ချင်လာသည်။သူမ

မရတဲ့အဆုံး

မောင့်ကိုယ်ကြီးကိုဆိုဖာပေါ်ကတွန်းချလိုက်သ

ည်။

"အား... မ နာတယ်နော်"

ကြွေပြားပေါ်ကျနေတဲ့ မောင်က နာသွားတဲ့

လက်ကိုကိုင်ရင်း သူမကို ရန်လုပ်တော့...

"မောင်ဘာသာကဲလို့ဖြစ်တာလေ

သားရှိနေတယ်လို့ပြောတယ်လေ

လွှတ်မှမလွှတ်ပေးပဲ"

"မ ကမောင့်ကိုမြူစွယ်နေတာကို"

laylinge

သူမ မောင်ကိုဘာမှမပြောတော့ပဲ

ပြောရင်လဲကိုယ်ပဲရှုံးမှာသိနေတာမို့

ကုတင်ပေါ်ကသားလေးကို လှမ်းကြည့်တော့

ဆော့ပြီး မောက်ရပ်လေးအိပ်ပျော်နေတာမို့

ဆိုဖာကထကာ သားဆော့ထားတဲ့အရုပ်တွေကို

ဖယ်လိုက်သည်။သားကိုပလက်လေးပြန်ထား

က စောင်လေးခြုံပေးပြီး

နဖူးလေးကိုနမ်းလိုက်သည်။

သူမသားလေးကို

နမ်းပြီးအလှည့်အနောက်မှာဘယ်အချိန်ကတ

ည်းကရောက်နေမှန်းမသိတဲ့မောင်က
လူယုတ်မာအပြုံးနဲ့ ကြည့်နေတော့
ကျောချမ်းသွားရသည်။

"သားအိပ်သွားပြီး
မပြီးသေးတဲ့ဇာတ်လမ်းဆက်ရအောင်"

ဆိုကာ သူမကိုကောက်ပွေ့ကာ
ဆိုဖာပေါ်တင်ပေးလိုက်ပြီး သူကအုပ်မိုးကာ...

"မောင် မနက်ဖြန်လက်ထပ်ပွဲရှိသေးတယ်လေ"

"သိတယ်လေ အခုကိစ္စအခုတွေး မနက်ဖြန်ကိစ္စ မနက်ဖြန်တွေး အခုတော့လာထား"

သူ မရဲ့နှုတ်ခမ်းလေးကိုဖိကပ်နမ်းလိုက်တော့ မကသူ့လည်တိုင်တွေကို လက်နဲ့ချိတ်လာတာကြောင့်ပြုံးကာ...

"အွန့်...အွန့်"

Laylye

သူမနှုတ်ခမ်းလေးတွေကို

အပေါ်တစ်လှည့်အောက်တစ်လှည့်

အားရအောင်နမ်းပြီးမှ

အသက်ရှူကြပ်မှာဆိုးတာကြောင့် လွှတ်ပေးကာ

သူ့အနမ်းတွေကို

လည်တိုင်ဆီကူးလာလိုက်သည်။သူ လည်တိုင်နဲ့

လေးတွေနမ်းနေရင်း ညှပ်ရိုးလေးကို

ကိုက်ချလိုက်တာကြောင့် မ

ဆီကငြီးသံထွက်သွားလာသည်။

"အ့...ဟင်းးး"

သူနမ်းနေရာက ခွာလိုက်ပြီး
ကိုယ်ကိုမက်ကာT_Shirt ကိုချွတ်လိုက်ပြီး
ခါးပတ်ပါတစ်ခါထဲချွတ်လိုက်သည်။သူမက
တော့ မျက်နာလေးနီရဲကာ
လည်ပင်းကိုလိမ်ထားသည်။သူ
မခန္တာကိုယ်ဂါဝန်လေးက
ပေါင်တစ်ဝက်လောက်ရောက်နေတာမို့
သူချွတ်ဖို့အလုပ် ကုတင်ပေါ်ကို
အရင်ကြည့်မိသွားရာ...

"ဟာ ...အား သေပါပြီ"

ကုတင်ပေါ်ကနေ
သူတို့နှစ်ယောက်ထိုင်ကြည့်နေတဲ့သားတော်
မောင်ကိုတွေ့သွားတာကြောင့်
မအပေါ်အုပ်မိုးထားရာကနေအလန့်တကြားဆ
င်းလိုက်တော့ ဆိုဖာပေါ်ကနေ
ပြုတ်ကျသွားရပြန်သည်။

သူမ
မျက်လုံးမိတ်ထားရာမှမောင်အော်သံကြားတာ

ကြောင့်မျပ်လုံးဖွင့်ကြည့်တော့

မောင်ကဆိုဖာအောက်ရနေသည်။

"မောင် ဘာဖြစ်တာလဲ"

သူမ အမေးကိုမြဖြေတော့ပဲ

ကုတင်ပေါ်ကိုဆူပုတ်ပုတ်နဲ့

မေးငေါ့ပြတာကြောင့်သူမကြည့်လိုက်တော့....

"ဟင် အမလေး!! နေမင်းလက်ရာ"

~~~~~~~~~

￼

꙳နေရောင်ရှိမှပွင့်မည့်ပန်း❀

Part_41 {ဇာတ်သိမ်းပိုင်း}

"ဟယ် "

သူမ မိတ်ကပ်ပြင်ပေးတဲ့ မာမီတွေက

သူမမောင်ရွေးပေးထားတဲ့

ဂါဝန်အဖြူလေးကိုဝတ်ကာထွက်လာတော့ငေး
~~~~~~~~~

ကြည့်နေကြသည်။သူမအခုပုံစံက
အဖြူရောင်ဂါဝန်အရှည်ကားကားလေးကိုမှ
ရင်ပြတ်မဟုတ်ပဲ
အပေါ်မှာဇာလေးတွေပါသေးသည်။ခေါင်းထက်
မှာက သရဖူလေးစောင့်ထားရပြီး
ဆံပင်လေးတွေကိုကောက်ထားကာ
ဖြန့်ချထားသည်။သူမက တကယ်ကို
လှတယ်ဆိုတာထက်ပိုတဲ့
နတ်သမီးလေးတစ်ပါးအတိုင်းပင်။

"လှလိုက်တာ သမီးရယ် နော် စီစီ"

မာမီတစ်ယောက်သူနဲ့အဖောပါလာတဲ့တစ်ယောက်ကိုမေးတော့...

"ဟုတ်ပ ကျွန်မတို့သက်တမ်းမှာဒီသတို့သမီးလေးလောက်လှတာမမြင်ဘူးသေးဘူး"

မိုင်ကလဲ...

LayNge

"နှင့်ဒီဂါဝန်လေးနဲ့ အရမ်းလိုက်တယ် ဒါပင့်မဲ့ ရင်ပြတ်မဟုတ်ဘူးနော်"

"ဟုတ်တယ်လေ
ဒင်းကငါ့ရင်ဘက်တွေပေါ်နေရင်
တဏှာရူးတွေကကြည့်နေမှာဆိုးလို့တဲ့လေ"

သဘာဝ စကားကိုပြုံးကာ....

"ဒါကတော့ချစ်တာကို ဟ"

ကျွိုး.....

သူဝင်လာတယ်ဆို

သူမကမှန်ဘက်လှည့်နေရာကနေ

သူ့ကိုလှည့်ကြည့်လာတာကြောင့် သူမှာ

တံခါးနားမှာတင်

သူမအလှမှာကျရှုံးနေတော့သည်။သူကိုယ်တိုင်

လဲ အနောက်တိုင်းဝတ်စုံနဲ့

ကြည့်လို့ကောင်းနေတာမို့

အခြောက်မာမီတွေက

သူ့ကိုကြည့်နေကြသည်။သူမှင်သက်နေရာမှ

မအနားလျှောက်လာကာ...

"လှလိုက်တာ မောင့်မိန်းမလေး ပြွတ်"

ပြောရင်း

နဖူးလေးပါငုံနမ်းလိုက်တဲ့မောင်ကြောင့်

သူမမျက်နာလေးရဲသွားရသည်။

"မာမီတို့ ကျွန်တော်

မကိုဘယ်နားတွေမှမထိထားပါဘူးနော်

မျက်နာပဲ မျက်ကပ်ပြင်ခိုင်းတာ"

သူပြောတော့ စီစီဆိုတဲ့

အသားညိုညိုအရပ်ရှည်ရှည်နဲ့အခြောက်က

သူအနားကပ်လာပြီး...

"သူမကိုမထိပါဘူး သားကိုပဲထိချင်တာရလား

အပျိုး"

layNge

သူအရှေ့က အမဲခြောက်စကားကို မျက်မှောင်ကုတ်ကာ တုန့်ပြန့်လိုက်သည်က ...

"ခင်များ နဲ့ ကျုပ်ဟာကအတူတူပဲ ကိုင်ချင်ရင် ခင်များဟာခင်များကိုင်နေလိုက် "

သူ့စကားကြောင့် စီစီမျက်နာကြီးမဲမှောင်သွားတော့သည်။

"မောင် အားနာစရာဘယ်လိုပြောလိုက်တာလဲ"

"သူငယ်ထောင်နေတဲ့ ဟာကို သူကိုသူဘာလဲသိသွားအောင်ပြောလိုက်တာလေ ဘာလဲ မက မ ပိုင်တဲ့ဟာကိုသူကို ပေးထိမလို့လား"

သူမ မောင်စကားကြောင့် တစ်ကိုယ်လုံးရှက်လွန်းလို့ ဘယ်နားသွားနေရမလဲတောင်မသိတော့။မိုင်မှာလဲ ပွင့်လင်းလွန်းတဲ့ နေကြောင့် ရောက်တက်ရာရာ

လိုက်ကြည့်နေမိ။စီစီတို့ကတော့သူ့စကားကြော င့် ဝမ်းပန်းတသာကြည့်နေကြသည်။

"မ သွားကြမယ် ခန်းမထဲမှာလူစုံနေပြီ"

သူ သူမလက်လေးကိုစွဲကာ

သူ့လက်ကိုချိတ်စေပြီး

အလှပြင်ခန်းထဲကနေခေါ်ထုတ်လာခဲ့တော့သ ည်။သူမတို့နှစ်ယောက်ခန်းမထဲဝင်လာတယ်ဆို

စားပွဲဝိုင်းတွေမှာထိုင်နေကြတဲ့

လူတွေကထလာပြီး

လက်ခုပ်တီးပေးကြသည်။သူကတော့ ပတ်ဝန်းကျင်ကိုစိတ်မဝင်စားသူ့ဘေးနားက သူ့မိန်းမမျက်နာလေးကိုသာငေးကြည့်နေမိသည်။

သတို့သား နဲ့ သတို့သမီးက ဧည့်သည်တွေကို ဧည့်ခံနေချိန် ကျော်သူရတို့က နှစ်ယောက်လုံးလက်ထဲကို မိုက်ခ် လာထည့်ပေးသွားတာကြောင့်....

"မ မဆိုလဲရတယ် "

"ဆိုချင်တယ် အမှတ်တရဖြစ်ချင်လို့"

သူလဲ မကိုပြုံးပြကာ ကျော်သူရတို့ကို
တီးလုံးစဖွင့်ခိုင်းလိုက်တော့သည်။

🎤 နှလုံးသားထဲယုံကြည်နေချင်ပါတယ်

အချစ်စစ်တို့ဘယ်တော့မှမပြောင်းလဲနဲ့နော်

ရင်ထဲကစိတ်မချဘူးကံကြမ္မာကိုမယုံရဲဘူး

ဝေးရမယ်ဆိုတဲ့အတွေး မတွေးချင်ဘူး🎤

သူမဆိုရမဲ့ သီချင်းစာသားဆုံးတယ်ဆို
သူခံစားချက်ပါသွင်းကာ
သူမမျက်နှာလေးကိုကြည့်ကာ....

{Nay}🎤သိပ်ချစ်ရတဲ့မေယုံကြည်စေချင်တယ်

ရှေရင်ကိုပူစေတဲ့အတွေးများဘေးကိုဖယ်

ခိုင်မြဲသောအချစ်တို့နဲ့

ကြည်ဖြူစွာမြတ်နိုးခဲ့...

မင်းအနားမှထာဝရရှိချင်တယ်...🎤

ဒီသီချင်းလေးကို
မိုင်မင်္ဂလာဆောင်မှာသာတစ်ခါသာသူမတို့ကြား
ခဲ့ရပင်မဲ့ အခုတီးလုံးကြားတာနဲ့ တင်သူမတို့
မှတ်မိနေသည်။

LayNge

{Two}🎤အန္တရာယ်တွေလဲမမူတော့ပါ

ချစ်သူရဲ့အရိပ်အောက်မှာ....

သာယာအေးမြလို့လုံခြုံနွေးထွေးပြည့်စုံသွား.

ရင်ခုန်စေသောအနမ်းများဟာ....

တို့ဘဝရဲ့အားအင်များ...

LayNge

ဒီကမ္ဘာမြေအဆုံးအထိ

အတူတူချစ်သွားမှာပါ....🎤

🎤တို့ရဲ့လက်ကို ထာဝရစဉ်ခိုင်ခိုင်တွဲ

မနာလိုသူတွေသွေးထိုးနှောက်ယှက်တဲ့အခါမှာ..

..🎤

{Nay}🎤ခိုင်မြဲသောအချစ်တို့နဲ့

LayNge

အကြင်နာတွေမယိုင်လဲနဲ့

ချစ်သူလေးတစ်သက်လုံးချစ်ချင်တယ် 🎤

{Two} 🎤 အန္တရာယ်တွေလဲမမူတော့ပါ

ချစ်သူရဲ့အရိပ်အောက်မှာ....

သာယာအေးမြလို့လုံခြုံနွေးထွေးပြည့်စုံသွား.

ရင်ခုန်စေသောအနမ်းများဟာ....

Lay Nge

တို့ဘဝရဲ့အားအင်များ...

ဒီကမ္ဘာမြေအဆုံးအထိ

အတူတူချစ်သွားမှာပါ....🎤

🎤တို့ရဲ့လက်ကို ကိုရေခိုင်ခိုင်တွဲ

မနာလိုသူတွေသွေးထိုးနှောက်ယှက်တဲ့အခါမှာ..

..🎤

LayNge

{Nay}🎤ခိုင်မြဲသောအချစ်တို့နဲ့

အကြင်နာတွေမယိုင်လဲနဲ့

ချစ်သူလေးတစ်သက်လုံးချစ်ချင်တယ်🎤

🎤ခိုင်မြဲသောအချစ်တို့နဲ့

အကြင်နာတွေမယိုင်လဲနဲ့

LayNge

# ချစ်သူလေးတစ်သက်လုံးချစ်ချင်တယ်🎤

သီချင်းဆုံးတယ်ဆို

သူမလေးနဖူးကိုငုံနမ်းလိုက်ပြီး

ရင်ခွင်ထဲသွင်းကာဖက်လိုက်သည်။ခန်းနားတဲ့

အပြင်အဆင် နဲ့ လှပတင့်တယ်စွာ

အချစ်ငှက်နှစ်ကောင်ကတော့

မအောနိုင်မပန်းနိုင် ညှော့ခန်းနေလျက်.....။

~~~~~~~~

LawMoe
~~~~~~~~

မောင်က သူပြောတဲ့အတိုင်း မင်္ဂလာပွဲကို

၆ပွဲကျင်းပပြီး အခုနောက်ဆုံးပွဲကို

ကမ်းခြေမှာကျင်းပပုံရတာမို့ သူမတို့ ငပလီကို

လေယာဉ်နဲ့ ထွက်လာပြီး ငပလီရောက်တို့

မောင့်မိဘတွေနဲ့ သူ့သူငယ်ချင်းတွေ

မိတ်ဆွေတွေက ဘန်ဂလိုတစ်ခုစီစီစဉ်ပေးကာ

သူမတို့ ၃ယောက်အတွက်လဲတစ်ခု။

လက်ထပ်ပွဲတွေက ရက်ဆက်နေတာမို့

သူမခရီးလဲပန်းတာကြောင့် ရောက်တယ်ဆို

သားအမိနှစ်ယောက်လုံးအိပ်ပျော်သွားကာ

မောင်ကလသူ့သူငယ်ချင်းတွေဆီထွက်သွားသည်။သူမနိုးလာတော့

သူမဘေးနားကသားလေးကမနိုးသေး။ဒါပင်မဲ့

သူမခါးကိုဖက်ထားသလိုကြီးဖြစ်နေတာမို့

လူလဲလန့်ချင်နေတာက

အမောက်လှည့်ကြည့်တော့ မောင်ဖြစ်တော့မှ

သူမသက်ပြင်းချနိုင်တော့သည်။

"မောင် လန့်သွားတာပဲ

ဘယ်အချိန်ကတည်းကအခန်းပြန်ရောက်နေတာလဲ"

"အခုလေးတင်
မတို့သားမိအိပ်နေတာကိုကြည့်နေတာ"

သူမ မောင်ဘက်ကိုသေချာလှည့်လိုက်ပြီး
မောင်မျက်လုံးကိုသေချာကြည့်လိုက်တော့
ရဲနေမို့....

"မောင် နင်ငိုထားတာလား ဘာဖြစ်လို့လဲ ဟင်"

သူမမောင်မျက်ကို

သူမလက်လေးနဲ့ကိုင်ကာမေးတော့

မောင်ကပြုံးပြကာ...

"မောင်အခန်းပြန်ရောက်တော့

မတို့သားအမိကိုကြည့်ပြီး

အတူမရှိပေးနိုင်ခဲ့တဲ့အချိန်တွေကိုသတိရသွား

လို့ပါ ပြီးတော့ ကိုယ်အသက်လောက်ချစ်ခဲ့ရတဲ့

မကို ပိုင်ဆိုင်ရပြီဆိုတဲ့အသိကြောင့် ပျော်လို့ပါ"

"တစ်သက်တာအတွက်မောင်

ကျန်ရှိတဲ့သက်တမ်းတစ်လျှောက်လုံးမှာ

မောင်နဲ့အတူတူ

သွားကိုစောင့်လျှောက်သွားရင်း

အိုမင်းသွားချင်တယ်မောင်"

"သဘာဝ တရားအရမဟုတ်ပဲ အသက်အရ

မကာဒီလောကကြီးက ထွက်သွားတဲ့နေ့ဟာ

မောင်လဲ

မနှောက်ထပ်ချက်မခွာလိုက်ခဲ့မှာပါ..မောင့်အချ

စ်တွေက ပါးစပ်အပြောမဟုတ်ပဲ

လက်တွေ့ချစ်ပြသွားမှာပါ"

"မ ကလဲမောင်ရင်ခွင်ထဲ

အသက်သေဆုံးထိတိုင် ခိုလှုံသွားမှာပါ

မောင့်ရဲ့အချစ်တွေက မတို့ သားအမိအတွက်

နိဗ္ဗာန်ဘုံပါ မောင်"

သူမကိုရင်ခွင်ထဲသွင်းလိုက်တော့

မကလဲသူရင်ခွင်ထဲတိုးဝင်လာကာ

သူခါးကိုတင်းကျပ်စွာဖက်ထားလိုက်သည်။သူဖ
က်ထားရင်းမှ..

"မ "

ရင်ခွင်ထဲက ချစ်ဇနီးလေးကသူ့ခေါ်တော့
မော့ကြည့်လာသည်။

"သား ကိုစောင့်လျှောက်သွားမယ်ဆိုတော့
ကလေးထပ်မယူတော့ဘူးလား "

"ဟို ဟို ဟိုလေ"

"မောင် မနဲ့တူတဲ့သမီးလေးလိုချင်သေးတယ်"

"မွေးပေးမှာပါပေါ့ မောင်ရဲ့"

လို့ပြောကာ ရှက်ပြီး
သူ့ရင်ခွင်ထဲအတင်တိုးဝှေ့နေတဲ့ မ
မျက်နှာလေးကို မော့ကာ ပန်းရောင်သန်းနေတဲ့
နှုတ်ခမ်းပါလေးကို သိမ်းပိုက်လိုက်ည်။

Lay Nge

"အွန့်....အွန့်'

သူ နဲ့ သူမ ချစ်ကြည်နူး တစ်တစ်တူးကြရင်း တစ်ဖက်မှာအိပ်နေတဲ့ နေနေလေးကတော့ အဖော်မဲ့စွာ .....။

{RS တွေများကောင်းကိုမကောင်းဘူး}

သာယာလာပတဲ့ ကောင်ကင်ပြာကြီး နဲ့အတူ ပင်လယ်ပြာပြာ သဘာဝလေအေးတွေနဲ့အတူ လှပတင့်တယ်စွာပြင်ဆင်ထားတဲ့

မင်္ဂလာအခန်းအနား။သတို့သား နဲ့ သတို့သမီး
လျှောက်လမ်းလာမဲ့
နှင်းဆီအနီတွေဖြန့်ကျဲခင်းတာတဲ့လမ်းရယ်။လ
မ်းတစ်လျှောက် အသဲပုံ မီးအိမ်လေးတွေနဲ့
လျှောက်လမ်းဟိုဘက်ဒီဘက်မှာ
ခုံလေးတွေတန်းစီထားသည်။

ပြင်ဆင်တဲ့အခန်းထဲမှာတော့.....

အနီရောင်ဂါဝန်ရှည်လေးဝတ်ဆင်ထားပြီး
ဆံထုံးလေးကို ကပိုကရိုပုံစံလေးထုံးက

အရှေ့ကဆံပင်ကိုတစ်ဖက်တစ်ချက်ဆီမှ

အနည်းငယ်ချထားတာကြောင့်

လှပတဲ့မျက်နှာလေးကို အသက် over 30

လို့မထင်ရလောက်အောင်

လှပနေသည်။ဖြူဝင်းသောပသားအရည်လေးနဲ့

ရင်ပြတ်အနီရောင်ဂါဝန်ရှည်လေးက

အသားနဲ့တစ်ထပ်ထဲကျနေတော့သည်။

နေကလဲ

အနောက်တိုင်းဝတ်စုံကိုသူလဲမနဲ့နည်းတူ

အနီရောင်ကိုဝတ်ဆင်ထားသည်။သူနဲ့သူမပြင်ဆင်ပြီးတော့...

"လှလိုက်တာ...နေ

မင်းလက်ထဲကိုအစ်မသူငယ်ချင်းကိုအပ်လိုက်ပြီနော် သူမကို မင်းရဲ့ဇနီးလိုရော

အစ်မတစ်ယောက်လိုရော ဂရုစိုက်ပေးပါ"

မိုင်ကပြောတာကို

နေကမလက်လေးကိုကိုင်ကာ....

"ကတိပေးပါတယ် အစ်မ

မကကျွန်တော်ရှင်သန်နေရတဲ့အကြောင်းအရ

င်းမို့ပါ"

သူပြောတာကိုအံ့တို့လင်မယားသဘောတကျ

ပြုံးပင်မဲ့ နေနေကိုချီထားတဲ့ ငြိမ်းထက်က...

"သား သားအဖေက သူ့အသက်က

မင်းအမေတဲ့ မင်းကိုကျချစ်ဘူးတဲ့"

ခွပ်

"အွ"

နေနေ ငြိမ်းထက်ကိုသူလက်သေးသေးလေးကို
လက်သီးစုတ်ကာ
ငြိမ်းထက်နှာရိုးကိုထိုးချလိုက်သည်။အသက်က
2နှစ်ကျော်တဲ့
နာလိုက်တာ။နေနေလုပ်လိုက်တာကို
နေတို့လင်မယားကပြုံးကာကြည့်နေသည်။ငြိမ်း
ထက်ကရှုံ့မဲ့ကာ....

"မင်းအတွက်ပြောတာငါ့ကိုဘာလို့ထိုးတာလဲ"

"အက်အေ ကြီး နာရိုနေရာ"

2နှစ်ကျော် အရွယ်လေးနဲ့မှမလိုက်
ငြိမ်းထက်ကို *FA ကြီး မနာလိုနေတာ*ကို
မပီကလာပီလာလေးနဲ့ပြောနေတာကြောင့်
ငြိမ်းထက်မှာအချစ်ပိုရသလို
ငိုလဲငိုချင်သွားရသည်။

"ဟား ဟား နေ မင်းသားကတော့ကွာ

မင်းအတိုင်းပဲ ဟား ဟား "

ကျော်သူရကလဲ

သူကောင်မလေးလက်ကိုဆွဲကာ...

"FA တွေမှန်းကလေးကတောင်သိနေပြီ

ဆိုးလိုက်တဲ့ ဘဝတွေ ဟား ဟား"

"ရှိနဲ့"

Lay Nge

ကျော်သူရရှိနေတာကို မရှိနဲ့ဆိုပြီး

လပ်ညိုးထိုးပြောနေတဲ့ နေနေကိုကြည့်ကာ...

"ဘာလို့လဲ "

"ဒါ ဖေ့ပွဲ ဥ ပွဲ ဟုတ်ဝူး"

သူပြောချင်တာက သူ့အဖေပွဲ

သူအဖေပဲပျော်ရမယ် ကျန်တဲ့သူကမပျော်ရဘူး

တော်တော်တရားဖို့ကောင်းတဲ့ကောင်.....။

~~~~~~~~~~~~
~~~~~~~~~~~~

သူကမင်္ဂသစ္စာဆိုမဲ့နေရာမှာစောင့်နေပြီး

ဒယ်ဒီလက်ကို မကချိတ်ကာ

သူ့ဆီလျှောက်လာသည်။မခြေလှမ်းတစ်လှမ်း

လိုက်တိုင်း သူ့နှလုံးခုန်နှုန်းကလဲ

တစ်ဒုတ်ဒုတ်။ဒယ်ဒီက

သူ့အနားရောက်တယ်ဆို

မကိုသူ့လက်ထဲလွှဲပေးကပြန်ထွက်ပြီး

အရှေ့ဆုံးမှာထိုင်နေတဲ့

မာမီဘေးဝင်ထိုင်သည်။ပွဲထဲမှာ

သူစီးပွားဖက်တွေ သူငယ်ချင်းတွေနဲ့ မိဘတွေ

ရင်းနှီးတဲ့သူများသာဖိတ်ထားပင်မဲ့

စည်ကားနေသည်။

"မောင်နေမင်းလက်ရာ မသဘာဝပန်းကို

ဇနီးတစ်ယောက်အဖြစ်လက်ခံနိုင်ပါသလား"

"လက်ခံနိုင်ပါတယ်"

"မသဘာဝပန်း မောင်နေမင်းလက်ရာကို

ခင်ပွန်းသည်အဖြစ်လက်ခံနိုင်ပါသလား"

"လက်ခံနိုင်ပါတယ်"

သူ သူမလက်ကလေးကိုယူကာနမ်းလိုက်ပြီး....

"သူမ

ကျန်းမာသည်ဖြစ်စေ၊ဖျားနာသည်ဖြစ်စေ၊ချမ်းသာသည်ဖြစ်စေ၊ဆင်းရဲသည်ဖြစ်စေ၊သူမအနား ရှိနေပေးပါမည်။သူမကို ကျွန်နော် အသက်ထက်ပိုပြီးချစ်မြတ်နိုးပါမည်။သူမကိုအသက်သေဆုံးသည့်တိုင် သစ္စာရှိစွာ ဖောက်ပြန်ခြင်းမရှိပဲ

ရိုးမြေကျပေါင်းသင်းသွားပါမည်လို့ကတိပြုပါသည်"

"သူ နဲ့အတူ ဆင်းရဲဒုက္ခမှန်သမျှ မောင်တစ်ထမ်းမယ်တစ်ရွက် သူ့လက်ကိုမလွှတ်ပဲ အရာရာကို သူနဲ့အတူရင်ဆိုင်ပါမည်။သူ့အသက်က သဘာဝကို သက်မှတ်ထားသလို သူ့တန်ဖိုးထားတာနဲ့အညီ ရှင်သန်နေထိုင်ပါပြီ။မယားဝတ္တရား ကျေပွန်စွာ သူ့အသက်မောက်ဆုံးချိန်ထိ

ပြုစုဖေးမကာနေထိုင်သွားပါမည်ဟုကတိပြုပါသည်"

"ဖြောင်း ဖြောင်း ဖြောင်း "

သူမတို့ကတိသစ္စာဆိုပြီးတယ်ဆိုထိုင်ခုံမှာထကာ လက်ခုပ်တီးကြသည်။

"လက်ထပ်လက်စွပ် ဝတ်ပေးလို့ရပါပြီ"

သူ ကိုင်ထားတဲ့သူမ

ညာလက်လေးကိုလွှတ်ကာ

ဘယ်လက်လေးကိုယူလိုက်ပြီး

လက်သကြွယ်လေးမှာ စိန်လက်စွပ်လေးကို

စွပ်ပေးလိုက်တော့ သူမကလဲ

သူလက်ကိုယူကာ မိုင်ကိုင်ပေးထားတဲ့

ဗန်းထဲကလက်စွပ်ကို ယူကာ

မောင်လက်သကြွယ်ကိုစွပ်ပေးလိုက်သည်။

"သင်တို့နှစ်ဦးသည်အကြင်လင်မယားဖြစ်သွား

ပါပြီ"

"Kiss Kiss Kiss ဗျို့"

မောင်သူငယ်ချင်းတွေကနေစလိုက်တာ ပွဲထဲမှာရှိတဲ့ တစ်ခြားညှော့သည်တွေကပါ Kiss တောင်းနေတာကြောင့် သူမမျက်နှာလေးက ဝတ်ထားတဲ့ ဂါဝန်လေးအတိုင်း နီရဲနေသည်။သူ ခရမ်းချည်သီးလေးလို ရဲနေတဲ့ မမျက်နှာလေးကို မော့ကာ နှုတ်ခမ်းလေးကို စုပ်ယူနမ်းရှိုက်လိုက်တော့ မက သူ့အင်္ကျီစလေးကိုပါဆွဲလာသည်။သူနမ်းနေရင်း

နဲ့ မခါးလေးကနေဆွဲကာ

ခန္ဓာကိုယ်နှစ်ခုပိုနီးကပ်စေကာ

အနမ်းချွေးနေတုန်း

သူ့ဘောင်းဘီစကိုဆွဲနေတာကြောင့်

ကြည့်လိုက်တော့ သားက မဂါဝန်စ နဲ့

သူဘောင်းဘီစကို ဆွဲထားသည်။

သူသားလေးကို

ကောက်ချီလိုက်သည်။သားလေးပါးကို သူ နဲ့ မ

တစ်ဖက်ဆီနမ်းလိုက်သည်။နေနေလေးကလဲ

အဖေဖြစ်သူနဲ့ အမေဖြစ်သူကို

သူ့လက်လေးနှစ်ဖက်ဖက်ထားလိုက်သည်။

သိပ်ချစ်ရပါသော မ

ဒီကောင်ဘဝတဲ့ပြန်ဝင်လာပေးတဲ့အတွက်

ကျေးဇူးပါ။မောင်ကြောင့်

ငိုခဲ့ရတဲ့အချိန်တွေအတွက် အခုကစပြီး

ပြန်ဖာထေးပေးတော့မှာမို့

လက်ကိုသာမြဲမြဲမြန်စွာဆွဲထားပေးပါ။

အသက်လောက်ချစ်ကြောင်းကိုလဲ

မသေဆုံးခင်အထိသက်သေပြသွားမို့

မောင့်တစ်ယောက်ထဲရဲ့

ပန်းလေးတစ်ပွင့်ဖြစ်ပေးပါ.......။

မောင် မောင်ကနေမင်းဆို

မကနေရောင်ရှိမှပွင့်မည့်

ပန်းလေးတစ်ပွင့်ပါ။မောင်က မအတွက်တော့

အလင်းရောင်ပေးတဲ့ နေမင်းကြီးပါ။မ

အသက်သေဆုံးသည့်တိုင်း ဒီလူသားရင်ခွင်ထဲပဲ

ခိုလှုံရင်း......။

💗25.11.2022{7:29}💗

LayNge

နောက်ဆုံးတော့ မောင် နဲ့ မ

ဇာတ်လမ်းလေးပြီးဆုံးသွားခဲ့ပါပြီ....။

￼

🌞နေရောင်ရှိမှပွင့်မည့်ပန်း🌸

{Extra}

"သဘာဝ ဟို သားအဖရော"

Lay Nge

သူမတို့ စုံတွဲနှစ်တွဲ အလုပ်တွေအားလပ်တုန်း ခရီးထွက်လာတုန်း ကမ်းခြေမှလမ်းလျှောက်နေရင်း မိုင်က မေးတာကြောင့်...

"သူတို့ သားအဖပြင်ဆင်ပြီ ထွက်လာလိမ့်မယ် ငါ့ကို အေးဆေးနေပါဆိုလို လွှတ်ထားခဲ့လိုက်တယ် နင်ရော"

"ငါလည်း အတူတူပဲထားခဲ့တာ
ဟိုမှာကြည့်ပါဦး"

မိုင်လက်ညှိုးထိုးပြရာကြည့်လိုက်တော့
ရေးကူးဝတ်စုံတွေနဲ့ လမ်းလျှောက်နေကြတဲ့
မိန်းကလေးတွေ။

"ငါတို့ဝတ်ရအောင် သဘာဝ"

"ဘယ်လို"

ဒီလောက်

နေ့ခင်းကြောင်တောင်လူမြင်ကွင်းကြီးထဲမှာ

ရေးကူးဝတ်စုံနဲ့ လမ်းလျှောက်ရမှာကို

ပြောရဲတဲ့ မိုင်ကိုကြည့်ကာ

အံ့သြနေရသည်။သူမ မဝတ်ရဲ မောင်ကလည်း

ဝတ်ခိုင်းမှာမဟုတ်။ဝတ်ပြီး

လမ်းလျှောက်ကြည့်ပါလား ပြသနာက

မိုးမီးလောင်သွားလိမ့်မယ်။

"ဝတ်မယ် သူများတွေလိုလှတပတလေး"

"ဟင်အင်း ငါမဝတ်ရဲဘူး "

"နင်မဝတ်ရဲတာက ဝတ်မကြည့်ရသေးလို့ပါ
ဒါမှမဟုတ် နေမင်းလက်ရာ
ပြောမှာဆိုးလို့မဟုတ်လား သူလည်း
ခေတ်လူငယ်ပဲနားလည်မှာပေါ့"

မိုင်ဘယ်လိုပြောပြော သူမခေါင်းရမ်းကာ...

"မောင်ပြောမယ်ဆိုတာထက်
ငါမဝတ်ရဲတာမောင်ကလည်း
ကြိုက်မှာမဟုတ်ဘူး"

"နင်နဲ့တော့ခက်ပြီ သဘာဝရာ"

မိုင် ဘယ်လိုပြောပြောမရတဲ့
သူငယ်ချင်းဖြစ်သူကြောင့်သူမဘက်ကသာ
လျှော့ချလိုက်ရသည်။သူမကလည်းမှားတာ

Hot တာဆို ဓာတ်ပုံတောင်မကြည့်တဲ့ သူမကိုမှ သွားပြောမိတဲ့သူမကို ကမှားတာ။

သူ ဘန်ဂလိုကနေထွက်လာတော့ ဒီအနားပဲလျှောက်မှာပါဆိုပြီး ထွက်သွားတဲ့ မကိုလိုက်ရှာတော့ ကိုအံ့တို့သားအဖလည်းတစ်ခုခုရှာနေဟန်။

"ကိုအံ့"

"ဟင် အေး နေမင်းတို့ဆီလာသေးလား မိုင်"

"မလာပါဘူး ကျွန်တော်လည်း မကိုလိုက်ရှာနေတာ သားကိုပြင်ဆင်ပေးနေတုန်းမကထွက်သွားတာ"

"ဒါဆို သူမတို့နှစ်ယောက်အတူတူရှိနေမှာသေချာတယ် ငါတို့ဆက်ရှာကြတာပေါ့"

Lay Nge

အံ့ပြောတာကို ခေါင်းငြိမ့်ပြပြီး တစ်ယောက်က
သားကိုလက်ကဆွဲကာ တစ်ယောက်က
သမီးကိုချီကာ
မိန်းမရှာပုံတော်ဖွင့်ရတော့သည်။သူတို့လျှောက်
လာရင်နဲ့ ကိုအံ့သမီးက
အုန်းရွက်တွေနဲ့ထိုးထားတဲ့ ဦးထုပ်ကို
သုမျှားခေါင်းမှာစောင်းထားတာတွေ့တော့ပူဆာ
တော့သည်။

LayWe

"ဖေဖေ မီးအဲတာလိုချင်တယ် ယူပေး"

"အဲတာသူများဟာ ယူရင်သူခိုးပဲ "

အံ့သမီးစကားကို ပြန်ပြောလိုက်သူကတော့ ဖအေလက်ကိုကိုင်ကာငြိမ်နေတဲ့ နေတစင်း...

"ငါ့ ဘာသာ ငါ့အဖေ ယူခိုင်းတာ နင်ယူခိုင်းလို့လား"

"နားပြီးတယ် တိတ်တိတ်နေ တော့"

ဒါကလေးတဲ့ စကားကိုပြောတက်လိုက်ပုံများ

နေမင်းလက်ရာ သားပီသပါပေတယ်။

"ဖေဖေ ယူပေးလို့"

သူများဟာကို အတင်းယူခိုင်းနေတဲ့

သမီးကြောင့်

အံ့အခက်တွေ့နေတော့သည်။သွားဝယ်မယ်ဆို



Lay Nge

လည်း မောက်ပြန်လှည့်ရဦးမည်။တကယ်ပါပဲ အမေတူသမီး နိုင်ကိုမနိုင်ဘူး။

ထိုအခါ အံ့အကြံကိုရိပ်မိတဲ့နေက...

"ကိုအံ့ပြန်လှည့်ဝယ်ပေးဖို့ စိတ်ကူးနေတာတော့မဟုတ်ပါဘူးနော်"

"အင်း"

Lay Nge

အံ့ကလည်း မငြင်း။

"မရဘူးနော်
ကျွန်တော်မိန်းမကိုမတွေ့သေးသရွေ့နောက်ပြန်
လှည့်ဖို့ ခြေလှမ်းကျွန်တော်မှာပါမလာဘူး"

သူမပြောခင်ကတည်းကအပြတ်ငြင်းနေတဲ့
နေကို တောင်းပန်တဲ့အကြည့်တွေနဲ့
ကြည့်လိုက်ပင်မဲ့
နေကမသိချင်ယောင်ဆောင်နေလိုက်သည်။

"ဟုတ်ပြီ မင်းသူမတို့ကိုအရင်သွားရှာလိုက်
ငါသွားဝယ်ပြီးလိုက်လာခဲ့မယ်
တွေ့ရင်ဖုန်းဆက်လိုက်"

"အင်း အဲတာကောင်းတယ် ပြီးတော့
ကျွန်းတော်◌့မိန်းမ ဟာ
ကျွန်တော်တို့မိသားစုအတွက်ပါ အပိုဝယ်ခဲ့
ကိုအံ့"

Lay Nge

"ဟာ အဲဒါဆိုမင်းပါလိုက်ခဲ့ပါလားကွာ "

"No မိန်းမမပါရင် ဘယ်ကိုမှခြေရာမများဘူး ဆုံးဖြတ်လို့ ကိုအံ့ပဲသွားလိုက်ပါ ကျွန်တော်က ကြံုလို့မှာတာပါ"

နေကိုပြန်ပြောနေလည်း အပိုပဲဆိုတာသိတာကြောင့် အံ့ပြောမနေတော့ပဲ ပြန်လှည့်သွားတော့သည်။

Lay Nge

"ဖေဖေ"

"ဗျာ"

"မေမေ သွားရှာမယ်
အခုခေတ်ကောင်တွေကသိတ်မချရဘူး"

"သား ဘယ်လို မင်း"

LayNge

ဒါ 5နှစ်ကလေးတဲ့

သူကများပြောလိုက်သေးတယ်

*အခုခေတ်ကောင်တွေကစိတ်မချရဘူး*တဲ့။တကယ်

နေတစင်းကိုသူလက်ပါမြှောက်သွားရသည်။

"အင်းအင်း"

သူပဲ စိတ်လျှော့ကာ

မကိုသာချဖို့ဆက်သွားလိုက်တော့သည်။



Lay Nge

သူမနဲ့ မိုင် ကျောက်ဆောင်ပေါ်ထိုင်နေရင်း အဝေးကနေလျှောက်လာတဲ့ သားအဖနှစ်ယောက်ကိုကြည့်နေရင်း သူမတို့ကို တွေ့ပုံမပေါ် ကျော်သွားတော့မဲ့ သားအဖကို...

"မောင် သား"

"ဟင်"

Lay Nge

"ဖေဖေ ဟိုမှာ မေမေ"

သူမတို့နှစ်ယောက်ထိုင်နေတဲ့

ကျောက်ဆောင်ပေါ်ကို

သားအဖနှစ်ယောက်အတူတူတက်လာပြီး

သူက မဘေးဝင်ထိုင်ကာ

သားကသူပေါင်ပေါ်ဝင်ထိုင်သည်။

"ဘယ်ကောင်တွေကို ငေးနေတာလည်း

ယောကျ်ား နဲ့ သားကိုထားခဲ့ပြီ"

ဆူပုတ်ကာမေးလာတဲ့မောင်တို့သားအဖကိုကြ
ည့်လိုက်တော့ သားအဖနှစ်ယောက်လုံး
တစ်ကိုယ်လုံး Shirt လက်ရှည် နဲ့
ဘောင်းဘီဒူးအတိ နဲ့
ရှူးဖိနပ်ကအစအကုန်းလုံးအဖြူတွေကြီးပင်။

"မောင်ကလည်း သဘာ၀တို့ကို
ဘယ်သူကစိတ်၀င်စားမှာလည်း"

သူ့ရဲ့မက ဂါဝန်ပန်းရောင်အရှည်

လက်တစ်လုံးကြိုးလေးနဲ့

ဘယ်လောက်တောင်လှလိုက်လည်း

အရောင်တင်စရာမလိုတဲ့နှုတ်ခမ်း တစ်စုံ

လှပတဲ့မျက်ဝန်းတစ်စုံး နဲ့ နှာတံစင်းစင်းလေး

ကို ပြီးပြည့်စုံနေတာကို သူကစိတ်ချစရာလား။

"မောင်တောင်စိတ်ဝင်စားသေးတာပဲ

တစ်ခြားကောင်တွေလည်း စိတ်ဝင်စားနေမှာပဲ

အခုဒီမှာကြည့် ပုခုံးသားဝင်းဝင်းလေး ဟာ

စိတ်ထဲကနေ ကိုက်ချင်တယ်လို့



LayNge

ပြစ်မှားနေမှဖြစ်

ဒီကောင်ရင်ကျိုးအောင်လုပ်နေတာလားဗျာ"

သူမသက်ပြင်းသာချလိုက်ကာ

မောင်ကိုမနိုင်ဘူးဆိုတဲ့အကြည့်နဲ့

ကြည်နေလိုက်တော့ သူမခါးလေးကို

အနောက်ကနဲ့ဖက်လိုက်သည်။သူမလည်း

မောင့်ခါးကိုပြန်ဖက်ပြီး

ပုခုံးပေါ်ခေါင်းမှီထားတုန်း

မိုင်ကိုသတိရကာကြည့်လိုက်တော့...

"တော်သေးတာပေါ့ ငါရှိတာသတိရသေးလို့ ဟိုလူကလည်း ဘာလုပ်နေတာလည်းမသိဘူး မလာနိုင်သေးဘူး

"မ မိုင်ယောကျာ်းက သူချစ်သမီး အုန်းလက်ဦးထုပ်လိုချင်တယ်ဆိုလို့ပြန်သွားဝယ်တာ လာတော့မှာပါ "

LayNge

နေ ပြေညတာကြောင့်
ကိုအံသူ့သမီးကိုအလိုလိုက်အကြိုက်ဆောင်ပြန်
ပြီဆိုတာသိလိုက်ပြီ။သူမ နဲ့ သဘာဝက
သားယောကျာ်းလေးမွေးထားတဲ့သူက
ဘာမှစိတ်ပူစရာမလိုငြိမ်နေပြီး သူမတို့သမီးက
လိုချင်တာရမှ မရင်ရင်တော့ တစ်နေကုန်
Drama ခင်းပြမည်ဖြစ်ခြင်း။

"သား ဘာစားဦးမလဲ
ဖေဖေဘာဝယ်ပေးရမလည်း"

အမေဖြစ်သူမေးတာကို
မျက်လုံးလေးဝိုင်းကာဖြင့် ....

"သား အုန်းရေသောက်ချင်တယ်"

သားပြောတာ
ဒီပတ်ဝန်းကျင်မှာရှိမလားလည်ပတ်ကြည့်တော့
မရှိ။သူတို့လာတုန်းကတော့မြင်လိုက်ပင်မဲ့

သူလည်း မကိုမတွေ့တာနဲ့
သားကိုတောင်မမေးမိ။

"ဒါဆို ခဏစောင့်နော် အန်ကယ်အုံ့လာရင်
ဖေဖေတို့သွားသောက်ကြမယ်နော်
ဖေဖေတို့အခုသွားရင်
တီတီမိုင်တစ်ယောက်ထဲကျန်နေခဲ့မှာ"

"ဟုတ်ကဲ့ သားစောင့်နိုင်ပါတယ်"

သူမ
လိမ္မာလွန်းတဲ့သားလေးကိုကြည့်ကာကြည်နူးရသည်။သားက မောင့်ရဲ့
ကောင်းတဲ့အကျင့်လေးတွေသွားတူလို့တော်သေးတာပေါ့။ရန်ဖြစ်တဲ့အကျင့်တာ တူသွားရင်
သူမလည်း မေမေတို့လို့
ရင်မောရမှာအမှန်ပင်။မိဘနေရာရောက်မှ
မိဘတွေရဲ့ခံစားချက်ကိုပိုနားလည်ခဲ့သည်။

"မေမေ"

မမိုင်သမီး အာဗြဲစိန်က ဖအေဖြစ်သူနဲ့အတူကျောက်ဆောင်ပေါ်တက်လာရင် အမေဖြစ်သူကို အသံအကျယ်ကြီးနဲ့အော်ခေါ်သေးသည်။ကိုအံ့က သူ့သမီးကို မမိုင်ကိုပေးလိုက်ပြီး...

"ရှေ့ နေ မင်းမှာလိုက်တာတွေ ငါ့မှာသမီးကတစ်ဖက်မင်းမှာလိုက်တာကတစ်ဖက်မပါလာရင်လည်း ပြောဦးမယ်"

"ကိုအံ့ကလည်း
ဒီညီလေးတစ်ယောက်ထဲရှိတာကို"

"တော်ပါကွာ"

"ဒါဆို မမိုင်ကိုအံ့လာပြီဆိုတော့ ကျွန်တော်
မတို့ကိုခေါ် ပြီး လမ်းလျှောက်လိုက်ဦးမယ်"

"အင်း သွားလေ"

Lay Nge

သူကိုအံ့ ဝယ်လာတဲ့ ဦးထုပ်တွေကို
မကိုအရင်စောင်းပေးလိုက်ပြီး မပြီးမှ
သားကိုစောင်းပေးလိုက်သည်။သူအကုန်လုံးလု
ပ်ပြီး သွားတယ်ဆို မနဲ့ သူ
သားကိုတစ်ဖက်စီလက်ကလေးကိုဆွဲပြီး
လမ်းလျှောက်လာလိုက်လိုက်သည်။

"မောင်"

"မ ဘာလုပ်ချင်လို့လည်း ဘာဖြစ်ချင်လို့လည်း ခြေထောက်နာလို့လား မောင်ပွေ့ရမလား"

သူမခေါ်တယ်ဆို ခြေဆုံးခေါင်းဆုံးလိုက်ကြည့်နေတဲ့ မောင့်က တကယ်ချစ်ဖို့ကောင်းသည်။ချစ်တက်လိုက်တာလည်း သူ့အပြင်နှစ်ယောက်မရှိဘူး။သား နဲ့ သူမအတွက် မောင်က Hero ကြီး။

"ဟိုလို ဝတ်ချင်လို့"

သူမကတော့

မောင့်စိတ်ကိုစမ်းချင်လို့ပြလိုက်ပင်မဲ့ မောင်က

တစ်စက္ကန့်တောင်ကြာရဲ့လားမသိ

ဖျက်ကနဲ့ကြည့်ပြီး

ချက်ခြင်းသူမဘက်ပြန်ကြည့်လာသည်။သူမလ

မ်းလျှောက်ရပ်သွားတဲ့

မောင်ကိုကြည့်လိုက်တော့...

"အဲတာလေးတွေ ဝတ်ချင်တယ်ဟုတ်လား

ဝတ်ရမယ်"

"ဟင်"

"အင်း ဝတ်ရမယ်

ညကြမှမောင်နဲ့နှစ်ယောက်ထဲရှိချိန်မှ

မဝတ်လဲရတာနော်

တစ်ကိုယ်လုံးဘာမှမဝတ်လည်း

မောင်ကစေတနာနဲ့ ထိုက်ကြည့်ပေးနေဦးမှာ"

Lay Nge

သူပြောလိုက်တယ်ဆို

မမျက်နာလေးရဲတက်လာတာကြောင့်သူပြုံးလို

က်သည်။မှတ်ပြီလား

အဲလိုဝတ်ခွင့်ပေးဖို့လို့ထင်နေတာလားမသိ။တ

စ်ခါမှ မဝတ်ဖူးပဲနဲ့

ဘယ်သူဆီကအကျင့်ကူးလာမှန်းမသိ။

"အခုမှမျက်နာရဲမနေနဲ့

ဒီမှာသာဝတ်ကြည့်တစ်ခြားကောင်တွေ

တဏှာရူးမှာပေါ့ အဲ့အခါကြသေချာပေါက် မောင်လူသက်မူဖြစ်လိမ့်မယ် ပြချင်ရင် မောင့်ကိုပဲပြ ကြားလား"

"ဟုတ်"

"အင်း လိမ္မာတယ် ညကြတွေ့မယ်"

"မောင်နော်"

Law Nge

"ဟာ ဖေဖေ နဲ့ မေမေ

လူပျိုလေးပါတယ်ဆိုတာသတိထားဦး

လင်မယားစကားတွေ

လူပျိုလေးရှေ့မှာပြောစရာလား'

သူမ နဲ့ မောင်လက်ကိုဖြုတ်က

လက်ပိုက်ပြီးပြောလိုက်တဲ့ သားစကားကြောင့်

မောင်ရော မရော ခဏတာ စွန့်အသွားလျက်။

"ဘာ ဘယ်သူက လူပျိုလေးလဲ'

နေကမျက်ခုံးပင့်ကာမေးတာကို နေတစင်းက သူကိုသူလက်ညှိုးထိုးပြကာ..

"သားလေ ဒီမှာ သားပြောပြမယ် လူပျိုလေးတွေအတက်ကောင်းတွေတက်သွားရင် ကမ္ဘာပေါ်မှာရှိတဲ့ မိန်းကလေးတွေ အန္တာရယ်ရှိတယ်"

LAyYge

သူ5နှစ်အရွယ်ကလေးက မဒိန်းမူကို ယဉ်ကျေးစွာပြောပြနေတဲ့ သားကို သူထက်သာမည်ဆိုတာ သေချာသည်လို့သက်မှတ်လိုက်သည်။နေ့တစ င်း ရဲ့ တစ်ခါတစ်ခါ ဆရာထလုပ်ရင် သူတို့လင်မယားမှာ ဘာကိုဘယ်လို ဖြေရှင်းရမှန်းမသိ။တကယ်ကိုလည်တဲ့သားပါ။

~ ~ ~ ~ ~ ~ ~

"မ သားအိပ်သွားပြီလား"

တစ်နေ့လုံးလျှောက်သွားပြီး

စားသောက်ပြီးတယ်ဆို

အိပ်ပျော်သွားတဲ့သားကို

ရေချိုးခန်းထဲကထွက်လာတဲ့

မောင်ကမေးတော့...

"အင်း မောင်ပြီးပြီးလား တဘတ်ပေးလေ

သဘာဝသုတ်ပေးမယ်"

သားကိုသေချာစောင်ခြုံပေးကာ

ကုတင်ပေါ်ကဆင်းပြီး ရေချိုးပြီး ထွက်လာတဲ့

မောင့်အနားသွားကာ မောင့်လက်ထဲက

တဘတ်ကိုယူလိုက်ပြီး လက်မောင်းကအစ

အပေါ် ပိုင်းတစ်ခုလုံးကို

သေချာဂရုစိုက်သုတ်ပေးနေသည်။

သူကိုသေချာဂရုတစိုက်ရေသုတ်ပေးနေတဲ့

သနပ်ခါးလိမ်းထားတဲ့မရဲ့ပါးလေးကို

မနေနိုင်စွာနမ်းလိုက်သည်။

ရှုတ်

"မောင် ငြိမ်ငြိမ်နေရရေသုတ်ပေးနေတယ်လေ"

"မောင့်
မိန်းမလေးဘာလို့တစ်နေ့တစ်ခြားပိုလှလာရ
တာလည်း တစ်သားမွေး တစ်သွေးလှဆိုတာ
တကယ်မှန်တာပဲ မောင်ဆုံးဖြတ်လိုက်ပြီ"

Lay Nge

"ဘာကိုလဲ မောင်ရဲ့"

"နောက်ကလေး
ထက်ယူမဲ့အစီအစဉ်ဖျက်သိမ်းပြီ တော်ကြာ
နောက်တစ်ယောက်ထက်မွေးလို့ ပိုလှလာမှ
သူများတွေငေးရင် မောင်ပဲရင်ကျိုးရမှာ"

သူမ ရေသုတ်ပေးနေရင်းနဲ့
မောင်စကားကြောင့်ပြုံးကာ ရင်ဘက်နားမှာ
သူမလက်ဖဝါးလေးကို ကပ်ထားကာ....

"မောင်ပဲ သမီးလေးလိုချင်တယ်ဆို"

"ဟင်အင်း သမီးမလိုဘူး မောင့်မိန်းမပဲလိုတယ်
"

အတည်ပေါက်ပြောနေတဲ့ မောင်ကြောင့်
သူမအပေါ်ဘယ်လောက်တောင် တန်ဖိုးထားတဲ့
ယောကျာ်းဆိုတာပြောပြစရာတောင်မလို။

Lay Nge

"ဟုတ်ပါပြီ"

"ဟွန်း ဒါဆို မောင်တို့နေ့ခင်းကပြောထားတဲ့ ကိစ္စလေး"

သူမ မောင်ပြောတာကိုမမှတ်မိတာကြောင့် မျက်မှောင်ကုတ်ကာ....

"ဘာလဲ"

"မောင်ကို ဝတ်ပြုမယ်ဆို"

နှုတ်ခမ်းကိုလျှာနဲ့သက်ကပြောလာပုံကအသဲယားစရာ။ သူမမျက်နှာလေးရဲ့တက်လာကာသူ့ရင်ဘက်ကို ထုတော့သည်။

ဘုန်း ဘုန်း

"မောင် နင်နော် သူအရှက်မရှိတိုင်းငါကနေ့ခင်းက

နှင်းတစ်ခြားကောင်မလေးတွေကို
ပေးမလားဆိုပြီး ပြုကြည့်တာမောင်ရဲ့"

"ဒါပင်မဲ့ မအခုတော့
မောင်စားတာခံရတော့မယ်"

မျက်နှာပိုးမသေစွာပြောလာတဲ့ မောင်ကို
မျက်စောင်းထိုးလာတော့ သူမလက်ထဲက
တဘတ်ကို ဆွဲလှတ်ပစ်ကာ ခါးလေးကို

Lay Nge

လက်နဲ့ကိုင်ပြီး ဆွဲကပ်လိုက်တာကြောင့် သူမ
နဲ့သူကြားလေတိုးပေါက်တောင်မရှိ။

"မောင် "

"ဗျာ"

"ခါးပေါ်ကလက်ကိုအခုဖယ်ပေး "

"ဖယ်ပေးဝူး ဟွန်း လာထား "

သူမကိုဆွဲကာနဲ့ ကောက်ပွေ့ကာ

သားရဲ့တစ်ဖက်ခြမ်းလွတ်နေတဲ့

နေရာမှာသူမကိုချပေးပြီး

သူကအပေါ်ကအုတ်မိုးကာ

သူမဂါဝန်လက်ကြိုးလေးတွေကိုဆွဲချလိုက်ပြီး..

..

"မ စကြမယ် "

LayNge

"ဟင် အင်း သားရှိတယ်

မောင်မရဘူးအိမ်ရောက်မှ"

"မရဘူး ခုပဲ"

ဟုဆိုကာ

ခါးကတစ်ပတ်ကိုဖြိုချလိုက်တာကြောင့်

သူမတစ်ဖက်ကိုမျက်နှာလွှဲလိုက်သည်။သူမလ

ည်လိမ်ထားတာကြောင့် ဖွေးနေတဲ့

လည်ပင်းသားလေးကို ငုံပြီး ကိုက်လိုက်ချိန်....

Law Nge

"အ့"

"မေမေ ဘာဖြစ်တာလည်း"

သူမ နာသွားလို့အသံထွက်လာကြောင့် သားကထထိုင်တာကြောင့် သူမလန့်ကာ မောင်ကို ကုတင်အောင်ကန်ချလိုက်သည်။

"အား !! နာတယ်"

"ဟင် "

သူမ အောက်ကို ခွေးကျဝက်ကျ
ကျသွားတဲ့မောင်ကိုမကြည့်ပဲ
သားကိုကြည့်လိုက်တော့ ပြန်လှဲကာ
အိပ်နေတာမှ ပေါက်သံပါ ထွက်နေသည်။သူမ
သားယောင်တာမှန်းသိမှ
သက်ပြင်းချနိုင်တော့သည်။မဟုတ်ရင်
စကားတက်တဲ့

သားကလူကြားထဲရှောက်ပြောနေမှ

အရှက်ကွဲရလိမ့်မည်။

"အမလေး"

သူမ တဖက်လှည့်လိုက်တော့

ကုတင်အောက်ကျသွားတဲ့အတိုင်းထိုင်နေတဲ့

မောင်က သူမကို

မျက်နာကြီးဆူပုတ်ကာကြည့်နေတာကြောင့်

လန့်သွားရသည်။

"မောင်"

"ဘာလဲ"

"Sorry နာသွားလား"

"မနာဘူး မွေ့ယာပေါ်ကလှဲချလိုက်တာဆိုတော့ အိပျော့အိပျော့နဲ့"

Lay Nge

သူမမေးတာကို ဘုဂလန့်ပြန်ဖြေနေတဲ့ မောင့်ကိုကြည့်ကာစိတ်ဆိုးနေပြီမှန်းသိသည်။ သူမကုတင်ပေါ်ကဆင်းကာ ပြုတ်ကျနေတဲ့ မောင်နာထိုင်ကာ....

"ဘယ်နားနာသွားလဲ မောင်ရယ် တောင်းပန်ပါတယ် သဘာဝမလိုက်လျှောချင်လို့မဟုတ်ဘူးလေ မောင်သား အဖျက်ကလေးရှိတယ်လေ နော် အိမ်ရောက်မှ"

"တကယ်လား အဖျက်ကလေးနော်"

"အင်း သူကလူရုပ်လေး မောင်နဲ့ မကြားမှာ"

"အွန်း အလာကား ခွေးသားလေး"

"အင်း ခွေးသားလေး"

မမျက်နာကြီး ပြုံးတီးတီးကြီးနဲ့ပြောမှ...

"မဟုတ်ဘူး လူသား လူသား"

ဒီမောင်တစ်ယောက်နဲ့တော့မလွယ်မှန်းသိပါသ
ည်။ဒီလူသားကြောင့်သာ သူမတို့သားအမိဘဝ
ဆူးခင်းလမ်းကနေ
နူးညံ့တဲ့ပန်းခင်းလေးပေါ်လျှောက်လမ်းနိုင်ခဲ့ကြ
သည်။တစ်ယောက်နဲ့ တစ်ယောက်

ချစ်ရိုးမှန်ခဲ့တာကြောင့်

အဆုံးသတ်ကလှလှလေးသိမ်းသွားခဲ့ရသည်။

ချစ်တယ်မောင်

ဒီဘဝမှာမောင်တစ်ယောက်ထဲပဲ

ဆက်ချစ်သွားမှာမို့ ........။

LayNge

🎄The Sun Of Flower🎄

⛄{Marry Christmas}⛄

ဒီနေ့ Christmas နေ့မို့ မောင်က ဒီနှစ် Christmas party လုပ်မယ်ဆိုတာကြောင့် မွေးနေ့မလုပ်တော့ပဲ မောင့်မွေးနေ့ကို Christmas နဲ့ တွဲလုပ်ဖို့စီစဉ်ထားသည်။ခြံထဲမှာလည်း party အတွက်ပြင်ဆင်တဲ့သူကပြင်ဆင် အိမ်ထဲမှာလည်း အလှဆင်တဲ့သူတွေကလည်း သူနေရာသူပြင်ဆင်နေကြသည်။ချစ်လှစွာသော မောင်ကတော့ Christmas သစ်ပင်နဲ့ သားအဖနှစ်ယောက်အလုပ်ရှုပ်နေသည်။

"ဖေဖေ မီးလုံးတွေစင်တော့လေ"

"ဟာ အခု
မီးလုံးစင်ရမဲ့အဆင့်မရောက်သေးဘူးကွ
သစ်ရွက်ပန်းခွေအပိုင်းတက်နေတယ်လေ"

သူကသစ်ပင်ကို
ပြင်ဆင်နေရင်းသားမေးသမျှကို
ပြန်ဖြေနေသည်။သားကလည်း
မြန်မြန်ပြီးစေချင်တာမို့ မီးလုံးတွေကို

အတင်းစင်ခိုင်းနေသည်။သူ
သစ်ရွက်ပန်းခွေအဝိုင်းစင်ပြီးတော့
သစ်ပင်းထိပ်ဖျားမှာ
ကြယ်လေးကိုထားလိုက်သည်။

"ကြယ်မထားရဘူး ဖေဖေ မီးလုံးထားရမှာ"

"ထိပ်ကြီးက အလုံးကြီး လှပါ့မလားကွ"

ကြည့်ဦး 5နှစ်အရွယ်ကလေးက
လူလည်လုပ်နေလိုက်ပုံများ

Lay Nge

ဆရာကြီးစတိုင်နဲ့သူ့ကိုလက်ပိုက်က
ညွှန်ကြားနေတယ်ပေါ့။ဘယ်နဲ့
သစ်ပင်ထိပ်ဖျားကို ကြယ်တပ်တဲ့ဟာကို
မီးလုံးတပ်တဲ့
တော်တော်အလှအပကိုခံစားတက်တာပဲ။

"လာ သား ဖေဖေကိုဆရာလုပ်မဲ့အစား
မြန်မြန်ပြီးစေချင်တယ် မဟုတ်လား
တုတ်ကောက်ကလေးတွေလာဝိုင်းတက်ပေး"

သားကသူပြောတယ်ဆို

သူအနားချက်ခြင်းလာကာ စက္ကူသေတ္တာထဲက

တုတ်ကောက်သေးသေးလေးတွေကို

သူလုပ်သလိုလိုက်လုပ်ပေးနေသည်။

"ဖေဖေ ပြီးပြီလား မီးလုံးတက်လို့ရပြီလား"

"မရသေးဘူး

လက်ဆောင်ထုပ်ကလေးတွေချိတ်ရဦးမှာ"

သူပြောရင်း

လက်ဆောင်ဘူးသေးသေးလေးတွေကိုမှ

ဖဲပြားအနီလေးတွေပတ်ထားတဲ့

ဘူးလေးတွေကို Christmas

သစ်ပင်မှာချိတ်လိုက်သည်။

"ကဲနောက်ဆုံး အဆင့်ရောက်ပြီကွ "

"မီးလုံးလေးတွေဆွဲလို့ရပြီလား"

"ရပြီ ဖေဖေ ဆွဲပေးမယ်"

သူ သားဘူးထဲကနေကောက်ယူပေးနေတဲ့ မီးလုံးလေးတွေကိုသင့်တော်တဲ့နေရာမှာချိတ်လိုက်ပြီး ခဏကြာတော့ Christmas သစ်ပင်လေးပြီးမြောက်သွားသည်။အဲ့ပြီးသွားတဲ့ သစ်ပင်အပေါ်ကို မီးလုံးသေးသေးလေးတွေပါတဲ့ ကြိုးနဲ့ ရစ်ပတ်လိုက်ကာ နေ မီးခလုတ်ကိုစမ်းဖွင့်လိုက်တယ်ဆို။

" မီး မီး မီး"

နေတစင်း လေးရဲ့မီးလို့အော်သံကြောင့်
ပြင်ဆင်နေတဲ့ အိမ်ထဲကလူတွေပါ
ပြေးဆင်းလာကြကာ
သူတို့သားအဖနားလူတွေရောက်လာကြသည်။

"မီး ဘယ်မှာလဲ !!"

"မြေးဘယ်မှာလဲ မီး"

lay Nge

"မာမီမြေး

ဒီမှာသစ်ပင်မီးလင်းနေတာကိုပြောနေတာ

အကုန်လုံးကဘာဖြစ်နေကြတာလဲ"

ကြည့်စမ်း သားဖြစ်သူက မီးလို့အော်တာကို

ဘာဖြစ်နေကြတာလဲ

မေးလည်းမေးတက်ပါ့။သူသားကြတော့

သူများတွေပြောမှာကြောက်သား

တော်တော်တရားတဲ့ကောင်။

သူ လူတွေများတာမို့ သားကိုကောက်ချီလိုက်သည်။သူချီလိုက်တယ် ဆိုသားက...

"Christmas ဖိုးဖိုးကြီး မလာသေးဘူးလားဖေဖေ"

"ညကြလာမှာပေါ့"

"အင်း"

LayNge

သူလည်း

သားမေးတာကိုခြံထဲလိုအပ်တာတွေလိုက်ကြ

ည့်ရင်း ဘာမှမတွေးပဲဖြေလိုပ်သည်ကို

သားတော်မောင်က ယုံကာ

မှတ်သားထားလေသည်။

ညနေဆောင်းတော့.....

"သမီး အခုထိဘာမှမလုပ်ရသေးဘူးလား"

သူမ Party

မှာမောင့်မွေးနေ့ရောလုပ်မှာဆိုတော့

စားစရာသောက်စရာတွေကို

လိုအပ်တယ်မဖြစ်ရလေအောင်

သူမကိုယ်တိုင်ဝင်လုပ်နေတာ

တစ်နေ့ကုန်မနားရသေးတာကြောင့်

ယောက္ခမဖြစ်သူကပြောတော့...

"ဟုတ်

ဒီမှာလိုအပ်တာလေးတွေပြင်ဆင်ပေးနေလို့

မေမေ"

"ထားခဲ့လိုက်တော့ သမီး ဟိုသားအဖကအခုလေးတင် အပေါ်တက်သွားပြီ သမီးဟာလေးတွေကို သာသွားလုပ်ပေးလိုက် ပြီးတော့ ရော့ ဒါသမီးအတွက် မေမေပေးတာ Christmas လက်ဆောင်"

သူမကို ပေးလာတဲ့ ကတ္တီပါဘူးအနီကို ယူကာဖွင့်ကြည့်လိုက်တော့ လည်ဆွဲနဲ့

စိန်တစင်စာ။သူမတန်ဖိုးအရမ်းမြင့်တာကြောင့်

...

"မေမေဒါကတန်ဖိုး..."

"သမီးက မေမေတို့မိသားစုရဲ့အဖိုးတန်လေးမို့ သမီးနဲ့ထိုက်တန်လို့ပေးတာ ဟုတ်ပြီလား"

"ဟုတ်"

LayNge

ဒေါ်လက်ရာ ချွေးမဖြစ်သူလေးရဲ့
ရိုးသားမှုကိုကြည့်ကာ သဘောကျနေရပြီး
သမီးအရင်းလေးလိုပဲချစ်ရပါသည်။

သူမ မေမေကိုနှုတ်ဆက်က
အပေါ်ထပ်ကအခန်းဆီတက်လာလိုက်သည်။အ
ပေါ်ထပ်က အခန်းရောက်တယ်ဆို
တံခါးဖွင့်ဝင်လိုက်တော့ ကုတင်ပေါ်မှာထိုင်ကာ
ဆူပုတ်ပြီး သူမကိုကြည့်နေတဲ့
ကလေးဆိုးနှစ်ယောက်။

"မောင် နဲ့ သားကိုပြင်ဆင်နေပြီတောင်မှတ်တာ"

သူမစကားပြောတာကို သားအဖနှစ်ယောက်လုံး မသိချင်ယောင်ဆောင်နေကြတာမို့

သူမပစ်ထားလို့

စိတ်ကောက်ပြီဆိုတာသိတာပေါ့။သူမ

သားလေးဘေးမှာ ဝင်ထိုင်လိုက်ပြီး......

"သားလေးက

မေမေကိုစိတ်ကောက်နေတာလား"

LayNge

"ဟုတ်တယ်လေ မေမေက

သားတို့သားအဖကိုရှိတယ်တောင် ထင်လို့လား"

အနေအေးတဲ့ သားက

သူ့အဖေနဲ့တစ်ပုံစံထဲဂျစ်တိုက်နေပုံများ

အူယားစရာကောင်းလှသည်။သူ့မသားကိုစ

ကားပြောရင်းနဲ့ မောင့်ကိုကြည့်လိုက်တော့

မောင်ကြည့်နေတာနဲ့ ဆုံသွားတာကြောင့်

မျက်နာလွဲသွားသည့်မောင်။

"သား ဖေဖေ

မေမေကိုစိတ်ကောက်နေတယ်ကူပါဦး"

"စိတ်မကောက်စေချင်

မေမေကစိတ်ဆိုးအောင်မလုပ်နဲ့ပေါ့"

သားရဲ့လည်ဝယ်မှုကို

သူစိတ်ကောက်နေတဲ့ကြားကပြုံးမိအောင်ပြုံး

လိုက်ပါသေးသည်။တော်သေး

သားတော်မောင်က

အမေဖြစ်သူထက်သူ့ကိုပိုချစ်လို့။မဟုတ်ရင်

မအနား သူကပ်ရမှာမဟုတ်။သားက
အိပ်ရင်လည်းဂျီမကျတတ်သလို
မိဘတွေကိုလည်း လာချွဲခြင်းမရှိ။

"သား
ပြင်ဆင်ရတော့မယ်လေစိတ်မကောက်တော့နဲ့
ရေမချိုးတော့နဲ့ အေးတယ် လာမေမေ
အဝတ်အစားလဲပေးမယ်"

သူကိုရှိတယ်တောင်ထင်ရဲ့လားမသိ။သားကိုချီ
ပြီး

LayNge

အဝတ်အစားလဲခန်းထဲဝင်သွားတာကြောင့်သူ

လည်း ဝတ်ထားတဲ့ shirt လက်ရှည်ကို

ကြယ်သီးတွေဖြုတ်ကာ ချွတ်လိုက်ပြီး

အဝတ်လျှော်မဲ့

ခြင်းထဲထည့်လိုက်သည်။သူဘောင်းဘီခါးပတ်

ကိုဖြုတ်ကာ ကာတင်ပေါ်တင်ထားလိုက်ပြီး

ရေချိုးခန်းထဲဝင်လာလိုက်သည်။

သူမ သားလေးကို Christmas

သစ်ပင်ပုံပါတယ် Hoddie လေးနဲ့

ဘောင်းဘီအရှည်လေးကိုတွဲဝတ်ပေးထားသည်။

LayNge

ဒါတောင်ကိုလူချောက ဘောင်းဘီအတို နဲ့ shirt မဝတ်ရလို့ကောက်ချင်သေးသည်။

"သား ဘေးကအခန်းမှာ သားတီတီလေးရှိတယ် တီတီလေးဆီသွား"

"ဟုတ်ပါပြီ မကြာစေနဲ့ မြန်မြန်ဆင်းခဲ့ကြနော်"

လို့ပြောကာ
အခန်းပြင်ထွက်သွားတဲ့သားကြောင့်
သူမသွားတန်းလေးပေါ်တဲ့အထိရီနေတုန်း



LayNge

ရေချိုးခန်းထဲက ခါးမှာတဘက်တစ်ထည်နဲ့ ထွက်လာတဲ့ မောင်။

"မောင် ဘာဝတ်မလဲ"

"ဘာမှမဝတ်ဘူး ဒီအတိုင်းဆင်းသွားမှာ"

သူခါးကြီးထောက်ကာ မကျေမနပ်ကြည့်နေတဲ့ မောင့်ရင်ခွင်ထဲဝင်ပြီး မောင်ခါးကိုတင်းနေအောက်ဖက်လိုက်ကာ...

LayNge

"မောင်တို့သားအဖကိုပစ်ထားမဟုတ်ပါဘူး မေမေတို့ကြီးပဲလုပ်နေတာ သဘာဝကထိုင်နေတာမကောင်းဘူးလေ နော် ယောကျ်ား"

သူကို ယောကျ်ားလို့ခေါ်လိုက်တာကြောင့် မျက်နာကြီးကချက်ခြင်းအပြုံးပန်းဝေသွား တော့သည်။သူမ ရဲ့စကားကြောင့် ဟန်တောင်မဆောင်နိုင် ပြုံးသွားတဲ့မောင့်ကြောင့်...

layNge

"စိတ်မဆိုးတော့နဲ့နော်"

"အင်း မောင့်အင်္ကျီရွေးပေးဦး

သူမ မောင်နဲ့အတူ

အဝတ်အစားလဲခန်းထဲဝင်ကာ မောင့်အတွက်

T_Shirt အဖြူတစ်ထည်ရယ်

ဘောင်းဘီအရှည်တစ်ထည်နဲ့အတူ

သူမကိုယ်တိုင်ထိုးပေးထားတဲ့

ဆွယ်တာအနီလေးကို ထုတ်ပေးလိုက်သည်။

သူမအတွက်လည်း မောင် Christmas

မှာဝတ်ဖို့ဆိုပြီး ဝယ်ပေးထားတဲ့
ဂါဝန်အရှည်တွေထဲအဖြူရောင်လေးကို
ထုတ်ကာ မောင့်ထိုးပေးထားတဲ့
ဆွဲတာအနီလေးကိုပါ ထုတ်ထားလိုက်သည်။

သူမမောင်အဝတ်အစားဝတ်နေတုန်း
အပြင်ပြန်ထွက်ကာ ရေချိုးခန်းထဲဝင်ပြီး
ရေချိုးလိုက်သည်။သူမရေချိုးပြီးလို့ထွက်လာ
တော့ မောင်က
သူမထုတ်ပေးထားတဲ့အတိုင်းဝတ်ကာ
သူ့ဆံပင်တွေကို အပေါ်လှန်တင်နေသည်။သူမ

မောင်ကိုကြည့်တာ ရပ်ပြီး

အဝတ်လဲခန်းထဲဝင်ကာသူမအတွက်ထုတ်တာ

ကိုဝတ်လိုက်ပြီး အဝတ်လဲခန်းထဲက

ထွက်လာသည်။

"မ "

မောင်က သူမပုခုံးကနေကိုင်က

မှန်တင်ခုံရှေ့မှာထိုင်စေလိုက်ပြီး

သူမဆံပင်တွေကိုဖြည်ချကာ ခွည့ပ်ကို

မှန်တင်ခုံပေါ်တင်လိုက်သည်။ဘူးထဲက

ဘီးအတော်နေတစ်ချောင်းကို ယူကာ

သူမဆံပင်ကို

ဖြီးပေးနေသည်။သူမလည်းဆံပင်ကို

မောင်လုပ်ပေးနေတုန်း သူမက တိုနာနဲ့

နို့ရေလေးကို မျက်နာပေါ် နဲ့နဲ့ဖို့လိုက်တော့

ကြည်ကြည်လေးဖြစ်သွားသည်။

"ဆံပင်ကို မြင့်စည်းပေးမောင်"

"ချထားတာက ပိုလှတယ်

ပြီးတော့အေးတော့နွေးတယ်"

"လေတွေတိုက်ရင်လွင့်နေမှာ မနေတက်ဘူး မြင့်စည်းပေး"

သူမပြောလို့ပင်မဆုံးသေး မောင်ကဆံပင်ကိုမြင့်တင်လိုက်ကာ သူဘောင်ဘီအိတ်ကပ်ထဲက တစ်ခုခုနှိုက်ကာ သူမခေါင်းကိုစည်းပေးလိုက်သည်။သူမ မောင်းစည်းပေးပြီးတော့ မှန်ကိုကြည့်လိုက်တော့ စည်းထားတဲ့

ခေါင်းစည်းကြိုးက တဖျက်ဖျက်လတ်နေတာမို့
မောင့်ဘက်လှည့်ကာ...

"မောင် ခေါင်းစည်းကြိုးက အပေါ်က.."

"အင်း စိန်လေမနာမည်ကို ထွင်းထားတာ "

သူမ မောင့်စကားကြောင့်
ပိုက်ဆံကအလကားရတယ်များထင်နေလားမ
သိ ခေါင်းစည်းကြိုးကဟာတောင်သူကစိန်နဲ့
ဘယ်တုန်းကသွားအပ်ထားလည်းမသိ။

LayNge

"မေမေတို့က မကို လက်ဝတ်လက်စားလက်ဆောင်ပေးမယ်ဆိုတော့ မောင်ကလည်း ဒါလေးစဉ်းစားမိလို့ ကြိုက်လား"

"ကြိုက်ပါတယ် ဒါပင်မဲ့ တန်ဖိုးက...."

သူမစကားတောင်အဆုံးမခံ.....

"မောင်ပြောပြီးသား ပစ္စည်းတန်ဖိုးက ဆင်မြန်းတဲ့သူအပေါ် ပဲမူတည်တယ်လို့ရှတ်"

သူမစကားကိုပြန်ရင် မပုခုံးလေးနှစ်ဘက်ကို ကိုင်ကာ သူမရဲ့နဖူးလေးကို ညင်သာစွာနမ်းလိုက်သည်။သူနမ်းပြီးတယ်ဆို ပုခုံးကိုကိုင်ထားတဲ့လက်ကိုလွှတ်ကာ သူမလက်ကလေးကိုဆွဲလိုက်ပြီး.....

"မောင်တို့အောက်ထပ်ဆင်းကြမယ်"

Lavine

သူမ မောင်ဆွဲခေါ်ရာကို

အနောက်ကနေလိုက်လာရသည်။သူမတို့

အောက်ထပ်ရောက်တော့

လူတွေအတော်အသင့်ရောက်နေပင်မဲ့ မောင်က

သူရင်းနှီးတဲ့

သူငယ်ချင်းမိတ်ဆွေတွေသာဖိတ်ထားတာ

ကြောင့် လူကအများကြီးတော်မဟုတ်။သူမတို့

ခြံထဲဆင်းလာတော့ မိုင်တို့မိသားစုရော

မောင့်သူငယ်ချင်းတွေရော

သူမတို့အနားလျှောက်လာသည်။

"အယ် Couple ဟာ

မိုက်တယ်ဆွယ်တာလေးတွေမှာ Ma နဲ့ Mg

ဆိုတာတောင်ပါသေး"

မိုင်ပြောတာကို မောင်ကပြုံးနေကာ....

"မင်းတို့နှစ်ယောက်ကြ သာယာပြီး

ကလေးရော"

သူ ကျော်သူရက ကလေးရောဆိုမှ သားကို

သတိရကာ မကို...

"မ သားရော"

မကသူကိုမဖြေပဲ မေးငေါ့ပြတာကြောင့် ကြည့်လိုက်တော့ သစ်သားကလေးကိုင်ကာ သူတို့ဆီပြေးလာတဲ့သား။သားကသူ့ရှေ့ရောက် တယ်ဆို ချီဖို့ပြောတာကြောင့် သူကောက်ချီလိုက်ပြီး......

"သား လက်ထဲကဘာလည်း"

သားလက်ထဲက

သစ်သားကဒ်ကလေးကိုသူယူကြည့်လိုက်တော့

Christmas ပင်မှာ တပ်ဖို့ကျန်နေတဲ့

သူတို့မိသားစုပုံလေး။သူသားကိုတစ်ဖက်ကချီ

က ကဒ်ကိုသားကိုကိုင်ခိုင်းထားပြီး

မလက်ကိုဆွဲကာ Christmas

သစ်ပင်နားသွားကာ ကဒ်လေးကို

သစ်ပင်မှာချိတ်လိုက်တော့ မကအံ့သြနေသည်။

"မောင်ဒါက...."

"မောင်စီစဉ်ထားတာလေ မေ့နေတာ သားကဘယ်ကသွားယူလာတာလည်းမသိ"

သူတို့မိသားစုလေးဖက်ထားပြီး Christmas ပင်လေးကိုကြည့်နေသည့်မြင်ကွင်းကို အားလုံးကကြည်နူးနေကြသည်။

~

~

~

~

~

သူမ party ပြီးသွားတော့ မိသားစု နဲ့ သူငယ်ချင်းတွေကျန်ခဲ့တော့သည်။မောင်က သူ့သူငယ်ချင်း စကားပြောနေပြီး သူမကတော့ မိုင်တို့ အစ်မသီရိတို့နဲ့ စကားပြောနေသည်။သား နဲ့ ခြယ်လေးကတော့ မီးတုတ်လေးတွေကိုင်ကာ ဆော့နေကြသည်။

"မိုင် ဒါက အစ်မသီရိတဲ့ ငါ့အစ်မတစ်ယောက်လိုပဲ

မောင်ငါ့အနားမရှိတုန်းက
အစ်မပဲစောင့်ရှောက်ထားတာ"

"အင်း မိုင်တို့အစား
သူမကိုစောင့်ရှောက်ပေးခဲ့တာ
ကျေးဇူးတင်ပါတယ် တကယ်တို့အဲ့
တာဝန်တွေကမိုင်လုပ်ပေးရမှာ
မိုင်တာဝန်မကျေခဲ့တာ"

စိတ်မကောင်းစွာပြောလာတဲ့ မိုင်ကို
သူမနားလည်တာပေါ့။သူမသာကူညီခွင့်သာရခဲ့

ရင်

မိုင်ကကူညီမယ်ဆိုတာသူမယုံကြည်ပြီးသား။

"မဟုတ်တာ မိုင်ရာ

ငါအပေါ်နင်ဘယ်လောက်ချစ်တာငါသိပါတယ်

ပြီးတော့ ငါကို မောင်အကုန်ပြောပြပြီး ပြီ

ငါတို့ဝေးနေတုန်းမှာ ငါတို့ကြောင့်

နင်တို့အိမ်ထောင်ရေးလည်း

အဆင်မပြေဘူးဆို"

သဘာဝ ပြောတာကိုမိုင်ကခေါင်းငြိမ့်ပြပြီး..

"ဘာပဲဖြစ်ဖြစ် နင်ကံကောင်းပါတယ် သဘာဝ

သူကနင့်ကိုအရမ်းချစ်တာ နင်သိလားမသိလား

တော့မသိဘူး

ဘေးကငါတို့တွေကတော့သိတယ်

သူကအစစအရာရာဂရုစိုက်တယ် ဒါကလည်း

ချစ်တဲ့သူတစ်ယောက်ထဲအပေါ်သာဖြစ်ပေါ်လာ

တဲ့ အပြုအမူတွေ"

"ဟုတ်တယ် သဘာဝ

အစ်မလည်းမိုင်ပြောတာကိုထောက်ခံတယ်

နေမင်းလက်ရာလိုလူမျိုးရဖို့ကတကယ်မလွယ်ဘူး ညီမကို သူကချစ်လည်းချစ်တယ် တန်ဖိုးလည်းထားတယ် ဘာလိုသေးလည်း"

သူမ မိုင် နဲ့ အစ်မသီရိရဲ့စကားတွေနားထောင်ပြီး ဘာမပြန်မပြောနိုင်တာက သူမအပေါ်ထားတဲ့မောင့်အချစ်က ဘယ်လောက်ချစ်တယ်ဆိုတာတောင် တိုင်းတာလိုမရလို့ပင်။ဒီလူသားရဲ့ တန်ဖိုးထားခံရတဲ့

အမျိုးသမီးတစ်ယောက်အနေနဲ့ ကြည်နူးမှုဟာ ပြောပြရင်တောင်ကုန်မှာမဟုတ်။

"ဟော့ ကောင်လေးတာတော်ယုံပဲကောင်းတယ် ပြီးရင် အခန်းထဲမှာပြန်တွေ့မှာပဲ"

တစ်ဖက်ဝိုင်းမှာထိုင်နေတဲ့ မိန်းမကိုလေးနေတဲ့ နေကို
ငြိမ်းထက်အမြင်ကတ်ကတ်နဲ့ပြောလိုက်တော့..
..

""ဘာလဲကွာ"

"မင်းအခန်းထဲရောက်ရင်
မမြင်ချင်ဘူးဆိုတာတောင်မြင်ရမှာသိလား
အဲလောက်အဖြစ်သည်းမနေနဲ့ တကယ်တည်း"

"အေးကွာ ငါ့ပိုင်တဲ့ငါမိန်းမကို
ကြည့်တာဘယ်သူ့ဂရုစိုက်ရမှာလည်း"

"ငါတို့ကို ပေါ့အားလေးဘာလေးနာပါဦး"

"အေးပါကွာ နေရ
လူပျိုကြီးစရင်းဝင်တော့မဲ့ကောင်တွေကိုမင်းမို့
လို့ တုပြီးပြောနေတယ်ကွာ ဟား ဟား"

"အင်း "

"နေ မင်းတို့ကလေးထက်ယူဖို့ ရှိသေးလား"

ကျော်မျိုးထူးရဲ့ ထူးဆန်းတဲ့မေးခွန်းကြောင့်...

"ဘာလုပ်မို့"

Lay Nge

"မွေးရင် သမီးလေးမွေး

ငါ့မင်းကိုယောကျ္ခမတော်မယ်လေ"

"အေး ဟုတ်တယ် ငါ့အတွက်ပါ

အမွှာလေးပိုမွေးကွာ"

အံ့နဲ့ ကျော်သူရ

ဟိုနှစ်ကောင်ထလုပ်ခံရတော့မှာသိတာမို့

တစ်ယောက်နဲ့ တစ်ယောက် မျက်စပစ်က

lay Nge

ထိုင်နေတဲ့နေရာကို အဲ့ 3ကောင်နဲ့ဝေးအောင်
နည်းနည်းရွှေ့လိုက်သည်။

နေရုပ်တည်ကြီးကနေမဲ့ပြုံးပြုံးလာကာ...

"မင်းတို့နှစ်ကောင် မပြေးနဲ့ သေဖို့သာပြင်ထား
ယောက္ခမတော်ချင်ရင် ငါ့
xီးကိုလာတော်လာ!!"

ထိုင်ရာကနေ နေမက်တပ်ရပ်တယ်ဆို
ဟိုနှစ်ကောင်ကလည်း

LayNge

အလိုက်တသိထပြေးတော့သည်။နေပြေးတဲ့
နှစ်ကောင်နောက်ကို လိုက်ပြီး သမတော့သည်။

"ဟား ဟား ကိုအုံ့
သူတို့ဖထွေးအကြောင်းမသိတာလည်း
မဟုတ်ဘူး သွားစတာကို"

"ဟုတ်ပါကွာ ဟား ဟား"

အုံ့ နဲ့ ကျော်သူရ ငြိမ်ထက်တို့နှစ်ကောင် ဟိုက
အပြေးချန်ပီယံဆိုတာသိရဲ့သားနဲ့ စပြီး ပြေးတာ

LayNge

ဟိုက မှီတော့

နှစ်ကောင်လုံးသမခံနေရတဲ့မြင်ကွင်းကိုကြည့်

က ဟားတိုက်နေတော့သည်။

တဖက်က နေတစင်း နဲ့ အုံ့ခြယ်မှုန်းကတော့...

"နေနေ ကစားမယ်လို့"

သူ့အဖေပြင်ပေးထားတဲ့ Christmas

သစ်ပင်နားမှာ ထိုင်ကာ

lay Nge

မီးလုံးလေးတွေကိုကိုင်နေတဲ့ နေတစင်းကို ခြယ်လေးကဆော့ဖို့ခေါ်ပင်မဲ့....

"မဆော့ဘူး ဒီမှာ Christmas ဘိုးဘိုးကိုစောင့်နေတယ် "

"ဆော့နေရင်း နဲ့စောင့်မယ်လေ"

"စိတ်မဝင်စားဘူး"

LayNge

"ဆော့မယ် နင်ငါနဲ့မဆော့ရင်
တီတီနဲ့တိုင်မှာနော်"

ခြယ်လေးက
မေမေနဲ့ခြိမ်းခြောက်တာကြောင့်ဆိုတာထက်
နားပူတာကြောင့် ...

"ဆော့မယ် ဘာဆော့မှာလည်းပြော"

"မီးပန်းလေးတွေဆော့မယ် ဒီမှာ"

Lay Nge

နေနေ ခြယ်လေးဆီက

မီးပန်းလေးတစ်ခုကိုယူလိုက်သည်။

"မီးပန်းကိုင်ပြီး လိုက်ပြေးမယ်လေ

ပျော်စကောင်းတယ်"

ဟုဆိုကာ အရှေ့ကပြေးထွက်သွားတဲ့

မခြယ်နောက်ကို မ

ပြေးပဲလမ်းလျှောက်ကာလိုက်သွားသည်။သူက

စားနေရင်းနဲ့

ခြံအပေါက်ဝမှာခွေးဖြူလေးတွေတာကြောင့်

မီးပန်းကိုပစ်ချကာ ခွေးဖြူလေးဆီသွားတော့

ခွေးလေးကပြေးသွားတာကြောင့်

သူကပြေးလိုက်ဖမ်းကာ တစ်နေရာအရောက်

ကားတစ်စီးက

သူ့အရှေ့တည့်တည့်လာနေသည်။

ကလေးဆိုတော့ ရှောင်ဖို့ သတိမရ

စုံရပ်နေသည်။ကားကလည်း သူကိုမတိုက်မိပဲ

သူနဲ့ နည်းနည်းအကွာမှာရပ်သွားပြီး

ကားပေါ်ကနေ အန်တီတစ်ယောက် နဲ့

သူနဲ့ရွယ်တူလောက်ရှိတဲ့

ကလေးမလေးဆင်းလာသည်။

ထိုအန်တီကြီးက သူပုခုံးလေးကိုကိုင်ကာ...

"သား သားလေးဘာဖြစ်သွားသေးလည်း"

"ကိုကိုကြီး ထိသွားသေးလား"

ချစ်စဖွယ်အသံလေးကြောင့်မျက်စိစုံမိတ်ထား
ရာကနေဖွင့်ကြည့်လိုက်တော့
ဂါဝန်ပန်းရောင်လေးနဲ့ ခေါင်းမှာ Christmas

Zawgyi

ဘီးကုတ်ကလေး ကုတ်ထားတဲ့

ကလေးမလေး။

"သားကဘယ်အိမ်ကလည်း"

သူကအန်တီကြီးမေးတာကို...

"ဟိုအိမ်မှာနေတာဘာ

သားခွေးလေးလိုက်ဖမ်းတာ

ကားတိုက်တော့မလို့ သားပြန်တော့မယ်

မေမေစိတ်ပူနေလောက်ပြီ"

LayNge

ထိုအန်တီကြီးက

ပြုံးကာခေါင်းငြိမ့်ပြတာကြောင့် နေတစင်းကို

အိမ်ဘက်ကို ခြေလှမ်းမလို့ရှိသေး

ကလေးမလေးက သူ့လက်ထဲကို

ကျူးလစ်ပန်းပုံ နဲ့

ကလစ်လေးကိုထည့်ပေးပြီး....

"ကိုကိုကြီး ပြန်တွေ့ကြမယ်နော်"

"အင်း"

လို့ပြောကာ

အိမ်ဘက်ကိုပြန်ပြေးလာလိုက်သည်။

ကျူးလစ်ပန်းလေးကစတဲ့ဇာတ်လမ်း

နောင်အခါ ပြန်တွေ့ကြမည်ဆိုရင်....။

နေတစင်းလေးခြံထဲပြန်ဝင်လာတယ်ဆို

တစ်ခြားသူတွေကစကားပြောနေပင်မဲ့

သူ့အနားပြေးလာတဲ့ဖေဖေ။သူပျောက်သွားတာ

ဖေဖေ သိသွားပြီထင်သည်။

နေနေထင်တဲ့အတိုင်းပင်

သားသူမျက်စိအောက်ကပျောက်တယ်ဆိုလိုက်

ရှာနေတာ။သူကို မ

သားဘယ်ရောက်သွားလဲမေးတော့

မစိတ်ပင်ပန်းရမှာဆိုးလို့

အိမ်ပေါ်တက်သွားတယ်ပြောကာ

သူတစ်ယောက်ထဲ ပတ်ရှာနေတာ။

"သား ဘယ်တွေသွားနေတာ ဖေဖေ

ရှာနေတာသားကို"

LaWge

"သား ခွေးတွေလို့လိုက်သွားတာ အဲတာ"

သားသူကြည့်ပြီး မပြောရဲဖြစ်နေတာကြောင့် သားကိုကောက်ချီကာ...

"ဖေဖေကဆူတာမဟုတ်ဘူးနော် သား သားအတွက်စိုးရိပ်လို့ လာ သားမေမေဆီသွားမယ် ဖေဖေ မီးပန်းလွှတ်ကြမယ်"

"ဟုတ်"

သူ သားကိုချီက သူငယ်ချင်းအုပ်စုတွေ မီးပန်းလွှတ်နေတာကို ကြည့်နေတဲ့ မအနားသွားကာ မက်တပ်ရပ်ယှဉ်ရပ်လိုက်ပြီး ခုံပေါ်မှာတင်ထားတဲ့ မီးပန်းကိုယူကာ...

"မ မောင်တို့ မီးပန်းလွှတ်ရအောင်"

"အင်း"

သူမ မောင့်ခါးကိုပြန်ဖက်ထားလိုက်ပြီး

မီးပန်းလွှတ်နေတဲ့ မိုင်တို့နဲ့

နည်းနည်းအကွာမှာရပ်ကာ

မောင်ကမီးညှိလိုက်ပြီး မီးပန်းကို

သားအဖခုဃောက် အတူတူကိုင်ကာ

ကောင်းကင်ပေါ်ကိုချိန်လိုက်နော့..

ဖောင်း....ဖောင်း....ဖောင်း

"ခစ် ခစ် ခစ် "

သားက ကောင်းကင်ပေါ်က

မီးပန်းတွေကိုကြည့်ကာ

သဘောကျနေသည်။သူမ မောင့်ကိုကြည့်တော့

မောင်ကလည်း သူမကိုကြည့်နေသည်။မောင်

နဲ့သူမ တစ်ယောက်နဲ့

တစ်ယောက်မျက်လုံးခြင်းစကားပြောနေကြစဉ်

...

"ဖေဖေ မေမေ"

"ဟင်"

"ဖေဖေ ပြောတော့ Christmas ဘိုးဘိုးကြီးလာမှာဆို အခု ထိမလာသေးဘူး"

"သားက ဘာလုပ်မို့လဲ"

"လက်ဆောင်တောင်း မလို့"

သားအပြော မောင် နဲ့ သူမ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး မျက်ခုံးပင့်လိုက်ကာ သားကိုကြည့်တော့....

LayNge

"သား Christmas ဘိုးဘိုးကြီးဆီက ကလေးမလေးကို လက်ဆောင်တောင်မလို့"

~~~~~~~~~~⛄🎄

All Marry Christmas ပါနော်⛄⛄

ဒီအပိုင်းလေးကို အစက သာသာရေးဖို့အစီအစဉ်မရှိပါဘူး😁🎄မဆာ

Lay Nge
~~~~~~~~~~

ကူရာ က Christmas နဲ့တိုက်ဆိုင်နေတာ ရေးပါလားလို့ အကြံပေးလို့ ရေးဖြစ်သွားတာ...

Season 2စောင့်မျှော်ပေးကြပါဦး....🥰

Lay Nge